
စိတ်ကူးချိုချိုစာပေ

www.burmeseclassic.com



# ကျွန်မကာမချောပါဘူးနှင့် အခြားမဂ္ဂဇင်းဝတ္ထုရှည်များ

## ခင်နှင်းယု

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၀၉၈/၂၀၀၃ (၈) |
| မျက်နှာဖုံးခွင့်ပြုချက် | ၁၄၅၇/၂၀၀၃ (၁၂) |
| မျက်နှာဖုံး | m.s.o |
| စာအုပ်ချုပ် | ကိုမြင့် |
| ပုံနှိပ်သူ | ဦးထွန်းထွန်းဦး<br>အင်ကြင်းဦးပုံနှိပ်တိုက်<br>ကျွန်းတောလမ်း ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးထွန်းထွန်းဦး<br>နှင်းဦးလွင်စာပေ<br>ကမာရွတ်၊ ရန်ကုန်။ |
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | ဖေဖော်ဝါရီလ ၂၀၀၄ |
| တန်ဖိုး | 1200 |

၁၃၃


BURMESE CLASSIC .com

## မာတိကာ


| | | |
|---|---|---|
| ၁။ | လေးကျွန်းမြင်းမိုရ် တောင်ထက်ပို | ၅ |
| ၂။ | မစိမ်းသောလမ်း | ၁၉ |
| ၃။ | ကျွန်မက မချောပါဘူး | ၅၅ |
| ၄။ | တစ်ခါသုံးအပ် | ၁၀၃ |
| ၅။ | မမဖြူနှင့် သူ၏ကိုကို | ၁၂၇ |
| ၆။ | ပဝါလွင့်ခဲ့ကမ်း | ၁၆၀ |
| ၇။ | ပျားရည်လည်းခမ်း လမင်းနွမ်း | ၁၉၄ |
| ၈။ | ဘွားဘွား၏အရိပ် | ၂၂၈ |


* * *

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# လေးကျွန်းမြင်းမိုရ် တောင်ထက်ပို

ပထမသားဦး ကိုယ်ဝန်ရှိစက ကိုဝင်းမောင် ဘာလုပ်သည်ကို သူနားမလည်။ သူကိုယ်ဝန်ရှိသည်ဟု ဖွင့်ပြောလိုက်ကကည်းက သူတို့ အိမ်နောက်ဘက် ခြံစည်းရိုးနှင့်ကပ်၍ အုန်းပင်သုံးပင် ကိုဝင်းမောင်က စိုက်သည်။ ဦးအောင်ကြီးတို့ အုန်းခြံမှ ပျိုးအုန်းသုံးပင်ရသည်။

ကိုဝင်းမောင်အလုပ်က ရန်ကုန်မှ ငါးခြောက်ကုန်သည်များကို အင်းများတွင် ငါးခြောက်ပေး ပေးသော ကိုယ်စားလှယ်ဖြစ်သည်။

အင်းမရွာတွင် အခြေစိုက်ကတည်းက ပေ ၈၀ × ပေ ၁၀၀ မြေကွက်လေး သူတို့နှစ်ဘက်မိဘဘက်မှရသည်။ အင်းမသည် ကားလမ်းဖြင့်ကျောင်းကုန်းထိပေါက်၍ ရေလမ်းဖြင့် ပန်းတနော်ကို ရောက်သည်။

ကိုဝင်းမောင်အလုပ်နှင့် အုန်းပင်စိုက်သည်နှင့် ဘာမှမဆိုင်။ သူသည်ကိုဝင်းမောင်ကို ဘာမှမမေး၊ အင်းထဲမသွားသောအခါ စိတ်ပြေလက်ပျောက် အုန်းပင်စိုက်သည်ဟုပဲ ထင်သည်။

အမေ့ကိုတော့ ပြောမိသည်။

'ကိုဝင်းမောင် ဘာလုပ်တာလဲ-မသိဘူးအမေ၊ ကျွန်မက မေးတော့ သားဦးရတဲ့ အထိမ်းအမှတ်တဲ့၊ ကျွန်မကိုယ်ဝန်ရှိတယ် ပြောပြီးနောက်နေ့အုန်းပင်စိုက်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



အမေက ရေလဲမှ ခေတ္တလာလည်တုန်းက သူဒီလိုပဲ ပြောမိသည်။

"အုန်းတစ်ပင်စိုက်တာ လင်တစ်ယောက်ရတာနဲ့ တူတူပဲ" ဟု အမေကပြောသည်။

သားဦးလေး မွေးတော့ ကိုဝင်းမောင်ဝမ်းသာအားရ အော်ဟစ်သည်။

"မကျေးရေ ငါ့သား မျက်နှာက ကြည်လင်နေတာပဲ၊ ကြည်မောင်လို့ နာမည်ပေးမယ်"

သားဦးလေးကလည်း သူ့အသက်နှစ်ဆယ်ကျော် အစွမ်းအင်အားကောင်းတုန်း၊ နို့ထွက်ကောင်းတုန်း မွေး၍လားမသိ၊ ဖွံ့ဖွံ့ဖြိုးဖြိုး ထွားထွားကြီး ဖြစ်သည်။

အင်းထဲက ပြန်လာချိန် ဘယ်လိုပဲ နောက်ကျနောက်ကျ နောက်ဖေး ရေတွင်းမှာ ရေချိုးရင်း အုန်းပင်ကို ရေလောင်းရသည်။ သွားစရာမရှိလည်း ကိုဝင်းမောင် မှန်မှန်ရေလောင်းသည်။

"သုံးနှစ်အုန်းလည်း ရှိတယ်၊ ငါက ဝက်မလွတ် သုံးနှစ်အုန်းကို မကြိုက်ဘူး၊ ၅နှစ်အုန်း၊ အုန်းကြီးပဲ ကြိုက်တယ်"

အုန်းပင်လေးတွေ ခါးလောက်မရှိတရှိမှာ သားက နှစ်နှစ်ထဲ ဝင်လာသည်။

မကျေး နောက်တစ်ယောက် ကိုယ်ဝန် လွယ်ရပြန်သည်။ ဒီတစ်ခါ ကလေးရှိကြောင်းပြောတော့ ကိုဝင်းမောင်မျက်နှာ ဝင်းပသွားပြန်သည်။

"ငါ့သားကြီး အဖော်ရပြီပေါ့" ဟုဆိုသည်။ အင်းမချောင်းဘက် ထွက်သွားသည်။ အပြန်ကျ သစ်ပင်သုံးပင်နှင့် ပြန်လာသည်။

"မကျေး တူးရွင်းပေးစမ်း"

မကျေးက နားမလည်။ တူးရွင်းကိုယူကာ ကိုဝင်းမောင်ရှိရာ အိမ်ခေါင်းရင်းဘက်ကို ဆင်းလာသည်။





"ဘာလုပ်မလို့လဲ"

"ဒီမှာလေ ပန်တပွတ်ကမျိုး၊ မန္တလေး ရင်ကွဲသရက်သီး သုံးပင်စိုက်ရမယ်- နောက်သားအထိမ်းအမှတ်"

ကိုဝင်းမောင်က သစ်ပင်စိုက်ဖို့ မြေကျင်းတူးနေသည်။ သရက်ပင်က နေရာယူသောကြောင့် ပေ၂၀ လောက်စီ ခွာ၍စိုက်သည်။ သားသည် သူသစ်ပင်စိုက်ရာသို့ ပြေးလာကြည့်သည်။

မကျေးက ကိုဝင်းမောင် စိုက်ထားသော သရက်ပင်များကို မြေကူ၍ ဖို့ပေးသည်။

"ကဲ. . . မြေကြီးတွေ ပေလို့ ရေချိုးလိုက်ဦး"

သူရေချိုးဖို့ ရေတွင်းရှိရာ သွားတော့ သားက အုန်းပင်များ အနားမှ လျှောက်ကာ လိုက်လာသည်။

"မကျေးရေ ကြည့်စမ်းဟေ့၊ အုန်းပင်တွေ ငါ့သားအရပ်ထက် မြင့်သွားပြီ"

အင်းမက ရေမြေကောင်းသည်။ မြစ်ဝကျွန်းပေါ်ဆိုတော့ မိုးကလည်း ကောင်းသည်။ သရက်ပင်လေးတွေ အားလုံး ရှင်သည်။

မကျေးတို့မှာ မြို့သူတွေလိုမဟုတ်၊ ကိုယ်ဝန်ရှိချိန် အထူးလေ့ကျင့်ခန်း လုပ်ရန်မလို။ အိမ်ကိစ္စ လုပ်ပြီးလျှင် ရေတွင်းမှ ရေငင်ကာ သရက်ပင်၊ အုန်းပင်များကို ရေလောင်းပေးသည်။ ဒါကြောင့်လားမသိ၊ ဒုတိယသားကို မကျေး ချောချောရှုရှု မွေးသည်။

"အောင်မလေး-ငါ့မှာ သားတွေနှစ်ယောက်တောင်၊ သားကြီးရေ-မင်းဖို့ ညီလေးရပြီ"

ကိုဝင်းမောင်က ဒုတိယသားကို ပွေ့ချီရင်း ဝမ်းသာအားရ ပြောသည်။ ဒုတိယသားကိုတော့ တင်မောင်ဟု အမည်ပေးသည်။

သရက်ပင်က အုန်းပင်လောက် အကြီးမမြန်။ ဒါပေမဲ့ သန်သည်။ မကျေးကတော့ ထင်သည်၊ သားကြီးကြည်မောင်က အုန်းပင်လို ရှည်ရှည်ထွားထွားဖြစ်၍ သားငယ်တင်မောင်က သရက်ပင်လို ဂင်တိုတို



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကြွကြွခိုင် ဖြစ်လိမ့်မည် ထင်သည်။

ဒါပေမဲ့ သားငယ်လမ်းလျှောက်တတ်စကစ၍ နည်းနည်းချူချာ၍ ပိန်ကာ သားကြီးက ဝတုတ်တုတ် ခိုင်ခိုင်ကြီးဖြစ်သည်။

"ကဲ-ကိုဝင်းမောင်၊ ဒီတစ်ခါ- ဘာပင်စိုက်မလဲ၊ ကျွန်မ ကိုယ်ဝန်ရှိပြန်ပြီ"

တတိယသား ကိုယ်ဝန်ရှိတော့ မကျေးက ကြိုတင်မေး၏။ မကျေးသည် ယခုလိုအတိုင်းသာဆို နှစ်နှစ်တစ်ယောက် မှန်မှန် မွေးသွားမည်ဖြစ်သည်။ အသက် '၄၀ 'သွေးဆုံးမည့် အချိန်ထိများ ယခုနှုန်းအတိုင်း မွေးလျှင် အနည်းဆုံး ၁၀ယောက်တော့ မကျေး အေးအေးလေးမွေးနိုင်သည်။

ကိုဝင်းမောင်၊ ဒီတစ်ခါ မအူပင်က ပြန်လာတော့ ပန်းပင်သုံးပင် ယူလာသည်။

"လာဟော့ မကျေး၊ တူးရှင်းယူခဲ့၊ ဒီတစ်ခါ အိမ်ရှေ့မှာ စိုက်မယ်"

"ဘာပင်တွေလဲ"

"ကံ့ကော်ပင်တွေလေ"

"ပန်းပင်စိုက်ရင်တော့ မိန်းကလေးမွေးလိမ့်မယ် ထင်တယ်"

မြေတူးဆွနေသော ကိုဝင်းမောင်အနား မကျေးက ထိုင်ရင်း ပြောပြနေသည်။ အိမ်ရှေ့မှာ တန်းစီ၍ ၁၀ပေစီလောက် ခြားကာ စိုက်သည်။

"ငါ့အိမ်မှာ ငါ့သားတွေ သမီးတွေနဲ့ သီးပင် စားပင်၊ ပန်းပင်တွေ ဝေနေရမှာပေါ့"

ကိုဝင်းမောင်၏ မြေတူးလက်က သွက်လက် အားသန်လှသည်။

မကျေး နိမိတ်ဖတ်သလို တတိယကလေးက သမီးလေး ဖြစ်သည်။

"ကျွန်မဝမ်းသာလိုက်တာ ကိုဝင်းမောင်၊ သားတွေရတာတော့ အားရှိပါရဲ့၊ အခုသမီးလေးက ကျွန်မအဖော်၊ ကျွန်မ အိုရင် ကျွန်မ





သမီးလေးက ကျွန်မအနားမှာနေမှာ"

သမီးလေးကလည်း ဖြူဖြူထွားထွားကြီးပါပဲ။ အရွယ်ကြီးလာတော့ သားကြီးက အသားအနည်းငယ် ညိုသွားသည်။ သားလတ်သည် ပိန်သည်ကလွဲ၍ ဖြူဖြူရှည်ရှည်၊ သမီးကတော့ ဖြူလည်းဖြူ၊ ဝဝတုတ်တုတ်လေး။

မိန်းကလေးဆိုတာ ချောမှ လှမှဟု သမီးကိုကြည့်ရင်း မကျေးက တွေးသည်။ ဒီတစ်ခါတော့ သမီးလေးဖြစ်၍ မကျေးက သူ့ကိုယ်တိုင် အမည်ပေးသည်။ မကြေးမုံတဲ့။

ကိုဝင်းမောင် သစ်ပင်များ ရေလောင်းချိန် မကျေး ရေငင်ချိန်များတွင် သားတို့သမီးတို့ ပြေးလွှားကာ သူတို့နောက်မှ လိုက်ကြသည်။ မြေကြီးနှင့် လူးအောင် သားနှစ်ယောက်က ဆော့တတ်သည်။

မကြေးမုံ နှစ်ခါလည်တော့ ကိုဝင်းမောင်သည် သားကြီး ကြည်မောင်ကို ရွာမူလတန်းကျောင်းကို ပို့ရသည်။

ပထမ ကျောင်းသွားသည့် နေ့က သားကြီးကြည်မောင် အသံပြဲကြီးနှင့်အော်ငိုနေသည်ကို မကျေးက အမြဲလိုသတိရနေသည်။ နောက်တော့လည်း ကျောင်းမှန်မှန်တက်သည်။

ငါးခြောက်ပေါ်ချိန် အင်းထဲဆင်း၍ ငါးခြောက်များသိမ်းပြီး ကိုဝင်းမောင် ရန်ကုန်ပို့ရသည်။ သူအပြန် သားသမီးများအတွက် အဝတ်အစား၊ စာအုပ်၊ ကစားစရာတွေ တစ်ပွေ့တစ်ပိုက်ကြီး ဝယ်လာသည်။

မကျေးမျက်နှာမြင်တိုင်း အမေရေလဲမှ လာ၍စောင့်ပေးပေမဲ့ စတုတ္ထမြောက် ကလေးကျတော့ အမေမလာနိုင်ပါ။ အမေ မမာ၍ ဖြစ်သည်။

စတုတ္ထကလေး ကိုယ်ဝန်ရှိတော့ ကိုဝင်းမောင် စံပယ်ပန်းတွေ မြေမြောင်းဖော်၍ စိုက်သည်။ အပင်ကို ၁၀၀ လောက်ရှိသည်။

"အခုကလေးတော့ ဘာလေးမွေးမယ် မသိဘူး၊ မိန်းကလေး မွေးရင်တော့ မစံပယ်လို့ မှည့်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



မကျေးက မစံပယ်လို့ အမည်ပေးချင်ပေမယ့် စတုတ္ထကလေးမှာ သားလေးဖြစ်၍ ကိုဝင်းမောင်က မောင်စန်းမောင်ဟု အမည်ပေးသည်။ သားရသည့် အထိမ်းအမှတ်အဖြစ် သပြေပင်ကို မောင်စန်းမောင်မွေးပြီးမှ ၃ ပင် ထပ်စိုက်သည်။

ကြည်မောင်၊ တင်မောင်၊ စန်းမောင်သားက ၃ယောက်၊ သမီးက မကြေးမုံ။ မောင်စန်းမောင် မီးတွင်းထဲမှာ မကျေးအမေ ဆုံးသွား၍ ရေလဲကို မကျေးမသွားနိုင်။ ကိုဝင်းမောင်က သွားရောက် သဂြိုဟ်သည်။

သားကြီး ကြည်မောင် ၄တန်းအောင်တော့ ကိုဝင်းမောင်က ပန်းတနော်ကို ပို့သည်။ သားငယ်သေး၍ မကျေးကမခွဲချင်၊ ဒါပေမဲ့ ကိုဝင်းမောင်အစ်ကိုရှိနေ၍ သူစိတ်ချလိုက်ပါသည်။ သားတွေ စာကြိုးစား၍ မကြေးမုံက စာကျက်ပျင်းသည်။

"မိန်းကလေးပဲ၊ အိမ်မှုကျွမ်းကျင်ဖို့လိုတယ်၊ ကျွန်မသမီး စာမတော်လည်း နေပါစေ" မကျေးက ပြောပေမဲ့ ကိုဝင်းမောင်ကတော့ သူ့သမီးကို ကျောင်းဆရာမ ဖြစ်စေချင်သည်။

ကိုဝင်းမောင် မျှော်မှန်းသလို မဖြစ်လာပါ။ မကြေးမုံသည် ပညာမစုံခင် ကျောင်းထွက်ကာ လင်နောက်လိုက်သွားသည်။ အငယ်ဆုံးစန်းမောင်ကိုပါ သူ့အစ်ကိုများ နည်းတူ အထက်တန်းရောက်တော့ မအူပင်အစ်ကိုဖြစ်သူထံ ပို့၍ ကိုဝင်းမောင်က စာသင်ကြားစေပါသည်။

သားကြီးကြည်မောင်နှင့် တင်မောင်က တက္ကသိုလ်ရောက်၍ ကြည်မောင်ပင် အင်ဂျင်နီယာ နောက်ဆုံးနှစ်ရောက်ပြီ။

ဖွေးဖွေးလှုပ်ပွင့်နေသော ကံ့ကော်ပင်အောက်တွင် မကျေးက ထိုင်ရင်း သမီးကြေးမုံကို သတိရနေသည်။ ကိုဝင်းမောင်ကို ကြည့်ရတာ ယခင်လို သွက်သွက်လက်လက် မရှိ၊ မိခင်ဖြစ်သူ သူ့ထက်ပင်—သမီး လင်နောက်လိုက်သွားသည်ကို စိတ်ထိခိုက်နေပုံရသည်။

မကျေးအနားကို ကိုဝင်းမောင်က လာထိုင်သည်။ မကျေးသည် သမီးအကြောင်း စကားစဖို့ စဉ်းစားနေသည်။ မနေ့ကပဲ မအူပင်က





ကိုဝင်းမောင် အစ်ကို ကိုသန်းအောင်က မကြေးမုံကို ယောက်ျားလေးဘက်က မိဘများက ပြန်လည်အပ်နှံပါမည်၊ လက်ခံပါဟု ဦးအောင်ကြီးမှ တစ်ဆင့်စကားဆိုလာသည်။ သူကတော့ မိခင်ဖြစ်လေတော့ သမီးလေး ပါသွားပြီးနောက် အဖို့ပြန်ဖြစ်လာတော့မှာမှ မဟုတ်ဘဲ မိသားဖသားပီပီ အပ်နှံသည်ကိုပဲ လက်ခံချင်သည်။ ကိုဝင်းမောင် သဘော မသိရသေးဘူး။

"ကိုဝင်းမောင်"

ကိုဝင်းမောင်သည် မကျေး ခေါ်နေသည်ကို ပါးစပ်နှင့်မထူး၊ မျက်လုံးနှင့်ပဲ ဘာကိစ္စလဲဟု မေးနေပုံရသည်။ မကျေးက အတိုချုံး၍ ကိုသန်းအောင် ပြောသည်ကို ပြန်လည်ပြောပြသည်။ ကိုဝင်းမောင်က မလှုပ်။

"ခေါင်းပေါ် မော့ကြည့်လိုက်စမ်းကိုဝင်းမောင်" ကိုဝင်းမောင်က မော့ကြည့်သည်။

"သမီးမွေးတုန်းက စိုက်တဲ့ ကံ့ကော်ပင်တောင် ပွင့်ပြီပဲ၊ ခူးမကုန်လို့ ဖောက်သည်တောင်ပေးနေရပြီ၊ သမီးလည်း အချိန်တန်တော့ ယူသွားတာပေါ့၊ အေးလေ မိသားဖသားပီပီ တောင်းရမ်းယူဖို့ မစီစဉ်တတ်တာတော့ သမီးမလိမ္မာတာပေါ့။ ဦးအောင်ကြီးတို့ကလည်း ယောက်ျားလေးရှင်နဲ့ သိတယ်။ လက်ခံလိုက်ပါတဲ့"

"မင်း သဘောပဲ၊ ကြည့်လုပ်ပေတော့"

ကိုဝင်းမောင်မပြောရာမှထသွားသည်။ အနောက်ဘက် ကောင်းကင်ကို နောက်ခံထား၍ အုန်းလက်များ ယိမ်းနေကြသည်ကို မကျေး ငေးကြည့်ရင်း ကျန်ရစ်သည်။

မကြေးမုံကိစ္စ ပြီးသွားတော့ ကိုဝင်းမောင် အိပ်ရာပေါ် လဲသွားသည်။ မည်သူမျှ ကိုဝင်းမောင် ဒါလောက် စိတ်ထိခိုက်မည် မထင်။

သားကြီး ဘွဲ့ယူမည့်နှစ်မှာ ကိုဝင်းမောင် ကွယ်လွန်ခဲ့သည်။ သားကြီး ဘွဲ့တစ်ခုရသွားသည်ကို ကိုဝင်းမောင် သိသွားပေမဲ့ ဘွဲ့ယူပွဲကိုတော့ မတက်ရပါ။ မကျေးကလည်း မျက်ရည်စက်လက်နှင့် သားဘွဲ့

www.burmeseclassic.com

ယူပွဲကို မတက်လိုဆို၍ ကိုသန်းအောင်တို့ လင်မယားပဲ ဘွဲ့နှင်းသဘင်ပွဲကို လိုက်သွားကြသည်။

"ငါက တောသား၊ တို့ရွာမှာ အင်းတွေရှိတော့ ဒီလုပ်ငန်းလုပ်နေရပေမဲ့ အင်းသူကြီး သားတွေသမီးတွေလို ဘွဲ့ရအောင် ငါ့သားသမီးတွေကို ပညာသင်ပေးချင်တာ၊ ကြည်မောင်တော့ ငါ့ဆန္ဒပြည့်အောင် ဖြည့်ခဲ့လို့ သာဓုခေါ်တယ်"

ကိုဝင်းမောင် မမာနေစဉ် ကြည်မောင်စာမေးပွဲ အောင်ကြောင်းအဖေကို ပြောပြစဉ်က ကိုဝင်းမောင်က ယခုလို ပြောခဲ့သည်။ သူမသေခင်သားဘွဲ့ရသည်ကို သိသွားရ၍ မကျေး ကျေနပ်ပါသော်လည်း သားကြီး၏ဘွဲ့နှင်းသဘင်တက်ပွဲကိုတော့ တက်ရောက်ရန် မကျေး စိတ်မတင်းနိုင်တော့ပါ။

* * *

"အရီးကျေး"

ခြံဝင်လာသူက မငယ်၊ သူထိုင်နေရာ ခုံတန်းမှာ လာရောက်ထိုင်သည်။

"ဘာကိစ္စလဲ မငယ်"

"ကဲ့ကော်တွေ ပွင့်တုန်းကရော စံပယ်ပွင့်တုန်းကရော ကျွန်မကို အရီးပေးတယ်၊ အခု သပြေခက်လည်း ကျွန်မကို ပေးပါ"

မကျေးသည် အံ့အားသင့်နေသည်။ သပြေခက်များ သူတို့ရွာမှာ ဘုရားတင်လျှင် ရှိသည့်အိမ်က တောင်းယူ၍ ခူးကာ ဘုရားတင်ကြသည်။ မဝယ်ရပါ။

"မငယ်ရယ် ဘာလုပ်ဖို့လဲ"

"ကျွန်မ စည်းပြီးဖောက်သည်ပေးမှာပေါ့၊ ပန်းတနော်ကတစ်ဆင့်ဖြစ်ဖြစ်၊ ကျောင်းကုန်းကတစ်ဆင့်ဖြစ်ဖြစ် ရန်ကုန်ပို့ရင်ရတယ်၊ ရန်ကုန်မှာ သပြေ တစ်စည်း ၂ဝ/- ရောင်းရတယ်၊ အရီးတို့အပင်က သပြေကြီးတွေ၊ တခြားက အသေးပင်ဆိုရင် ၁၅/- အရီးရဲ့ အုန်းသီးရော အရီး





ဘယ်ဈေးရလဲ"

"ဦးအောင်ကြီးတို့ဆီ လာကောက်တဲ့ လူတွေနဲ့ အရီးပေးလိုက်တာ ဖောက်သည်ဈေး ၁၀ ကျပ် "

"အောင်မယ်လေး ရန်ကုန်မှာ တစ်လုံး ၂၅/၃ဝ/ သိရဲ့လား၊ ဝါဝင်ဝါထွက် အုန်းလဲချိန် ကြွက်မြီးကောင်းရင် ၆၀-၇၀ ရတယ်၊ အေးလေ ကောက်တဲ့လူကလည်း စရိတ်နဲ့ဘာနဲ့ဆိုတော့ အဆင့်ဆင့်သွားရတာဆိုတော့ အရီးတို့ဆီကယူတော့ ကောက်ဈေး နည်းတာပေါ့၊ ဘယ့်နှယ် သပြေခက် ပေးနော်"

"မငယ်ဘာသာ ချိုးယူပေါ့"

"တက်နိုင်ပါတယ်၊ မောင်ကြီးပါခေါ် တက်ခိုင်းမယ် အရီးတော့ ဟန်ကျနေတာပဲ ကဲ့ကော်၊ စံပယ်၊ အုန်း၊ သရက်တွေနဲ့ ဝင်ငွေမပြတ်ဘူး"

"တို့ငယ်ငယ်တုန်းက ကဲ့ကော်ပွင့်ချိန် စံပယ်ပွင့်ချိန် ဘယ်သူမှ ဝယ်မပန်ရပါဘူး၊ တောင်းခူးပြီး ပန်ကြတာ"

"အရီးကျေးကလည်း အိမ်ထဲကမထွက်ဘူး၊ မငယ်တို့က ပန်းတနော်နဲ့ မအူပင်ပဲပို့တာ၊ ရန်ကုန်မှာ မှော်ဘီတို့ အင်းစိန်၊ ကမာရွတ်တို့မှာ စံပယ်တွေစိုက်ပြီး အပွင့်ဖောက်သည်ပေးရတယ်၊ ရန်ကုန်မှာ ၁၀-ပွင့်ပါ တစ်ကုံး ၅/-လောက် ပေးရတယ်"

"ဘုရားရေ တကယ်လား မငယ်"

"ဟုတ်ပါတယ်၊ ဒါကြောင့် ကျွန်မစံပယ်ဖူးတွေ ညနေခူးသီ၊ ပန်းတနော်နဲ့ မအူပင်ပို့တာ ရန်ကုန်လောက် ဈေးမကောင်းပေမဲ့ ဈေးရပါတယ်၊ ရန်ကုန်သာနီးရင် အရီးကျေးစံပယ်တွေ ကျွန်မယူပြီး ဖောက်သည်ပေးတယ်၊ အရီးကျေး သူဌေးဖြစ်ရော"

မငယ်ကလည်း အင်းမရွာသူ၊ ပန်းသည် အနေနှင့် သူ့ကုန်သွယ်ရေးအစီအစဉ်ကို တင်ပြသွားသည်။

"နော်အရီးကျေး၊ သပြေလည်း တစ်ပတ်တစ်ခါလောက် လာခူးမယ်"

www.burmeseclassic.com

"အေး အေး"

"သွားဦးမယ်နော်"

မငယ်သည် နှုတ်ဆက်ကာ ထသွားသည်။ အစ်ကိုဖြစ်သူက လှေတစ်စင်းနှင့် မငယ်တို့ မောင်နှမ မိုးမလင်းခင်က ပန်းတွေသစ်သီးဝလံတွေတင်ကာ ပန်းတနော် သွားကြသည်။ သူ့အဖို့ မကျေးဘဝမှ အရိုးကျေးဘဝကိုသာ ရောက်လာသည်။ ဒီလိုမှား စံပယ်၊ ကံ့ကော်ပန်းတွေ၊ သပြေခက်တွေ ဈေးကောင်းလိမ့်မည်ဟု သူမတွေးမိ။ သွားလေသူ၏ ရည်ရွယ်ချက်ကို နားမလည်။ ခုတော့လည်း အမေက "အုန်းတစ်ပင်စိုက်ရင် လင်တစ်ယောက်ရသလိုပဲ"ဟု ပြောခဲ့သလို အုန်းသုံးပင်ကလည်း ဝင်ငွေမနည်း။ သရက်ကလည်း ရသည်။ ပန်းတွေပါပေါင်းတော့ တစ်နှစ်ဝင်ငွေမှာ သူ့အိမ်ကလေး မီးဖိုစရိတ် ဖူလုံရုံမကပို၍သည်။ ကိုဝင်းမောင်ရှာခဲ့သော ငွေတချို့၊ ငါးခြောက်ပေး ပေး၍ရသော ငါးခြောက်များကို ကိုဝင်းမောင် အဆက်များနှင့် ရန်ကုန်ပို့ သည်ကလည်း ဝင်ငွေရှိသည်။

သားကြီး ကိုကြည်မောင် အင်ဂျင်နီယာအဖြစ် ဆည်မြောင်းမှာလုပ်ရင်းက မိန်းမရကာ အညာဘက် ပြောင်းသွားရသည်။ သားလတ်တင်မောင်က ဘွဲ့မယူ။ ပထမနှစ် ဝိဇ္ဇာတန်းကထွက်၍ နိုင်ငံခြားသင်္ဘောလိုက်သည်။ သားငယ် စန်းမောင်က ကမ်းရိုးတန်းသင်္ဘောသား။ မကြေးမုံကတော့ မအူပင်မှာကျောင်းဆရာနှင့် ရနေသည်။ အမေ နေမကောင်းရင်မှာပါတဲ့စကားတော့ဆိုသည်။

သမီးလေးရတုန်းက သမီးလေးကိုကြည့်ကာ ဝဝဖြူဖြူလှလှလေးမို့ စာတတ်ရန်မလို၊ မိန်းမပီသဖို့ပဲလိုသည်ဟု သူက ထင်မြင်ချက်ပေးခဲ့သည်။ မိန်းမတို့ ဥစ္စာသည် အဆင်းရုပ်ဝါ မဟုတ်ပါလား။ ယခုတော့လည်း အဆင်းလှတော့ စောစောလင်ရသည်။ သူမိခင်အနေနှင့် မိန်းမပီသဖို့ သင်ကြားပေးသည်ကလည်း ယောကျ်ားကို ပြုစုဖို့ ဖြစ်လာရသည်။

သူ့အနားမှာ သမီးလေးက တိုးတိုးဖော်ဟု သူစိတ်ကူးယဉ်ခဲ့ပေမဲ့





ယခုတော့ သမီးလေးကအဝေးမှာ။ သမီးပြောစကားလိုပဲ နေထိုင်မကောင်းလျှင်တော့ သမီးပြေးလာတန်ကောင်းပါရဲ့။

အမေရေ

အမေအသက် ၇၀ ပြည့်မှာ ကိုကြီးကိုလတ်နဲ့ မောင်လေးတို့ အင်းမကို လာနိုင်အောင် စီစဉ်နေတယ်၊ မအူပင်ဝင်ပြီး သမီးကို ခေါ်မယ်၊ သမီးတို့အားလုံး လာကန်တော့မယ်၊ နီးမှလာမယ့်ရက်ကို အကြောင်းကြားမယ်၊

ကျန်းမာချမ်းသာပါစေ

သမီးကြေးမုံ

သူ့အသက် ၇၀ ပြည့်ကို သားသမီးတို့ သတိတရ လာကန်တော့မတဲ့။ အမေဆိုသည်ကို သူတို့ရင်ထဲ ရှိနေသေး၍ စာဖတ်ရင်း သူမျက်ရည်ကျမိသည်။ ဝမ်းသာ၍ကျသော မျက်ရည်။

သူတို့လာလျှင် ဘာကျွေးရ ဘာရပေးရပါ့မလဲ။ နွေဦးပေါက်ဆိုတော့ သရက်က ကင်းစရှိသေး။ ကံ့ကော်တော့ ပွင့်ပြီ။ ကံ့ကော်ပန်းတွေလက်ဆောင်ပေးလျှင် သူတို့ကြိုက်ပါ့မလား။ အုန်းသီးတွေကတော့ အဆင်သင့်။ အုန်းသီးတွေ ပေးရင်ကော သူတို့ ယူပါ့မလား။ ရန်ကုန်မှာ တစ်လုံး ၆၀-၇၀/- လို့ မငယ်က ပြောသည်။ ရှားပါး ပစ္စည်းမို့ အလကားရသော ခြံထွက်အုန်းသီး ပေးလိုက်လျှင် သူတို့အလေးခံသယ်ပါ့မလား။

အမေကျေး တွေးလိုက်ရတာ၊ နိုင်ငံခြား သင်္ဘောသား တင်မောင်ပဲ အပေးလွှတ်သည်။ မကြေးမုံကလည်း ခင်ပွန်းသည် ကျောင်းဆရာလခနည်းသည်ဆို၍ အမေ့ထံ ခဏခဏ ငွေတောင်းသည်။ အမေက ငါးခြောက်ငါးခြမ်းလည်း မအူပင်က နီးလေတော့ သမီးဆီပို့ ရသည်။ အငယ်ဆုံးသားထွေးကလည်း ကမ်းရိုးတန်း သင်္ဘောသားဆိုတော့ သိပ်မစားသာ။ အမေပို့ပါဦးဆို၍ အမေခဏခဏ ငွေပို့ရသည်။

"ကိုလတ်လို နိုင်ငံခြား သင်္ဘောလိုက်ရမှ ကျွန်တော်မိန်းမယူ



www.burmeseclassic.com

www.burmeseclassic.com



မယ်" ဟု သားထွေးကပြောသည်။

တင်မောင်နှင့် စန်းမောင်မိန်းမရလျှင်လည်း တင်တောင်းပေးရဦးမည်။ သားကြီး ကြည်မောင် ဆည်မြောင်းအရာရှိ ဖြစ်တော့ စစ်ကိုင်းသူနှင့် လက်ထပ်တုန်းက အမေသည် သားရှင်ဖြစ်၍ လက်ကောက် ၂ရန်၊ တစ်ကျပ်သား ရွှေဆွဲကြိုးတစ်ကုံးနှင့် စိန်နားကပ်ကတော့ သိပ်မကြီးလှ။ သူ ကိုဝင်းမောင်နှင့် လက်ထပ်စဉ်က အမေပေးသော ခန်းဝင်ပစ္စည်းပါပဲ။ လက်ကောက်နှစ်ရန်ကလည်း တစ်ရန်တစ်ကျပ်သားစီရှိသည်။ သားကြီးလက်ထပ်ပွဲတုန်း ကလည်း သူမသွားနိုင်။ ဦးသန်းအောင်တို့ လင်မယားပဲ သွားရောက် တောင်းယူပေးသည်။ ယခု သူတို့လာကြတော့မည်။

မငယ်က မီးဖိုမှာလာ၍ ကူချက်ပေးသည်။ သူတို့တွေဆီမှာ ရှားပါးလှသော ငါးရံ့အူချက်၊ ပုစွန်တုပ်ကြီးဆီပြန်၊ ငါးမြင်းရင်းမြီးနှင့် ကင်ပွန်းချဉ်ရွက်ချဉ်ရေ၊ ငါးဘတ်၊ ငါးပိကောင်ချက်၊ တို့စရာ စုံစုံလုပ်ထားသည်။

"ငါးမြင်းရင်း ဆိုတာ ရန်ကုန်မှာ ရွှေ အရီးကျေးရဲ့၊ သူတို့လားအစစ်မစားနိုင်ပါဘူး ၊ ထောင်ကျော်တယ်၊ ငါးတန်ကို ရန်ကုန်မှာ ငါးမြင်းရင်းဆိုပြီး ရောင်းတာ၊ အဲဒါတောင် ၆၀ဝ-၇၀ဝ ရှိတယ် အရီးကျေးရဲ့"

မငယ်က ရန်ကုန်နှင့် အင်းမကူးနေ၍ အစုံသတင်းပေးသည်။ အမေကတော့ အချိန်နည်းနည်းလေး နောက်ကျသွား၍ စိတ်မကောင်း။ ဆောင်းဦးပေါက်ကဆို ငါးရံ့အူထူထူကြီးတွေ ရသည်။ ခုလည်းဆိုးတော့ မဆိုး မရမ်းသီးနှင့် ချက်ပေးလိုက်သည်။ လက်ဆောင် ပေးဖို့တော့ အင်းထွက် ဆားပေါ် လတ်လတ်ဆတ်ဆတ် ငါးရံ့ခြောက်တွေ နှစ်ပိသာစီ အိတ်နှင့် ချုပ်ထားသည်။

သူတို့လာကြပြီ။

အမေ့ခြံလေးမှာ စံပယ်နှင့် ကံ့ကော်ရနံ့ထက် အမေ့မေတ္တာရနံ့က ပိုမိုသင်းပျံ့နေသည်။ သားသမီးတွေ ဝိုင်းဖက်တော့ အမေ မျက်ရည် ပေါက်ပေါက်ကျသည်။



"ကိုဝင်းမောင်ရေ ရှင့်သားသမီးတွေ ပြန်လာပြီ"

သူသည် သွားလေသူကို တကာ ရှိုက်ကြီးတငင် ငိုမိသည်။ မကြေးမုံကလည်း ငိုသည်။

"အမေကလဲ သားတို့နဲ့ တွေ့ရပြီပဲ၊ မငိုပါနဲ့၊ ဝမ်းသာပါ"

သားကြီးကြည်မောင်က အမေ့ကို ဖက်၍ချော့သည်။

"တင်မမက ကိုယ်ဝန်လရင့်နေလို့ လိုက်မလာနိုင်ဘူးအမေ"

ဇနီးသည် မပါလာသည်ကို ပြောပြနေသည်။

သူတို့အားလုံး ထမင်းဝိုင်းထိုင်တော့ အမေ ကြည်နူးနေသည်။ ငယ်ငယ်က ဇလုံလေးတွေ ကိုယ်စီနှင့် တစ်ဝိုင်းသတ်သတ် ကျွေးရသော သားသမီးတွေ ထမင်းဝိုင်းကို အမေပြန်၍ မြင်ယောင်လာသည်။ ဒီတုန်းက ဟင်းတစ်ယောက်တစ်ဖတ် ထည့်ပေးလျှင် သားထွေး စန်းမောင်က အရင်ကုန်၍ အမေ့ကို လာတောင်းတတ်သည်။

ယခုတော့လည်း ခေါင်းမဖော်။ သူတို့ဆီမှာ စားရခဲသော ဟင်းလျာများကို စားလိုက်ကြသည်မှာ အမေကျေနပ်စရာပါပဲ။

စားပြီးတော့ အိမ်ရှေ့ခန်းဖျာခွေ့ပေါ်မှာ ခေါင်းအုံးကိုယ်စီနှင့် လှဲရင်းစကား ပြောကြသည်။ ရေနွေးကြမ်း ငါးရံ့ခြောက်ဖုတ်နှင့် လက်ဖက်သုပ်ကို မငယ်က ပြင်ပေးသည်။

အမေလည်း သူတို့နှင့်အတူ ဖျာတစ်ချပ်ပေါ်မှာ အိပ်နေ၍ မကြေးမုံက နှိပ်ပေးသည်။ သုံးနာရီလောက် တစ်ရေး နိုးလာကြတော့မှ ခေါင်းရင်းမှာ ဖျာခင်း၍ သူတို့ယူလာသော ပစ္စည်းတွေ ပုံထားကာ အမေ့ကို ကန်တော့ကြသည်။

ကြည်မောင်က ချိတ်လုံချည် တစ်ထည်နှင့် ပဝါ၊

တင်မောင်က နိုင်ငံခြားဖြစ်သိုးမွေးစောင်၊

မကြေးမုံက ပါတိတ်လုံချည်၊

စန်းမောင်က မုန့်ပုံး၊

အမေက ဆုတွေ ပေးလိုက်တာ အသံကတုန်ယင်နေသည်၊

www.burmeseclassic.com

ကိုဝင်းမောင်ကိုပဲ တမ်းတမိသည်။ ကလေးတွေ အဖေ မြင်ယောင်စေချင်သည်။

"အမေရေ လိုချင်တာရှိလည်းမှာ၊ နေမစောင်းခင် ကျွန်တော်တို့ မအူပင် ပြန်ရမယ်"

ကြည်မောင်က စပြောသည်။

"ဟယ် ညဥ့်မအိပ်နိုင်ကြဘူးလား"

"ခွင့်မရဘူးအမေ၊ တင်မမ ကလေးမျက်နှာမြင်ပြီးမှ ကျွန်တော်တို့ လာကန်တော့ဦးမယ်"

"ကြေးမုံရော"

"သမီးလည်း ကိုထွန်းသာတစ်ယောက်တည်း ထားခဲ့ရတယ် အမေ"

ကြေးမုံက ဖြေသည်။ အမေသည် သက်ပြင်းလေး ချလိုက်၏။

"မငယ် မောင်ကြီးလည်း ခေါ်လိုက်ပါ၊ ဟန်စိန် ရေလောင်းနေလား၊ ခေါ်လိုက်ပါ၊ ကဲ-ငါးရံ့ခြောက်ထုပ်တွေ လှေဆိပ်ထိ လိုက်ပို့လိုက်၊ သားတို့ အုန်းသီးယူသွားမလား"

ကြည်မောင်တို့က ရယ်ကြသည်။

"လေးတယ် အမေရဲ့"

စန်းမောင်က ဖြေသည်။ သူတို့အားလုံး အမေ့ကို ကန်တော့သည်။ ခြံဝအထိ အမေက လိုက်ပို့သည်။

သူတို့အားလုံး သွားကြပြီ။

အမေ့အနားမှာ ကိုဝင်းမောင် စိုက်ခဲ့သော သီးပင်၊ စားပင်နှင့် ပန်းပင်တွေပဲ ကျန်ရစ်သည်။ ။

♥

## မစိမ်းသောလမ်း

မီးအိမ်ကို သူနှသည်သို့ တိုးရွှေ့လိုက်၏။ စားပွဲပေါ်မှ စာအုပ်များ သိမ်းဆည်းပြီးပြီ။ ကလေးများလည်း စာကြည့်ပြီး၍ အိပ်ရာပင် ဝင်သွားကြပြီ။ သူသည် စားပွဲဘေးတွင်ထိုင်ကာ လက်ထဲမှ သိုးမွေးထိုးအပ်နှင့် ထိုးလက်စ ဆွယ်တာကို ဆက်၍ထိုးနေသည်။

"ဆွယ်တာက ဘယ်သူ့ဖို့လဲ"

မနေ့က ဒေါ်လေးရွှေမေးသည်။ သားကလည်း ညဥ့်မအိပ်ခင် သူထိုးနေသော ဆွယ်တာကိုကြည့်၍ ဘယ်သူ့ဖို့လဲဟု မေးခဲ့သည်။ ခုထိ ဘယ်သူ့ မေးခွန်းကိုမျှ မဖြေခဲ့၊ မနှစ်ဆောင်းတွင်းက သမီးကြီးမနှင်းဦး နှင့် သားကိုလတ်အတွက် ဆွယ်တာ ထိုးပေးခဲ့ပြီ။ အငယ်ဆုံး ကိုထွေး အတွက်က ထိုးစရာမလို၊ သားငယ်လေးမွေးနေ့တုန်းက သူ့ဦးကြီး ဦးကျော်ဟန်က ဆွယ်တာတစ်ထည် လက်ဆောင်ပေးသည်။

ညဥ့်သည် တိတ်ဆိတ်နေသည်။ လျှပ်ပန်းနွယ်များ ပြုံးပြက်၍ အပြင်တွင် မိုးစိပ်စိပ်ရွာနေသည်။ နိုးနေသူဟူ၍ တစ်အိမ်လုံးတွင် သူတစ်ယောက်တည်း။ နံနက်ကျ ရုံးမတက်ခင် မဦးကိစ္စလုပ်ရ၍ သူစောစော ထရသည်။ ဒေါ်လေးရွှေကို အားနာသည်။ ဒေါ်လေးသည် ဈေးသွား၍ သားတို့ကျောင်းအမီ၊ သူ့ရုံးအမီ ထမင်းချက်ရသေးသည်။ ဒီတော့ သူသည် မဦးဝေယျာဝစ္စ လုပ်ပေးဖို့ စောစောထ တာဝန်ယူရသည်။ သမီးဦးလေး



www.burmeseclassic.com

www.burmeseclassic.com

သည် အရိုးပျော့ ရောဂါစွဲကပ်နေသူဖြစ်၍ မထနိုင်။ ဒီတော့ သမီးကို ပြုစုရန် သူသည် ညဘက်စောစောအိပ်၍ မနက်စောစောထလေ့ရှိသည်။ ဒီဆွယ်တာစတင် ထိုးသည်မှာ ငါးရက်ရှိပြီ။ စသည့်နေ့ကစ၍ သူစောစော မအိပ်။ ခါတိုင်းလည်း မိတ်ဆွေများအပ်သော ရှောစောင်များကို ထိုးပေးနေကျ။ ယခုထိုးသည်မှာ၊ ယောကျ်ားဝတ်ဆွယ်တာဖြစ်၍ သူ့ကို ဒေါ်လေးက မေးခြင်းဖြစ်သည်။

ဒေါ်လေးရွှေ တစ်ရေးမနိုးခင် လက်စသတ်မည် စိတ်ကူးလိုက်၏။ ဆွယ်တာမှာ မီးခိုးဖျော့၊ အရင်ကလည်း သူသည် အိမ်သားများအတွက် ဆွယ်တာ အလှည့်ကျ ထိုးပေးခဲ့သည်။ အပြင်မှာ မိုးနည်းနည်းသည်းလာပုံရ၏။ ဧည့်ခန်း ခေါင်းရင်းဘက်ရှိ ဘုရားခန်းရှေ့မှ တစ်စက်တစ်စက် မိုးယိုနေသည်။

မိုးဦးမကျခင်က ပြင်လိုက်ရကောင်းသား။ ငွေကို ပြန်တွက်ရသေးသည်။ အပေါ်တက်ကြည့်မှ၊ အများကြီး ပျက်စီးနေလျှင် ငွေမလိုက်နိုင်က အခက်၊ ဒါကြောင့် မိုးယိုတာကို ဇလုံနှင့်ခံထားလိုက်သည်။

ဆွယ်တာသည် တစ်ရစ်ပြီးတစ်ရစ်တက်လာခဲ့၏။ မိုးယိုသံကလည်း တပေါက်ပေါက်။ နက်ဖြန်ကျလျှင်တော့ စနေနေ့ ရုံးအားရက် ဒေါ်လေးရွှေများမေးလျှင် ဒီဆွယ်တာဘယ်သူ့ဖို့ဟု ပြောလိုက်တော့မည်။

ဒေါ်လေးရွှေကို ပြောဖို့လွယ်သည်ထား၊ သားကိုလတ်ကို ဘယ်လို ပြောရပ့်။ သားက ခုနစ်တန်းပဲ ရှိသေးသည်။ သားငယ်ကိုထွေးကတော့ လောကနှင့် ဘဝကို နားလည်သေးပုံ မပေါ်၊ တစ်ပတ်အတွင်း ဆွယ်တာကို ပြီးအောင်ထိုးမည်။

* * *

"ဒါဟာ လမ်းသစ်မှမဟုတ်ဘဲ၊ ကိုယ်ဖြတ်ခဲ့ဖူးတဲ့လမ်း၊ မသွားဖူးတဲ့သူသာ၊ လမ်းမှားတတ်တယ်။ ခလုတ်တိုက်လဲတတ်တယ်။ ဒီတော့ ဒေါ်လေးရွှေက ဘာမှ မကန့်ကွက်လိုပါဘူး၊ ဖြတ်ခဲ့ဖူးတဲ့ လမ်းပေါ်မှာသာ





သင်းသင်းချော့လဲမှာ ဒေါ်လေးစိုးတယ်"

နောက်နေ့နေ့လယ် ဆွယ်တာထိုးနေချိန်။ ဒီဆွယ်တာ ဘယ်သူ့ဖို့ဟု ဒေါ်လေးကို ပြောပြတော့ သူ့ကို ဒေါ်လေးက ဒါပဲပြောသည်။ သားတို့က ကျူရှင်သွားနေကြသည်။

အိမ်လေးမှာ တိတ်ဆိတ်နေသည်။ ဒေါ်လေးကလည်း ဆက်မပြော သူကလည်း ငြိမ်နေမိသည်။ မိုးကအပြင်တွင် အုံ့မှိုင်းနေ သည်။ သူ့ရင်ထဲမှာလည်း လေးတွဲ့ မှုန်ရီနေသည်။

ဖြတ်ခဲ့ဖူးသောလမ်း။ မှန်ပါသည်။ သည်လမ်းကိုလျှောက်၍ သားသမီးသုံးယောက်ပင် ရခဲ့ပြီ။ သားငယ် ကိုထွေး သူ့ဗိုက်ထဲမှာ ခုနစ်လကတည်းက၊ ကိုမော်သည် လက်တွဲဖြုတ်၍ သွားခဲ့သည်။ ဒီလမ်းမှာ ဒီလိုပဲပေါ့၊ စကားပန်းရနံ့တွေ သင်းတုန်းကတော့၊ အသက်ရှူကောင်းသည်။ တောင်ကုန်းတက်တော့လည်း လက်တွဲရမည့် ကိုမော်ပါတော့ မောရမှန်းမသိ၊ ချူပေါသည့် တောလမ်းပေမဲ့ စိန်ပန်းပွင့်ကြွေတို့ ခင်းသော လမ်းလေးကိုလည်း လျှောက်ခဲ့ရသည်ကို ပျော်ပါသည်။ ဆူးခြစ်မိ၍ ခြေသလုံးမှာ သွေးစစီးဆင်းလာတော့ ကိုမော်ကဂွမ်းလေးနဲ့ တို့ပေးခဲ့သည်။ တောဆိုတော့ စေးပျစ်၊ ဆူးချုံ ပန်းရုံနွယ်ပင် အစုံပဲပေါ့၊ သူဖြတ်ခဲ့သောလမ်းက ကတ္တရာလမ်းပေါ်တွင် မာစီဒီးနှင့် ဖြတ်ခဲ့ရသည်တော့ မဟုတ်။ ဒါပေမဲ့ ပျော်သည်။

စံပယ်ရိုင်းတို့ပေါသော တောင်ကုန်းလေးအနားတွင်မှ ချစ်လင်မောင်ကြီး သူ့ကိုထားရစ်သည်။ ထားရက်လေခြင်းလို့ ဘယ်လိုဆိုရက်ပ။ အနိစ္စနွယ်ရှင်က ကိုမော်ကို ဆွဲငင်ရစ်ပတ် ခေါ်ယူသွားပြီ၊ တောကြီးမှောင်မှောင်တော့ မဟုတ် နေရောင်ပျပျမှာ မရှင်းလင်း၊ ဒီတော့လမ်းကို ရင်သွေးသုံးယောက် လက်ဆွဲ၍ သူဆက်လျှောက်ခဲ့ရပါသည်။

သူနားခိုစရာ သုံးပင်နှစ်ခန်း ပျဉ်ထောင်အိမ်လေးကို သုံးထပ်သားအမိုးနှင့် ကိုမော်က ဆောက်ပေးခဲ့သည်။ အိမ်ထောင်သက် ခုနစ်နှစ်မှာ သူကကျောင်းဆရာ၊ ကိုယ်က စာရေးမအဖြစ်နှင့် ရန်ကုန်ကျောက်


www.burmeseclassic.com

www.burmeseclassic.com

မြောင်းဘက်တွင် ဒါလှော်က် အဖတ်တင်သည်ကိုပဲ ကျေးဇူးတင်ရ ဦးမည်။ ခုတော့ သုံးထပ်သားအမိုးကို ပြင်ရဦးမည်။ နောက်ဘက် ရေစင်ကလည်း ဆွေးစပြုပြီ။

ဒေါ်လေးရွှေပြောသည့်အတိုင်း ဖြတ်ခဲ့ဖူးတာတော့ မှန်ပါ၏။ ဒါပေမဲ့ ဒီလမ်းကို မျက်စိမှိတ်၍ ဇွတ်အတင်း လျှောက်ရမည်လား။ မျက်စိမှိတ်မှ မမှိတ်လျှင် ကိုမော် မျက်နှာသည် သူ့မျက်လုံးတွင် ဆီးကာနေ၍ ဒီလမ်းကို လျှောက်ဖြစ်မည်မဟုတ်။

* * *

"သင်းသင်း . . . ဘာထိုးနေလဲ"

ဘုရား . . . ဘုရား၊ ကြားရသောအသံကြောင့် သင်းသင်း တုန်လှုပ်သွားသည်။ ရုံးသားများ လက်ဖက်ရည်သောက်ဆင်း သွားကြပြီ။ သူသည် အိမ်ကယူလာသော ကော်ဖီဘူးထဲမှ ကော်ဖီသောက်ပြီး နေ့လယ်နားချိန်မှာ သိုးမွေးရှောစောင် အပ်ထည် ထိုးသည်။

ညနေ ဖယ်ရီကားစောင့်ရင်းလည်း သူ့လက်က စောင်ထိုးမပြတ်၊ သူရုံးချိန် သိုးမွေးထိုးမိ၍များ မေးလေသလား။

"ဟုတ်ကဲ့" တုန်ရီစွာ ဖြေမိ၏။ မေးသူမှာ သူ့ရုံးအုပ် ဦးဖေတင်။ ဦးဖေတင်သည် စည်းကမ်းကြီးသူ၊ ရုံးသူ ရုံးသား စာရေးများနှင့် မှန်မှန်နေသည်။ ဒါပေမဲ့ သဘောကောင်း၍ အေးသည်၊ ဆက်ဆံရေးကောင်းသည်။

"ကျွန်မ လက်ဖက်ရည် သောက်ပြီးရင် မထိုးတော့ပါဘူး"

သူကကြောက်ကြောက်လန့်လန့် ဖြေ၏။

"အားလပ်ချိန် ထိုးတာပဲဟာ အပြစ်တင်မလို့ မဟုတ်ပါဘူး၊ ကိုကြီး သတိပြုမိလို့ပါ။ ဖယ်ရီ စောင့်ချိန်၊ ရုံးအားချိန်တိုင်း သင်းသင်း လက်ဖျား မပြတ် သိုးမွေးထိုးနေတာပဲ"





သင်းသင်း ရင်ထဲတွင် အုံ့ညြသွားပါသည်။ ဒီလိုဆိုတော့ ဦးဖေတင်သည် သူ့ကို မပြတ် ဂရုစိုက်နေပါတကား။

"ဒီရှောစောင်တွေက အပ်ထည်တွေလား"

ဦးဖေတင်က သူ့စားပွဲရှေ့တွင် ထိုင်၍မေး၏။

"ဟုတ်ပါတယ်၊ ဆွယ်တာက ကြာတယ်၊ ရှောစောင်က မြန်တယ်၊ အပ်တဲ့လူတွေကလဲ ရုံးထဲကပါ မကပါဘူး၊ အရပ်ထဲကလည်း အအပ်များလို့ သင်းသင်းအားချိန် ထိုးတာပါ"

"လက်ဖက်ရည်သောက် မဆင်းဘူးလား၊ ကိုကြီးမှာလည်း ပါလာတယ် သောက်မလား"

"သင်းသင်း အိမ်က ယူလာပါတယ်၊ သောက်ပြီးပါပြီ"

"ဒီရှောစောင်ထိုးတာက ဝင်ငွေတော်တော်ကောင်းလား"

သင်းသင်းသည် ငုံ့၍ ထိုးနေရာမှ ရှိုင်းရာကျမည်စိုး၍ ခေါင်းမော်ကာ ဦးဖေတင်ကို ကြည့်မိ၏။ ပြီးမှသက်ပြင်း ညင်သာစွာ ချလိုက်မိသည်။

"ငွေ့ပိုရတော့ သမီးဆေးဖိုးကာမိအောင်လို့ပါ။ သင်းသင်းရဲ့ သမီးဦးလေးက အရိုးပျော့ရောဂါနဲ့ မထနိုင်ဘူး ချူချာတယ်"

"ဆောင်းနီးမှ ကိုကြီးလည်း သင်းသင်းဆီ ဆွယ်တာ အပ်ရဦးမယ်"

သင်းသင်းက ဘာမှပြန်မဖြေမီ လက်ဖက်ရည်ချိန်ပြီး၍ ရုံးသားများ, အခန်းထဲသို့ ပြန်ဝင်လာကြသည်။ ဦးဖေတင်ကလည်း သူ့ရှေ့မှ ထခါ ရုံးခန်းထဲသို့ ဖင်သွားသည်။

သင်းသင်းစိတ်ထဲမှာ မလုံ့ဘေးမှ ရုံးမိတ်ဆွေတွေကများ သူ့ကို မသင်္ကာ မျက်စိနှင့်များ ကြည့်နေကြလေသလား၊ အဘယ့်ကြောင့်ဆိုသော် ဦးဖေတင်သည် စကားပြောစရာရှိလျှင် ရုံးသားများကို သူ့ရုံးခန်းထဲသို့ ခေါ်၍ စကားပြောလေ့ရှိသည်။ မည်သည့် ရုံးသား၏စားပွဲမှာမှ သူ မထိုင်တတ်သောကြောင့် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

လက်ထဲမှ ထိုးလက်စရှောစောင်ကိုသိမ်း၍ ရုံးအလုပ်များ ဆက်လုပ်လိုက်သည်။

နောက်နေ့ လက်ဖက်ရည်သောက်ချိန်တွင် ဦးဖေတင် မင်းစေသည် သူစားပွဲပေါ် လက်ဖက်ရည်ခြင်း ချထားခဲ့၍ အပြင်ထွက်သွားသည်။ သူအံ့အားသင့်နေစဉ် ဦးဖေတင် ရောက်လာသည်။

"ကဲ. . . သင်းသင်း၊ အစ်ကိုကြီးကို လက်ဖက်ရည် ထည့်ပေး၊ သင်းသင်းလည်းသောက်၊ စမူဆာလည်း ပါလာတယ်"

သင်းသင်းသည် ရင်ထဲမှာတုန်လှုပ်၏။ အဖြစ်အပျက်က ထူးခြားပေသကိုး။

"သင်းသင်းမှာ. . . ပါ၊ ပါတယ် ကိုကြီး"

"သိပါတယ်လေ၊ အတူသောက်ချင်လို့ အားလပ်ချိန် စကားလည်း ပြောချင်လို့ပဲ၊ ထည့်"

အထက်အရာရှိ၏ အမိန့်ပေပဲ၊ သင်းသင်းသည် ဦးဖေတင်ခြင်းထဲမှ ဓာတ်ဘူးကိုထုတ်ခါ စားပွဲပေါ်တွင် လက်ဖက်ရည်ပွဲ ခင်းလိုက်သည်။ သူတို့နှစ်ယောက်သည် တိတ်ဆိတ်စွာ လက်ဖက်ရည် သောက်နေမိ၏။

"ရော့. . . စမူဆာလည်း စားလိုက်ဦး၊ ဒါပုဇွန်တောင်က ကိုအေးစမူဆာ"

ဦးဖေတင် လှမ်းပေးသည်ကို သင်းသင်းက ကောက်ယူ၍ စားနေမိသည်။ သူ့စိတ်ထဲမှာ ကျဉ်းကျပ်လှ၏။

"အိမ်မှာလည်း လှကြည်တစ်ကောင်နဲ့ ကိုကြီး နှစ်ယောက်ပဲရှိတယ်"

လှကြည်မှာ ဦးဖေတင် မင်းစေဖြစ်သည်။

"သူကလည်း အိမ်ထောင်မရှိတော့ အိမ်ပဲခေါ်ထားလိုက်တယ်။ ကိုကြီးနဲ့ လှကြည် ဘယ်သူအိမ်ထောင်အရင်ကျမလဲ မသိဘူး၊ ကိုကြီး မိန်းမဆုံးတာ ၁၀နှစ်ရှိပြီ၊ တကယ်လို့ လှကြည်မိန်းမယူလည်း ကိုကြီးအိမ်မှာ နေနိုင်းမယ် စိတ်ကူးတယ်၊ အိမ်သားလည်း များလာမယ်၊ မိန်းမဆိုတော့





ဖွယ်ဖွယ်ရာရာ လုပ်တတ်တာပေါ့လေ၊ အခုလှကြည်နဲ့ နေရတော့ ဆရာတပည့်နှစ်ယောက် ဖြစ်သလို စားတာပဲ"

"ဟုတ်ကဲ့"

သင်းသင်းက ဟုတ်ကဲ့တစ်လုံးပဲ ဆိုသည်။ ဘာဆိုရမှန်းမသိ။ ဆယ်ကျော်သက် ရည်းစားစာပေးခံရစက ရင်ခုန်နည်းမျိုးမဟုတ်။ ယခု သူခေါင်းဖော်၍မရ။

"သင်းသင်းကလည်းကွယ်၊ ခေါင်းကြီးငုံ့လို့၊ ကိုကြီးအကြောင်းပဲ ပြောတာ နားထောင်နေတာ၊ သင်းသင်းအကြောင်းလေး ဘာလေး ပြောပါဦး"

မပြောချင်၊ ဒီလမ်းတွင် ဒီပန်းဖူးခူး၍ ပေးကတည်းက ဘာအပွင့်ပွင့်တော့မည်ဆိုသည်ကို သူသိပါသည်။ သင်းသင်း ဒီလမ်းကို စိမ်းသည်မှ မဟုတ်။ ဒါပေမဲ့လည်း သူသည် ဝတ္တရားအတိုင်းလို ပြောပြလိုက်၏။

"သင်းသင်းယောကျ်ား ကိုမော်ဆုံးတာ ၈ နှစ် ရှိပါပြီ။ သားငယ်လေး ဗိုက်ထဲမှာ ခုနစ်လကပဲ ဆုံးတယ်။ သမီးတစ်ယောက်၊ သားနှစ်ယောက်နဲ့ကျန်ရစ်ပါတယ်၊သင်းသင်းအဒေါ်ဒေါ်လေးရွှေနဲ့အတူနေတယ်"

"သားကြီးက ဘယ်အတန်းရောက်ပြီလဲ"

"၇တန်းမှာ၊ သားငယ်က သုံးတန်း"

"သမီးလေးက ရောဂါသည်ပေမဲ့ သားတွေရှိတော့ သင်းသင်း အားရှိစရာပါပဲ၊ ကိုကြီးမှာသာ ဘယ်သူမှ မရှိ တစ်ယောက်တည်း ကျန်ရစ်တာ၊ ဒါပေမဲ့ သင်းသင်းသားယောကျ်ားလေးတွေ အရွယ်ရောက်စဆို မိခင်ရော၊ ဖခင်ရော ဘက်စုံ အုပ်ထိန်းဖို့လိုတယ်"

အံမာလေးလေး ဦးဖေတင်ကြီးရယ်၊ သင်းသင်း နားလည်ပါတယ်။ ရေတွေလည်း မလာလိုက်ပါနဲ့၊ မြောင်းတွေလည်း မပေးလိုက်ပါနဲ့၊ သူဘာမှ ပြန်မပြောခင် လှကြည်က လက်ဖက်ရည်ပွဲ လာသိမ်းသည်။

ဦးဖေတင်ထသွားပြီး ရုံးသားများ ဝင်လာတော့ သူစားပွဲအနားမှာ ခင်ခင်ဝင်းက သူ့နားကပ်လိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



"ထူးထူးဆန်းဆန်း ဦးဖေတင်ကြီးက သင်းသင်းနဲ့ လက်ဖက်ရည်အတူလာသောက်တယ်ဆို"

ဘုရား-ဘုရား၊ ခေါင်းထဲတွင် မိုးကြိုးပစ်လိုက်သလို မိုက်ခနဲဖြစ်သွားပါသည်။ ခင်ခင်ဝင်း ဒီမေးခွန်းကို မေးသင့်ပါသည်။ အဖြစ်ကလည်း မေးချင်စရာ။

ဩော် . . . သူသည် မုဆိုးမ။

"ဆင်တော်ရန် ကေသာဖီးရင်လည်း လင်မျှော်ပြန်ပြီတော်လို့ အများပြည်ရွာက ညည်းရှာကြ၊ အထီးကိုယ်ပင် စရော့သလား၊ သမီးကိုယ် ညီမကဲ့သို့ အများက မညှာတာ ပါသတော်၊ ကြားရပါတဲ့ စကားလာ"

ဒီတေးဟောင်းလေးကို အထီးကို သူကစသည်ဟု အပြောမခံရသည်ပဲ တော်သေး။ ဒါပေမဲ့ ခင်ခင်ဝင်းက မရပ်သေး။

"တကယ်လို့များ ဦးဖေတင်ကြီးက သင်းသင်းကို စိတ်ဝင်စားတယ်ဆို လက်ခံသင့်တယ်၊ ဒီလူကြီးက လူတော်"

"တော်ပါတော့ အဝင်းရယ်၊ ဘာမှဆို. . . ဘာမှ မဖြစ်သေးပါဘူး"

သူသည် မျက်စိပျက်၊ မျက်နှာပျက်နှင့် အော်မိ၏။

* * *

"မောင်ထွန်းဘော်နဲ့ သင်းသင်း ဒီနေ့ အချိန်ပိုဆင်းရမယ် ဟုတ်လား၊ အပြန်ကို မပူနဲ့ ကိုကြီးလိုက်ပို့မယ်"

သူတို့ အချိန်ပိုဆင်း အလှည့်တွင် ဦးဖေတင်က ဒီလိုပဲ ပြောသည်။ ကိစ္စမရှိ၊ သူတစ်ယောက်တည်းမှ မဟုတ်။ ကိုထွန်းဘော်လည်း အတူပါသည်။ ညဥ့်သိပ်မနက်လှပါ။ ၈ နာရီလောက် အိမ်ပြန်ရောက်သည်၊ ကိုထွန်းဘော်ကို အရင်ပို့ပြီးမှ သင်းသင်းကိုပို့သည်။

အိမ်ကိုချောမောမော ပြန်ရောက်တော့ သင်းသင်း သက်ပြင်းချမိသည်။ အိမ်ပြန်မပို့ဘဲ တစ်နေရာရာများ ခေါ်သွားမှဖြင့် သင်းသင်းသည် ဆက်မတွေးရဲဘဲ ကားပေါ်မှ ဆင်းလိုက်၏။

"ကိုကြီး . . . အိမ်ပေါ်တက်ဦးလေ"

သူကဖိတ်ခေါ်၏။

"တက်မယ်၊ ကိုကြီးကိုယ်တိုင် သင်းသင်းတို့အိမ် အခြေအနေကို လေ့လာချင်လို့ တမင်လိုက်ပို့တာ"

"ကျေးဇူးတင်ပါတယ် ကိုကြီးရယ်"

သင်းသင်းက ရှေ့ဆောင်ခေါ်သွားပြီး ဒေါ်လေးရွှေနှင့် မိတ်ဆက်ပေးကာ စကားပြောပြီးမှ ဦးဖေတင်ပြန်သွားသည်။

သူ့အပြုအမူက လူကြီးလူကောင်းပီသပေသား။ ထိုဆီက သူ့စိတ်ထဲတွင် ဒီလိုပဲမှတ်ချက်ချမိသည်။

နောက်နေ့ရုံးတွင် ဦးဖေတင်သည် သူ့စားပွဲမှာပဲ လက်ဖက်ရည်ပွဲ ကျင်းပပြန်သည်။

"ဒီနေ့ခေါက်ဆွဲကြော်ပါတယ်၊ သင်းသင်း၊ ခက်ရင်းနဲ့ ငွှန်းလည်း လှကြည် ထည့်ပေးထားတယ်"

လက်ဖက်ရည်ခြင်းကို သင်းသင်းဘက်ထိုးပေး၍ ပြောလိုက်၏။ သူ့ဟန်က ရဲတင်း၍ စိုးပိုင်သည်။ သင်းသင်းသည် ခေါက်ဆွဲကြော်ပွဲနှင့် လက်ဖက်ရည် ပန်းကန်ပြင်ပြီး ဦးဖေတင် ရှေ့ချလိုက်သည်။

သူသည် ရင်ထဲမှ အားယူနေသည်၊ ပြီးတော့ ရဲဆေးတင်ကာ ပြောလိုက်သည်။

"ကိုကြီးနေ့တိုင်း သင်းသင်းနဲ့ အတူလက်ဖက်ရည်လာ သောက်တာ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့. . ."

"ဆိုပါဦး၊ ဒါပေမဲ့ကြီးက ထိတ်စရာ . . ."

ခေါက်ဆွဲကြော်စားရင်း ဦးဖေတင်က ပြော၏။

"ရုံးသူ ရုံးသားတွေက အထင်လွဲစရာ၊ သင်းသင်းအနေနဲ့လည်း မသင့်တော်ဘူး ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

သူသည် လက်ဖက်ရည်ကျိုက်ချရင်း ပွင့်ပွင့်လင်းလင်း ပြောလိုက်၏။ ရင်ထဲမှာ လှုပ်ရှားရလွန်း၍ ခေါက်ဆွဲကို မတို့နိုင်။

"သင်းသင်းပြောတာ ဟုတ်တယ်။ အရာရှိ တစ်ယောက်က စာရေးမတစ်ယောက်အပေါ် မြူဆွယ်ပုံမျိုးနဲ့ချဉ်းကပ်ရင်တော့၊ မတော်ဘူးပေါ့။ ကိုကြီးဟာ ဘယ်လိုအရာရှိဆိုတာ ကိုကြီးရာဇဝင်ကို စုံစမ်းနိုင်ပါတယ်။ တကယ်လို့သာ မိန်းကလေးတစ်ယောက်ကို၊ ပျော်ရရုံသာ ကြံတယ်ဆိုရင်တော့ ဒါဟာမလုပ်သင့် မလုပ်ထိုက်ဘူး၊ ရှေးဗျူရိုကရက်ခေတ်က အရာရှိဆိုး တချို့ရဲ့ အလုပ်ပါ။ ခု-ကိုကြီးက သင်းသင်း အခြေအနေကို လေ့လာပြီးပြီ၊ စိတ်ဓာတ်ကိုလည်း အမြဲလေ့လာနေတာပါ။ တစ်ခုရှိတယ်လေ။ သင်းသင်းနဲ့ ကိုကြီးက ဆယ်ကျော်သက်တွေမှ မဟုတ်တော့ ရင်ခုန်သံ၊ ရင်လှိုင်းသံတွေနဲ့၊ အတွေးယဉ်နေဖို့ မလိုပါဘူး၊ ဒါကြောင့် ကိုကြီးက ပြောင်ပြောင်ရှင်းရှင်း၊ သင်းသင်းကို လက်ထပ်ချင်လို့ သင်းသင်းကို ဆက်ဆံနေတာ"

သင်းသင်းသည် မျက်ရည်တွေဝဲ၍ ခေါင်းငုံ့နေသည်။ ဤလမ်းကို ဖြတ်ဖူးပါသည် ဆိုပေမဲ့ ဒုတိယအကြိမ် ပြန်လျှောက်ရမည်ကို ဒူးတုန်နေသည်။ မျက်နှာကို မထားတတ် ရဲရဲနီ၍နေသည်။

"တစ်နေ့က အိမ်လိုက်ကြည့်ပြီးပြီ၊ အိမ်ကို အပေါ်တစ်ထပ်ထပ်တင်ရင် ကိုကြီး ကောင်းကောင်းနေလောက်ပါတယ်။ လှုကြည်ကိုလည်း တစ်ပါတည်းခေါ်ခဲ့မယ်။ သင်းသင်းဘက်ကပဲ စဉ်းစားစေချင်တယ်။ လူလွတ်မုဆိုးဖို တစ်ယောက်က ပိုင်ရှင်မရှိတဲ့ မုဆိုးမတစ်ယောက်ကို လက်ထပ်ဖို့ ခွင့်ပန်တာ ရိုင်းစိုင်းတဲ့ အပြုအမူမဟုတ်ပါဘူး။ လူယဉ်ကျေးဘောင်ကလည်း မလွတ်ပါဘူး"

သင်းသင်းသည် မျက်ရည်တွေသာ တွေတွေကျနေသည်။

"မငိုနဲ့လေ၊ ရုံးသားတွေတစ်ယောက်ယောက် မြင်ရင် အထင်လွဲစရာ၊ စဉ်းစားဖို့ အချိန်တွေ အများကြီးရပါတယ်"

"သင်းမှာ ကလေးသုံးယောက်ရှိတယ် ဆိုတာကော ကိုကြီးထည့်





စဉ်းစားရဲ့လား"

"သင်းကို စိတ်ဝင်စားကတည်းက ထည့်စဉ်းစားပြီးပြီ၊ ဒီအတွက် မပူပါနဲ့၊ သားတို့ဘက်ကသာ ပထွေးတစ်ယောက်အနေနဲ့ မမြင်စေချင်ဘူး"

"သူတို့ကိုတော့ သင်းတာဝန်ယူ အာမမခံနိုင်သေးလို့ သင်းစဉ်းစားပါရစေဦး"

ထိုနေ့ကတည်းက၊ သူသည် ကိုမော်ဓာတ်ပုံကို မကြည့်ရဲ၊ ဘာကြောင့်မကြည့်ရဲသည်ကိုလည်း၊ သူ့ကိုယ်သူ ပြန်မမေးရဲ၊ ဒါပေမဲ့ ဦးဖေတင်အတွက် ဆွယ်တာကိုတော့ ထိုနေ့ကတည်းက သူစတင် ထိုးနေပါသည်။

* * *

"သားကိုလတ်ကို အပြောရခက်နေတယ်၊ ကိုကြီးဟန်"

သူမှာပြေးကြည့်၍ တိုင်ပင်စရာဆို သူ့အစ်ကို ဦးကျော်ဟန်သာရှိသည်။ သူသည် ဦးဖေတင်ပြောသမျှ အားလုံးပြောဆိုပြီးပြီ၊ ဦးကျော်ဟန်ကလည်း ငေးငေးလေး စဉ်းစားနေသည်။

"လူတော်တော့ လူတော်တစ်ယောက်ပဲ၊ အေးလည်းအေးပါတယ် သင်းသင်းနှစ်သက်ရင် လက်ခံပေါ့၊ ညီမမှာက ကလေးသုံးယောက်နဲ့ စာရေး လစာပဲရှိတာ၊ ဒီအချိန် လက်ထပ်ရေးကတော့ စီးပွားရေးလည်း ထည့်တွက်ရတယ်၊ ဦးဖေတင်က ငွေကြေးလည်း ပြည့်စုံပါတယ်၊ ကိုလတ်ကို ကိုကြီး ခေါ်ပြောပါ့မယ်"

"သူ့ရှေ့အပတ်ထဲ အိမ်ကို သွတ်မိုးနှစ်ထပ် ပြင်ဆောက်ပြီးမှ လက်ထပ်မယ်တဲ့. . ."

"အေးပေါ့လေ၊ ဖြစ်လာတဲ့ကံကြမ္မာကိုတော့ ဘယ်သူကြိုတင်မြင်နိုင်မလဲ၊ အကောင်းဘက်ကပဲ ကြည့်ရမှာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးစကားကြောင့် သူ့ရင်ထဲတွင် ထင့်တင့်တင့် ဖြစ်သွားသည်။

ဦးကျော်ဟန်သည် ကိုလတ်ကိုဖွင့်ပြောလိုက်ပါသည်။

"သားဆယ်တန်းအောင်တော့ ကျောင်းဆက်တက်ဖို့ ပညာရေးအတွက်လည်း လိုသေးတယ်၊ သားတို့အိမ်ကလည်း ဗုန်းဗုန်းကျနေတော့ ပြင်ဖို့လည်းလိုတယ်။ မေမေက ငယ်သေးတယ်မဟုတ်လား။ ခုမှ ၃၅နှစ်လား ရှိသေးတယ်။ တခြားတစ်ယောက်ယောက်နဲ့ လက်ထပ်တာ ထက် လူလွတ် တစ်ယောက်တည်းသမား ဦးဖေတင်ကိုယူတာကောင်းတာပေါ့"

ဦးကျော်ဟန်ကို ကိုလတ်က ဘာမျှမဖြေ။ သူ့ရင်ထဲမှာတော့ ခေါင်မိုးမှ မိုးယိုလို့ အမေလင်ယူသည် ဆိုသည်ကိုတော့ မကျေနပ်။ သက်သက် ခေါင်မိုးကြီးကို တရားခံရှာလေသလား၊ သူကိုယ်တိုင်ပဲတက်၍ မနိုနှင့် ဖာထေးလိုက်ချင်ပါသည်။ နောက်ဖေးရေစင်ကိုလည်း ဘာဖြစ်သေးလဲ၊ လက်သမားကြီး ဦးဆင်ခေါ် သူနှင့်အတူ ပြင်လိုက်လျှင် ဘယ်လောက်ကျမှာလိုက်လို့၊ ဖေဖေနေရာ လူစားလာသည်ကိုမကြိုက်၊ ဒါပေမဲ့ သူ မေမေကို ဘာမျှဖွင့်မပြောရဲ။

သူဘာမျှ မတတ်နိုင်ပါ။ ဦးဖေတင်ကိုပဲ သင့်တင့်အောင် ပေါင်းရမည်ပေါ့။

* * *

သင်းသင်းဆွယ်တာထိုးပြီး၍ ဦးဖေတင်ကို ပေးပြီးပြီ။

အိမ်လေးကလည်းသပ်ရပ်တောင့်တင်းသွားပါပြီ။ သူတို့ပတ်ဝန်းကျင်တွင် သင်းသင်းသည် လင်နှင့်သားနှင့် တင့်တောင့်တင့်တယ်ပေါ့။ ဖြတ်ခဲ့ဖူးသောလမ်း မစိမ်းသောလမ်း၊ ကိုမော်နှင့် လျှောက်ဖူးပြီမို့ တွေ့သင့်တွေ့ထိုက်တာလေးတွေ တွေ့ရဖို့ သူတွေး၍ မကြောက်ပါ၊ ရဲရဲပင် လျှောက်မိသည်။ ဒါပေမဲ့ ငယ်ပေါင်း ကိုမော်နှင့်တုန်းကလို လှိုက်လှိုက်





လှဲလှဲ မရှိတာကိုတော့ သတိပြုမိသည်။

သူတို့နှစ်ယောက်နှင့် သားကိုလတ်က အပေါ်ထပ်မှာ တစ်ခန်းစီအိပ်သည်။ သားငယ် ကိုထွေးနှင့် မဦး၊ ဒေါ်လေးရွှေတို့က အောက်မှာအိပ်သည်။ ညဦးတိုင်းလိုလို သားကိုလတ်ကို ဦးဖေတင်က အင်္ဂလိပ်စာ ပြပေးသည်။

အိမ်တော်ပါ ကိုလှကြည်ကလည်း မငွေနှင့် လက်ထပ်ပြီး နောက်ဖေးခန်းတွင် အိပ်သည်။

သင်းသင်းမှာ ကလေးကိုယ်ဝန်ရှိတော့ ဦးဖေတင်က သူ့ကို အလုပ်ထွက်နိုင်းသည်။ ဦးဖေတင် လစာတစ်ခုတည်းနှင့် လုံလောက်သည်ဟု ဆိုသည်။ ဒါပေမဲ့ သင်းသင်းသည် ရှောစောင်များ အိမ်မှာလက်ခံထိုးသည်။ သမီးမဦးအတွက် ဆေးဖိုးငွေကို ဦးဖေတင်ထံမှာ လက်ဖြန့်မတောင်းချင်"

"သင်းရေ. . . ဒါ ကလေးအနှီးအတွက် ပိတ်ဖြူစ၊ နက်ဖြန်ကလေးအတွက်လည်း ပုခက်ရောက်တော့မယ်။

ကလေးမှ မမွေးသေး။ ဦးဖေတင်သည် အားလုံး ကြိုတင်စီမံထားသည်။

ဦးဖေတင်နှင့်ရသောကလေးကို သူဗဟိုအမျိုးသမီးဆေးရုံကြီးတွင် မွေးလိုက်ပါသည်။ ကလေးက သားလေး။

ဆေးရုံမှဆင်းကာ အိမ်ပြန်ရောက်တော့ အိမ်ပေါ်ထပ်တွင် ကိုလတ်မရှိတော့။

"ကိုလတ်ကို အောက်ချလိုက်ပြီ၊ ဒီအပေါ်မှာ တို့များနဲ့ တို့သားလေးသီးသန့် နေရတာပေါ့"

ဘာကြောင့် သီးသန့်ဆိုသော စကားလုံးကို သုံးရပါလိမ့်။ ကိုလတ်ကတော့ အောက်ထပ်ဆင်းအိပ်ရ၍ မကျေနပ်သောအမူအရာကို မပြပါ။ အောက်ထပ်တွင် ကိုထွေးနှင့် ညီအစ်ကိုနှစ်ယောက် အတူ အိပ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မမဦး၊ ကျွန်တော်တို့မှာ ညီလေး အသစ်တစ်ယောက် ရလာပြီဗျ"

ကိုလတ်က အားရဝမ်းသာ မဦးကိုပြောပြသည်။ မဦးက ကလေးကို မမြင်ရသေးပါ။

ဦးဖေတင်အစီအစဉ်ကတော့ . . .

"ဟိုဘက်ခုတင်မှာ ကိုကြီးအိပ်မယ်၊ သင်းတို့သားအမိ နှစ်ယောက်အတူအိပ်၊ ကလေးနည်းနည်းကြီးတော့ ကိုလတ်အခန်းမှာ ပုခက်ဆင်ထားမယ်။ အဲဒီမှာ သိပ်နေ၁်"ဟု ပြောသည်။ သင်းသင်းက ဘာမျှမပြောပါ။

* * *

"မေမေရေ၊ လက်မကြီးကို တအားစုပ်နေတာပဲ ကြည့်ပါဦး၊ ဖိုးတုတ်ကြီး၊ အစားပုတ်ကြီး"

ကိုထွေးသည် ကလေးလက်ကို ကိုင်လှုပ်တဲ့ကာ ရယ်မောနေသည်။ ကိုထွေးရယ်တိုင်း ကလေးက လိုက်ရယ်သည်။ ဝဝတုတ်တုတ်ဖြူဖွေးဖွေး အခါလည်သားကို ကိုလတ်က ပွေ့ချီထားသည်။ မဦးခုတင်ပေါ်တွင် မောင်နှမ သုံးယောက်ထိုင်၍ ကလေးနှင့်ဆော့နေကြခြင်း ဖြစ်သည်။ လူသစ်ဖြစ်သော သူတို့ညီလေးသည် သူတို့အတွက် ပျော်မွေ့စရာ အရုပ် ကလေး။

ခါတိုင်းဆို အိပ်ရာပေါ်တွင် အထီးကျန်လဲနေသော မဦးသည် ယခုတော့ ညီပုလေးကို အနားလာချတိုင်း သူ့လက်များနှင့် ပွေ့ဖက်ဆော့ကစားရ၍ ပျော်ရွှင်လာသည်။

သင်းသင်းသည် မီးဖိုထဲရောက်၍ နေသည်။ သားကြီး ကိုလတ်က ကျောင်းဆင်းလာလျှင် ကလေးကိုလက်မှမချ။ ယခုလည်း မဦးအခန်းထဲတွင် ညီပုနှင့် ဆော့နေကြသည်။

"ဟော့. . . ကလေးကော"





အိမ်ရှေ့မှ အော်ဟစ်လိုက်သော ဦးဖေတင် အသံကြောင့် အခန်းထဲမှကလေးများ လန့်သွားသည်။ သင်းသင်းက မီးဖိုချောင်မှ ပြေးထွက်လာသည်။

"ကိုကြီးကလည်း သင်းဖြင့်လန့်သွားတယ်။ ဟိုမှာလေ၊ မဦးအခန်းထဲမှာ"

"မငွေ၊ ဘယ်မှာလဲ မငွေ"

တအားအော်လိုက်ပြန်၍ မငွေလည်း ပြေးထွက်လာသည်။

"ကလေးကို သွားခေါ်၊ အပေါ်ထပ်ကိုခေါ်လာခဲ့"

ဦးဖေတင်သည် အော်ငေါက်ပြောကာ လှေကားကို တက်သွားသည်။ မငွေက ကလေးကိုခေါ်ယူကာ အိမ်ပေါ်တက်သွားသည်။

သင်းသင်းသည် အိမ်ပေါ်ကို ပြေး၍မလိုက်၊ မဦးအခန်းသို့ ဝင်သွားသည်။ အမိပွှာယ်ကို ဘာမှနားမလည်သောမျက်နှာနှင့် သားကိုလတ်ကိုမြင်ရတော့ ရင်ထဲဆို့သွားသည်။ သားငယ်နှင့်မဦးကလည်း မျက်နှာငယ်လေးတွေနှင့်။ သူသည်အားယူပြုံးလိုက်၏။ ဤ ကလေး သုံးယောက်၏ အားထားရာက သူပဲမဟုတ်လား။ ဒီတော့ သူကဘာပြဿနာကိုပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ အားမာန်ရှိရမည်။

"သားတို့အန်ကယ်က ရှုံးဆင်းဆင်းချင်း သူ့သားကို ချီချင်တာကွယ့် ကလေးမတွေ့တာနဲ့ မငွေလည်နေသလားလို့ အော်တာ၊ ကဲ-ကိုလတ်နဲ့ ကိုထွေး ညစောစော စာကြည့်ရအောင်၊ ခုစောစော သစ်ပင်တွေရေလောင်း"

သားနှစ်ယောက်သည် အိမ်ရှေ့သို့ ပြေးထွက်သွားကြသည်။ အိမ်ရှေ့ မြေပိုပေ ၂၀ လောက်သာ ကျန်ပေမဲ့ အလျားပေ ၆၀ ဆိုတော့ ပန်းအိုးလေးတွေ့ စီရရီနှင့် အိမ်ရှေ့ခြံဝင်းလေးက ကြည့်ပျော်ပါသည်။

"မေမေ"

ကတုန်ကယင်သံနှင့် မဦးကလှမ်းခေါ်သည်။ သင်းသင်းသည် ခုတင်ပေါ်ထိုင်ရင်း သူ့စိတ်ကို ယခုမှ တည်ငြိမ်အောင် ထိန်းနေမိ၏။


www.burmeseclassic.com

www.burmeseclassic.com

"အန်ကယ်ကလည်း အော်လိုက်တာ ဘာဖြစ်လို့လဲမသိ"

"ဩော်. . . သူ့သားဖို့ လက်တွန်းလှည်း ဝယ်လာမယ်လို့ မနေ့ကတည်းက ပြောတာ ပါလာတယ်ထင်တယ်။ သူကဒါဆို သားကို ချက်ချင်းမြင်ရမှ"

"သမီးလည်း လက်တွန်းလှည်း ဘီးတပ်ကုလားထိုင် လိုချင်တယ် မေမေ၊မောင်လေးတို့နဲ့အတူ ခြံထဲမှာ ရေလောင်းချင်တယ်၊ ပိုက်နဲ့ လောင်းတာပဲ"

သင်းသင်းသည် သမီးလေးကို ပြုံး၍ ပြလိုက်၏။

"ရမှာပေါ့သမီး။ ပိုက်ဆံ ပြည့်ခါနီးပါပြီ။ မေမေအပေါ် တက်လိုက်ဦးမယ်နော်. . ."

သမီးလေးသည် လတ်ဆတ်သောလေကို ရှူရှိုက်၍ ပန်းပွင့်များ အလှကို ကြည့်ချင်ဟန်တူပါ၏။ အပေါ် ထပ်ရောက်တော့ လှကြည်ရော မငွေပါ ရှိနေသည်။ ဦးဖေတင်လက်ထဲမှာ ကလေးချီထားသည်။ လှကြည်က ကလေးစီးလက်တွန်းလှည်းကို အထုပ်မှဖြေ၍ ဆင်နေသည်။

"မငွေ မနက်နဲ့ ညနေတိုင်းကလေးကို လက်တွန်းလှည်းပေါ်တင် နေရောင်ပြ လေရှူပစေ၊ ဒီလူမမာ အခန်းထဲ ကလေးကို မသွင်းနဲ့၊ ငါမကြိုက်ဘူး ကဲ. . . ရော့ကလေးကို ထည့်တွန်းကြည့်စမ်း. . ."

လှကြည်ရော မငွေပါ မျက်နှာပျက်သွားကြသည်။ သင်းသင်းက မှန်တင်ခုံရှေ့ ခုံလေးတွင် ထိုင်နေသည်။ သားငယ်သည် လက်တွန်းလှည်းပေါ်မှာ ပြုံးရယ်နေ၍၊ သူစိတ်ချမ်းသာပါသည်။ ဒါပေမဲ့ သူ့ပါးစပ်က ပြုံးမရ၊ ဦးဖေတင်ကိုလည်း သူမကြည့်မိ။ သူရင်ထဲမှာ စဉ်းစားလွန်နေစဉ် ဦးဖေတင်ကအစ အားလုံးအောက်ဆင်းသွားကြသည်။

သူသည် အခန်းထဲဝင်၍ ရှောစောင်ထိုးခငွေများကို ရေတွက်ကြည့်နေမိ၏။ ငါးရာတော့ကျော်ပြီ။ သမီးမဦးဖို့ ဘီးတပ်ကုလားထိုင်လေး ဝယ်ပေးရဦးမည်။

* * *





မိုးတဖြောက်ဖြောက် ကျနေသည်။ ညနေစောင်းတွင် နေခြည်အုံ့မှိုင်းနေသည်။ ရေလောင်းရန် မလို၍ သားနှစ်ယောက် အပြင်မှာဆော့နေသည်။ သင်းသင်းကတော့ ရှောစောင်ကို မဦးခုတင်ဘေးတွင် ထိုးနေသည်။

ပင်ကိုကမှ အထီးကျန်ရှာသူသည် မောင်ငယ်လေးနှင့် ဆော့ခွင့်မရတော့ပေ။ သင်းသင်းသည် ဒီအကြောင်းနှင့် ပတ်သက်၍ ဦးဖေတင်ကို ရင်မဆိုင်ချင်။ ဒီပြဿနာကို မဆွေးနွေးချင်တော့၊ ကိုယ့်သမီးလေး ပျင်း နေလျှင် ကိုယ်ပဲအနားမှာ၊ အပျင်းပြေအောင် ဖျော်ဖြေရမည်က ကိုယ့်တာဝန်။

"မိုးကုန်ရင်လေ၊ မေမေသမီးကို ဘီးတပ်ကုလားထိုင် ဝယ်ပေးနိုင်မှာ"

မအေ့စကားကိုကြားတော့ မဦးမျက်နှာပြုံးရွှင်နေသည်။ သူသည် လက်ကိုင်ပဝါစတစ်ခုကို ချည်နုတ်၍ မအေသင်ထားသည့် အတိုင်း ပန်းကွက်ဖော်နေသည်။ သူ့အလုပ်က ဒါပဲ၊ ရှေ့လမှာတော့ သင်းသင်းကိုယ်တိုင် သမီးလေးကို စာသင်ပေးမည် စိတ်ကူးသည်။ တဖြည်းဖြည်း ဖတ်တတ်လာတော့ ပုံပြင်လေးပဲဖတ်တတ်စေဦး သူ့မှာအဖော်ရလာမည်။

"သင်းသင်းရေ . . ."

သူတို့အခန်းထဲသို့ ဒေါ်လေးရွှေဝင်လာကာ မဦးခုတင်ပေါ် ထိုင်လိုက်သည်။

"ဘာလဲဒေါ်လေး"

"ကြက်စွပ်ပြုတ်ရပြီ၊ ငရုတ်ကောင်းခတ်ထားတယ်၊ ငါးဖယ်သုပ်နဲ့ မိုးအေးအေးမှာ မဦးသောက်ရအောင်"

"ဟုတ်ကဲ့၊ သင်းသင်း သွားထည့်မယ်"

"နေဦး. . ."

ဒေါ်လေးရွှေက တစ်စုံတစ်ရာ ပြောလိုက်ဟန်ရှိသည်။

"လှကြည် နေ့လယ်က ရုံးကစောပြီး ဆင်းလာတယ်၊ အထုပ်



www.burmeseclassic.com

www.burmeseclassic.com



အပိုးတွေနဲ့"

"သင်းလည်း မတွေ့ပါလား၊ သင်းကလေး ရေချိုးပေး နေတုန်းကလား"

"အေး . . . ဟုတ်တယ်၊ ချက်ပြုတ်ဖို့ အိုးခွက်တွေ"

"ဘယ်သူတွေ ချက်စားဖို့လဲ"

သင်းသင်းက တအံ့တသြမေးသည်။

"သူတို့ လင်မယားရယ်၊ သင်းသင်းတို့ လင်မယားရယ်"

"ဘာ. . . ဘာဖြစ်တယ်"

စကားမဆုံးခင် သင်းသင်းသည် ထိတ်လန့်တကြား ဖြတ်၍ မေးလိုက်၏။

"အဲဒါ တစ်အိုးစီ ချက်စားမယ်တဲ့၊ ဒေါ်လေးနဲ့ သားတို့က တစ်အိုး၊ သင်းသင်းတို့အတွက် မငွေဈေးဝယ်၊ ထမင်းချက်ရမယ်တဲ့၊ ကလေးကို သင်းသင်းကြည့်နိုင်တယ်တဲ့"

သင်းသင်းသည် အဓိပ္ပာယ်နားမလည်နိုင်၊ ရင်ထဲမှာလည်း လှုပ်ရှားရလွန်း၍ သမီးလေးရှေ့တွင် ကြွေမြေပျက်နေသည်။

"မဦးကို ဒေါ်လေးထမင်းကျွေးလိုက်ပါ့မယ်၊ ဒီအချိန် ဖိုးတုတ်နိုးရောပေါ့၊ သွားအပေါ်တက်"

အလိုက်သိစွာနှင့် ဒေါ်လေးရွှေက သူ့ကို သွားခွင့်ပြုပါသည်။ သူသည် အိမ်ပေါ်ထပ်ကို ဖြည်းညင်းစွာ တက်သွားမိ၏။ ကလေး ပုခက်ခုတင်ဘေးရှိ ပက်လက်ကုလားထိုင်ပေါ်တွင် သူထိုင်လိုက်သည်။ ချုပိတ်ပေါင်းလည်းမထူ၊ နေလည်းမပူပါဘဲ မောလိုက်တာ။

"ဥအောင်မယ်လေး. . . သင်းက အိပ်ရာတွေ မြန်မြန်သိမ်း၊ ဖျာနဲ့အုပ်၊ မိုးစိုလိမ့်မယ်"

ကိုမော်ရှိတုန်းက ခနိမိုး အိမ်လေးမိုးရေတွေ တစ်ခါယိုဖူးသည်။ လက်ကောက်လေးတစ်ရန် ရောင်း၍ သူတို့နှစ်ယောက် အိမ်မိုးခဲ့သည်။ ခေါင်မိုးပေါ် လက်သမားနှင့် ကိုမော်၊ သူက အောက်က ခနိလက်တွေ





လှမ်း၍ တင်ပေးရသည်။ ဒေါ်လေးရွှေက ရေနွေးတစ်အိုးနှင့်၊ ဒီတုန်းကများ ချွေးဒီးဒီးကျလို့၊ ဒါပေမဲ့ မမောခဲ့ပါလား ကိုမော်ရယ်"

"ဟော့- သင်းသင်း ဒီရောက်နေလား"

ဦးဖေတင် အော်သံကြောင့် သူ့အတွေးပျောက်သွားသည်။

"ဟုတ်တယ်၊ သားအနိုးစောင့်နေတာ"

ဦးဖေတင်ကို အဝတ်အစား ကူလဲပေးနေသည်။ စကားတစ်လုံးမှ မပြော၊ ကလေးလွန့်လာတော့ အငိုမခံ ပွေ့ယူကာ နို့တိုက်၍ မငွေကို လှမ်းခေါ်လိုက်သည်။

"အောက်ကိုခေါ်သွား"

မငွေ ကလေးချီ၍ အောက်ကိုဆင်းသွားသည်။

"ရော့. . . သင်းသင်း၊ ငွေ ၃၀ဝိ"

ဦးဖေတင်က သူ့ကိုလာပေး၏။ သင်းသင်းက မယူသေး။

"အဲဒါ ဘာလုပ်ဖို့လဲ ကိုကြီး"

သူကမေးလိုက်၏

ဦးဖေတင်သည် ခုတင်ပေါ်လှဲ၍ ခြေလက်ဆန့်ရင်း သူ့အမေးကို ဖြေသည်။

"ဒေါ်လေးရွှေကိုပေးပေါ့၊ နက်ဖြန်ကစပြီး လဆန်းတစ်ရက်နေ့မို့လား၊ ဒေါ်လေးရွှေနဲ့ ကိုလတ်တို့ ကိုထွေးတို့၊ မဦးပါ တစ်အိုးစားပေစေ သင်းရယ်၊ ကိုကြီးရယ်၊ လှကြည်တို့ လင်မယား တစ်အိုးချက်မယ်"

သင်းသင်းသည် သက်ပြင်းချမိ၏။ ပြောချင်စရာတွေက အများ၊ ဒါပေမဲ့ သူမပြောမိ၊ ပြောလည်းမပြောချင်"

"ဘယ်လိုဖြစ်တာလဲ ကိုကြီး"

ပက်လက်ကုလားထိုင်ပေါ်မှ သူဒါပဲမေးမိ၏။

"ဘာလဲ၊ သင်းသင်းက သူတို့ တူဝရီးတွေ မလောက်မှာ စိုးလို့လား"

"မဟုတ်ပါဘူးကိုကြီး၊ သင်းလစာတစ်ခုတည်းနဲ့တောင် လောက်



www.burmeseclassic.com

www.burmeseclassic.com

အောင်သုံးခဲ့ကြသေးတာပဲ၊ ဒါပေမဲ့ မတော်တာ အရွယ်မရောက်သေးတဲ့ သားတွေနဲ့ သင်းတစ်အိုးစီ ခွဲစားရမယ်ဆိုတော့"

ဦးဖေတင်သည် ခြင်ထောင်အမိုးကို ကြည့်နေသည်။ ဘာမှ ပြန်မဖြေ၊ သူ့ခေါင်းထဲသို့ ဘယ်လိုစိတ်ကူး စိတ်သန်းများ ဝင်ရောက်လာပါလိမ့်။

"ကိုကြီး ပြောခဲ့ဖူးတယ်လေ၊ သားယောကျ်ားတွေဟာ အမေအဖေ အစုံအလင် အုပ်ထိန်းမှလို့ ပြောခဲ့တယ်။ သင်းလည်း ဖခင်ဆိုတဲ့ အရိပ် သူတို့ခိုလှုံစေချင်လို့ ကိုကြီးကို လက်ထပ်ခဲ့တာပါ"

သင်းသင်းသည် မပြောချင်သော်လည်း ကြိုးစား၍ ပြောပြလိုက်၏။

"အေးလေ. . . ခုလည်းကိုကြီးက တစ်အိမ်တည်းနေတာ သူတို့ကို အုပ်ချုပ်နိုင်တာပဲ၊ ခွဲသွားတာမှ မဟုတ်ဘဲ"

"မတူပါဘူး ကိုကြီး၊ လူမျိုးစုတစ်စုတောင် တစ်မြေတည်းနေ တစ်ရေတည်းသောက်လို့ ပိုသံယောဇဉ် တွယ်ကြတာ ခုလို အိုးခွဲချက်စားကတည်းက စိတ်ဝမ်းကွဲစရာ၊ ပြီးတော့ သူတို့ဟာ ကိုကြီးကို သိပ်အားကိုးတာ၊ ကိုကြီးပြောခဲ့တယ်လေ သင်းသားတွေက 'ပထွေး' လို့ သဘောမထားစေချင်ဘူးဆို၊ သင်းသား[illegible]က ဦးလေးတစ်ယောက်လို ချစ်ခင်အားကိုးပါတယ်၊ ခုလို အိုးခွဲလိုက်ရင် ကိုကြီးအပြုအမူက . . ."

"ငါက ပထွေးအပြုအမူ ဖြစ်သွားရောလား"

"မဟုတ်ပါဘူး၊ ကလေးတွေဟာ မယားပါသားတွေလို့ ကိုကြီး သဘောထားရာ ရောက်သွားတယ်"

"အို့. . . ငါ ယောကျ်ားတစ်ယောက်အနေနဲ့ မတရားတာ ဘာမှ မလုပ်ဘူး။ တစ်ခုတော့ ပြောချင်တယ်။ ငါဟာ ဘုရားအလောင်းလို တစ်ဦးတည်းသောသားအပေါ်မှာ ထားတဲ့အချစ်နဲ့ တခြားသတ္တဝါတွေကို ငါမချစ်နိုင်ဘူး။ ငါဘုရားလောင်းမဟုတ်ဘူး၊ ဒါပေမဲ့ မင်းသားတွေကိုလည်း လက်ဖျားနဲ့ မတို့ဘူး။ ငါငွေအထောက်အပံ့ပေးတယ်။ မယားငယ်





မယူဘူး၊ အပျော်အပါးမလိုက်ဘူး။ အရက်မသောက်ဘူး။ သင်းသင်းဆိုလိုချင်တာကငွေ၃၀ဝိနဲ့ သူတို့မလောက်ဘူး ထင်သလား၊ မလောက်ဘူးထင်ရင် ၁၀ဝိ ထပ်တိုးပေးမယ်"

"သင်းပြောခဲ့ပါပကော သင်းတို့မှာ ငွေမရှိပါဘူး။ ဒါပေမဲ့ ငွေအကြောင်း သင်းမဆိုလိုဘူး။ သင်းသားတွေနဲ့ သင်းက အိုးခွဲချက်စားရမှာ အဓိပ္ပာယ်လည်း မရှိဘူး။ အိမ်ထောင်ခွဲ အရွယ်ရောက်သူတွေမှ မဟုတ်တာ"

"အေး. . . မင်းမွေးထားတဲ့သားတွေတော့ ဟုတ်တယ်၊ ဒါပေမဲ့ ငါ့သားတွေ မဟုတ်ဘူး။ ငါ့မှာ သားရလာပြီ။ ငါ့သားလူဖြစ်ဖို့ ငါကြိုးစားရမယ်။ ငါဒီလို သားလိုချင်တာကြာခဲ့ပြီ။ ငါ့သားဟာ သိပ်ချစ်ဖို့ ကောင်းတယ်။ လူအေးလူပျော်လေ၊ မင်းမြင်တယ်မဟုတ်လား"

"ရင်ထဲက မွေးထုတ်တဲ့ အမေက ကိုကြီးထက် ပိုချစ်ပါတယ်။ အဲဒါနဲ့ အိုးခွဲချက်စားတာနဲ့တော့ မဆိုင်ပါဘူး ကိုကြီး"

"မပတ်သက်ချင်တာ၊ ငါ့သားလေးနဲ့ ငါ သီးသန့်နေချင်တယ်။ ငါ့သားကို သူတို့နဲ့ မရောစေချင်ဘူး"

"သူတို့ဆိုတာ"

"ကိုလတ်တို့ပေါ့"

"ကိုလတ်တို့ဟာ သင်းသင်းသားတွေလေ"

"ဟုတ်တယ်လေ၊ ငါ့သားတွေမှ မဟုတ်ဘဲ"

ရော. . . ခက်ပြီ၊ ထပ်ဆိုနေပြန်ပြီ။ မှန်သော စကားတော့ ဟုတ်ပါတယ်၊ အဓိပ္ပာယ်ကမရှိ။ 'အစကတော့' ဟူ၍လက်မထပ်ခင်က စကားတွေကို ပြန်မဖော်ချင်ပါ။

"ဒီလိုဆိုလည်း ကိုကြီးတို့သားအဖရယ်၊ လူကြည်လို့လင်မယားရယ် တစ်အိုးချက်စား၊ သင်းသင်းတော့ သင်းသင်းသားတွေနဲ့ ချက်စားမယ်"

"သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com

အေးတိအေးစက်အသံ ဦးဖေတင်နှုတ်မှ ထွက်လာသည်။ သင်းသင်းသည် ငြိမ်သက်စွာပဲ ဦးဖေတင်မျက်နှာကို စူးစိုက်ကြည့်မိ၏။ ထူးထူးခြားခြား အပြစ်ဆိုဖွယ် မျက်နှာပေါက်မျိုးမဟုတ်၊ နဖူးကပင် ကျယ်ပြန့်သေးသည်။ ထောင်ထောင် မောင်းမောင်း ကိုယ်လုံးကိုယ်ပေါက်နှင့် ယောကျ်ားပီသူ ဆိုရမည်။

သူသည် လေးတွဲ့စွာ သက်ပြင်းချမိ၏။ ပန်းအတိ မခင်းသော်လည်း သဲဖြူခင်း၍ လေညင်းသာသာ နေရောင်ဖျဖျတွင်မှ ရေတော်ပါဘိခြင်း။ ဒီလမ်းမှာ ရေအိုးစင် မရှိတော့ဘူးလား။

ထိုနေ့ညက စာကြည့်စားပွဲတွင် ကိုလတ်စောင့်နေသော်လည်း ဦးဖေတင်တစ်ယောက် စာသင်ဖို့ ရောက်မလာတော့ပါ။

* * *

အိပ်ရာပေါ်တွင် အစားအသောက်ထည့်သော ကြောင်အိမ်ထားရသည်မဟုတ်။ ယခု ဦးဖေတင်က ထားမည်ဆိုတော့ အဆင်ပြေအောင် သင်းသင်းက စီမံပေးရသည်။ ကြောင်အိမ် ခြေထောက်များတွင် ပုရွက်ဆိတ်မတက်အောင် ရေထည့်ဖို့ မြေအင်တုံလေးတွေ ခံခိုင်းရသည်။ မငွေက စိတ်ရှည် လက်ရှည် လုပ်နေသည်။ ကြောင်အိမ်ထဲရှိ ပစ္စည်းများက တချို့ ပုရွက်ဆိတ် တက်နိုင်သည်။ ဘီစကစ်၊ နိုင်ငံခြား ချောကလက် သစ်သီးများ၊ ချိုချဉ်များ ဖြစ်သည်။ ကြောင်အိမ်ကို သော့ခတ်ထားသည်။

သင်းသင်းသည် တတောက်တောက်ပြေးလွှားနေသော သားကို လိုက်ထိန်းရင်း မငွေ လုပ်နေသည်ကို ကြည့်နေသည်။ မငွေသည် ဖရိုဖရဲဖြစ်သွားသော ကြောင်အိမ်တွင်းပစ္စည်းများကို ပြန်လည်စီ၍ ကြောင်အိမ်ကို သော့ခတ်လိုက်သည်။

"ဆရာက သော့ကို မမပေးလို့ ပြောပါတယ်" သော့တွဲကို မငွေက လှမ်းပေး၏။





"မလိုချင်ဘူး မငွေ၊ ငါ အေးအေးဆေးဆေး နေချင်တယ်၊ စာရင်း ရှုပ်ချင်ဘူး။ တော်ကြာ ငါ့သားတွေကို ချောကလက် ခိုးကျွေးတယ် ဖြစ်မယ်။ ငါ့မှာ ငွေမရှိပေမဲ့ ဒီလို အထင်မခံနိုင်ဘူး"

မာနစိတ်ကလေးက သူ့ရင်ထဲမှာ ပြူထွက်လာသည်။

"ဒီလိုတော့လည်း ထင်မှာမဟုတ်ပါဘူး၊ ဆရာလည်း စိတ်ညစ်ပါတယ်။ အရင်က ဒီလိုမဟုတ်ပါဘူးတဲ့၊ ကိုလှကြည်က ပြောတယ်"

မငွေကပြော၏။

"အေးလေ . . ဒီလိုမဟုတ်လို့ ငါယူခဲ့တာ၊ သော့ခတ်တာ ဘာအဓိပ္ပာယ်လဲ၊ မနေ့ညနေက မဦး အဖျားရှိလို့ ကော်ဖီနဲ့ မုန့်တိုက်တာ ဘီစကစ် ဘယ်ကရလဲတဲ့။ ဒါ နင့်ဆရာ မေးသင့်တဲ့ မေးခွန်းလား၊ ကျွန်မ သမီးကို ကျွန်မ ဝယ်ကျွေးနိုင်တယ်လို့ ပြောလိုက်တယ်။ ဖြစ်နိုင်ရင် မငွေ နောက်ဖေးဆောင်ပါ အပေါ်ကထပ်တင်ပြီး နင်တို့ သီးသန့်နေရင် ကောင်းမယ်"

"အိုး . . . မမကလည်း ဖိုးတုတ်ရှိနေတာ မမ ဘယ့်နှယ် သီးသန့်နေလို့ရမလဲ၊ ကျွန်မ အောက်ဆင်းဦးမယ်"

မငွေ ဆင်းသွားတော့ သားငယ်ကို ပွေ့ဖက်ကာ သူ မျက်ရည်တွေတွေ ကျလာသည်။ ကလေးက သုံးနှစ်ဆိုတော့ စကားပြောစပြုလာပြီ။

ဘယ်လိုဖြစ်ရသော အဖြစ်များပါလိမ့်။ သားလေးရလာတော့မှ ဦးဖေတင် မူတွေ ပြောင်းသွားပါကော။ သူ့အဖို့ကတော့ ဖိုးတုတ်ကိုလည်း သူ့ရင်က မွေးရသည်။ ကိုလတ်တို့ ကိုထွေးတို့လည်း သူ့ရင်ကမွေးရသည့် သူ့သွေးများဖြစ်သည်။ ဦးဖေတင်စိတ်ကတော့ ဘယ်လိုများပါလိမ့်။ ဖိုးတုတ်မွေးလာမှ ဖိုးတုတ်မှ သူ့သား။ ကျန်သားများက မယားပါသား။ ဒါကြောင့် အခုဘာပဲဖြစ်ဖြစ် သီးခြားလုပ်လာပြီ။ သူက ချုပ်လွှတ်နိုင်ပေမဲ့ သားများ စိတ်နာကြည်းခံခက်လာမှာကို စိုးလှပါသည်။

"ကိုမော်ရေ၊ ဆင်းတောင့်ဆင်းရဲ နှစ်ယောက် ငြိုးငြိုးခြံခြံနဲ့



www.burmeseclassic.com

www.burmeseclassic.com

လျှောက်လာခဲ့ရတဲ့ လမ်းလေးကို ပင်ပန်းပေမဲ့ လွမ်းလိုက်တာ၊ ဒီလမ်းကိုပဲ အခုပြန်လျှောက်ရချိန်မှာ ချုံတွေရှင်းလို့ လမ်းကဖြူနေပေမဲ့ ကိုမော်ရင်ထဲက လေးစင်တိုင်နဲ့ ထိုးထားတဲ့ ရေအိုးစင်က မရှိဘူး ကိုမော်ရဲ့။ ကိုမော်တည်ထားတဲ့ သဲအိုးလေးဟာ စပါးပင်ပေါက်လေး အလယ်မှာ တည်ထားတော့ ဒီရေချမ်းစင်မှာ မောမောရှိတိုင်း ခပ်သောက်လိုက်ရတာ အမောပြေပါဘိ"

"ခုတော့ မောလိုက်တာကိုမော်၊ ဖောင်စီးရင်း ရေငတ်နေတာလေ။ ခုမှ သင်းလျှောက်တဲ့ လမ်းဟာ ရေချမ်းစင်မရှိတဲ့ လမ်းလို့ သိရတယ်။ မငိုချင်ဘူး။ ငိုလို့ ဘယ်သူက သနားမှာလဲ၊ ဆယ်ကျော်သက် အရိုင်း အမိုက်ဆိုရင်သာ ခွင့်လွှတ်စိတ်နဲ့ သင်းကိုသနားကြမှာ၊ ကိုယ့်အပြစ်နဲ့ကိုယ်"

သူ့ရင်ထဲမှာ ရေရွတ်တိုင်တည်မိသည်။

"မေမေရေ. . ."

သား ကိုလတ် အော်ခေါ်ရင်း ပြေးတက်လာသံကြောင့် သူသည် အတွေးရပ်သွားသည်။ ဖိုးတုတ်ကတော့ ခုတင်ပေါ်မှာ ဆော့နေဆဲ။

ညီငယ်ကို ပွေ့ချီဖက်နမ်းလိုက်ရင်း-

"သား ၁၀ တန်းအောင်တယ်"

ဝမ်းသာအားရ ပြောပြလိုက်၏။

"ဟုတ်လား၊ ဝမ်းသာလိုက်တာ၊ သားအပြန်ကို မေမေစောင့်ရင်း ကလေးထိန်းနေတာ၊ သွားသွား ခေါင်းရင်းအိမ်က ဖုန်းဆက်ပြီး သားတို့ အန်ကယ်ရှုံးကိုပြောလိုက် သူ ဝမ်းသာမှာ"

"ဝမ်းသာမယ်လို့ မေမေထင်သလား"

ကိုလတ်သည် ကလေးကို ပွေ့ရင်းမေး၏။ သားပြောသည်မှာ ဟုတ်ပါရဲ့။ သားသည် ငယ်သူမဟုတ်။ ဦးဖေတင် အမူအရာအားလုံးကို ရိပ်မိသိရှိသူ။ သားလေးငယ်ငယ်နှင့် သူများမျက်နှာကြည့်နေရသည့် အဖြစ်ကို သူ သနားမိသည်။





"သားမှာ တာဝန်ရှိတယ်လေ၊ ဆက်ရမှာက သားတာဝန်"

သူက ဒါပဲ ပြော၏။

"ရော့ . . မေမေ၊ သားက ညီလေးကို ချီလို့ မဝသေးဘူး၊ သူ့အဖေကြီးလစ်တုန်း ချီရတာ၊ အန်ကယ်ဆီ ဖုန်းသွားဆက်ဦးမယ်"

ကလေးကို ခုတင်ပေါ်ပြန်ချကာ ကိုလတ် အောက်ကို ဆင်းသွားသည်။

ညကျတော့ အိပ်ရာပေါ်တွင် သင်းသင်းသည် အသာလှဲနေသည်။ ဘေးတွင် ဖိုးတုတ် အိပ်ပျော်နေပြီ၊ ခုတင်ဘေး ကုလားထိုင်ပေါ်တွင် ထိုင်နေသော ဦးဖေတင်ထံမှ စကားတစ်ခုခု ကြားရလိမ့်နိုးနှင့် သင်းသင်းက မျှော်လင့်နေမိသည်။

ဆေးလိပ်ဖွာနေသည်က လွဲ၍ ဦးဖေတင်က တုတ်တုတ်မျှ မလှုပ်။ နေ့လယ်က သားကြီးကိုလတ် စာမေးပွဲအောင်ကြောင်း ကြားပြီးပြီ၊ ကိုမော်သာဆို တစ်ကြိမ်တည်းနှင့် ၁၀ တန်းကို ရှောရှောရှူရှူ အောင်သွားသော သားကြီးအတွက် ဝမ်းသာအားရ ဖြစ်လိုက်မည်ဖြစ်ခြင်း၊ ပြီးတော့ သားကြီးက ကျူရှင်မယူဘဲ အောင်ခဲ့သူ။

ရှိပစေတော့၊ သားကြီး အောင်မှတ်သိရတော့မှ သားကြီး ရှေ့ရေးအတွက် ဆွေးနွေးတော့မည်။ သူ အသာထကာ အောက်သို့ ဆင်းလာခဲ့သည်။ ကလေးများ မဦးအိပ်ခန်းထဲ ရောက်နေကြသည်။ စာမေးပွဲအောင်၍ စကားသံများ ရွှင်ပျနေသည်။

မီးဖိုထဲမှာတော့ မီးများလင်းနေဆဲ၊ ဒေါ်လေးရွှေ မအိပ်သေးဘူးထင်သည်။ သူမီးဖိုဝ ရပ်လိုက်တော့၊ လှကြည်အသံကြားရ၍ ခြေလှမ်းတုံ့သွားသည်။

"ကျွန်တော်ကတော့ သိပ်စိတ်ညစ်တာပဲဗျာ၊ ဆရာက ကိုယ့်ကျေးဇူးရှင်ဖြစ်နေတော့ ပြောလည်းမပြရ၊ ဒီလို ကြာကြာနေရင် ဖြစ်ပါ့မလား၊ ဒေါ်လေးရွှေ ကျွန်တော်တို့အဖြစ်က တစ်အိမ်တည်း နှစ်စုခွဲနေရတာ မမသင်းစိတ်ဆင်းရဲနေပုံရတယ် ဒေါ်လေးရွှေ၊ သူ့ရုပ်ကို ကြည့်စမ်း



www.burmeseclassic.com

www.burmeseclassic.com


အရင် ဆရာ့ရုံးမှာ လုပ်တုန်းက ရုပ်နဲ့တူသေးရဲ့လား၊ အရင်က မုဆိုးမ သာဆိုတယ် 'အပျိုလိုပဲနော်'"

လှကြည်ပြော ပြောစရာ၊ သူ၏ စိုပြည်သောပါးပြင်တို့လည်း ချိုင့်ကျသွားပြီ၊ ရွှန်းလဲ့သော မျက်လုံးများက အရောင်မွဲလာသလိုပင် ဆံပင်များပင် ဖြူစပြုလာပြီ ထင်ပါရဲ့။

"ငါက သေတောင် သေချင်သေးတယ်။ မိသင်းတစ်ယောက်တည်း ကလေးတစ်ပြုံနဲ့ မကြည့်ရက်လို့၊ ဒီလိုမှ မဟုတ်ရင် ဒေါ်လေးတစ်ယောက်တည်း ကျော်ဟန်အိမ် ဆင်းသွားပြီ။

"ဟုတ်ပါရဲ့၊ အိမ်ကလည်း အပေါ်ထပ်က ဆရာဆောက်ထားတာ ဆိုတော့ ထက်ပိုင်းပိုင်းလို့လည်းမရ" လှကြည်ကပြော၏။

"ရပါတယ်တော်၊ ဘေးက လှေကားတပ်လိုက် ရှင့်ဆရာ ဒါလောက် အဖြစ်သည်းတာ"

မငွေက စိတ်မရှည်ဟန်ပြောလိုက်သည်ကို သင်းသင်း ဆက်ကြားလိုက်ရ၏။

"ငါက မမသင်းကို မျက်နှာပူတယ်၊ ကလေးတွေ သူတို့ညီအစ်ကိုချင်းလည်းမဆော့ရ၊ သူ့သားမှ သူ့သားဖြစ်နေတော့ ကလေးတွေကလည်း စိတ်မချမ်းသာ။ ကိုလတ်ကြီးက သိတတ်လာပြီ။ ၁၀ တန်း အောင်လာတာပဲ ကံကောင်း၊ ငါဖြင့် ကိုလတ်ကြီး စိတ်ညစ်ပြီး စာမေးပွဲကျမှဖြင့် မမသင်း သိပ်စိတ်ဆင်းရဲမှာ။ အောင်လာလို့ တော်ပါသေးရဲ့"

"ကိုလတ်ကြီး အောင်လာတော့လည်း ရှင့်ဆရာ ဦးဖေတင်က ဘာမှ လိုက်လိုက်လှဲလှဲ အမူအရာ မပြပါဘူး၊ ရှင့်ဆရာက ဘယ်လိုလူလဲ" မငွေက မေး၏။

"ငါလည်း ဘယ်သိမလဲကွ"

"မငွေကလည်း လှကြည်ပဲ မေးနေတာပဲ၊ လောကကြီးမှာ 'ချစ်တယ်' ဆိုတာ လွန်ကဲလာရင် မကောင်းဘူး၊ ငါးကြော်များ ခြစ်သွားရင် ကောင်းသေးလား၊ မကောင်းတော့ဘူး၊ ပထမတော့ အချစ်ဟာ



အေးမြပါတယ်၊ စွန့်လွှတ်တယ်၊ ခွင့်လွှတ်တယ်ဆိုတဲ့ဘက် ယိမ်းသွားရင် မေတ္တာဖြစ်သွားပြီး၊ ချမ်းမြေ့တယ် အေးချမ်းတယ်။ ပိုင်ဆိုင်ချင်တယ် အလွန်ကို တပ်မက်လာတယ်ဆိုရင် သိပ်ပူတယ်။ ဒီအချစ် ကိလေသာဖြစ်သွားရော၊ ကိလေသာဆိုတာ လက်ခံ သိမ်းပိုက်ထားသူကို ပူလောင်စေတဲ့ အရာပဲ၊ ငါတော့ထင်တယ် သူ့သား ကိုသူ အချစ်လွန်လာတော့ ပတ်ဝန်းကျင်ကိုပါ ပူလောင်လာတယ်။ တစ်နေ့ သူ့ကိုယ်သူ ကျွမ်းသွားအောင်များ လောင်ဦးမလားမသိ။ နေရာတကာလိုပါပဲ၊ 'ငါ' ဟာ လိုအပ်တာထက် ပိုပါလာရင် ဒုက္ခရောက်တာပဲ။ အခုက 'ငါ့သား' ဆိုတဲ့စိတ်က များလွန်းတော့ ကိုလတ်တို့နဲ့တောင် အဆင့်မတူဘူး ထင်လာတာ ဘယ့်နှယ်ဖြစ်နိုင်မလဲ၊ တစ်ဝမ်းတည်းက မွေးလာတာ"

အင်မတန် ငြိမ်သက်၍ စကားတစ်ခွန်းမဆို သူတို့ပြဿနာထဲ ဝင်မပါသော ဒေါ်လေးရွှေသည် သူ၏ ထင်မြင်ချက်ပေးလာ၍ သင်းသင်း အံ့အားသင့်သွားသည်။ ကြားရသည့် စကားကိုပင် မယုံချင်၊ ဒေါ်လေးရွှေ ပြောသကဲ့သို့ပင် ဦးဖေတင် အချစ်က ပူလောင်လှပါကလား၊ သူသည် နောက်ဖေးချောင် မဝင်တော့ဘဲ ဧည့်ခန်းမှာ မီးမှိတ်၍ တစ်ယောက်တည်း ထိုင်နေမိသည်။ ပြတင်းအပြင်တွင် မည်းနက်သော တိမ်သားများနောက်မှ လဝန်းရောင်ခြည်ကို မြင်နေရသည်။

ငယ်တုန်းကတော့ တိမ်တောင်ကြီးတွေ ကောင်းကင်မှာ အထပ်လိုက် ကျောက်ဆောင်ကြီးတွေလို မြင်ရရင် ကောင်းကင် ကျောက်ခက်နန်းကြီးပေါ်မှာ နတ်သမီးလေးတွေ ရှိကြမည်၊ စမ်းရေယဉ်များ စီးဆင်း၍ ပန်းလေးများနှင့် နတ်သမီးလေးတွေ ရေကစားနေကြသလား၊ ဒီတုန်းက ကောင်းကင်ပေါ် ပြေးသွားကြည့်ချင်သည်။ ဪ - စိတ်ကူးယဉ်အဖြစ်မို့ ပြေးတက်သွားလည်း ငယ်သူတို့ စရိုက် အမိုက်စိတ်ကူး။

ယခုတော့ သိတတ်ပြီ။ အုံ့ဆိုင်းသော မိုးတိမ်မှိုင်းခက်သည် မကြာမီ မိုးစက်အဖြစ် လျှောကျလာမည်ပဲ ဖြစ်သည်။ နန်းတော်လို နတ်သမီးသိုက်နန်းလို တိမ်ထွတ်နောက်မှာ ဘာမျှမရှိ၊ ကောင်းကင်


www.burmeseclassic.com

www.burmeseclassic.com

လဟာပြင်ပဲ။ ဒါကို ဒီအရွယ်ကျမှ ဇာတ်ထုပ်ဆင်၍ စိတ်ကူးယဉ် မရတော့ပါတကား။

ရှေ့ဆက်၍ ဘယ်လိုစခန်းသွားရမည်ကို သူ မတွေးတတ်တော့ပါ။ သားကြီး နောင်ရေးကိုပဲ သူအမိကတွေးနေမိသည်။ သူထိုးခဲ့သော ဆွယ်တာတို့ ရှောစောင်တို့က ပုံစံမကြိုက်လျှင် အသစ်ပြန်ထိုးရ လွယ်ပါသည်။ ယခုအဖြစ်က . . .

* * *

ဖိုးတုတ်သည် သူ့လက်တွန်းလှည်းကို သူ့ဘာသာ နောက်မှ တွန်း၍ ကိုထွေးရှိရာ သွားနေသည်။ ကိုထွေးသည် ဘိန်းမုန့်များစား၍ ပန်းပင်ဘေးတွင် ထိုင်နေသည်။

"လာ. . . လာ။ ကိုလေးဆီ မြန်မြန်လာ၊ ညီလေး ရောက်တော့မယ်"

ကိုထွေး ခေါ်တော့မှ ဖိုးတုတ်သည် ပြုံးရယ်ကာ ခပ်သွက်သွက် တွန်းနေသည်။

ရွက်လှပင်ဘေးတွင် ပက်လက် ကုလားထိုင်တစ်လုံးနှင့် သင်းသင်းက ကြည့်နေသည်။

ဖိုးတုတ်က တဖြည်းဖြည်း အရှိန်မြန်လာရာမှ လက်တွန်းလှည်းက အုတ်ခဲနှင့် တိုက်ကာ ရုတ်တရက် ရပ်သွားသည့် အရှိန်နှင့် ဖိုးတုတ်သည် လက်တွန်းလှည်းကိုင်းနှင့် ဆောင့်မိကာ လဲသွားသည်။

"သား . . . သား"

သင်းသင်းက အော်ပြေးကာ ဖိုးတုတ်ကို ပွေ့ယူလိုက်သည်။ ဖိုးတုတ် နဖူးမှာ လက်တွန်းလှည်းကိုင်း သံစနှင့်ခြစ်မိသွားသည် ကျယ်ကျယ်လောင်လောင် ဖိုးတုတ်က တအားငိုတော့သည်။ ဘိန်းမုန့်တစ်ဖက်နှင့် ကိုထွေးကလည်း ပြေးလာသည်။





"ကလေး ဘာဖြစ်လဲ၊ ငါ့သား ဘာဖြစ်လဲ မငွေ"

ဦးဖေတင်၏ မိုးချုန်းသံကြီး ပေါ်လာသည်။ သူရုံးဆင်းလာပြီပဲ။

"လက်တွန်းလှည်း တွန်းရင်း လဲသွားတာ"

သင်းသင်းက ကလေးကို ချော့ရင်း ဖြေ၏။

"ကြည့်စမ်းသွေးတွေနဲ့ ဘာလက်တွန်းလှည်းကြောင့် ဟုတ်ရမလဲ ဒီကောင်နဲ့ ဆော့လို့၊ ငါ့သားကို မင်းတွန်းတယ်ပေါ့လေ၊ ပြီးတော့ ဒီဘိန်းမုန့်ကို ကျွေးတယ်ပေါ့လေ၊ ငါ့သားက ဒီမုန့်မျိုးစားတာ မဟုတ်ဘူး"

ဘိန်းမုန့်ကို လက်တစ်ဖက်နှင့် ကိုင်ကာ ကိုထွေးသည် မျက်နှာငယ်လေးနှင့် ငေးကြည့်နေမိသည်။ သူ့မျက်လုံးတွင် ထိတ်လန့်နေပုံရသည်။

"အစ်ကိုကြီး မရှက်ဘူးလား၊ ဘာတွေ လျှောက်ပြောနေတာလဲ"

သင်းသင်းသည် အော်ပြောရင်း ဆေးထည့်ရန် ကလေးကို အိမ်ထဲသို့ခေါ်သွားသည်။

"ငါ့သားကို ငါဆေးထည့်မယ် မင်းမကိုင်နဲ့"

ဦးဖေတင်က အောက်မှ အော်၍ ပြေးလိုက်လာကာ ကလေးကို လုယူ၍ ဖမ်ပေါ်ထပ် တက်သွားသည်။

သင်းသင်းက နောက်မှ ပြေးလိုက်သွားသည်။ ဂွမ်းလိပ်နှင့် ဆေးထားရာ ဗီရိုဆီသို့ ပြေးသွားသည်။

"သွား . . . ငါ့သားကို မထိနဲ့၊ ငါ့ဘာသာလုပ်မယ်၊ မငွေလာခဲ့"

ဦးဖေတင်သည် ဒေါသတကြီးနှင့် သင်းသင်းကို တအား ဆွဲတွန်းပစ်လိုက်သည်။ အရှိန်နှင့် ပြေးတက်လာသော မငွေနှင့် တိုက်လဲကာ သင်းသင်း လဲကျသွားသည်။ ဖိုးတုတ်က အော်ငိုနေဆဲ။

သင်းသင်းသည် မျက်ရည်တွေ တွေတွေကျနေသည်။ ရုတ်တရက် ထမရ။ ဖိုးတုတ် ဒဏ်ရာကို တင်ချာတွေ ဦးဖေတင် ထည့်လိုက်၍ အသံကုန်အော်သည်။

"မေမေ . . . မေမေ"


www.burmeseclassic.com

www.burmeseclassic.com

သင်းသင်းက ထပြောလာသည်။

"သွား . . . မလာနဲ့ ခွေးမ၊ ငါ ကန်လိုက်ရမလား"

* * *

"ဘယ်လို ဖြစ်လာတာလဲ သင်းသင်း"

ဦးကျော်ဟန်က မေးလိုက်၏။

ကလေးသုံးယောက်က ကြမ်းပြင်ပေါ်တွင် ထိုင်နေကြ၏။ ဒေါ်လေးရွှေနှင့် သင်းသင်း ကုလားထိုင်ပေါ်မှာ ထိုင်နေကြသည်။ သင်းသင်းက ဘာမှ ဖြေနိုင် ။တအိအိသာ ငိုနေသည်။

"ငါပြောမယ် မောင်ကျော်ဟန်၊ မင်း ဖြစ်နိုင်ရင် မင်းမိန်းမကို ခွင့်တောင်းပြီး တို့ကို တစ်ခန်းကာပေး"

ဦးကျော်ဟန်သည် နှမနှင့် အဒေါ်အဖြစ်ကို ငေးကြည့်နေမိသည်။ ဘာအဓိပ္ပာယ်ကိုမှ နားမလည်။

"ငါလည်း သစ်တုံးလို ငြိမ်ခံနေတာပဲ၊ ခုတော့ သင်းသင်းဆုံးဖြတ်ချက် ငါထောက်ခံတယ်။ ငါတော့ ဆားနဲ့ပဲ စားရစားရ မောင်ဖေတင်နဲ့ မနေချင်တော့ဘူး၊ တကယ်လို့များ သင်းသင်းက မပြတ်လို့ သူ့လင်ဆီ ပြန်ရင်လည်းပြန်၊ ငါ မင်းနဲ့ အတူနေမယ်။ မင်းတို့က ခွင့်မပြုရင် သာသနာ့ရိပ်သာသွားတော့မယ်"

မိဘများ ဆုံးပြီးကတည်းက ဒီအဒေါ်ပဲ သူတို့ကို ထိန်းသိမ်း၍ ကြီးပြင်းလာသောကြောင့် ဒေါ်လေးရွှေသည် မိခင်လိုဖြစ်နေသည်။ အင်မတန်အေး၍ နှုတ်ဆိတ်သူက ဒါလောက် ဒေါသဖြစ်ကာ စကားထန်ထန်ပြောသည်ကို ဦးကျော်ဟန် မမြင်ဖူးပေ။

"ဘယ်လို ဖြစ်လာကြတာလဲ ဒေါ်လေးရယ်၊ ဖြည်းဖြည်းဆေးဆေး ပြောပြပါဦး"

"မင်းမိန်းမ မသီကိုပါခေါ်လိုက်၊ ငါ တစ်ခါတည်း ပြောပြမယ်၊





မိသင်းက စကားတစ်လုံးမှ ထွက်မှာမဟုတ်ဘူး"

ဒေါ်လေးရွှေသည် ဖြစ်ကြောင်းရဲ့ကုန်စင်ကို ဖိုးတုတ် နဖူးကွဲသည်အထိ နိဂုံးသတ်ကာ ပြောပြသည်။

"အစကတည်းက တစ်အိုးစီ ချက်စားကတည်းက မနေတတ်မထိုင်တတ်ရတဲ့အထဲ ကလေး ချော်လဲပြီးကတည်းက ဒီသားလေးကို သင်းသင်းက လက်ဖျားနဲ့ မတို့ရတော့ဘူး။ ဒီတော့လည်း သင်းသင်းက ဒီဆင်းလာဖို့ ငါ တိုင်ပင်တော့ ငါလည်း သဘောတူ ဆင်းလာခဲ့တယ်"

"ဟုတ်တယ် ကိုကြီးဟန်၊ သင်းသင်းအိမ်ကိုလည်း မမက်တော့ပါဘူး၊ သင်းတို့ မိသားစုကို ခဏဖြစ်ဖြစ် တစ်ထောက်နားဖို့ လက်ခံပါ၊ မမသီကိုပါ သင်းတောင်းပန်ပါတယ်။ သင်းတို့ အလုပ်တစ်ခုခု လုပ်ပြီး အခြေကျရင် ပြောင်းပါ့မယ်"

"သားလည်း အလုပ်လုပ်မှာပါ ဦးကြီးဟန်၊ ဝပ်ရှော့မှာပြောပြီး သား၊ ဦးထိန်ဝင်း ဝပ်ရှော့က ညပါ အလုပ်ရှိတယ်တဲ့၊ သား နေ့ဘက်ကျောင်း တက်မယ်"

ဒေါ်နှင့် မာန်နှင့် ပြောနေသော ကိုလတ်ကို ကိုထွေးနှင့် ဒုက္ခိတမဦးတို့က မျက်နှာငယ်လေးများနှင့် ငေးကြည့်နေသည်။

"တို့များလည်း နှစ်ယောက်တည်းပါ။ တခြားတော့ မသွားပါနဲ့ဦး၊ အိမ်တစ်ခြမ်းကာပေးပါ့မယ်၊ သင်းသင်းတို့ မိသားစု နေပေါ့။ ဟုတ်တယ် မဟုတ်လား ဒေါ်လေးရွှေ" ဒေါ်သီကိုယ်တိုင်က လိုလိုလားလား လက်ခံစကားပြော၏။

"အောင်မယ်လေး ဖြစ်ပုံတော်၊ ဟိုမှာ လင်မယားဆိုပြီး အပေါ်ထပ်အောက်ထပ် တခြားစီ အိုးခွဲစားပြီးတောင် နေလာသေးတာ၊ ဒီကလေးမွေးလာမှ မောင်ဖေတင် ဘယ်လိုဖြစ်လဲမသိ. . ."

"အင်း . . . တွေးရခက်လိုက်တာ အကျင့်စာရိတ္တလည်းကောင်း၊ သားငယ် မယားငယ်လည်း မယူ၊ ငွေကြေးလည်း ပြည့်စုံ၊ ကိုဖေတင်ရယ် ဘယ်လိုများ ဖြစ်ပါလိမ့်။ သင်းသင်းရယ် နင်ပြောလို့သာ ကြားရတာ၊


www.burmeseclassic.com

www.burmeseclassic.com

ကိုကြီးဟန်ဖြင့် ယုံနိုင်စရာမရှိဘူး"

"ဟုတ်တယ် အဲဒီ အရည်အချင်းတွေကြောင့် သင်းသင်း အဆင်းရခက်နေတာပေါ့၊ သူများပြောပြလည်း ယုံနိုင်စရာမရှိဘူး၊ ဒါကြောင့် စိတ်ဆင်းရဲခံပြီး နေတာပါ။ ပြီတော့လည်းလေ သင်းမှာက ကလေး သုံးယောက် ပါလာတော့ သင်းအလျှော့ပေးတာပဲ"

"အေးလေ-ငယ်လင်ငယ်မယား မဟုတ်တော့လည်း တစ်မျိုးပဲပေါ့၊ ခုတော့ ဒီမှာ အေးအေးဆေးဆေးနေကြပေါ့၊ တဖြည်းဖြည်း အလုပ်အတွက် ကြည့်စီစဉ်တာပေါ့" ဦးကျော်ဟန်သည် သူညီမကို နှစ်သိမ့်စကားပြောလိုက်၏။ သူတို့အိမ်တွင် သင်းသင်းတို့ မိသားစုလေး နားခိုရာရသွားသည်။ ကိုလတ်က အာရ်အိုင်တီ ဝင်ခွင့်ရသည်။ ညဘက်မှာ ကားဝပ်ရှော့မှာ အလုပ်ဝင်သည်။ သင်းသင်းကတော့ ရှောစောင်ထိုးရင်း ရပ်ကွက်ထဲမှ လေးတန်းကျောင်းသားလေးများကို ကျူရှင်ပေးသည်။

သူသည် ယခုတော့လည်း မောပေမဲ့ စိတ်သက်သာသည်။ ကိုမော်၏ ရေချမ်းစင်လေးကို တောင့်တမိသလို သားထွေးဖိုးတုတ်ကိုလည်း အစဉ်သတိရသည်။ ညဥ့်တိုင်ရောက်လျှင် ဖိုးတုတ်ကိုသတိရ၍ သူ့ခေါင်းအုံးတွင် မျက်ရည်တို့ စိုစွတ်ရသည်။

"သားလေး နေလို့မှ ကောင်းရဲ့လား"

* * *

အပြင်တွင် မိုးတွေ သည်းထန်စွာ ရွာနေသည်။

ကိုမော်နှင့် သူလက်ထပ်စက စုံတွဲရိုက်ခဲ့သော ဓာတ်ပုံလေးကို ခုမှ သေတ္တာထဲမှ ထုတ်ယူသည်။ အိမ်ရှေ့ခန်း ခေါင်းရင်းဘက်နံရံတွင် ချိတ်လိုက်၏။ ဓာတ်ပုံချိတ်ရန် သံချောင်းကို ကိုလတ်က နံရံတွင် ရိုက်ပေးသည်။

ဓာတ်ပုံချိတ်နေသော အမေကို ဘေးမှ ကြည့်ရင်း ကိုလတ်သည်





ဓာတ်ပုံထဲမှ အဖေ့မျက်နှာကို စေ့စေ့ကြည့်မိ၏။

"မေမေရေ၊ ဖေဖေက ချစ်စရာ ပြုံးပြုံးကြီးနော်၊ သိပ်မချောပေမဲ့ သဘောကောင်းတယ်၊ နောက်တစ်ခါ အိမ်မှာမိုးယိုရင် သားကိုယ်တိုင် တက်ဖာမယ်နော်"

သင်းသင်းသည် သားဘာဆိုလိုသည်ကို နားလည်ပါ၏။ ဦးဖေတင်အပေါ် တိမ်းညွတ်သည့် ချစ်ခြင်းဆိုသော စိတ်ကလေးကို တဒင်္ဂ မထိန်းလိုက်နိုင်သည့်အတွက် အိမ်မိုးယိုတာတွေ ရေစင်ပြင်ဖို့တွေနှင့် မလုံလောက်သော လစာကို တရားခံ ရှာလိုက်မိသည့်အတွက် ကိုမော်သူ့ကို ခွင့်လွှတ်နိုင်ကောင်းပါရဲ့။

အမှန်တော့ ရသောလစာနှင့် နေလို့ရပြီပဲ။ ပြည့်စုံသည်တော့ မဆိုသာ၊ ချို့ငဲ့သည့်အတွက်တော့ အားတင်းရမည်ပေါ့။ သူ၏ ပျော့ညံ့သော သတ္တိအတွက် ကိုမော် ဓာတ်ပုံကြည့်ရင်း သူရှက်လာမိပါသည်။

"တစ်ပင်လဲတော့ တစ်ပင်ထူတာ မမှတာမို့ အပြစ်မရှိပါဘူး၊ ဒါပေမဲ့ ကလေးတွေကြောင့်၊ မိုးယိုတာကြောင့် တရားခံရှာတာတော့ သတ္တိနည်းရာကျတာပေါ့။ ယူပြီးတော့လည်း ကိုယ့်မှာ ကလေး သုံးယောက်ပါတဲ့ မုဆိုးမဆိုတော့ အပျိုမိန်းကလေး လက်ထပ်ပြီးတာထက် အလျှော့ပေးရမယ်။ အလျှော့ပေးတဲ့ ကြားထဲက ပြဿနာဖြစ်လာတော့လည်း သတ္တိမွေးရတော့မှာပေါ့။ ကဲ. . . အခု ထွက်လာခဲ့ပြီ၊ ရှေ့လည်းဖြစ်လာသမျှ သတ္တိရှိရှိ ရင်ဆိုင်ရတော့မှာပေါ့"

သူသည် မျက်လုံးကို ဓာတ်ပုံထဲမှ လွှဲဖယ်လိုက်၏။ သူ့ကိုယ်သူ စိတ်စိတ် ဝေဖန်ရင်း အားပေးမိ၏။ ဦးကျော်ဟန်တို့ရပ်ကွက်က စမ်းချောင်းဘက်ရှိ မြန်မာရပ်ကွက်ဖြစ်သည်။ လမ်းပေါ် မိုးရေထဲမှာ ကလေးများဘောလုံးကန်နေကြသည်မှာ ရွှဲရွှဲစိုလို့ မိုးကလည်း သည်းလိုက်သည့်ဖြစ်ခြင်း။

ကိုထွေးသည် ရေတံလျှောက်မှ စီးဆင်းကျလာသော ရေတန်းအောက်တွင် အားရပါးရ ချိုးနေသည်။ ကလေးများနှင့်အတူ မကစား



www.burmeseclassic.com

www.burmeseclassic.com



နိုင်သူကတော့ သမီးကြီး မဦး၊ သူ့အတွက် လက်တွန်းကုလားထိုင် လှည်းဘီးဝယ်ရန် စုဋ္ဌေလေးကို ယခု အိမ်သစ်ပြောင်းချိန် လိုအပ်သည့် ပစ္စည်းဝယ်ရဦးမည်။

သမီးလေးကို ချော့မော့ ပြောရဦးမည်ပေါ့။ သမီးလေးက လိမ္မာပါသည်။ အို. . . အားလုံးလိုပဲ သားတို့ကော သမီးရော လိမ္မာကြသည်ဆိုရမည်။ သူ ဦးဖေတင်ကို လက်ထပ်တုန်းကလည်း တစ်စုံတစ်ရာ မကျေနပ်သော သူတို့ရင်ထွင်း ဆန္ဒလေးများကိုတောင် ထုတ်ဖော်မပြောကြဘဲ ခေါင်းငုံ့နေကြသည်။ အရွယ်နှင့်မလိုက် သိတတ်နိုင်ကြသည်။

မိုးရေထဲမှာ ကလေးများ ဆော့ကစားသံ ကြားရလေလေ ကျန်ရစ်သူ သားငယ် ဖိုးတုတ်ကို သတိရလေ ဖြစ်လာရပြန်သည်။ မျက်ရည်က မိုးစက်များနှင့်အတူ မှုန်ရီလာ၍ ကလေးများကို သဲကွဲစွာ မမြင်ရ။

"မမသင်း . . . မမသင်း"

ဖိနပ်ချွတ်ပြေးတက်လာသော လှကြည်၏ အော်သံကြောင့် သင်းသင်းက လန့်သွားသည်။

"ဘာဖြစ်တာလဲ လှကြည် . . . ထိုင်စမ်း"

လှကြည်သည် ရှေ့ခန်းဖျာပေါ်တွင် ထိုင်ယင်း ပြောပြန်၏။

"မမ ဆေးရုံလိုက်ခဲ့ပါ။ ဖိုးတုတ် နဖူးက ဒဏ်ရာကျက်သွားပေမဲ့ မမသွားကတည်းက မေမေ. . . မေမေနဲ့ ငိုနေတယ်။ ခုလည်း ဖျားလို့ ဆေးရုံတင်ရတယ်။ ကလေးဆေးရုံမှာ အဖျားကတော့ ကျသွားပါပြီ။ ဆရာဝန်ကြီးကရော၊ ပြုစုတဲ့ ဆရာမကရော ပြောတယ်။ သူ့ အမေကို ခေါ်ပေးပါတဲ့"

"ကိုကြီးက အခေါ် လွှတ်လိုက်တာလား"

သင်းက မျှော်လင့်ချက်နှင့် မေးလိုက်၏။

"ဆရာ မသိဘူး၊ ဆရာ့ကို ဆရာဝန်ကြီးကပြောတော့ မေမေ လုပ်တဲ့သူကို သူ မခေါ်ဘူးတဲ့၊ ကျွန်တော် ဆရာ မသိအောင် လာခေါ်





တာ၊ လိုက်ခဲ့ပါ မမရယ်၊ ဖိုးတုတ် သိပ်သနားစရာ ကောင်းတာပဲ"

သင်းသင်းသည် သက်ပြင်းချမိ၏။

"သူမခေါ်လည်း ငါသွား ငါခေါ်မယ်၊ သားကြီးလိုက်ခဲ့"

ကိုလတ်နှင့် သင်းသင်းသည် လှကြည်နှင့်အတူ ဆေးရုံထွက်လာသည်။ အလှည့်ကျ ဆရာဝန်နှင့် တွေ့ဆုံပြီး သားကို သွားတွေ့သည်။ ဖိုးတုတ်ကို ရင်ခွင်ထဲမှာ တင်းကျပ်စွာ ပွေ့ထားမိ၏။ ဖိုးတုတ်က ငိုသည်။

"မေမေ . . . မေမေ ဘယ်သွားနေတာလဲ"

"ခု . . . မေမေ သားကို လာခေါ်တာ၊ သား မေမေနဲ့အတူ နေရမယ်နော်"

"ဟော့ . . . ဘာလုပ်လာတာလဲ"

ဦးဖေတင်အသံက အုံ့မှိုင်းနေသော မိုးတိမ်ထဲမှ မိုးကြိုးသံလို ဟိန်း၍ ထွက်လာသည်။ ကိုလတ်သည် ခုတင် တစ်ဘက်တစ်ချက်မှာ ရပ်ကြည့်နေကြသော အမေနှင့်ပထွေးကိုငေး၍ကြည့်နေမိသည်။ လှကြည် ရင်ထဲမှာလည်း တထိတ်ထိတ်။

"သား ကျန်းမာရေးအတွက် မိခင်ရဲ့ ပြုစုယုယမှုလိုတယ်။ ဆေးရုံကလည်း ဆင်းနိုင်ပြီဆိုတဲ့ ဆရာဝန်ကြီး အကြံပေးချက်အတိုင်း သင်းသင်းသားကို သင်းသင်းလာခေါ်တယ်။ မကျေနပ်ရင် သက်ဆိုင်ရာ ရုံးတော်မှာ ရင်ဆိုင်။ ဆေးပညာရှုထောင့်ကနေ ကိုယ့်သား ကျန်းမာရေးကို ဆုံးဖြတ်မလား၊ တရားဥပဒေနဲ့ ဆုံးဖြတ်မလား၊ ကိုကြီးဘာသာ စဉ်းစားပါပဲ"

သင်းသင်းသည် ချာခနဲ လှည့်ထွက်ကာ ကလေးကိုပွေ့၍ ပြင်ပ မိုးရေထဲကို ပြေးထွက်သွားသည်။ ကိုလတ်ကနောက်မှ လိုက်သည်။ မြင်းကားတစ်စီးခေါ်ကာ သူတို့ အိမ်ကိုပြန်လာကြသည်။

ရုတ်တရက် ဘာလုပ်ရမှန်းမသိသော ဦးဖေတင် အပါးတွင် လှကြည်တစ်ယောက်တည်း ကျန်ရစ်သည်။

မိုးက မစဲသေး။ အိမ်ရောက်တော့ သင်းသင်း မောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မိုးရေစက်တို့ စိုနေသော သားလေးပါးကို ညင်သာစွာ နမ်းရှုပ်လိုက်တော့ ရင်ထဲမှာအေးမြသွားသည်။

နှောင်လည်း မောပါစေ၊ ရေအိုးစင်မရှိတဲ့ လမ်းထက်တော့ နောက်လျှောက်ရမည့်ခရီးလမ်းကို သူ မကြောက်ပါပြီ။ သူ့နွမ်းပျော့အားလျော့လာတိုင်း ဖန်ပြာခွက်နှင့် ကျောက်စက်ရေလို အေးမြမည့်သားတို့ ရှိလာပြီမဟုတ်ပါလား။

ရွာလိုက်စမ့်ပါ . . . မိုး။
တိုက်လိုက်စမ်းပါ . . . လေ။
ဒီလမ်းကို ဖြတ်ခဲ့ဖူးပါသည်။ ။

♥

## ကျွန်မက မချောပါဘူး

(၁)

"တစ်မတ်ထက်ပိုရင် ကျွန်မအဖို့ အမြတ်ကြီးပဲ"

ကျွန်မ ပြောစကားကို ဒေါ်ဒေါ်မုံး နားမလည်ပါ။ တစ်မတ်ဆိုတာကိုတော့ သူသိပါသည်။

သူသည် တစ်မတ်ခေတ်ကို ဖြတ်သန်းလာခဲ့သည်။ ၂၅ ပြားဆိုသော အသုံးအနှုန်းကိုက ယခုမှ ဖြစ်ပေါ်လာပါသည်။ တစ်မတ်အကြောင်းဆက်လိုက် မမေးဘဲ သူနားလည်သမျှ ကျွန်မလုပ်ရမည့်အလုပ်အခြေအနေကို ရှင်းပြပါသည်။

"ပထမဆုံး မမနဲ့တွေ့ရမှာပဲလေ။ မမက ညည်းဘာလုပ်ရမယ်ဆိုတာကို ပြောမှာပေါ့။ ပြီးတော့ နေရာပေးဦးမှာ၊ သူ့အဒေါ်က ပို့လိုက်တာဆိုတော့ ညည်းကို ယုံကြည်စိတ်ချမှာပါ"

ကျွန်မကို အလုပ်တာဝန် ပေးမည့်သူက ယုံကြည်စိတ်ချမှုကိုတော့ ခံယူချင်ပါသည်။ ကျွန်မတစ်ခါမှ သူများအိမ်မှာ အလုပ်မလုပ်ခဲ့ဖူးသလို လခစားလည်း မလုပ်ဖူးပါ။ ရုံးတွေဘာတွေမှာ လုပ်ဖို့ ကျွန်မပညာအရည်အချင်းက ၇ တန်းပဲရှိပါသည်။ အပြင်စာတွေ အများကြီးဖတ်ပါသည်ဆိုပေမဲ့ စာဖတ်ခြင်းကို အတန်းပညာလောက် အရေးထားခြင်း ခံရမည်မဟုတ်။ ယခု အလုပ်မှာတော့ အတန်းပညာ လိုမည်မထင်ပါ။ ပထမ



www.burmeseclassic.com

www.burmeseclassic.com



အဆင့် ဒေါ်ဒေါ်မုံးနှင့် တွေ့ရခြင်းကို ကျွန်မ စိတ်ချမ်းမြေ့ပါသည်။ နောက်ပိုင်းတွင်လည်း အဆင်ပြေ ကောင်းပါရဲ့။ ဒေါ်ဒေါ်မုံးက အသစ်စက်စက် မဟုတ်သော်လည်း သန့်ရှင်းသော အဝတ်များကို သပ်သပ်ရပ်ရပ် ဝတ်လိုက်၏။

"ကျွန်မတို့က ဘယ်သွားမှာလဲ"

"အိမ်ကြီးကိုလေ"

ကျွန်မတို့ အစေခံတန်းလျားနှင့် အိမ်ကြီးမှာ ပေ ၃၀ လောက်ပဲ ကွာပါသည်။ အောက်ထပ်မှာ ကားဂိုထောင်နှစ်ခုရှိ၍ အပေါ်ထပ်မှာ ဒေါ်ဒေါ်မုံးတို့ လင်မယားတစ်ခန်း၊ ကျွန်မတစ်ခန်းနေရပါသည်။ ကျွန်မက သူ အဝတ်အစား သပ်သပ်ရပ်ရပ်ဝတ်ထား၍ အပြင်သွားမည် ထင်သောကြောင့် မေးခြင်းဖြစ်ပါသည်။

"မီးဖိုမှာ ငါ ချက်ပြုတ်နေတဲ့အခါ စုတ်စုတ်ပြတ်ပြတ် ဝတ်တာကို မမက မကြိုက်ဘူး၊ ကိုဖြိုးလည်းကားမောင်းရင် တိုက်ပုံအကျႌ အဖြူနဲ့ လုံချည် နီညိုရောင် ယောအဆင်ဝတ်ဖို့ သူ သက်သက်ဝယ်ပေးထားတယ်"

ကိုဖြိုးဆိုသူမှာ သူ့ယောက်ျား ဘကြီးဖြိုးကို ဆိုလိုခြင်းဖြစ်ပါသည်။

"ညည်းကိုလည်း သူ အဝတ်အစားပေးမှာပါ"

"ဘာပဲ ပေးပေးပေါ့လေ၊ ကျွန်မပြောထားတယ် မဟုတ်လား၊ တစ်မတ်ထက် ပိုရင် အမြတ်ပါလို့"

"ဘာကိုပြောတာလဲ"

"ကျွန်မ ငယ်ငယ်တုန်းက ကျောင်းနေတာ တစ်လ တစ်မတ်ပေးရတယ်၊ ဒီတော့ အရင်းတစ်မတ်ထက် ပိုရင် အမြတ်ကြီးပဲပေါ့"

သူ့မျက်နှာကြည့်ရသည်မှာ အဓိပ္ပာယ်ရှင်းလင်းသွားပုံ မရပါ။ ကျွန်မလိုသူ ကျောင်းနေဖူးချင်မှလည်း နေဖူးပေလိမ့်မည်။ သူ့မျက်နှာမှာ အေးချမ်း၍ အစဉ်ရှိသေကျိုးနွံသော မျက်နှာမျိုးဖြစ်သည်။ ကျွန်မကိုလည်း ခင်မင်တွယ်တာ ပုံရသည်။





"ကဲ လာလေ၊ သွားကြစို့"

သူက ရှေ့မှထွက်သွားသည်။ ကြည့်ရသည်မှာ အသက် ၅၀ ကျော်လောက်ရှိပေမဲ့ အသားဖြူဖြူ ခပ်တုတ်တုတ် သွားလာသည်မှာ သွက်လက်သည်။ မျက်နှာဝိုင်းဝိုင်း ပါးစုန့်ဖောင်းဖောင်းနှင့် မျက်လုံးလေးတွေက ကြည်လင် အေးမြပုံရသည်။

ကျွန်မတို့ အိမ်ကြီးဆီ ရောက်တော့ မီးဖိုတံခါးကို ဖွင့်လိုက်သည်။ သူသည် နံနက်စာအတွက် ပြင်ဆင်နေသည်။ ကျွန်မကတော့ တတ်သမျှမှတ်သမျှ ကူပါသည်၊ မီးဖိုကြမ်းပြင်သည် သန့်ရှင်း၍ ကျောက်ပြားဖြူများခင်းထားသည်၊ အုတ်နံရံက အဖြူရောင် ပန်းကန်ဆေးသည့် ကြွေဇလုံလေးထောင့်ကလည်း ဖြူဖွေးနေသည်။ မီးဖိုနှင့်မတူ အဖြူရောင်များနှင့် တောက်ပနေသည့် အိပ်ခန်းတစ်ခုနှင့်တူသည်။ အဖြူရောင်ကိုကြိုက်သော ကျွန်မ၊ ခေါင်းအုံးလေးနှင့် လှဲ၍သာ အိပ်လိုက်ချင်ပါသည်။ သူသည် ကြောင်အိမ်ထဲမှ ပေါင်မုန့်များကိုယူကာ ပါးပါးလှီး၍ ပေါင်မုန့်ကင်ကိရိယာလေးထဲ ထည့်လိုက်၏။

ပြီးတော့ လူတစ်ရပ်လောက် မြင့်သည့် ရေခဲသေတ္တာထဲမှ ကြက်ဥထုတ်လိုက်သည်၊ ကြက်ဥကို အလုံးမပျက်ကြော်ပုံမှာ အတုခိုးစရာဖြစ်၍ ကျွန်မ သေချာစွာကြည့်နေသည်။ ခါးသာသာမြင့်သော မီးဖိုက လျှပ်စစ်မီးဖို အရှင်လေးခုနှင့် ဖြစ်သည်။အိုးမည်းတွေနှင့်ကျပ်ခိုးတွေ အလိပ်လိပ်တက်နေသော ကျွန်မအဒေါ် မီးဖိုချောင်မှ ထွက်လာသော ကျွန်မအဖို့ ကြွေရည်အဖြူသုတ် မီးဖိုနှင့် မီးရောင်ပြာလဲ့လဲ့ကို တအံ့တဩ ကြည့်နေမိပါသည်။ ဒေါ်မုံး၏လက်နှီးများသည် ဒါကြောင့် ဖြူဖွေးနေခြင်းဖြစ်သည်ဟု ကျွန်မ သဘောပေါက်သွားသည်။ ဤမီးဖိုမှာ အိုးမည်း၊ ကျပ်ခိုးတို့ကို ရှာမတွေ့ပါ။

"အမား. . ."

မီးဖိုအပြင်မှ အော်သံကြောင့် ကျွန်မလန့်သွားသည်။

"ရော့-ဒီနို့အိုးယူသွား၊ ရာဂျစ်ဆီက နို့ယူလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ပြောင်လက်တောက်ပနေသော ကြွေရည်သုတ်အိုးမှာ လက်တန်း လေးတပ်ထားသည်။ လက်တန်းမှ နို့အိုးကိုကိုင်ကာ ကျွန်မ ခြင်ဆန်ခါ တံခါးကို ဖွင့်လိုက်၏။ ဟိန္ဒူကုလားကြီး မုတ်ဆိတ်မွေးဖွာဖွာနှင့် သူ့နို့ နှစ်ပုလင်းကို ကျွန်မအိုးထဲ လောင်းထည့်ကာ ပြန်ထွက်သွားသည်။

"ကဲ . . . ဒီ တစ်ဖက်အားတဲ့ ဖိုအပေါ်ကို နို့အိုးတင်ထားလိုက်။ မဝေအောင် စောင့်ကြည့်"

ကျွန်မသည် နှစ်တောင်လောက် ကျယ်သော လေးထောင့်မီးဖို ဖျူဖျူပေါ်မှ ခွင်လေးခုကို စူးစိုက်ကြည့်နေမိသည်။ တစ်ခွင်မှာ ရေနွေးအိုး တည်ထားသည်၊ ပေါင်မုန့်ကင်ကိရိယာလေးမှာ ပေါင်မုန့်ကျက်သွားပြီ ဖြစ်၍ ချောက်မနဲမြည်ကာ မုန့်ချပ်တွေ အပေါ်ထောင်တက်လာသည်။ စိတ်ချမ်းသာစရာပဲ၊ နီနီထွေးထွေး အလောတော် ပေါင်မုန့်ချပ်လေးတွေ မီးနှင့်သာကင်မည်ဆိုလျှင် တူးသွားမည်။ မတူးလည်း အရောင်လှပညီညာ မည်မဟုတ်။

ဒေါ်မိုးက မုန့်ချပ်ကိုယူကာ ထောပတ်ပါးပါး သုတ်လိုက်သည်။ ကြက်ဥကြော်ကိုလည်း ပန်းကန်ပြားတစ်ချပ်ပေါ် တင်လိုက်သည်။ ပြီးတော့ ရေခဲသေတ္တာ ဖွင့်ပြန်သည်။ အထဲမှ လိမ္မော်ရည် ပုလင်းတစ်လုံး ထုတ်လိုက်သည်၊ ဖန်ခွက်ပြားပြားလေးထဲသို့ လိမ္မော်ရည် လောင်းထည့် လိုက်သည်။ ယွန်းဗန်း လေးထောင့်ပေါ်မှာ ကြက်ဥကြော်၊ ပေါင်မုန့်မီးကင်၊ လိမ္မော်ရည် တစ်ဖန် ခွက်။

"ကဲ . . . နို့ဆူပြီ ထင်တယ်"

ဟုတ်၏၊ ဒေါ်မိုးအမေးနှင့် အံကိုက် နို့ကဆူလာပြီ၊ ကျွန်မသည် နို့အိုးချလိုက်၏။

"ပန်းကန်စင်ပေါ်က ကော်ဖီပန်းကန်ယူလိုက်"

ကျွန်မသည် ကော်ဖီပန်းကန်အလုံးနှင့် အပြားတစ်ချပ် ယူလိုက် သည်။ ဒေါ်မိုးက နို့ထည့်ကရားဖြူ ရှည်ရှည်လေးထဲ နို့တွေလောင်းထည့် လိုက်သည်။ ဖန် ပန်းကန်အငယ်တစ်ခုထဲမှာ သကြားက သတ်သတ်





ထည့်ထားသည်။ နို့နှင့်သကြားကို တခြားယွန်းလင်ဗန်းတစ်ချပ်ပေါ် တင် လိုက်၏။ ပြီးတော့မှ ကျွန်မပေးသော ကော်ဖီပန်းကန် အစုံအလွတ်ကို ဗန်းထဲ ထည့်လိုက်သည်။

"တီ"

ရှည်လျားသော လျှပ်စစ်ခေါင်းလောင်းသံ ပေါ်လာသည်။

"ဟော. . . မမ အဆင်သင့်ဖြစ်ပြီ။ ကဲ . . . လေးခင် နို့ဗန်းယူ ငါ့နောက်လိုက်ခဲ့"

ဒေါ်မိုးက ကျွန်မရှေ့မှ ပေါင်မုန့်ဗန်းကိုယူကာ ထွက်သွားသည်။ ကျွန်မက သူ့နောက်မှ နို့ကရားပါသော ဗန်းကိုယူကာ လိုက်သွားပါသည်။ သံဆန်ကာ တံခါးကို ဖွင့်လိုက်၍ ကျယ်ဝန်းသော ထမင်းစားခန်းကို ဖြတ်ကျော် သွားရသည်။ ထမင်းစားခန်းကြီးကို နောက်မှ သေသေချာချာ ကြည့်ရဦးမည်။ ယခုတော့ ဒေါ်မိုးကိုအမီလိုက်ရသည်။ သူသည် ထမင်း စားခန်းကိုဖြတ်၍ ဘေးပေါက်ကိုဖွင့်ကာ လှေကားပေါ် တက်သွားသည်။ လှေကားမှာ နက်ပြောင်တောက်ပနေသည်။ တော်ပါသေး။ လှေကား တစ်များ အလယ်မှာ ကော်ဇောအစိမ်းခင်းထား၍ ခြေမချော်ပါ။ ကျွန်မ နို့ဗန်းကို သတိထားကိုင်ကာ လိုက်သွားရသည်။ အပေါ်ထပ်မှာ ကျယ် သော ခန်းမကြီးတစ်ခုကိုတွေ့ရသည်။ ခန်းမကြီးက ရှေ့ဘက်ထိဟင်းလင်း ဖြစ်နေသည်။ ရှေ့ဘက်တံခါးမကြီးမှာ အစိမ်းရင့်ရောင် ပွင့်ခက်တွေနှင့် ဇာခန်းစည်းကြီး ချထားသည်။ ခန်းမကြီး၏ ညာဘက် ဝဲဘက်မှာ အခန်း ကြီးလေးခုပိတ်ရက်တွေ့ရသည်။ ညာဘက် အရှေ့ခြမ်းရှိ အခန်းတစ်ခုဆီ သို့ ရှေးရှုသွားနေသည်။ သူသည် အခန်းဝမှ ရပ်ကာ၊ တံခါးဘုလေးကို လက်တစ်ဖက်နှင့် အသာလှည့်လိုက်၏။

"ဝင်ခဲ့ ဒေါ်မိုး . . ."

ကြည်လင်စူးရှသော အသံတစ်ခု အခန်းထဲမှ ကြားရသည်။ ဘာဖြစ်၍ မှန်းမသိ၊ ကျွန်မ တုန်လှုပ်သွားသည်။ အသံလာရာသို့ ကျွန်မ မကြည့်မိ၊ ဒေါ်မိုးဘာလုပ်သည်ကိုသာ ကျွန်မကြည့်သည်။ တံခါးအတွင်း



www.burmeseclassic.com

www.burmeseclassic.com

ဘက်ရှိ စားပွဲတစ်ခုပေါ်မှာ သူ၏ဗန်းကိုတင်သလို ကျွန်မလက်ထဲမှ ဗန်းကို တင်လိုက်၏။ ပြီးတော့ ဒေါ်မုံးလိုပင် စားပွဲဘေးမှာ မတ်တတ်ရပ်လိုက်၏။ စားပွဲပေါ်မှာ မုန့်စားပန်းကန်နှင့် ဇွန်းခက်ရင်းများ အဆင်သင့်ရှိနေသည်။

"သူက အန်တီဝင်းပို့လိုက်တဲ့ မိန်းကလေးလား"

အသံရှင်ဘက်သို့ ကျွန်မ မျက်နှာလှည့်လိုက်ပါသည်။

"ဟုတ်ပါတယ် မမ" ဒေါ်မုံးက ဖြေသည်။

"နာမည်က"

"လေးခင်ပါ"

မမ ဆိုသူသည် ဆိုဖာတစ်ခုပေါ်မှ ကျွန်မကို လှမ်းကြည့်သည်။ နေရောင်ခြည်များလင်းနေသော အိပ်ခန်းကျယ်ကြီးကို ကျွန်မ ကြည့်လိုက်မိသည်။ အိပ်ခန်းထဲမှာ ဆိုဖာတစ်စုံ ရှေ့ဘက်နံရံမှာ ကပ်လျက်၊ ပြီးတော့ မှန်တင်ခုံ၊ မှန်တင်ခုံဘေးမှာ တစ်ယောက်အိပ် ခုတင်ပုပုလေး ပေါ်တွင် ခေါင်းအုံးနှင့် အိပ်ရာခင်းပန်းရောင်ဖျော့ဖျော့ ဆင်တူခင်းထားသည်။ ခြေရင်းတွင် သားမွေးစောင်တစ်ထည် ပုံရက်။ ဒေါ်မုံးက ခုတင်ရှိရာသို့သွားကာ အိပ်ရာကို သပ်သပ်ရပ်ရပ် ပြင်ဆင်နေသည်။ ကျွန်မတို့ စားသောက်စားပွဲရှိရာသို့ မမထလာသည်။ မမသည် ကတ္တီပါ အစိမ်းရောင်လွှာဖိနပ်လေးကို စီးထားသည်။ သူ့ကိုယ်မှာ ခြေဖျားထိ ရှည်သော ပိုးပါးစိမ်းဖျော့ဖျော့အင်္ကျီ ဝတ်ထားသည်။ အရပ်ရှည်ရှည် မြင့်မြင့်နှင့် အသားဖြူလှသည်။ မျက်ခုံးမွေးတွေမှာ တောက်ပသော မျက်လုံးပေါ်မှာ မျဉ်ကြောင်းလေးလို သေးသွယ်ရှည်လျားလှသည်။ နှာတံပေါ်၍ နှုတ်ခမ်းမှာ ပါးလျားသော်လည်း ဖြူဖျော့ဖျော့ ဖြစ်နေသည်။ ခေါင်းမှာ ဆံပင်ကို ပလပ်စတစ် အချောင်းတွေနှင့် အလိပ်အလိပ် လုပ်ထားသည်။ သူ့ကို ကြည့်ရသည်မှာ အရုပ်တော့မဆိုးပါ။ လှသည်ဆိုသည်ထက် ကြည့်လို့ တော့ကောင်းပါသည်။ သို့သော် လန်းဆန်းနုပျိုခြင်း မရှိသလို ဖြစ်နေသည်။ သူ့အသက်ကို လေးဆယ်လောက် ခန့်မှန်းရပါသည်။

စားပွဲရှေ့ကုလားထိုင်မှာ မမထိုင်လိုက်သည်။ ကျွန်မ ဘာလုပ်ရ





မှန်းမသိ။ ရင်ကလည်း တဒိတ်ဒိတ် ခုန်လာသည်။ ဖြူသွယ်သော လက်ချောင်းများနှင့် လိမ္မော်ရည်ခွက်ကို မမလှမ်းယူပါသည်။ လက်သည်းလေးတွေက ချွန်မြနီထွေးနေသည်။ မမ လိမ္မော်ရည်သောက်နေပုံကို ကျွန်မ တအံ့တသြ စူးစိုက်ကြည့်နေမိပြီးမှ သတိရ၍ မျက်လွှာချလိုက်မိပါသည်။ သူတစ်ပါး စားနေသည်ကို စူးစိုက်ကြည့်နေခြင်းမှာ ရိုင်းရာကျမည်လား။ မမ ဘာကိုလိုသည်ကိုလည်း ကျွန်မ သိဖို့လိုပါသည်။ မျက်လွှာချ၍ မတ်တတ်ရပ်နေရခြင်းမှာ ကြာလှသည်ဟု ထင်ပါသည်။

"မင်းနာမည် . . . ဘယ်သူလဲ"

"လေးခင်ပါ မမ . . . "

ကျွန်မသွက်လက်စွာ ဖြေလိုက်ပြီး ခေါင်းမော့လိုက်ပါသည်။

"ဘယ်မှာ လုပ်ဖူးလဲ"

"မလုပ်ဖူးပါဘူး"

"စာကော သင်ဖူးလား"

"ကျွန်မ ခုနစ်တန်းအထိ သင်ဖူးပါတယ်"

"အေးလေ- ခုနေဖို့ အိပ်ခန်းပေးမယ်။ ထမင်းလည်းကျွေးမယ်။ လခတော့ ၁၀၀ ပေးမယ်။ မင်းလုပ်ရည်ကိုင်ရည် ကြည့်ပြီး တစ်လကြာတော့ မမ လခတိုးပေးမယ်၊ ကျေနပ်လား"

"ကျေနပ်ပြီးသားပါ မမ" ဒီအဖြေကို ကျွန်မဖြေသည်မဟုတ်၊ ဘယ်အချိန်က ရောက်နေမှန်းမသိသော ဒေါ်မုံးက ကျွန်မအနားလာရပ်ကာ ဖြေလိုက်ပါသည်။

"သူက တစ်မတ်ထက်ပိုရင် အမြတ်ကြီးပဲတဲ့" ဒေါ်မုံးက ဆက်ပြော ပြန်ပါသည်။

"ဘာတဲ့ လေးခင်၊ တစ်မတ် . . . ဘာတစ်မတ်လဲ"

ကျွန်မသည် မမအမေးကို ဖြေရပါတော့မည်။ ဒီတစ်မတ်အကြောင်းကို ကျွန်မက စခဲ့သည်ပဲ။

"ဟုတ်ကဲ့မမ၊ ကျွန်မတို့မြို့က ဒိစကြိတ်မြို့လေးပါ၊ အထက်တန်း


www.burmeseclassic.com

www.burmeseclassic.com

ကျောင်း ရှိပါတယ်။ ဒါပေမင့် ကျွန်မတို့နေတာက မြို့ပြင် တာပိုင်းကြီးမှာ နေပါတယ်။ ကျွန်မအဖေက ခြံလုပ်ပါတယ်။ အမေကတော့ မမာလှဘူး။ အဖေ့ကိုကူရ၊ အမေ့ကို ပြုစုရနဲ့၊ ကျွန်မကျောင်းမနေရဘူး။ တာပိုင်းကြီးကနေ မြို့ကိုဖြတ်ပြီး၊ မြို့နောက်က ကျောင်းကိုတက်ရတာ ဝေးလွန်းလို့ပါ။ ကျွန်မတို့ရပ်ကွက်ထဲမှာ ကျွန်မလို ကျောင်းမတက်နိုင်တဲ့ ကလေးတွေအတွက် ဆရာကိုဒွေးအောင်ရယ် ညကျောင်းဖွင့်ထားတယ်။ သူ့ကျောင်းက တစ်လတစ်မတ် ပေးရတယ်။ ကျွန်မလည်း ဒီညကျောင်းက ၇ တန်း အလွတ်ဖြေပြီး အောင်ခဲ့ပါတယ်။ ဒီတော့ ကျွန်မဘဝမှာ အရင်းက တစ်မတ်ပဲရှိလို့၊ တစ်မတ်ထက်ပိုရင် အမြတ်လို့ပြောတာပါ"

မမက ခေါင်းလေးညိတ်ကာ ညိတ်ကာနှင့် လှပစွာ ပြုံးပါသည်။

"မင်းအမေကော ခု နေမကောင်းတုန်းပဲလား"

"အဖေရော အမေရော မရှိတော့ပါဘူး၊ တာကြီးပိုင်းက ခြံကလေးကို ရောင်းပြီး၊ အဒေါ်နှင့်အတူနေပါတယ်။ အဒေါ်က ဆေးလိပ် လိပ်ပါတယ်"

"အန်တီဝင်း ဆေးလိပ်ခုံမှာ ထင်တယ်"

"ဟုတ်ကဲ့"

"တခြား လခစားလုပ်ဖို့ ကြိုးစားကြည့်သေးလား"

မမ မေးခွန်းကို ရုတ်တရက် ကျွန်မမဖြေသေးပါ။ ကျွန်မလို ခုနစ်တန်းနှင့် လခစားအလုပ် ဘာအလုပ်လုပ်ရမှန်းမသိတာ။ မြို့ထဲမှာ ကျွန်မ သူငယ်ချင်း ၁၀ တန်းအောင်သူတစ်ယောက် ရှိပါသည်။ သူတောင် လက်နှိပ်စက်သင်ပြီး၊ အလုပ်လျှောက်တာမရခဲ့ပါ။ မမကို ဒီအကြောင်း ပြန်ပြောရကောင်းမည်လား။ ကျွန်မသည် မမကိုလေးစားစွာ မော့ကြည့်ရင်း "ကြိုးစား ကြည့်ပါသေးတယ်" ဟုဖြေလိုက်ပါသည်။

"ဘယ်မှာလဲ၊ ဒီရန်ကုန်မှာလား၊ မင်းတို့မြို့မှာလား"

မမက စိတ်ဝင်စားစွာမေးနေသည်ကို ကျွန်မကျေနပ်မိပါသည်။

"ရန်ကုန်မှာပါ၊ ဒါပေမဲ့ မရပါဘူး။ ကျွန်မက ပညာကလည်း ၇





တန်း၊ သူငယ်ချင်းလိုလည်း လက်နှိပ်စက်မတတ်ဘူး"

"အေး-အေး-မင်းဒီလို ပွင့်ပွင့်လင်းလင်းပြောတာ၊ မမ ကြိုက်သွားပြီ။ ကဲ-ဒေါ်မုံး သူ့ကိုနေရာပေး၊ လိုအပ်တာတွေလည်းပေးလိုက်၊ အကျႌတိုင်းလည်း ကျွန်မအလုပ်တိုက်သွားရင်ပေးလိုက်"

မမ နံနက်စာစားဖို့ ပြင်လိုက်ခြင်းဖြင့် ကျွန်မတို့ အပြင်ထွက်ဖို့ အချက်ပြလိုက်ခြင်းဖြစ်ပါသည်။ ဒေါ်မုံးက တံခါးရှိရာသို့ ထွက်အသွား၊ ကျွန်မက နောက်မှလိုက်ပါသွားပါသည်။ အခန်းပြင်ရောက်တော့ . .

"လေးခင်ကပေါ်တောတောပဲ" ဟု ဒေါ်မုံးက မှတ်ချက်ချပါသည်။

* * *

(၂)

ကျွန်မရသော အခန်းလေးမှာ မမတို့ အိပ်ခန်းကျယ်ကြီးများ၏ နောက်ဘက် အစွန်ဆုံး ၁၀ ပေခန့်ကျယ်သော အခန်းကျဉ်းလေး တစ်ခုဖြစ်သည်။ ပြတင်းပေါက် တစ်ခုရှိ၍ လေကောင်းစွာရပါသည်။ အခန်းနံရံများက ပ်မ်းဖျော့ဖျော့ သုတ်ထားသည်၊ ခုတင်တစ်လုံး၊ စားပွဲတစ်လုံးရှိသည်။ ဒေါ်မုံးပေးသော ပစ္စည်းများထဲတွင် ကျွန်မအကြိုက်ဆုံးက အသစ်စက်စက် မဟုတ်သော်လည်း ဖွပ်လျှော်ပြီးသား အိပ်ရာခင်း အဖြူနှင့် ခေါင်းအုံးစွပ်ဖြစ်ပါသည်။ ခြင်ထောင်ကတော့ ပေါင်းတည်ဇာ ခြင်ထောင်။ ပြီးတော့ အညာစောင်နီညိုခြင်းတစ်ထည်။ မမကို များစွာကျေးဇူးတင်ပါသည်။ လက်ဖက်ရည်ဆိုင်ဘေးမှာ အဒေါ်နှင့်အတူနေစဉ်က ကျွန်မရသမျှ ပိုက်ဆံနှင့် စာအုပ်ငှားဖတ်ပါသည်။ ဒီစာအုပ်တွေထဲမှာ ဝတ္ထုစာအုပ်တွေ ပါပါသည်။ ဝတ္ထုတချို့ထဲမှာ သူဌေးတွေ အိမ်မှာအလုပ်လုပ်ရသော မိန်းကလေးတချို့ အစားဆင်းရဲ အနေဆင်းရဲတာတွေ ဖတ်ဖူးပါသည်။

ရန်ကုန်မှ မမ အိမ်ရောက်သည်မှာ ကျွန်မဘဝ ကဏ္ဍသစ်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com

ဖွင့်လိုက်သလိုပါပဲ၊ အဒေါ်၏အိမ်မှာ ကျွန်မ ခဏခဏအဆူခံရသည်။ ကျွန်မကလည်း ကျွန်မပါပဲ၊ ဟင်းကို ဘာနဲ့စားရစားရ စားနိုင်ပါသည်။ များသောအားဖြင့် ဟင်းဆိုတာကလည်း ဟင်းချိုတစ်ခွက်နှင့် ငါးပိရည်ဖျော် ကောင်းကောင်း တို့စရာပါပဲ၊ တစ်လတစ်ခါလောက်တော့ အဒေါ်ဝက်သားဝယ်လာ တတ်ပါသည်။ ဘာနဲ့စားရစားရ ကျွန်မငြိုငြင်ပါ။ အဝတ်အစားဆိုလည်း အပြင်ထွက်ဖို့ အကောင်းတစ်စုံပဲ ရှိပါသည်။ အိပ်ရာကိုတော့ တက်နိုင်သလောက် အိပ်ရာခင်းဖြူဖြူနှင့် အိပ်နိုင်အောင်ကြိုးစား ဖွပ်လျှော်ပါသည်။ အဒေါ့်အိပ်ရာကိုပါ ကျွန်မလုပ်ပေးပေမင့်-

"ရေက ဒီမှာဝယ်သုံးရတာ၊ ဆပ်ပြာဘယ်လောက်ဈေးကြီးတယ်ဆိုတာကော သိလား၊ ကိုယ့်ဘဝကိုယ် နားလည်မှပေါ့" ဟု ဆူပါသည်။

"အဒေါ်ရယ် အစားရော၊ အဝတ်ရော၊ အားလုံးခြိုးခြံပါတယ်၊ ဘာမှမတပ်မက်ပါဘူး၊ အိပ်ရာခင်းဖြူဖြူလေး တစ်ခုကိုတော့ တပ်မက်ပါရစေ" ဟု ကျွန်မကပြောခဲ့ဖူးပါသည်။

ဘာပြောပြောလေ၊ အဖေရှိတုန်းက ခြံထဲမှာ ရေတွင်းရှိသည်။ ရေပေါ ပေါနှင့် ကျွန်မအဝတ်ဖွပ်သည်။ အမေ့ခမျာ မမာရလွန်းလို့လူမမာစော်နံရသည့်အထဲ စောင်ခြင်ထောင်အိပ်ရာခင်းတွေ မသန့်လျှင်ဘယ်မှာ စိတ်ချမ်းသာမှာလဲ၊ နေရောင်ထဲမှာ ခြောက်သွေ့သွားသော အိပ်ရာခင်းစောင်တွေ ရနံ့တို့က မွှေးပျံ့လတ်ဆတ်နေသလိုပါပဲ။ ဘယ်လိုပဲဆင်းရဲဆင်းရဲ အဖေတို့ အမေတို့ အဝတ်အစားအိပ်ရာတွေကတော့ အမြဲသန့်ရှင်းနေအောင် ကျွန်မကြိုးစားဖွပ်သည်။ ဆင်းရဲပါသည်ဆိုကာမှ ခေါင်းအုံးက ဆီချေးစော်နံ၊ စောင်တွေ ခြင်ထောင်တွေက ချဉ်စုတ်စုတ်ချွေးနံ့တွေနှင့် ကျွန်မ အလွန်အော်ကလီဆန်တတ်ပါသည်။ အဖေတို့ အမေတို့ ကြေးညော်နံ့ကင်းသော အိပ်ရာပေါ်မှာ သေသွားရသည်ကိုပဲ စိတ်ဖြေသာပါသည်။ သည်တုန်းက ရေကလည်းပေါပါသည်။ ယခုတော့ အဖေလည်း မရှိတော့ပါ။ အမေလည်း အိပ်ရာဖြူဖြူလေးပေါ်မှာ၊ နောက်ဆုံးအိပ်သွားခဲ့ပါပြီ။ ကျွန်မတို့ ခြံကလေးကို ရောင်း၍ အမေ့ရောဂါ





ကြောင့် တင်သောကြွေးတွေ ကျွန်မဆပ်လိုက်ပါသည်။

အဒေါ့်အိမ်မှာ ဆိုတော့ရေကလည်း ဝယ်သုံးရသည်။ အဒေါ့်စိတ်တိုင်းကျကြည့်နေရသည်ပဲပေါ။ ကျွန်မ အရောင်းအဝယ်၊ လုပ်ခဲ့တုန်းက ကျန်ငွေလေးနှင့် အိပ်ရာခင်းဖြူဖြူ အခြေအနေကို ထိန်းခဲ့ပါသည်။ ယခုတော့ ကျွန်မဆန္ဒအတိုင်းဖြစ်လာ၍ မမကိုကျေးဇူးတင်မိပါသည်။ ကျွန်မအခန်းလေးကို သန့်ရှင်းရေးလုပ်ပြီး ခုတင်ပေါ်မှာ ခြင်ထောင်ထောင် အိပ်ရာခင်းပြီး ကျွန်မ အောက်ထပ်ဆင်းလာပါသည်။ ဒေါ်မုံးက သူချက်ပြုတ်ပြီးသား ဟင်းတွေကို ထမင်းချိုင့်ထဲ တစ်ဆင့်ပြီးတစ်ဆင့်ထည့်သည်။ အားလုံးအဆင်သင့်ဖြစ်တော့ ကျွန်မကိုယူခိုင်းသည်။

"ညည်းအဲဒါ အိမ်ရှေ့ယူသွား၊ ကိုဖြိုးကားထုတ်လာရင်း ကားပေါ်တင်ပေးလိုက်"

"မမက အိမ်မှာထမင်း မစားဘူးလား"

"၉ နာရီပဲ ရှိသေးတယ်၊ ဟိုအလုပ်တိုက်မှာ စားမှာ"

"ပန်းကန်တွေ ဇွန်းတွေရော"

"အားလုံး အလုပ်တိုက်မှာ အဆင်သင့်ရှိပါတယ်"

ကျွန်မသည် ထမင်းချိုင့်ကို အိမ်ရှေ့ခန်းမကြီးအဝ ယူသွားတော့ ဘကြီးဖြိုးကားမှာ ဆင်ဝင်အောက် အဆင်သင့်ရောက်နေပါသည်။ ထမင်းချိုင့်ကို ကားပေါ်တင်လိုက်ပါသည်။ ရှေ့ဆက် ဘာလုပ်ရမှန်းမသိ။ ဘကြီးဖြိုးကလည်း စကားသိပ်ပြောပုံမရ။ ကျွန်မ သံဆွဲတံခါးနားရပ်နေပါသည်။

လှေကားဆီမှ ခြေသံကြား၍ လှည့်ကြည့်လိုက်တော့မမ။ ကျွန်မ အလွန်အံ့အား သင့်သွားပါသည်။ နံနက်ခင်း အိပ်ရာထက တွေ့ခဲ့သော မမနှင့် ဘာမှမတူ။ မနက်က မမကို အသက် ၄၀ လောက်ဟု ကျွန်မ ခန့်မှန်းခဲ့ပါသည်။ ယခုတော့ မမသည် ၃၀ လောက်ခန့် နုပျိုသွားသည်။ ဆံပင်တွေမှာ သူ့မျက်နှာနှင့် လှပအောင် နဖူးပေါ်မှာခွေနွဲ့နေကြသည်။ ကုပ်ပေါ်မှာ ဆံထိုးမဟုတ်သော ဆံပင်တိုတွေကို ပုံပုံလေး ရစ်ဖွဲ့ထားသည်။ နှုတ်ခမ်းများက နံနက်ခင်းကလို ဖြူလျော်မနေ၊ ခရမ်းရောင်



www.burmeseclassic.com

www.burmeseclassic.com

စိုဝင်းနေသည်။ ကော့နေသော မျက်တောင်အောက်မှာ မျက်လုံးက ဝှန်းမှောင်ကြည်လဲ့နေသည်။ မျက်ခွံပေါ်ကနီပြေပြေနှင့် ပါးပေါ်က နီထွေးထွေး အရောင်တွေ၊ မမမျက်နှာသည် အရောင်စုံတွေကို လိုက်ဖက်အောင် ဆေးချယ်ထားသော ပန်းချီဆရာ၏ လက်ရာနှင့်တူနေသည်။ ပခုံးလက်ပြတ် ခရမ်းရောင်ပွင့်ခက်များ နွယ်ယှက်ထားသော အင်္ကျီအောက်မှာ မို့၍ဖြိုးမောက်သောရင်သားက တိမ်းနွဲ့တိမ်းပါးနှင့်၊ ပြီးတော့ ခရမ်းရင့် ဖြောင်ပိုးပျော့လုံချည်ကလည်း ခြေလှမ်းသွားတိုင်း ပြည့်တင်းသော တင်ပါးကို ထင်းထင်းကြီး ပေါ်လွင်စေပါသည်။ သွယ်ပျောင်းသော ခြေတံအောက်မှာ ခရမ်းရောင် ခုံမြင့်ဖိနပ်လေးက မမခြေဖမိုးနှင့် လိုက်ဖက်လွန်းပါသည်။ လန်းဆန်း သွက်လက်စွာ မမကားပေါ်တက်သွားပုံကို ကျွန်မ တမေ့တမော ငေးနေမိပါသည်။ ကားထွက်သွားတော့မှ သံဆွဲတံခါးကိုပိတ်လိုက်ကာ ဧည့်ခန်းမကြီး၊ ထမင်းစားခန်းများကို သန့်ရှင်းရေး ကျွန်မစလုပ်ပါသည်။ ကော်ဇောပေါ်မှ ဖုန်များသန့်စင်ဖို့ စက်ကိရိယာတစ်ခု ဒေါ်မုံးက ထုတ်ပေးပါသည်။ ဒီစက်ကိုကိုင်စ အခက်အခဲရှိသည်ကလွဲ၍ ကျန်အလုပ်တွေကို ကျွန်မ လွယ်လွယ်ကူကူလုပ်နိုင်ပါသည်။ တယ်လီဖုန်းလာလျှင် ကိုင်ဖို့လည်း ဒေါ်မုံးက သင်ပြပါသည်။ အားလုံးပြီးကာနီးမှာ တီခနဲမြည်လိုက်သော ခေါင်းလောင်းသံ ကြားရပါသည်။ ဘယ်ကပါလိမ့်၊ မမကလည်း အပေါ်မှာမရှိပါ။ ကျွန်မ ဒေါ်မုံးရှိရာမီးဖိုသို့ ပြေးသွားပါသည်။

"ဒေါ်မုံး ဘယ်ကလဲ၊ ခေါင်းလောင်းသံကြားတယ်" ဒေါ်မုံးက အိမ်ရှေ့ကို လိုက်လာပါသည်။ ဘဲလ်သံမှာ ထပ်မြည်လာပါသည်။

"ဟဲ့-ခြံဝက အသံ၊ စာပို့သမားလား၊ ဧည့်သည်လား သွားစမ်း"

ဒေါ်မုံး အမိန့်အတိုင်း ကျွန်မ ခြံဝကို ပြေးထွက်သွားပါသည်။ စာပို့သမား ခြံဝမှာ ရပ်နေသည်။ တံခါးအပြင်မှာ စာတိုက်ပုံး ချိတ်ထားရက်သား နှင့် ဘာကိစ္စရှိ၍လည်းမသိ၊ ကျွန်မ တံခါးနားရောက်တော့-

"ရီဂျစ်စတာ စာလက်မှတ်ထိုးယူစရာ စာပါလာလို့" ဟု စာပို့သမားက ပြောပါသည်။ မီးခိုးရောင်ဝတ်စုံနှင့် စာပို့သမားလေးသည် အသက်နှစ်ဆယ်လောက်ပဲ ရှိဟန်တူသည်။ အသားလတ်လတ်နှင့် တောင့်တင်း ကျန်းမာသော ကိုယ်ဟန်ရှိပါသည်။ ကျွန်မက သူပြသော နေရာမှာ လက်မှတ်ထိုးလိုက်ပါသည်။

"လေးခင်တဲ့၊ ခင်ဗျားနာမည်နော်၊ ခင်ဗျားက စာတတ်တယ်"

သူက ကျွန်မ လက်မှတ်ကို ကြည့်၍ မေးပါသည်။

"ဟုတ်ကဲ့"

"အရင်ကဆို အဘွားကြီး တစ်ယောက် ထွက်လာပြီး၊ စာယူရင် အဲဒီမှာ ကြက်ခြေခတ်တယ်။ သူ့ခမျာ စာမတတ်ဘူးထင်တယ်"

ဒေါ်မုံးကို သူဆိုလိုဟန်တူပါသည်။ ပြီးတော့ သူ့စာအိတ်ကို ကျွန်မအား လှမ်းပေးပါသည်။

"သွားတော့မယ်နော်၊ ကျွန်တော့်နာမည်မှတ်ထားပါ၊ စိုးမောင်ပါ" ရင်းရင်းနှီးနှီး နှုတ်ဆက်၍ သူ့စက်ဘီးလေးစီးကာ ထွက်သွားပါသည်။ ကျွန်မဂရုစိုက်ကြည့်သည်က သူ့ယူနီဖောင်း မီးခိုးရောင်ဝတ်စုံကို ဖြစ်သည်။ အရောင်များ ပြယ်လွင့်စပြုသွားပေမဲ့၊ ကောင်းမွန်စွာ ဖွပ်ထားပုံရသည်။ ပြီးတော့ သပ်သပ်ရပ်ရပ်နှင့် ကြေမွမနေပါ။ ကျွန်မ အိမ်ထဲသို့ ပြန်ဝင်ခဲ့ပါသည်။

* * *

(၃)

ညနေရောက်တော့ ကျွန်မ ရေမိုးချိုးအဝတ်လဲပြီး သံဆွဲတံခါးကမှာ လမ်းလျှောက်ရင်း မမအလာကို စောင့်နေပါသည်။ ဒီလို လုပ်ရမည်ကို ဒေါ်မုံးက ညွှန်ကြားထားပါသည်။ အိမ်ရှေ့ခြံဝန်းရှိ မြက်ခင်းစိမ်းကြီးကို ကြည့်ရင်း၊ တိတ်ဆိတ် အေးချမ်းသော ကျွန်မအဖြေကို သတိရနေမိပါသည်။ တာကြီးပိုင်း ဆိုပေမဲ့ အစွန်ဖျားဘက်။ ရေတွင်းများ ကိုယ်ပိုင်ရှိ၍







www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ ဘက်မှာ ယာခင်းတွေနှင့် စိမ်းစိုနေသည်။ တာကြီးပိုင်းချင်းတူပေမဲ့ အဒေါ့်အိမ်က မြို့ဘက်နီး၍ လူနေထူထပ်သောဈေးဆိုင်တန်းလက်ဖက်ရည်ဆိုင် ဘေးမှာဆိုတော့ ဆူညံပူလောင်လှသည်။ သစ်ပင်စိမ်းစိမ်းစိုစိုကို မမြင်ရပါ။ မမခြံကတော့ အေးမြစိမ်းစိုနေသည့် မြက်ခင်းပေါ်မှာ ပိုက်ခေါင်းမှ ရေပန်းတွေ ချာချာလည်ကာ မြက်ခင်းပေါ် ပက်ဖျန်းနေသည်။

မမကား ဝင်လာပါသည်။ ခြံတံခါးကို မာလီကပြေးဖွင့်၏။ ဆင်ဝင်အောက်ရောက်တော့ ကျွန်မ ကားနောက်ဘက်တံခါးကို မှားဖွင့်မိပါသည်။ မမ နံနက်ကလို နောက်မှာပါလာသည်ထင်၍ ဖြစ်ပါသည်။ ကားနောက်မှာ ထိုင်နေသူက ဘကြီးဖြိုး။ ကားမောင်းလာသူက လူရွယ်တစ်ယောက်။ လူရွယ်ဘေးမှာ မမ။ ကျွန်မ ရုတ်တရက် ကြောင်နေစဉ် မမ သူ့တံခါးသူဖွင့်၍ ဆင်းလာပါသည်။

ကျွန်မ ပစ္စည်းတွေ ယူနေစဉ် မမတို့ အိမ်ပေါ် တက်သွားပါသည်။

"လေးခင်အပေါ်ကို လိမ္မော်ရည်ယူခဲ့"

မမက လှေကားရင်းမှ ကျွန်မကို လှမ်းပြောလိုက်ပါသည်။ ကျွန်မ နောက်ဖေးကိုပြေးသွား၏။ ဒေါ်မုံးပြင်ပေးသော လိမ္မော်ရည်ဖန်ခွက်များကို ယွန်းဗန်းပေါ် တင်လိုက်သည်။ ပြီးတော့ ရေခဲတုံးများ ထည့်ထားသော ဖန်ချိုင့်၊ ဖန်ချိုင့်ထဲမှာ ရေခဲယူဖို့ ငွေရောင်ညှပ်တစ်ခု၊ ကျွန်မ ပစ္စည်းများကို ထည့်ရင်း ဒေါ်မုံးကို လှမ်းမေးလိုက်ပါသည်။

"အပေါ်ထပ် ဘယ်ကိုယူရမှာလဲ"

"မနက်က မမ အိပ်ခန်းကိုလေ"

"ဟင်. . . ဟိုလူတစ်ယောက်လည်း ပါလာသေးတယ်လေ၊ ဧည့်သည်ကို အိပ်ခန်းထဲမှာဧည့်ခံတယ်" ကျွန်မက ပြူးပြူးပြဲပြဲနှင့် မေးလိုက်၏။

"စပ်စုလိုက်တာဟာ။ ကိုပါဟာ ဧည့်သည်မဟုတ်ဘူး"

ကျွန်မ လိမ္မော်ရည်ဗန်းကို အပေါ်ထပ်ယူလာရင်း၊ စိတ်ထဲမှာတော့ ဒေါ်မုံးစကားကို ရေရွတ်နေမိသည်။ "ကိုပါဟာ ဧည့်သည်မဟုတ်





ဘူး"တဲ့။ မမအခန်းထဲရောက်တော့ ကိုပါဆိုသူ ဆိုဖာပေါ်မှာ ထိုင်နေသည်။ မမကို မတွေ့ရပါ။

"ဒီကိုယူလာခဲ့" ကိုပါ့အသံက သြဇာမြောက်လှသည်။ တည်ကြည်ခံ့ညားသောအသံ။ ကျွန်မ စားပွဲပေါ်ဗန်းချရင်း၊ သူ့မျက်နှာကို လှည့်ကြည့်လိုက်ပါသည်။ သူကလည်း ကျွန်မကို ကြည့်နေတော့ ကျွန်မရင်ထဲ လှုပ်ရှားသွားပါသည်။ လက်တွေပါ တုန်လာသလို ဒီနေရာမှာ ကြာကြာရပ်ရမှာလား၊ ပြန်ထွက်သွားရတော့မှာလား၊ ဘာလုပ်ရမှန်းမသိ။ မျက်ခုံးကောင်းကောင်း၊ မျက်လုံးက ဝင်းပပနှင့် အသားကလည်း ဖြူပါသည်။ မေးရိုးထောင်၍ အနည်းငယ် ရင့်ကျက်ပုံရပေမင့် နှာတံဖြောင့်စင်းနေသော လူချောတစ်ယောက်၊ သူ့ဆံပင်ကလည်းခုခေတ် အမျိုးသားတွေလို ကုပ်ဝဲမဟုတ်၊ ခပ်တိုတို ညှပ်ထားပါသည်။

"လေးခင်သွားနိုင်ပြီ" မမအသံကြားရသည်။ မမ အဝတ်လဲခန်းထဲမှ ထွက်လာတော့မှ ကျွန်မ ခပ်သွက်သွက် အခန်းထဲမှ ထွက်လာပါသည်။ အမလေး. . . ရင်ထဲမှာ မောလိုက်တာ။ ဘာဖြစ်၍မှန်းမသိ။ မိနစ် ၂၀ လောက်အချိန်ကာလလေးကို ဖြတ်သန်းနေသည်မှာ ပင်ပန်းလိုက်တာ။ မမတို့ လေ့ထုံးစံပေပဲလား. . .။ လူရွယ်ယောကျာ်း တစ်ယောက်ကို ကိုယ့်အိပ်ခန်းထဲမှာဧည့်ခံသည်တဲ့။ ဒေါ်မုံးကို မေးလျှင်လည်း၊ စပ်စုသည်ဟု အပြောခံရမည်။ ကျွန်မ တစ်ယောက်တည်း ထမင်းစားခန်းမှာထိုင်နေမိသည်။ ပြီးတော့မှ ညစာအတွက်ကူရန် မီးဖိုထဲဝင်လာပါသည်။ မီးဖိုထဲမှာ ဘကြီးဖြိုးတို့ လင်မယား နှစ်ယောက်။

"ရှင်ရေမချိုး သေးဘူးလား၊ ကိုဖြိုး"

"အပ့်ကို လိုက်ပို့ရဦးမယ်လေ"

"သူညစာ ဒီမှာမစားဘူးပေါ့"

"စားမယ်မထင်ဘူး"

သူတို့နှစ်ယောက် ပြောစကားကို နားထောင်ရင်း ပန်းကန်တွေသယ်သွားကာ ထမင်းစားခန်းစားပွဲပေါ်မှာ ကျွန်မပြင်ဆင်နေပါသည်။


www.burmeseclassic.com

www.burmeseclassic.com

မကြာခင် မမနှင့်ကိုပါ လှေကားမှဆင်းလာကာ ခြံထဲထွက်သွားကြသည်။ မမသည် ဘလောက်အင်္ကျီ ပွပွဖျော့ဖျော့ နုံ့သာရောင်နှင့် တစ်မျိုး လှနေသည်။ ကိုပါနှင့် ယှဉ်လိုက်တော့ ကိုပါဆိုသူငယ်ပုံရသည်။ ကျွန်မသည် သူတို့ နှစ်ယောက် လမ်းလျှောက်နေသည်ကို ထမင်းစားခန်း ပြတင်းမှ မျှော်ကြည့်နေမိပါသည်။ အရပ်အမောင်းကတော့ ကိုပါသည် မမထက် မြင့်ပါသည်။

နေဝင်လုချိန်ကျမှ ဘကြီးဖြိုး ကားထုတ်လာတာ ကိုပါကိုလိုက်ပို့ရန် ဆင်ဝင်အောက် မောင်းလာသည်။ ကားတံခါးဖွင့်ပေးဖို့ ကျွန်မ ကားနားမှာ ရပ်နေပါသည်။

"အပါ . . . နောက် တနင်္ဂနွေတော့ ညစာ မမတို့ အိမ်မှာ စားရမယ်နော်"

ကျွန်မ ဖွင့်ပေးရန်မလို၊ မမ ကိုယ်တိုင် ကားတံခါးဖွင့်ပေး၍ ကိုပါ တက်သွားပါသည်။ ကားထွက်သွားသည်အထိ မမ လက်ပြကျန်ရစ်သည်။

မမ ညစာ ၇ နာရီလောက်မှ စားသည်။ ကျွန်မကတော့ ဘကြီးဖြိုးတို့ လင်မယားနှင့် အတူစားရပါသည်။ ၉ နာရီလောက်မှာ ဘကြီးဖြိုးတို့ အစေခံတန်းလျားကို ပြန်ကြသည်။ တံခါးတွေ အားလုံးပိတ်ပြီး ကျွန်မ အခန်းကို ကျွန်မ တက်လာခဲ့ပါသည်။ မမက လိုအပ်လျှင် ကျွန်မကို ဘဲလ်တီးခေါ်မည်ဟု ပြောပါသည်။

အိပ်ရာပေါ် လှဲရင်း ဒီအိမ်ကြီးမှာ တစ်နေ့တာကို စဉ်းစား နေမိပါသည်။ ကျွန်မတွေ့ရသော သူစိမ်းဆို၍တော့ နံနက်က စာပို့သမားလေး ကိုစိုးမောင်နှင့် ညနေက ကိုပါ။ မမကတော့ အပါတဲ့။ မောင်နှမလား ဆွေမျိုးလား၊ တဖြည်းဖြည်းတော့ သိလာမှာပဲဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ပေါ့လေ။ ကျွန်မ နှစ်သက်သော အိပ်ရာခင်းဖြူဖြူပေါ်မှာ ကျွန်မ ထိုညက ကောင်းစွာ အိပ်ပျော်သွားပါသည်။

နောက်တစ်ပတ် တနင်္ဂနွေမှာ ဘာဖြစ်၍မှန်းမသိ၊ ကိုပါကို မမ ထမင်းမကျွေးဖြစ်ပါ။ တစ်နေ့လုံးလိုလို မမလည်း အပြင်ကို ထွက်သွား





ပါသည်။ ညနေ ပြန်လာတော့ အပေါ်မှာပဲနေသည်။ ခြံထဲကိုဆင်း၍ မမလမ်းလျှောက်သည်ကို ကျွန်မ မတွေ့ရပါ။ ထမင်းစားဖို့ ထမင်းစားခန်းထဲဝင်သွားတော့ ဘကြီးဖြိုးတို့နှစ်ယောက် စကားပြောနေသံ ကြားရပြန်သည်။

"အပါနှင့် မမထား ဇာတ်လမ်းကဘယ်လိုဖြစ်လဲမသိ။ အပါလည်း ထမင်းမစား။ မင်းတို့မမတော့ စိတ်ကောက်နေတယ် ထင်တယ်"

ဘကြီးဖြိုး ပြောစကားကို ကျွန်မ သိပ်နားမလည်။

"ဘယ်တတ်နိုင်မလဲ။ ကောင်လေးက ငယ်တော့၊ သူက ချော့ရတဲ့ ဇာတ်လမ်းဖြစ်မှာပေါ့"

ကျွန်မ တံခါးဖွင့်လိုက်တော့၊ သူတို့စကား ရပ်သွားပါသည်။

"လာ လေးခင်၊ ထမင်းစားမယ်"

ဒေါ်မုံးက ခေါ်လိုက်သည်။

ထမင်းဝိုင်းမှာ ထိုင်ရင်း၊ ကျွန်မ မနေနိုင်။ မေးခွန်းတစ်ခု မေးလိုက်ပါသည်။

"ဒေါ်မုံးတို့ ပြောနေသံကြားလို့ မမနာမည်က မမထားတဲ့လား"

အမှန်တော့ ဒီအိမ်ရောက်လာကတည်းက ဒေါ်မုံးတို့ခေါ်သလိုသာ မမ ဟုခေါ်နေရသည်။ မမနာမည်ကို ကျွန်မ မသိပါ။

"ကိုဖြိုးရေ . . . ဒီကောင်မလေး၊ ကြောင်တယ်ဆိုတော့ ရှင်မယုံဘူး။ သူအပါနဲ့ မမထားဇာတ်လမ်းကိုလည်းမသိဘူး။ ပြီးတော့ မမနာမည်လည်း မသိဘူး"

"ဘယ်သိပါ့မလဲကွ၊ အပါနဲ့ မမထားဇာတ်လမ်းက တို့ငယ်ငယ်က ရုပ်ရှင်၊ သူတို့မွေးမှာ မဟုတ်သေးဘူး" ကျွန်မ အမေးကိုမဖြေ၊ သူတို့ လင်မယား အချီအချပြောကာ၊ ဘကြီးဖြိုး ထမင်းစားပြီးသွားပါသည်။ ဘကြီးဖြိုး အပြင်ထွက်သွားတော့မှ ဒေါ်မုံးက စကားဆက်ပါသည်။

"အပါနဲ့ မမထားဇာတ်လမ်းဆိုတာ၊ မိန်းမကြီးကြီးနဲ့ကောင်လေး ငယ်ငယ် ကြိုက်တဲ့ဇာတ်လမ်း၊ တင်မောင်နဲ့မေရှင် မြားနတ်မောင်



www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ကားမှာ သိပ်ကောင်းတာပဲ။ ဒေါ်မုံးတို့ ကြည့်ရတယ်။ ခုလည်းကိုပါ က မမထားထက် အများကြီးငယ်တယ်လေ။ မမက အစစ အလိုလိုက် ပါတယ်"

"မမနာမည်က"ကျွန်မက ထပ်မေးပြန်သည်။

"ရုပ်ရှင်ထဲကလို မမထားတော့ မဟုတ်ပါဘူး။ ဒေါ်တင်မမတဲ့။ မမက တကယ်တော့ သိပ်သဘောကောင်းပါတယ်။ သူ့ဂုဏ်၊ သူ့စည်းစိမ်နဲ့ စပ်တဲ့လူတွေရှိပေမဲ့ လက်မခံဘူး။ အပ့ါကိုပဲ ရင်းရင်းနှီးနှီးနေတယ်"

"သူတို့လက်ထပ်တော့မှာလား"

"ဘယ်သိပါ့မလဲ၊ ဒါလောက်တော့လည်း မစပ်စုနဲ့ဦး"

ဒေါ်မုံးတစ်ယောက် ပြောသမျှသာ ကျွန်မကသိရသည်။ ကျွန်မကို ဘာကြောင့်များ မစပ်စုနဲ့ဟု ခဏခဏတားမြစ်နေသည် မသိပါ။

နောက်အပတ် စနေမှာ မမအလာကိုကျွန်မ စောင့်ရင်း ခြံထဲမှာ လမ်းလျှောက်နေမိသည်။ မာလီကြီးပင် ရေပိုက်များသိမ်း၍ အိမ်ပြန် သွားပါသည်။ သစ်ခွပန်းစင်များ အနားမှာ ကျွန်မထိုင်လိုက်ပါသည်။ ရေစာတ်နှင့် စိမ်းမြနေသော မြက်ခင်းအရှိန်ကြောင့် ကျွန်မ အနား တစ်ဝိုက်မှာလည်း အေးနေပါသည်။ နွေ၏အပူငွေ့များမှာ ခြံထဲကို တိုးဝင် လာခြင်းမရှိ။ အပြင်မှာတော့ အတော်ပူမည်ဖြစ်ပါသည်။ နေရောင်သည် တဖြည်းဖြည်း ဖျော့လာသည်။ ကားတစ်စီးရပ်သံကြား၍ ကျွန်မ ခြံဝသို့ ထွက်လာပါသည်။ ကားထဲမှာ ကိုပါကို တွေ့ရပါသည်။ ကျွန်မ တံခါးကို ဖွင့်ပေးရင်း မမပြန်မရောက်သေးကြောင်း ပြောလိုက်ပါသည်။

"မင်းလမ်းလျှောက် နေလား"

"ခြံထဲမှာ ထိုင်ရင်း မမကိုစောင့်နေတာပါ"

"သွားသွားထိုင်နေ။ ကိုကိုပါ လာခဲ့မယ်"

သူ့ကိုယ်သူ ကိုကိုပါဟု ပြော၍ ကျွန်မနားထဲထူးဆန်းနေပါသည်။ ဟုတ်၏။ သူ့ကိုကျွန်မ အမည်တစ်ခုခု ခေါ်ရပေမည်။ ယခုတော့ သူပြော သလို ကိုကိုပါဟုခေါ်ခြင်းမှာ အကောင်းဆုံးဖြစ်ပါသည်။ ကျွန်မသစ်ခွပင်





ဘေးရှိ ခုံတန်းပေါ် သွားထိုင်လိုက်သည်။ ကိုကိုပါက ကားကို ဆင်ဝင် အောက်ရပ်ကာ ကျွန်မရှိရာသို့ မြက်ခင်းစပ်နှင့် ပန်းခင်းများကြားမှ လျှောက်လာသည်။

ကျွန်မဘေးမှ ခုံတန်းမှာ ထိုင်ချလိုက်သည်။

"အအေးတစ်ခုခု သောက်မယ်ဆိုရင် ကျွန်မသွားယူလိုက်ပါ့မယ် ကိုကိုပါ"

ကျွန်မသည် ကိုကိုပါဆိုသောစကားကို ဖြည်းညင်းစွာ ရွတ်ဆို လိုက်ပါသည်။

"ခုပဲ သောက်ခဲ့တယ်။ အေးအေး ထိုင်ပါကွာ။ ဒီမှာစကားပြောရင်း မမကိုစောင့်တာပေါ့။ ခုမှပဲ အေးတော့တယ်"

သူကလက်ကိုင်ပဝါနှင့် ကုပ်လည်ပင်းတွေသုတ်ရင်း ပြောလိုက်၏။ သူ့လေသံက တရင်းတနှီး ကိုယ့်ထက်ငယ်သူတစ်ယောက်ကို ပြောသော လေသံ ဟုတ်ပါသည်။ ကျွန်မက သူ့ထက်အများကြီး ငယ်ပုံရပါသည်။

"မင်းဒီမှာမလုပ်ခင်က ဘယ်မှာလုပ်လဲ"

ကျွန်မသည် မမကိုပြောပြသည့်အတိုင်း ပြောပြလိုက်ပါသည်။ ပထမတော့ ရှက်ရွံ့သလိုဖြစ်နေပေမဲ့၊ နောက်ပိုင်းသွက်သွက်လက်လက် ကျွန်မပြောရဲလာပါသည်။

"ကျွန်မတို့ ဆရာကိုငွေအောင်က သူ့ညကျောင်းမှာ စာကြည့်ခန်း လေးလည်း လုပ်ထားတော့ ကျွန်မတို့ စာအုပ်ငှားကြည့်ဖြစ်ပါတယ်။ ညနေစောင်းလည်း စောစောကျောင်းကိုသွားပြီး စာဖတ်ဖြစ်ပါတယ်။ စာသင်တာက ညမှသင်ရတာ။ အမေ့ကို စောင့်ရင်းလည်း နေ့လယ် ဝတ္ထုတွေ ဖတ်ဖြစ်ပါတယ်။ အခေါ့အိမ်ရောက်တော့ ငှားဖတ်ရတာ ဆရာ့ကျောင်းနဲ့ ဝေးသွားပြီ"

သူက ကျွန်မကို ရဲရဲဝံ့ဝံ့နှင့် စူးစူးစိုက်စိုက် ကြည့်ပါသည်။ ဒါပေမဲ့ သူ့အကြည့်မှာရိုးသားပါသည်။ အစ်ကိုတစ်ယောက်က ညီမငယ်ကို ကြည့် ပုံမျိုး ကျွန်မစကားတွေကိုလည်း စိတ်ဝင်စားစွာ နားထောင်ပါသည်။ ဘာ



www.burmeseclassic.com

www.burmeseclassic.com

လိုလိုနှင့် နေရောင်တွေ ခြံဝင်းထဲမှာမရှိတော့ပါ။ မှောင်ရိပ်သန်းလာပါသည်။ အိမ်ကြီးဘက်မှာ မီးရောင်တွေလင်းလာပါသည်။ မြက်ခင်းလယ်မှာ ဓာတ်တိုင်ထိပ်မှ မာကျူရီ မီးရောင်ပြာလဲ့လဲ့ကလည်း မြက်ခင်းပေါ်မှာ ဖြာကျနေပါသည်။

"အမှန်တော့ လထွက်လာရင် ဒီမီးရောင်ကမလိုတော့ဘူး။ ည အလှ ပျက်သွားသလိုပဲနော်။ ဒါနဲ့ မင်းနာမည်က"

"လေးခင်ပါ. . ."

"အေး. . . ဟုတ်ပါရဲ့။ မမခေါ်သံ ကြားမိသလိုပဲ။ မမကလည်း ကြာလိုက်တာ၊ အလုပ်မှာ သိပ်အာရုံစိုက်တာပဲနော်။ ဒီခြံကြီးဟာ ညမှာ သိပ်လှတာပဲ။ မမ ဒီအလှမှာ စိတ်ဝင်စားရင်း သူ့စိတ်အလိုလို အပန်းပြေမှာ မင်းကော ဘယ်လိုထင်လဲ မလေး"

ကျွန်မ ကြောင်နေပါသည်။ ဘာဖြေရမှန်းမသိပါ။

"အဲလေ. . . ဒါနဲ့ မင်းဖတ်ဖူးတယ်ဆိုတဲ့ ဝတ္ထုတွေထဲမှာ ဘယ်ဟာတွေကို ကြိုက်လဲ. . ."

"ကျွန်မ. . . ကျွန်မအများကြီးကြိုက်ပါတယ်"

"ဒီလိုပါလေ၊ ကိုယ်ဆိုလိုတာက အချစ်ဝတ္ထုမျိုးလား၊ သိုင်းဝတ္ထုလား၊ စုံထောက်လား၊ ဘဝသရုပ်ဖော်လား။ တစ်ခုခုကို ဘယ်ဟာ ပိုပြီး ဖတ်သလဲ"

ကျွန်မက ခေတ္တငေးနေသည်။

"ဝတ္ထုတိုင်းလိုလိုဟာ ဘဝကို သူ့ရှုထောင့်နဲ့ သူသရုပ်ဖော်နေတာပဲလို့ ဆရာကိုဌေးအောင်က ပြောပါတယ်။ ကျွန်မလည်းစုံစုံ ဖတ်ပါတယ်"

"အေး. . . အေး. . . မင်းဆရာပြောတာလည်း မှန်ပါတယ်။ ဒါပေမဲ့လေ. . . အချစ်လွန်ကဲတော့လည်း အချစ်ဝတ္ထု။ လူတွေနေထိုင်စားသောက်ရပုံ ဆင်းရဲကျပ်တည်းမှုတွေကို သရုပ်ဖော်တော့ ဘဝသရုပ်ဖော်ဝတ္ထု ဆိုပါတော့။ အဲဒါပြောတာပါ"

"ဟုတ်ကဲ့။ ကျွန်မကတော့. . ."





ကျွန်မသည် စကားရှေ့မဆက်နိုင်တော့ဘဲ ငေးနေမိသည်။

"ဆိုပါဦး"

"ဘဝသရုပ်ဖော်ဆိုပေမဲ့၊ ဆင်းရဲတာရဲ့ နောက်တွဲပြဿနာတွေ ပါတဲ့အကြောင်းတွေ မဖတ်ချင်ဘူး"

သူကထူးဆန်းသလို မျက်လုံးပြူး၍ ကျွန်မကို ကြည့်ပါသည်။

"ကျွန်မက ဆင်းရဲတာလောက်တော့ ခံနိုင်ပါတယ်။ စာရေးဆရာတွေ စိတ်ကူးနဲ့ရေးတဲ့ ဘဝထက် ကျွန်မရဲ့လက်တွေ့ဘဝက ပိုဆင်းရဲပါတယ်။ ထပ်တူထပ်မျှ စာရေးဆရာတွေက ခံစားရေးပါတယ် ဆိုပေမဲ့ တကယ်လက်တွေ့ ခံစားရတဲ့ကာယကံရှင် ကျွန်မတို့လောက် ခါးသီးနာကြည်းမှုကို သူတို့မခံစားရဘူး။ ဒီတော့လည်း ဘဝသရုပ်မှန်ဆိုပေမဲ့ မဖတ်ချင်တော့ဘူး။ ကိုယ့်ဘဝက ခဏလွတ်မြောက်လည်း မနည်းဘူး။ ကိုယ့်ဘဝကို မေ့လို့ရတဲ့ စိတ်ကူးယဉ်ဝတ္ထုတွေကို ပိုဖတ်ပါတယ်။ ကြိုက်လွန်းလို့တော့ မဟုတ်ပါဘူး။ ပြီးတော့ စုံထောက်ဝတ္ထု ဖတ်ပါတယ်"

"အေး-မင်းပြောတာလည်း စဉ်းစားစရာပဲ။ မလေးခင် မင်းဟာ သိပ်ဆင်းရဲတယ် ဟုတ်လား။ ဆင်းရဲလို့ ဆင်းရဲသားတွေအကြောင်း ဘဝသရုပ်ဖော်ကို မဖတ်ချင်တာလား"

"မဖတ်ချင်လို့တော့ မဟုတ်ဘူးလေ။ ဘယ်လိုပြောရမလဲ။ မဖတ်ရဲဘူးဆိုရမှာလား။ ဥပမာ နွေတစ်ည၊ ကိုကိုပါ ဖတ်ဖူးလား"

"အေး-ဖတ်ဖူးတယ်။ ကိုယ်သိပ်ကြိုက်တာပဲ"

"ကျွန်မလည်းကြိုက်တာ။ ဒီဝတ္ထု ဖတ်စက ကျွန်မငယ်ပါသေးတယ်။ ဆရာကသူစုထားတဲ့ စာအုပ်တွေထဲက ကျွန်မကို ပေးဖတ်တာ။ ဖတ်ရင်းလည်း ကိုယ်ခံစားရသလိုပဲ။ ဒါပေမဲ့ ကျွန်မအရွယ်ရောက်လို့ အလုပ်လုပ်ရတဲ့အခါ အရောင်းအဝယ်လုပ်ရင်း၊ ညတစ်ညကို တွေ့ရကတည်းက ဒီလိုဝတ္ထုမျိုးတွေကို မဖတ်ရဲဘူး။ ရင်ထဲမှာ ဝေဒနာဟောင်းက ပေါ်လာသလိုပဲ. . ."

"ဘာ. . . ညတစ်ည"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသည် ရုတ်တရက် စကားကျွံသွားမိသည်ကို သတိရလာပါသည်။ စကားကို စိတ်ဝင်စားရင်း ပြောလိုက်မိပါသည်။ ကိုကိုပါ ကို ဒီညအကြောင်း မပြောချင်ပါ။ ကျွန်မ ချက်ချင်းပဲ စကားလွှဲလိုက်ပါသည်။

"ဖေဖေတို့နဲ့ နေတုန်းက မိဘအရိပ် ခိုနေရတာလေ။ ဆင်းရဲတယ် ဆိုပေမဲ့ ယာခင်းအကျယ်ကြီးက တဲထဲမှာနေရပြီးတော့၊ အစားမဆင်းရဲဘူး။ ကျွန်မတို့ နောက်ဘက်လှမ်းလှမ်းမှာ မြစ်ရှိတယ်။ မြစ်ကမ်းပါးက တံငါသည်တွေက ငါးနဲ့ ကျွန်မတို့ ဟင်းသီးဟင်းရွက်တွေ လဲစားတော့ ငါးဟင်းလည်း ခဏခဏစားရတယ်။ ပြီးတော့ ဝက်မွေးတဲ့သူတွေကလည်း ဝက်ခိုးပေါ်တဲ့အခါ ကျွန်မတို့ဆီ ဟင်းသီးဟင်းရွက်နဲ့ ဝက်သားနဲ့လာလဲ တော့ ဝက်သားလည်း စားရတယ်၊ စိတ်ထဲမှာ ဆင်းရဲတယ်လို့မထင်ဘူး။ တဲဆိုတာ နေလို့ရတာပဲ၊ ကွင်းပြင်ကျယ်မှာ လေတဖြူးဖြူးနဲ့၊ ကျွန်မ ပင်ပန်းတယ်ဆိုတာ၊ အဖေ့ကိုကူပြီး၊ ရေတွင်းက ရေငင်ပြီး၊ အခင်းတွေ လောင်းရတာ ပင်ပန်းတာပဲရှိတယ်။ စိတ်ထဲမှာ ပျော်မိပါတယ်။ အမေက နာတာရှည်ဆိုတော့၊ အမေ့ကို စောင့်ရင်း စာဖတ်ရတာ မပျင်းပါဘူး။ အဲ-အဒေါ်နဲ့နေတော့ သူတို့က လွင်တီးခေါင်၊ သစ်ပင်လည်းမရှိ၊ ဖုန်က လည်းထူ၊ လက်ဖက်ရည်ဆိုင်ကဆူ၊ ဈေးတန်းကဆူနဲ့၊ ဝင်ငွေလည်းမရှိ၊ ကျွန်မလည်း အရောင်းအဝယ်လည်း မလုပ်တော့ဘူး"

"မင်း ဆင်းရဲတာက ပျော်စရာကြီးလိုပဲ၊ မင်း အရောင်းအဝယ် လုပ်သေးလား"

ဒီ မေးခွန်းကို ကျွန်မ မဖြေချင်ပါ။

"ခဏပါပဲ၊ ငွေရင်းမရှိလို့ မလုပ်တော့ဘူး" ကျွန်မ စကားစသတ်ကာ ထလိုက်ပါသည်။ ဆင်းရဲတာထက်ဆိုးသော ပြဿနာတွေကို ကျွန်မ ဆက် မပြောချင်တော့ပါ။

"လရောင်တောင်မြင်ရပြီ ကိုကိုပါ။ အိမ်ထဲသွားရအောင်၊ မမ လည်း လာခါနီးပါပြီ"

ကျွန်မက ရှေ့မှသွားနှင့်၍ ကိုကိုပါ နောက်မှလိုက်လာပါသည်။





ကျွန်မတို့ ဆင်ဝင်အောက် အရောက် မမတို့ကား ထိုးဆိုက်လာပါသည်။ ဂိတ်တံခါးကို ဘယ်သူများ ဖွင့်ပေးပါလိမ့်။ ကျွန်မနှင့် ကိုကိုပါ စကားထဲမှာ စိတ်ဝင်စား နေမိကြသည်မှာ မမတို့ကား ရောက်လာသည်ကို မသိပါ။

"မမ. . . နောက်ကျလိုက်တာ၊ အလုပ်တွေ များလား"

ကိုကိုပါက ကားတံခါးဖွင့်ပေးရင်း မေးလိုက်ပါသည်။

"အလုပ်တိုက်က အစောကြီး ဆင်းလာတာ၊ ဆံပင်ပုံစံလုပ်ဖို့ နွဲ့ကေသီရယ်၊ ဆိုင်ပိတ်ပြီး အိမ်ပြန်သွားလို့၊ ဂိုလ်းဒင်းဘယ်လီ (ရွှေတောင်ကြား) လမ်းအထိ လိုက်သွားရတယ်။ ဟိုရောက်တော့လည်း သူ့ကိုစောင့်နေရလို့ကြာတာ။ နက်ဖြန်မနက် အစောကြီး မင်္ဂလာဆောင်ရှိတယ်လေ။ သူတို့က ဧည့်ခံပွဲမဟုတ်ဘူး။ ဘိသိက်သွန်းပြီး လက်ထပ်ပွဲကို ကျင်းပမှာဆိုတော့ အစောကြီးသွားရမှာ"

မမ ကားပေါ်ကဆင်းလာတော့ သူ့ဆံပင်မှာ နံနက်ကလို မဟုတ်ပါ။ ကျွန်မ မျက်စိအမြင်မှာတော့ သပြေသီးဖတ်တွေလို၊ အဖတ်အဖတ်တွေနှင့် ဆံပင်များ ခေါင်းပေါ်မှာ မို့နေသည်။

"ကဲ-လာ အပေါ်သွားစို့" မမက တံခါးဝ လှေကားထစ်ဆီ လှမ်းလိုက်သည်။

"လှပြီးသားကို ဒုက္ခခံလိုက်ရတာ၊ မမက ဒါလောက်ပြင်ဖို့ မလိုပါဘူး"

"ပြင်ရတယ်ရှင့်၊ ပြင်ရတယ်" မမ က ခပ်ငေါ့ငေါ့လေး ပြောကာ ဆက်လျှောက်သွားသည်။

"ဟို တနင်္ဂနွေအစား ဒီနေ့ညရှိတာနဲ့ အပေါ် ဒီမှာ ညစာစားမယ်နော်" ကိုကိုပါ အသံက ချော့သည့်သည်။

"လေးခင်-ဒေါ်မုံးကို အပေါ်လွှတ်လိုက်" မမက ကျွန်မကို ပြောလိုက်ကာ ကိုကိုပါနှင့် အတူ လှေကားပေါ်တက်သွားကြသည်။ ကျွန်မက မီးဖိုဝင်ကာ ဒေါ်မုံးကို အပေါ်တက်ဖို့ ပြောလိုက်ရသည်။ ဒေါ်မုံးဆင်းလာတော့ ကျွန်မကို လှမ်းပြောသည်။


www.burmeseclassic.com

www.burmeseclassic.com

"ကဲ-ပန်းကန်တွေပြင် လေးခင်၊ အပါရယ် ဒီမှာ ထမင်းစားမယ်။ ခရမ်းသီးတွေ ရှိပေလို့၊ သူကြိုက်တယ်လေ၊ ခရမ်းသီးမီးဖုတ်ပြီး သုပ်ပေးရမယ်"

သူ့ ခရမ်းချဉ်သီး လုပ်နည်းက တစ်မျိုးပါ။ ပန်ထွေဖျော်နှင့်မတူ။ ခရမ်းချဉ်သီးမီးဖုတ်၊ ပုစွန်ခြောက်ကို ထောင်း၊ ဆီချက်၊ နံနံပင်၊ ကြက်သွန်တွေနှင့် ရောနယ်လိုက်သည်။ အနံ့က မွှေးပျံ့နေသည်။ တစ်နာရီလောက်ကြာတော့ မမတို့ နှစ်ယောက် ထမင်းစားဖို့ဆင်းလာပါသည်။ မမကိုယ်တိုင် ထမင်းဟင်းကို ကိုကိုပါ၏ ပန်းကန်ထဲ ထည့်ပေးပါသည်။ မှုန့်နှံ့နှံ့သံ၊ ချော့သံတွေ၊ ငေါ့သံတွေ ကျွန်မ နားရှက်လာ၍ မီးဖိုထဲဝင်နေလိုက်ပါသည်။

ချစ်သူတွေဆိုတော့ ဒီလိုပဲပေါ့။

* * *

(၄)

မမ နေမကောင်းသော နေ့။

အလုပ်တိုက်သို့ မသွားပါ။ ကျွန်မ ဧည့်ခန်းပန်းအိုးများ ပြင်နေတုန်း အိမ်ရှေ့က ဘဲလ်သံကြားရပြန်သည်။ ကိုစိုးမောင်လာပြန်ပြီ ထင်ပါရဲ့။ ကျွန်မခြံဝကို ပြေးထွက်သွားသည်။ ဟုတ်ပါသည်။ ကိုစိုးမောင်ပါပဲ။

"မလေးခင် စာလက်မှတ်ထိုးယူဦး။ ပြီးတော့ ရေတစ်ခွက်လောက်လည်းပေးစမ်းပါဗျာ" သူသည် မိတ်ဆွေဟောင်းလို ရင်းရင်းနှီးနှီး ပြောသည်။

ကျွန်မ လက်မှတ်ထိုးရင်း၊ သူ့ကိုကြည့်လိုက်တော့ အတော်မောနေပုံရသည်။

"မပြောချင်ဘူး၊ ဟိုဘက်တောင်ကုန်း နင်းရတာ သေလုရော။ အိမ်ကလည်း နံပါတ်သာတူတာ လူတွေမရှိတော့ဘူးတဲ့။ နာမည်ကလည်း





မဟုတ်ဘူး" သူသည် အဝေးရှိကုန်းမြင့်ပိုင်းမှ အိမ်များကို လက်ညှိုးထိုးကာ ပြောပြနေပါသည်။ ကျွန်မ စာကိုယူကာ မမကို သွားပေးပါသည်။ မမက စာကိုဖတ်ရင်း မျက်နှာက ဝမ်းသာသွားပုံရသည်။

"လေးခင် ဒီစာပို့သူငယ်က စိုးမောင်လား"

"ဟုတ်ပါတယ်"

"ခေါ်လိုက်စမ်း၊ ဧည့်ခန်းမှာထားလိုက်"

"ဟုတ်ကဲ့ မမ။ သူကရေသောက်ချင်တယ်ဆိုလို့ ကျွန်မ ရေတိုက်ပါဦးမယ်"

ကျွန်မ ကိုစိုးမောင်ကိုခေါ်ကာ ဧည့်ခန်းထဲ သွင်းလိုက်ပါသည်။ သူ့အတွက် ရေသွားယူနေတုန်း မမဆင်းလာပါသည်။

ရေခပ်ပြီး ကိုစိုးမောင်ဘေးမှာ ကျွန်မ ဖန်ခွက်ချလိုက်ပါသည်။

"လေးခင်ရဲ့ . . . မောင်စိုးမောင်က စာပို့သမားထဲမှာ လူတော်ပဲ။ မမတို့နဲ့ ခင်တာကြာပြီ။ မမရဲ့ အရေးကြီးတဲ့စာတွေ နိုင်ငံခြားကလာတိုင်း သူကအချိန်မရွေး ကြိုးကြိုးစားစား လာပို့တယ်။ အလုပ်တိုက်ကိုလာတဲ့ စာတွေလည်း ရှိပါတယ်။ ဒါပေမဲ့ အိမ်က စာအရောက် ပိုမြန်သလိုပဲ။ ဒီနေ့ကနေ့ဒါကလာတဲ့စာမှာ မမအလုပ်ဖြစ်တယ်လေ။ မောင်စိုးမောင်ကို ဆုချရဦးမယ်။ နိုင်ငံခြားသားတွေနဲ့ ဆက်ဆံရတာမှာအချိန်ကတိကျမှ"

ကိုစိုးမောင်က ရေသောက်ပြီး ဖန်ခွက်ကိုချလိုက်ကာ ပြုံးနေပါသည်။

"မမရယ်၊ ဆုချဖို့ မလိုပါဘူး။ ကျွန်တော် ဆောင်ရွက်လို့ မမတို့ အကျိုးဖြစ်ထွန်းတယ်ဆိုကျွန်တော် ကုသိုလ်ရပါတယ်။ ဝမ်းသာလှပါပြီ"

"မမကတော့ အထူးကျေးဇူးတင်တယ်"

ကျွန်မ ဖန်ခွက်ကိုင်၍ ဧည့်ခန်းမှထွက်မည်အလုပ် . . .

"လေးခင်ရဲ့ နေပါဦး. . . "မမကတားလိုက်သည်။

"မောင်စိုးမောင်၊ လေးခင်ကိုသိလား"

"ရီဂျစ်စတာစာတွေ သူလက်မှတ်ထိုးယူလိုက်လို့ သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အေး. . . တနင်္ဂနွေ တစ်နေ့နေ့ မအားဘူးလားကွယ်၊ လေးခင်ကို ခေါ်ပြီး ဘုရားတွေပို့ပေးစမ်းပါ"

ကျွန်မရင်ထဲမှာ အံ့အားသင့်သွားပါသည်။ ကိုစိုးမောင်လည်း အမ်းတမ်းတမ်းနှင့် ကျွန်မကို လှမ်းကြည့်ပါသည်။

"ဟုတ်ကဲ့။ နောက်တနင်္ဂနွေ ကျွန်တော် လာခေါ်ပါ့မယ်"

ကျွန်မက ဘာမှမပြောဘဲ ဖန်ခွက်ကောက်ကိုင်ကာ အခန်းထဲမှ ထွက်လာခဲ့ပါသည်။ မမနှင့်ကိုစိုးမောင် စကားပြောကျန်ရစ်ကြသည်။ ကိုစိုးမောင်ကို ဘာဆုတွေ ပေးနေသလဲမသိ။

ကျွန်မရင်ထဲမှာ တစ်နေ့လုံး စိတ်လှုပ်ရှားနေပါသည်။ မမ အစီအစဉ်ကို နားမလည်ပါ။ ညနေကျတော့ ပို၍စိတ်လှုပ်ရှားရပြန်ပါသည်။

မီးဖိုမှာ ပန်းကန်တွေပြင်နေတုန်း ဒေါ်မုံးရောက်လာပါသည်။

"မလေးခင်မမကအပေါ်လာဦးတဲ့"

ကျွန်မအပေါ် တက်သွားတော့ မမအိပ်ခန်းထဲမှာ ကိုကိုပါနှင့်မမ ဆိုဖာပေါ် ထိုင်နေကြသည်။

"လာပါဦးမလေးရဲ့။ မင်းအတွက် ကိုကိုပါစာအုပ်တွေ လက်ဆောင်ယူလာတယ်" ကိုကိုပ့ါ အသံကအေးမြနေသည်။

ကျွန်မရင်တွေ တဒိတ်ဒိတ် ခုန်နေပါသည်။ ကျွန်မ ကိုကိုပါကို မကြည့်မိ၊ မမမျက်လုံးတွေကို လှမ်းကြည့်မိသည်၊ ကိုယ်တွေပါ သိမ့်သိမ့်တုန်သွားသလို ထင်ရသည်။ မမမျက်လုံးတွေမှာ မီးလျှံတွေကို မြင်လိုက်သလိုပဲ။

"ယူသွားလေးခင်"

မမအသံက အမိန့်ပေးသံ၊ ကျွန်မ ဘာတစ်လုံးမှမပြော။ ကိုကိုပါ လှမ်းပေးသော စာအုပ်တွေယူကာ ကျွန်မ အခန်းသို့ ပြန်လာခဲ့ပါသည်။ စာအုပ် တွေကို ပိုက်ကာ၊ ရင်တွေ တုန်လှုချည်ရဲ့။ စာအုပ်ရ၍ ဝမ်းသာတာထက် မမမျက်လုံးတွေက ကျွန်မနှလုံးသားကို စူးဝင်သွားသလို ခံစားနေရသည်။





မလေးခင်သို့ မေတ္တာလက်ဆောင်။

ကိုကိုပါ. . .။

စာအုပ်တိုင်းမှာ ရေးထားသော ကိုကိုပါလက်ရေးတွေ၊ စုံထောက်ဝတ္ထုနှစ်အုပ်နှင့်တခြားဝတ္ထုများငါးအုပ်။ ဘုရား. . . ဘုရား. . . ကောင်းသော ရရှိခြင်း ဖြစ်ပါစေ။

* * *

(၅)

ကိုစိုးမောင်တို့ ရပ်ကွက်ထဲကို ကျွန်မ ဝင်လာသည်။ ကိုစိုးမောင်က ဘုရားကိုမသွားခင် သူတို့အိမ်ကို ပြချင်သည်တဲ့။ သူတို့ ရပ်ကွက်က ကျွန်မတို့ တာကြီးပိုင်းလိုမဟုတ်။ လမ်းတွေကျဉ်းလှသည်။လမ်းကြိုလမ်းကြားကို ကွေ့ကောက်သွားရသည်။ ကျွန်မတို့ တဲတွေက ခြံတွေထဲမှာဆိုတော့ တစ်တဲနှင့်တစ်တဲ အလှမ်းဝေးသည်။ သူတို့တဲတွေမှာ တစ်တဲနှင့်တစ်တဲ မှီနေသလိုပါပဲ။

"ဒါ-ကိုယ်တို့အိမ်"

ကျွန်မတို့ အိမ်ဝမှာ ရပ်လိုက်ပါသည်။ အိမ်က ခနီမိုး ထရံကာ၊ လှေကားသုံးထစ်နှင့် အိမ်ရှေ့ဖိနပ်ချွတ်ကို ဝါးခြမ်းတွေ ကာထားသည်။ အိမ်ဝ ကတည်းက ပတ်ဝန်းကျင်မှ ချဉ်စုတ်စုတ် အနံ့တွေက လှိုင်နေသည်။ အိမ်အမြင့်က သုံးပေလောက်ပဲရှိမည် ထင်ပါသည်၊ ကျိုးတိုးကျဲတဲနှင့် ကြမ်းပြင်ပေါ် ကျွန်မတို့ လှမ်းတက်လိုက်တော့ အိမ်က လှုပ်တုပ်လှုပ်တုပ် ဖြစ်သွားသည်။ အိမ်လေးက နှစ်ခန်း၊ ခေါင်းရင်းမှာပဲ ပြတင်းပေါက်တစ်ပေါက်ရှိသည်။ ပြတင်းပေါက် ဖွင့်ထားပေမင့် တစ်ဖက်က တဲကြောင့် အလင်းရောင်မလာပါ။ မည်းမှောင်မှောင် ဖြစ်နေသည်၊ ထရံများက တစ်ခါတုန်းက ရေနံသုတ်ထား၍ ညစ်ထေးထေးအရောင်။ တချို့နေရာ ဝါးခြမ်းလေးတွေ ကျိုးနေ၍ အပြင်ကိုမြင်ရသည်။


www.burmeseclassic.com

www.burmeseclassic.com

"ဒါ-ကိုယ်တို့ အဖေ"

ကျွန်မ ထိုင်ဖို့ သတိမရ။ ကိုစိုးမောင် ညွှန်ပြနေသော ခေါင်းရင်းဘက်ကို ကြည့်လိုက်ပါသည်။ လိပ်တင်ထားသော ခြင်ထောင်မည်းမည်းအောက်မှာ ပက်လက်လှန်နေသော လူတစ်ယောက်။ ဂွမ်းစောင်ကလည်း အကွက်တွေ မှိန်နေပြီ။ မျက်စိမှိတ်နေသော လူနာ့မျက်နှာက အရိုးငေါငေါနှင့် ရှုပ်အကျီကလည်း မည်းညစ်နေပြီ။ အသားက ညစ်ထေးထေး။

"ထိုင်လေ၊ အဖေက လေဖြတ်ထားတာ"

ကျွန်မက ခါးပန်းမှာထိုင်ကာ အိမ်တွင်းကို ကြည့်မိသည်။ အဘိုးကြီး အိပ်ရာနောက်မှာ ထရံကာထားသော အခန်းရှိသည်။

"ကိုစိုးမောင် အလုပ်သွားတော့၊ အဖေ့ကို ဘယ်သူကြည့်လဲ"

"အစ်ကို့ မိန်းမရှိတယ်။ သူ ဘယ်သွားလဲမသိ။ သူတို့က နောက်ခန်းမှာအိပ်တယ်။ အစ်ကိုက အဖေ့ခြေရင်းမှာ အိပ်တယ်"

အဘိုးကြီးက မပြတ်မသား အသံပြုလိုက်သည်။ အိပ်ခန်းထဲမှ အမျိုးသမီးတစ်ယောက် ထွက်လာသည်။

"စိုးမောင် ခြင်ထောင်ချလိုက်၊ အဖေ နောက်ဖေးသွားချင်ပြီ ထင်တယ်" အမျိုးသမီးက ပြောလိုက်၏။

ကိုစိုးမောင်က ခြင်ထောင်ချလိုက်သည်။ အမျိုးသမီးက ခြင်ထောင်ထဲ ဝင်သွားပါသည်။ ရိုနွမ်းမည်းတူးနေသော ခြင်ထောင်ပါးပါးလေးထဲမှာ အဘိုးကြီးကိုထူ၍ နောက်ဖေးတည်နေသည်ကို ကျွန်မ မြင်ရပါသည်။ အိပ်ရာဘေးက ကြမ်းပြင်အပေါက်မှာပဲ၊ အဘိုးကြီး နောက်ဖေးသွားသည်။ စူးစူးဝါးဝါး အညစ်အကြေးနံ့တွေ ထွက်လာသည်။ ပြီးတော့ ခြင်ထောင်တင်လိုက်သည်။ အိမ်အောက်မှာ ခွေးတစ်ကောင် တွေ့ရသည်။ မိလ္လာသိမ်းရန် ထင်ပါရဲ့။

"အစ်မ-ကျွန်တော့်သူငယ်ချင်း ဘုရားလိုက်ပို့မလို့"

အစ်မဆိုသူသည် ကျွန်မကို လှမ်းကြည့်ရင်း ခေါင်းညိတ်ပြသည်။





ခေါင်းမှာ ကော်ဘီးရှည်ရှည်ကြီးနှင့် ပတ်ထားသော ဆံပင်တွေက နီကြောင်ကြောင်နှင့် မျက်နှာကလည်း ကျောက်ရုပ်ကြီးလို တုံ့ပြန်မှုမရှိ။ သူ့ကိုကြည့် ရသည်မှာ ရယ်မောပျော်ရွှင်စွာ စကားပြောဖို့ အားမရှိသလို။ မျက်တွင်း ဟောက်ပက်နှင့် လည်တံရှည်ကို ညိတ်ကာ ပြလိုက်သည်။ နှုတ်ဆက်ခြင်းသဘောပါပဲ။ ဝါးထရံတွေ ပတ်ဝန်းကျင်မှာတော့ ပင့်ကူမျှင်တွေ တွဲရရွဲဆိုင်းနေသည်။

"ယောက္ခမကို ဂရုစိုက်သားပဲနော်" ကျွန်မက ပြောလိုက်၏။

"သွားမယ်အစ်မ၊ ကျွန်တော်တို့ နေပူတော့မယ်။ သွားစို့ မလေးခင်"

ကျွန်မတို့နှစ်ယောက် ရပ်ကွက်လမ်းကလေးကို ဖြတ်ကာ လမ်းမကြီးပေါ် ရောက်လာပါသည်။

"ကိုယ့်မရီးကလည်း ကောင်းကောင်း မမာဘူးလေ။ အဖေ့ကို ပြုစုနေတာပဲ ကျေးဇူးတင်ရသေး။ ဒါနဲ့ ဘုရားကိုပဲသွားမှာလား။ ကန်တော်ကြီးတို့ဘာတို့ မသွားချင်ဘူးလား"

ကိုစိုးမောင်က လမ်းလျှောက်ရင်း မေးပါသည်။

"မသွားချင်ဘူး။ ရွှေတိဂုံဘုရားပဲ သွားမယ်။ ကန်တော်ကြီးဆိုတာ ကောင်းတဲ့နေရာ မဟုတ်ဘူး။ မိန်းကလေးတွေအဖို့ အန္တရာယ်"

"ဘာ . . . ခင်ဗျားက ဘယ်မှမရောက်ဖူးသေးလည်း ဆိုရဲ့"

"ဟုတ်ကဲ့ ဒါပေမဲ့ ကျွန်မဖတ်ဖူးတဲ့ဝတ္ထုတွေထဲမှာလေ။ ကန်တော်ကြီးကြောင့် ဘဝပျက်ရတဲ့ မိန်းကလေးတွေ ဇာတ်လမ်းအများကြီး ဖတ်ရတယ်။ ဘုရားပဲသွားမယ်။ ကျွန်မ စဉ်းစားနေတာက၊ မမဟာ ဘာလို့ ကိုစိုးမောင်နဲ့ ကျွန်မကို လည်ဖို့ခွင့်ပြုတာလဲလို့"

"အေး ကိုယ်လည်း ဒါပဲ စဉ်းစားနေတယ်"

ကျွန်မတို့နှစ်ယောက် တိတ်ဆိတ်စွာ လမ်းဆက်လျှောက်ကြသည်။ အတော်ကြာမှ ဘတ်စကားဆိပ် ရောက်သည်။ ဘတ်စကားထဲမှာလည်း စကား မပြောဖြစ်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရောက်တော့ တက်တက်ချင်းမုခ်မှာ ဘုရားရှိခိုးပါသည်။ ရွှေတိဂုံဘုရားကို မမအိမ်လာစဉ်က အဝေးမှလှမ်းမြော်ဖူးမိပါသည်။ ခုမှ အနီးကပ် အသေအချာဖူးရပါသည်။ ကိုစိုးမောင် ဘာတွေဆုတောင်းနေသည် မသိပါ။ ကျွန်မ ရင်ထဲမှာတော့ စိတ်တွေ မတည်ငြိမ်။ ဘာကို လိုချင်လို့ ဆုတောင်းရမှန်းပင် မသိသလို ဖြစ်နေသည်။

"လာ ဘုရားကို ပတ်ရအောင်"

သူက ဘုရားကိုပတ်ရင်း မုခ်တစ်ခုရောက်လျှင် ဒါက-အရှေ့မုခ်၊ ဒါက တောင်မုခ်၊ ဒါက အနောက်မုခ်ဟူ၍ ပြောပြောသွားပါသည်။ မုခ်တစ်ခုနား ရောက်တော့ "အဲဒီက ဆင်းသွားရင် အာဇာနည်ကုန်း ရောက်တယ်" ဟု ပြောပါသည်။

ကျွန်မသည် ဇရပ်တစ်ခုဘေးရှိ ညောင်ပင်ကြီးကို ကြည့်လိုက်သည်။ အုပ်အုပ်ဆိုင်းဆိုင်းနှင့် ကြီးမားလှသည်။ အောက်မှာ ခုံတန်းတွေနှင့် လူတစ်ယောက် နှစ်ယောက် ထိုင်နေသည်။

"ဟို ညောင်ပင်ကြီးအောက် ခဏနားရအောင် ကိုစိုးမောင်"

"ကောင်းသားပဲ"

ကျွန်မတို့နှစ်ယောက် ခုံတန်းပေါ် ထိုင်မိကြသည်။ စေတီတော်ကြီးကို ကြည့်ရင်း စိတ်ထဲမှာ နုင်နုန့်သံမှန်လာသလို အမောပြေသွားသလို ဖြစ်လာသည်။ ညောင်ပင်ရိပ်က အေးမြ၍ လေအေးဖျားက ကုန်းတော်ပေါ်ကို ဖြတ်သန်းတိုက်ခတ်သွားသည်။

"အေးချမ်းလိုက်တာနော် . . . ဟိုမှာလည်း ခိုလေးတွေ" ကျွန်မက အဝေးကို ညွှန်ပြမိ၏။

"မင်း ခွင့်ရတဲ့ အခါတိုင်း ကိုယ်လာခေါ်ရမလား၊ မမကတော့ မင်းဘယ်မှ မှမသွားရ၊ ကိုယ်အားတဲ့အခါ လာခေါ်ပါလားတဲ့" ကိုစိုးမောင် စကားကြောင့် ကျွန်မ မျက်လုံးများ သူ့ဆီရောက်သွားသည်။

"ရှင် ဘယ်လိုထင်လဲ၊ ကျွန်မကတော့ စဉ်းစားလို့မရဘူး"

"ဘာကိုလဲ"





"ကျွန်မကို ရှင်နဲ့ ထွက်လည်ဖို့ ခွင့်ပြုတာလေ"

ကိုစိုးမောင်က ခေါင်းငုံ့၍ ခဏကြာတွေးနေသည်။

"သူပြောတာကို ကိုယ်ပြောပြမယ်လေ . . . မင်းစဉ်းစားကြည့်"

သူက ကျွန်မကိုမကြည့် အဝေးကိုမျှော်၍ ဆက်စကားပြောသည်။

"ကိုယ့်ကို မမက ပြောတယ်၊ မောင်စိုးမောင်ဟာ အလုပ်လည်း ကျေပွန်တယ်၊ ရိုးသားပုံလည်းရတယ်တဲ့၊ ဒီအိမ်မှာ လေးခင်က ဘယ်မှ မသွားရဘူး၊ ဘကြီးဖြိုးလည်း လိုက်ပို့ဖို့ မအားဘူး။ ဒီတော့ မင်း မလေးခင်ကို အားတဲ့ခါလာခေါ်ပါတဲ့။ သူပြောတာကတော့ ဒါပါပဲ. . . ကိုယ့်မှာလည်းလေ၊ အလုပ်အားချိန် ရေလည်းထမ်းရသေး၊ အဖေ့ကိုလည်း ပြုစုရ၊ တို့အိမ်ကို မင်းမြင်တဲ့ အတိုင်းပဲ၊ အမောပြေစရာ မရှိဘူး၊ အခု မင်းနဲ့ ထွက်လည်ရတာ ပျော်စရာကောင်းပါတယ်၊ မင်းကော မပျော်ဘူးလား"

"ပိုပြီးတော့ မပျော်ပါဘူး၊ ရွှေတိဂုံဘုရားကြီး ဖူးရတာတော့ ကြည်နူးမိတယ်။ ဒီလိုလေ ကျွန်မနေရတဲ့ မမတို့အိမ်က သိပ်သာယာတယ်၊ မမကလည်း အိမ်မှ မရှိတာများတယ်၊ ကိုယ့်ကို လွှမ်းမိုးနေတဲ့လူ မရှိတော့ စိတ်မကျဉ်းကျပ်ဘူး၊ သန့်ရှင်းရေးလုပ် အဝတ်လျှော်ပြီးတော့ အားချိန်စာဖတ် အိမ်ထဲမှာ အေးချမ်းတော့ အပြင်ပျော်စရာ မရှာချင်ပါဘူး"

"မင်းက စာဖတ် ဝါသနာပါတယ်လား"

"ပါတယ်. . . ကိုကိုပါကလည်း စာအုပ်တွေယူလာပြီး လေးခင်ကို လက်ဆောင်ပေးတယ်"

"ကိုကိုပါ ဆိုတာ"

"မမရဲ့ချစ်သူထင်တယ်၊ သူကလူချော ထောင်ထောင်မောင်းမောင်းနဲ့ သိပ်ကျက်သရေရှိတာပဲ။ မမကလည်း ချောတယ်၊ ကိုကိုပါက နည်းနည်းငယ်တာပဲ ရှိပါတယ်"

သူ့ပါးစပ်လေး၊ အဟောင်းသားနှင့် နားထောင်နေပါသည်။ တစ်ခုခုပြောချင်သလို ဟန်ပြင်ရင်း ဘာမှမပြောဘဲ ငြိမ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အဖေနဲ့ နေရကတည်းက ကျွန်မက အိမ်မှာပျော်တယ်။ ကျွန်မတို့တဲ့က မန်ကျည်းပင်အောက်မှာ ယာခင်းရယ်၊ ရေတွင်းရယ်၊ ရေသယ်လိုက်၊ အဖေနဲ့ကူ ဂေါ်ဖီတို့ မုန်ညှင်းတို့ မြောင်းတွေ ရေလောင်းပြီး နေမကောင်းတဲ့အမေ့ကို ရေနွေး ရေချိုးပေး၊ အားရင် ဘူးစင်အောက်မှာ ထိုင် စာဖတ်၊ လေတအားတိုက်တာပဲ၊ အိမ်သာကလည်း ဝေးတယ်၊ အနံ့အသက်ကင်းပြီး လေကောင်း လေသန့်ရတယ်၊ ညနေကျ အခင်းထဲဆင်း ဟင်းသီးဟင်းရွက်တွေခူးပြီး မြို့က ဈေးသည်တွေ ဖောက်သည်ပေး၊ ညကျ ဆရာဒွေးအောင် ကျောင်းတက် သိပ်ပျော်တာပဲ။ လုပ်နိုင်ဖို့ ကိုယ်မှာ အင်အားနဲ့လုပ်ချင်တဲ့ စိတ်ကပါတယ်၊ ရေတွင်းဘေးမှာ ကျွန်မ အဝတ်လျှော်ရတာကို သိပ်စိတ်ချမ်းသာတယ်။ အဲဒေါ့ဆီ ပြောင်းတော့ ရေကတအားရှား၊ အားကိုးစရာလည်းမရှိ အဖေတို့ အမေတို့သေတော့ အဒေါ်နဲ့ အတူတူနေရတာ ကျဉ်းကျပ်လိုက်တာ၊ သူတို့ ဘက်တာကြီးပိုင်းက မြို့နဲ့နီး၊ သစ်ပင်မရှိ ဘာမရှိ လွင်တီးခေါင်၊ တဲအိမ်တွေကလည်း ကျပ်ပြီးတော့၊ အနားက လက်ဖက်ရည်ဆိုင်မှာ လူပေါင်းစုံနဲ့ ကက်ဆက်သံကဆူ၊ အို- ကျွန်မ နည်းနည်းမှမနေချင်ဘူး၊ ထွက်ပြေးချင်တယ်၊ အရောင်းအဝယ် လုပ်နေရတုန်းက အိမ်မှာနေတဲ့ရက်နည်းလို့ ဒီလောက်စိတ်မညစ်ဘူး၊ အရောင်းအဝယ်မလုပ်ဘဲ အိမ်ယဲနေတော့မှစိတ်ညစ်လိုက်တာ၊ လက်ဖက်ရည်ဆိုင်က ဆေးကြောသမျှ အညစ်အကြေးကလည်း ကျွန်မတို့ ခေါင်းရင်းမှာ ချဉ်နံ့ပေါက်လို့ ကျွန်မလေ အနံ့တွေမကောင်းရင် အော်ဂလီဆန်တတ်တယ်၊ အခု မမအိမ်က အစစအဆင်ပြေပါတယ်၊ မမအိမ်က ခွာမသွားချင်ဘူး"

"မင်း . . . အရောင်းအဝယ်လုပ်သေးတယ်လား"

ကျွန်မ သူ့မေးခွန်းကြောင့် ထိတ်လန့်သွားသလို ဖြစ်သွားသည်။ အမှန်ကတော့ သူ့မေးခွန်းက ထူးခြားသော မေးခွန်းမဟုတ်ပါ။ ကျွန်မ ရင်ထဲမှာသာ ခံစားမှုကြောင့် လှုပ်ရှားရပါသည်။

"ဟုတ်တယ်. . . အရောင်းအဝယ်လုပ်ခဲ့ဖူးတဲ့ အကြောင်းကို မမ





တို့ကို မပြောပြခဲ့ဖူးဘူး။ လိုလည်း မလိုအပ်ဘူးလို့ ထင်တယ်လေ။ ရှင့်ကိုတော့ ပြောပြမှာပေါ့၊ ကျွန်မအကြောင်းကိုမသိရင် ခုထွက်လာတဲ့ ကိစ္စမှာပေါ့။ အမှန်တော့ မမက ကျွန်မအုပ်ထိန်းသူအနေနဲ့ ရှင်နဲ့ အပြင်ထွက်လည်ခွင့်ပေးလို့ ကျွန်မလိုက်တာတာ၊ ကျွန်မကို ဒီလိုပဲ ယောကျ်ားတွေနဲ့ တွဲလည်နေကျလို့ ရှင်အထင်သေးကောင်း သေးနိုင်တယ်"

"ဟင့်အင်း . . . မင်းကို ကိုယ်ဒီလို မထင်ပါဘူး၊ မင်းကို ပြောခဲ့ပါပကော၊ ကိုယ့်ဘဝမှာလည်း ခုလိုသွားရတဲ့ အချိန်လေးပဲ ကိုယ့်မှာ ပျော်စရာ ရှိတယ်လို့"

"ဟုတ်ပါပြီ။ အထင်မသေးဘူးဆိုရင် ကျေနပ်ပါတယ်၊ ကျွန်မတို့ဘဝက သူများ အထင်သေးခံရဖို့ သိပ်လွယ်တယ်လေ၊ ကိုယ့်မှာ နောက်ခံအင်အား ဘာမှမရှိတဲ့သူတွေ၊ ကျွန်မအကြောင်း သိထားရင်တော့ ရှင်အထင်မသေးတော့ဘူးထင်တယ်"

"ဘယ်အကြောင်းကိုလဲ"

"ယောကျ်ားတွေကို အော်ဂလီဆန်တဲ့ အကြောင်း"

"ဘာဗျာ . . ."

"ယောကျ်ားတွေနဲ့ သွားလာနေဖို့ သာယာလိမ့်မယ်မထင်ပါနဲ့လို့ ပြောချင်တာ. . ."

ကျွန်မပြောစကားကြောင့် သူ့မျက်နှာက မျှော်လင့်ချက်ကုန်သွား ဟန်-ညှိုးငယ်သွားသည်။

"ကိုယ် ဘယ်လိုမှ မင်းကို အထင်မသေးဘူးဆိုတာ ထပ်ပြောပါရစေ"

"နားထောင်ပါဦးလေ။ ကျွန်မ အကြောင်းကို နားထောင်ပြီးမှ ဆုံး ဖြတ်ပါ။ အဖေကအရင်ဆုံးတယ်လေ။ အဖေဆုံးတော့ အမေ့ရောဂါက လည်းပိုသည်း၊ ကျွန်မက အဖေ့လောက် ယာခင်းမှာအလုပ်မလုပ်နိုင်ဘူး။ အမေ နောက်ထပ်ဆုံးတော့ အမေ့ဆေးဖိုး- ကြွေးတစ်ပုံနဲ့ ကျွန်မတို့ ခြံလေးကိုရောင်း၊ ကြွေးဆပ်။ ပိုတာလေးကို ကျွန်မကျူးကူးတယ်။ နေတာ


www.burmeseclassic.com

www.burmeseclassic.com



ကတော့ အဒေါ်အိမ်လိုက်နေတာပေါ့။ အဒေါ်တို့အနားက တာကြီးပိုင်ဈေးမှာလည်း အထည်ရောင်းတဲ့ ဆိုင်ငယ်လေးတွေရှိတယ်။ မြို့ထဲမှာလည်း ဆိုင်ကြီးတွေရှိတယ်၊ ဒါပေမဲ့ လမ်းဘေးဈေးဆိုင်ငယ်လေးတွေက မိန်းကလေးတွေက ကျွန်မနဲ့ဆက်သွယ်တယ်။ ကျွန်မက သူတို့မှာတာတွေ ရန်ကုန်သွားဝယ်။ အရင်းကိုယ်က စိုက်ရပေမဲ့ မဆိုးပါဘူး၊ သူတို့ကလည်း မြို့က ဆိုင်ကြီးတွေက တစ်ဆင့်ယူရတာ ဈေးကြီးတော့ ကျွန်မကိုပဲ မှာတယ်။ အရောင်းအဝယ် ကောင်းတယ်ဆိုရမှာပေါ့လေ။ အထည်နဲ့ အလှကုန်ပစ္စည်းတချို့ပေါ့။ ဒီတုန်းက အသက် ၂၀ တောင် မပြည့်သေးဘူး။ ဒေါ်အုံးကြီးဆိုတဲ့ မိန်းမကြီးနဲ့ ရန်ကုန်အတူသွား ဈေးဝယ်ရတယ်၊ နောက်ပိုင်းတော့ ကျွန်မဘာသာ သွားတတ် သွားတယ်"

"မင်းက ဘယ်မြို့မှာလဲ"

"ကျွန်မ မြို့နာမည်ကို မပြောချင်ဘူး၊ ရေလမ်းကမြို့၊ သင်္ဘောကို ညဘက်စီးပြီး ရန်ကုန်လာရတယ်။ တစ်ညခရီးဆိုပါတော့ သင်္ဘောကလည်းတအားကျပ်တာပဲ။ တစ်ည ကျွန်မအောက်ထပ်မှာပဲ နေရာရတယ်။ ညသန်းခေါင်လောက်ကျတော့ အိမ်သာထသွားတယ်။ ဒီအချိန်မှာ မီးတွေလည်း မှိန်နေတယ်လေ၊ ခရီးသည်တွေလည်း အိပ်မောကျနေတယ်။ ကျွန်မကလည်း သတိမထားမိဘူး။ အိမ်သာခန်းတစ်ခုထဲ အဝင်မှာ အထဲရောက်မှ တံခါးက ချက်မရှိဘူး။ အိမ်သာထဲမှာလည်း မီးမရှိဘူး။ ကျွန်မ လက်တစ်ဖက်နဲ့ ကိုင်ပြီးသွားနေတုန်း၊ ဝုန်းဆို အပြင်က အားနဲ့ဆွဲဖွင့်လိုက်တာ ကျွန်မလည်း လန့်သွားတယ်။ ကျွန်မက ရုတ်တရက် မတ်တတ်ရပ်တော့ လူတစ်ယောက် အကျႌမပါ၊ ပုဆိုးပဲဝတ်ထားတယ်။ ကျွန်မကို တအားဖက်တာပဲ။ ကျွန်မကလည်း အတင်းရုန်း၊ ငယ်သံပါအောင် အော်တာ၊ သူ့ကို အတင်းတွန်းဖယ်တယ်၊ တံခါးက ပွင့်သွားရမှာ မပွင့်ဘူး။ အပြင်က တစ်ယောက်ယောက် တံခါးဝကို ပိတ်ထားပုံရတယ်။ ကျွန်မတော့ အပျိုရည် အပျက်မခံနိုင်ဘူး။ အားရှိသမျှ ဒီလူမျက်လုံးကို ကုတ်ဖဲ့၊ ရင်ဘတ်ကို ဒူးနဲ့ဆောင့်အော်လိုက်တာလည်း မပြောနဲ့၊ သူက ကျွန်မ





ပါးစပ်ကိုပိတ်တော့လည်း ကျွန်မကတအားကိုက်တာပဲ၊ လက်တစ်ဖက်က အတင်းပဲ ဖက်ထားတယ်။ နောက်တော့ တံခါးကြီးပွင့်အသွား သူလည်း အရှိန်နဲ့ အပြင်ဘက်လဲကျသွားတယ်။ အပြင်မှာ လူနှစ်ယောက် သတ်ပုတ်နေတာတွေ့ရတယ်။ ကျွန်မ အော်သံနဲ့ ခရီးသည်တချို့ နိုးလာတော့ ကျွန်မနဲ့ နပန်းလုံးတဲ့လူလည်း ဘယ်ရောက်သွားလဲမသိဘူး။ အပြင်ဘက်လူတော့မိတယ်။ သူတို့က တစ်ယောက်က အိမ်သာခန်းထဲဝင် တစ်ယောက်က အပြင်က တံခါးကိုပိတ်စောင့် တစ်ယောက်တစ်လှည့် မဲ့တရားကြံဖို့ပေါ့။ ကျွန်မအသံကြားတဲ့ တစ်ဖက်အိမ်သာခန်းက ခရီးသည်က ချက်ချင်း အပေါက်ဝက ပိတ်စောင့်သူကို ဆွဲထိုးလို့ တံခါးပွင့်သွားတာ နို့မို့ရင် ကျွန်မဘဝ ဆုံးရော၊ သင်္ဘောဟာ ခုတ်မောင်းနေတုန်း ရေသံစက်သံနဲ့ ဆူနေတာ။ ဒါကြောင့် ကျွန်မ အော်သံကို ဘေးကမကြားရတာ။ ပြီးတော့တံခါးကလည်း ပိတ်ထားသေးတာ။ ဟိုခရီးသည်နဲ့ အပြင်က အပေါက်စောင့် သတ်ကြပုတ်ကြတာရော တစ်သင်္ဘောလုံးလည်း နိုးပြီး ကျွက်ကျွက်ညံသွားတယ်။ ကျွန်မက သင်္ဘောစာရေးကို တိုင်ပြီး၊ ရန်ကုန်လည်းရောက်ရော ချက်ချင်း ရေကြောင်းသွားလာရေးအဖွဲ့ကို တိုင်တယ်။ အဖွဲ့ကလည်း အရေးယူပါတယ်။ ဒီလူနှစ်ယောက်က သင်္ဘောအလုပ်သမားတွေ။ အမှုပြီးတော့ သူတို့အလုပ်ပြုတ်သွားတယ်။ ကျွန်မ သိပ်ရှက်ပါတယ်။ ဒီလိုရင်ဆိုင်ခဲ့ရပြီးတဲ့နောက်ပိုင်း နောက်ဆက်တွဲအဖြစ်ကလည်း ရင်နာစရာ"

"ဘာဖြစ်လို့လဲ" ကိုစိုးမောင်က မေး၏။

"အမှုဖွင့်စစ်လား ဆေးလားလုပ်ကတည်းက အလုပ်သမားတွေကလည်း သူတို့ဘက်က လွတ်ပြီးရော ထွက်တာပေါ့။ သူတို့ ထွက်ဆိုချက်က ကျွန်မက သင်္ဘောပေါ်မှာ သွားနေကျကုန်သည်၊ အလျှဉ်းသင့်ရင် ပိုက်ဆံရှာသတဲ့"

ကျွန်မ ပြောရင်း မျက်ရည်တွေ ဝဲလာသည်။

"ကျွန်မ မှန်ရက်နဲ့ အမှုမှာအရှုံးမခံနိုင်တော့ ရှေ့နေတွေ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဌား ရင်ဆိုင်ရတာ။ ငွေလည်းသိပ်ကုန်တာပဲ။ တော်ပါသေး၊ ဆရာ ကိုဌေး အောင်ရယ်၊ ကျွန်မ ငယ်စဉ်ကတည်းက အကျင့်စာရိတ္တ ရိုးသား ဖြောင့်မတ်တာ သက်သေခံတယ်။ ပြီးတော့ ကျွန်မအော်သံကြားလို့ ဖက်လုံးတဲ့ ခရီးသည် အစစ်ခံချက်ကြောင့်၊ ကျွန်မ အလိုမတူဘူးဆိုတာ ထင်ရှားလို့ ကျွန်မနိုင်တာ။ ဒါပေမဲ့လည်း ဒီအမှုက မြို့မှာ ကျော်ကြားသွားတော့ တချို့မြို့က လူတွေက ကျွန်မအပျိုရည်ပျက်သွားပြီအနေနဲ့ မထိလေးစားဆက်ဆံတယ်။ ပိုပြီး ရင်နာစရာ ကောင်းတာက အဒေါ်ကပြဿနာရှာတဲ့ မိန်းမတဲ့။ အရောင်းအဝယ် မလုပ်ရတော့ဘူး"

"အဲဒါနဲ့ ယောက်ျားတွေကို အော်ဂလီဆန်သွားရောလား"

သူကလည်း သူသိလိုသည်ကို ဖြတ်မေးပါသည်။

"ဒီလိုပါလေ။ ကျွန်မ ဒီတုန်းက အသက်နှစ်ဆယ် မပြည့်သေးဘူး။ ယောက်ျားဆိုတာ မတွေ့ဖူးပါဘူး။ အချစ်ဆိုတာကိုလည်း စာအုပ်ထဲကသာ ဖတ်ဘူးတာ။ ကျွန်မစိတ်တွေ အင်မတန် သန့်ရှင်းပါတယ်။ အဲ-အဲဒီအချိန် ပထမဦးဆုံးအတွေ့မှာ ယောက်ျားတစ်ယောက်ကို သူရဲမရဲစီးသလို အဖြစ်နဲ့တွေ့ရတော့ ကျွန်မသိပ်ကြောက်သွားတယ်။ ပြီးတော့ အဲဒီအိမ်သာခန်းထဲဝင်လာတဲ့ လူရဲ့ပါးစပ်က အရက်နံ့ကလည်း ချဉ်စုတ်စုတ် ကိုယ်တုံးလုံးနဲ့ လူကိုကိုက်ဖဲ့သတ်ရတော့ ချွဲကျိကျိနဲ့ ချွေးတွေစိုနေတဲ့ အသားတွေ၊ အမလေး အော်ဂလီဆန်စရာကြီး။ အဲဒီကတည်းက ကျွန်မလေ ပိုပြီးတော့ ရွံတတ်တယ်။ ပြီးတော့ ယောက်ျားတွေကို အော်ဂလီဆန်တဲ့ ရောဂါစွဲသွားတာပဲ"

ကျွန်မက မျက်နှာမသက်မသာနှင့် ရှုံ့မဲ့ကာ ကျွန်မခံစားရသလို ပြောလိုက်တော့ ကိုစိုးမောင်မျက်နှာလည်း ရှုံ့မဲ့သွားပါသည်။ သူလည်း သက်ပြင်းချလိုက်၏။ ကျွန်မအဖြစ်ကို ကြားရ၍ ကျွန်မပေါ် မသတီသွား၍လား။ ဒါမှမဟုတ် သူပါ ဒီလူတွေကို အော်ဂလီဆန်သွားသလား မသိပါ။

"အန္တရာယ်များလိုက်တာနော်" ဟူ၍ ပြောသော သူ့အသံမှာတော့ စာနာစိတ် ပါလာသည်ဟု ကျွန်မထင်ပါသည်။ ကျွန်မကတော့ ပြောလက်စ စကားကို ဆက်ပြောပါသည်။

"ဘဝကံဆိုတာရှိတယ်လေ။ ကံနည်းလို့ ဆင်းရဲရတာ မကြောက်ပါဘူး။ အဝတ်အစုတ် ဝတ်ရရုံပေါ့။ တဲစုတ်နဲ့လည်း နေဖို့သတ္တိရှိပါတယ်။ နေလည်းနေခဲ့ရပါတယ်။ ညစ်ပတ်၊ နံစော်တဲ့ အယုတ်တမာ ဇာတ်လမ်းတွေဟာ ဆင်းရဲတာထက် ဆိုးတဲ့ပြဿနာပဲ တော်ပါသေး။ ဘုရားတန်ခိုးပဲ၊ ကျွန်မ ရေနံ့ဆီသံပုံး နှစ်ပုံးနဲ့ ရေလောင်းနေကျ အင်အားကြောင့် ဒီလူကို ဖက်သတ်နိုင်တာ။ သာမန် မိန်းကလေးပျော့ပျော့ဆို သွားပြီ။ ဘဝအဆုံးပဲ။ ဒါပေမဲ့ မြို့ပေါ်မှာ ဒီသတင်းက ပြန့်သွားတယ်"

ကျွန်မက သက်ပြင်းချလိုက်ပါသည်။ "အဒေါ်က ရှက်လို့ ကျွန်မကို ပြဿနာကောင်မတဲ့။ အိမ်မှာတောင် မထားချင်ဘူးတဲ့။ နောက်ဆုံး သူ့ဆေးလိပ်ခုံပိုင်ရှင် အန်တီဝင်းကို အကူအညီတောင်းတာနဲ့ အန်တီဝင်းက မမဆီပို့လိုက်တာ"

"မမဆီမှာ အန္တရာယ်ကင်းပါတယ်လေ" သူက ကျွန်မကို ကြည့်ရင်း ပြောသည်။

"ပြီးတော့လည်း ကိုယ်နဲ့ဒီလိုသွားလာလို့ကတော့ မင်းမှာအန္တရာယ်မရှိပါဘူး။ နောက်အပတ်တော့ ဟုတ်ဘူးလေ၊ တစ်ပတ်ခြားလောက် ကိုယ်လာခေါ်မယ်။ မင်းလိုက်နိုင်မလား"

ကျွန်မ သူ့အမေးကို မဖြေပါ။ ဘာကြောင့် လိုက်ရမှာလဲ။ ခုတစ်ခါတောင် မမကအမိန့်အနေနှင့်ပြော၍ ကျွန်မလိုက်လာခြင်း ဖြစ်ပါသည်။

"ရှင်ကတော့ ခင်စရာကောင်းပါတယ်။ ဒါပေမဲ့လေ ကျွန်မရင်ထဲမှာ သဘောပေါက ညအိမ်သာက သိပ်ချောက်ချားနေတယ်။ ပြီးတော့ အရက်နံ့ ချဉ်စုတ်စုတ်ချွေးနဲ့ ချွဲကျိကျိ။ အမလေး၊ ယောက်ျားဆိုတာကို ပုံဖော်ရင် အဲဒီလိုတွေးမိပြီး၊ ရင်တုန်လိုက်တာ" ကျွန်မက တလဲလဲ ပြောမိသည်။

"အရက်နံ့မနံ့တဲ့ ယောက်ျားတွေလည်း ရှိပါတယ်လေ"





www.burmeseclassic.com

www.burmeseclassic.com



သူက အေးဆေးစွာ ပြန်ပြော၏။

"ကျွန်မတို့ ပြန်ကြရအောင်"

ဒါပဲ ပြောကာ ကျွန်မက အရင်ထလိုက်ပါသည်။

"တစ်ပတ်ခြားပေါ့နော်။ ကိုယ်လာခဲ့မယ်"

* * *

(၆)

ကိုစိုးမောင်နှင့် တွေ့ပြီး နောက်တစ်ပတ် တနင်္ဂနွေ။

မမက နိုင်ငံခြားသား ဧည့်သည်များကို နေ့လယ်စာ ကျွေးစရာရှိ၍ ဘကြီးဖြိုးနှင့် ၁၂ နာရီထဲက အပြင်ထွက်သွားပါသည်။ ကျွန်မနှင့် ဒေါ်မုံး ထမင်း စားနေတုန်း ကိုကိုပါ ရောက်လာသည်။

"မမရယ်၊ နေ့လယ်စာ ကျွေးစရာရှိလို့ ထွက်သွားတယ်။ အပါလာမှာ မသိဘူးထင်တယ်။ ကြိုပြီးဖုန်းဆက်ရောပေါ့" ဒေါ်မုံးကပြောပါသည်။

"ချိန်းမထားဘူး ဒေါ်မုံး၊ ကိစ္စမရှိပါဘူး။"

"ထမင်းစားမလား"

"စားပြီးပြီ။ သစ်သီးစုံရှိလား။ မလေးဧည့်ခန်းကို ယူလာ၊ မလေးနဲ့ စကားပြောရတာပေါ့"

ကိုကိုပါ ပြောပြီး ဧည့်ခန်းထဲ ဝင်သွားသည်။ ကျွန်မက ဘာမှ မပြောဘဲ ဒေါ်မုံးမျက်နှာကို ကြည့်နေမိသည်။ သူ့မျက်နှာက ညိုမှောင်သွားသလို ချက်ချင်းပြောင်းလဲသွားသည်။ မီးဖိုဘက် လှည့်ထွက်သွားကာ ရေခဲသေတ္တာဖွင့်၍ သစ်သီးစုံနှင့် နို့တစ်ပန်းကန် ပြင်ပေးပါသည်။ ကျွန်မက ဗန်းပေါ်တင်ကာ ဧည့်ခန်းကိုယူသွားပါသည်။

"ထိုင် မလေး . . .၊ ထမင်းစားပြီးပလား"

"ပြီးပါပြီ"

"အေးအေးဆေးဆေး စကားပြောရတာပေါ့။ ကိုကိုပါ ပေးတဲ့





စာအုပ်တွေ ဖတ်ပြီးပလား"

ကျွန်မသည် ခပ်လှမ်းလှမ်း ဆိုဖာတစ်ခုပေါ် ထိုင်ရင်း ရင်ထဲမှာ လှုပ်ရှားနေသည်။

"အကုန် မပြီးသေးပါဘူး"

"အေး-အေး-ပြီးခဲ့တဲ့ တနင်္ဂနွေကလည်း မောင်စိုးမောင်နဲ့ လျှောက်လည်တယ်ဆို မမကပြောတယ်"

"ဟုတ်ပါတယ်"

"မမက အားကြီးအလိုက်သိတတ်တယ်။ မလေး ပျင်းနေမှာစိုးလို့ အပြင်အလည်ခိုင်းတာ"

"ဟုတ်ကဲ့"

"ဝတ္ထုတွေထဲမှာပေါ့။ မလေးအစုံဖတ်ဖူးမှာပေါ့။ ယောက်ျားလေးတွေနဲ့ မိန်းကလေးတွေ လည်ကြပတ်ကြတာ"

ကျွန်မ ဘာပြန်ဖြေရမှန်း မသိပါ။

"တကယ့်လက်တွေ့ကျတော့ အန္တရာယ်သိပ်များတယ်နော်"

"ဟုတ်ပါလိမ့်မယ်။ ကျွန်မကတော့ အဖေ့ခြံမှာလို လသာရင် သီချင်းအော်ဆိုချင်တာပါပဲ။ နေ့ဖြစ်ဖြစ် ညဖြစ်ဖြစ် မသမာတဲ့လူဆိုရင် မိန်းကလေးတွေအတွက် အန္တရာယ်ပါပဲ"

"ဟုတ်ပါတယ်။ မောင်စိုးမောင်ကလည်း လူကောင်းလေးပါ။ မင်းကို အန္တရာယ်မပေးမှာမို့ မမကလည်း အတူသွားခွင့်ပြုတာပေါ့"

ကျွန်မ ဘာဆက်ပြောရမှန်း မသိပါ။ သူပြောတာကိုပဲ နားထောင်နေပါသည်။ သူ လမ်း ၄၀ မှာ နေသည့်အကြောင်း၊ အောက်ထပ်က ပုံနှိပ်စက်၊ အပေါ်ထပ်မှာ သူနေ၍ စာအုပ်ထုတ်ဝေကြောင်း၊ စာအုပ်ဆိုင်ကိုလည်း အမျိုးတစ်ယောက်ကို မဟာဗန္ဓုလပန်းခြံလမ်းမှာ ဖွင့်ပေးထားသည့်အကြောင်းတွေကို ပြောပြနေသည်။

"မြို့ထဲ ဘိုက်ခန်းတွေဆိုတော့ အသက်ရှူမဝပါဘူး။ ကိုယ်တော့ ညနေကျမှ ပန်းဆိုးတန်းဘက်လျှောက်ပြီး၊ ကမ်းနားလမ်းတားမှာ သွား



www.burmeseclassic.com

www.burmeseclassic.com



သွားထိုင်ရတယ်။ မမဆီလာလည်း မတွေ့ရတာများတယ်။ တကယ်တော့ ဒီအိမ်ကြီးက သိပ်ကျယ်ဝန်းတာပဲ။ ကိုကိုပါတို့ တိုက်ခန်းတွေနဲ့ တခြားစီ၊ ခြံကလည်းကျယ်၊ မြက်ခင်းနဲ့ ပန်းတွေ ပန့်သိပ်ရတာပဲ။ မမက အဲဒီခြံနဲ့ တိုက်ကို၊ တစ်နေကုန်ပစ်ပြီး မြို့ထဲက သူ့ကုမ္ပဏီကို သွားနေရတယ်။ တနင်္ဂနွေတောင် မအားရဘူး။ ဒီချမ်းငြိမ်းအေးချမ်းတဲ့ အလှတွေ၊ အရသာတွေ သူမှာမခံစားရဘူး။ လူတွေဘဝ သိပ်ဆန်းကြယ်တာပဲနော်၊ ဟော-ဒေါ်မုံး"

ဒေါ်မုံးအခန်းဝရောက်သည်ကို ကိုကိုပါမြင်ပါသည်။ ကျွန်မက ကျောခိုင်းနေ၍ မမြင်လိုက်ပါ။

"လာလေဗျာ. . . ခင်ဗျားတို့ မမအကြောင်း ပြောနေရတာ။ တနင်္ဂနွေနေ့လေးတောင် မအားရှာဘူး"

"ဟုတ်ကဲ့၊ နိုင်ငံခြားသားတွေ၊ ထမင်းကျွေးစရာ ရှိလို့ပါ"

"ရှိတာနဲ့ပဲ ဒီနေ့ညစာ ကျွန်တော်ဒီမှာစားမယ်။ မမနဲ့တွေ့ပြီးမှ ပြန်တော့မယ်။ ကဲ-မလေး - ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်လုပ်၊ အပြင်ကို ယူခဲ့တို့စားရအောင်"

သူက ပြောပြောဆိုဆို ဧည့်ခန်းမ၏ ဘေးဘက် တံခါးမကြီးမှ ကျောက်သားများ ခင်းထားသော ဝရန်တာကို ထွက်သွားပါသည်။

ကျွန်မမှာ ဒေါ်မုံး အကူအညီနှင့် လက်ဖက်သုပ်၊ ရေနွေးကြမ်းတွေ လုပ်နေရပေမဲ့ ဒေါ်မုံး၏ မျက်နှာထား အမူအရာကိုမကြိုက်လှပါ။ နှစ်မြို့ ဟန် မရှိသလိုဖြစ်နေသည်။ ကျွန်မကိုလား ကိုကိုပါကိုလား၊ သို့တည်း မဟုတ် ကျွန်မတို့နှစ်ယောက် အတူထိုင် စကားပြောနေခြင်းကိုလား၊ မတတ်နိုင်ပါ၊ တစ်နေ့သောအခါ ဤအိမ်ကြီး၏ အရှင်သခင်ဖြစ်လာမည့် ကိုကိုပါခိုင်းသည့် အတိုင်းလုပ်ရမည်။ လက်ဖက်သုပ်နှင့် ရေနွေးကြမ်း ထည့်ထားသောဗန်းကို ဧည့်ခန်း ဝရန်တာရှိရာသို့ ယူသွားရပါသည်။

ကြိမ်စားပွဲပေါ်မှာ ဗန်းကို ချလိုက်ပါသည်။

"ဒီမှာထိုင်" ကိုကိုပါက ကြိမ်ကုလားထိုင်ကို လက်ညှိုးညွှန်ပြလိုက်





ပါသည်။

"အေးချမ်းလိုက်တာနော်"

ကိုကိုပါက အဝေးရှိ ပန်းခြံများကို လှမ်းမျှော်ကြည့်ရင်း ပြောသည်။ ကျွန်မကို ဘာကြောင့်များ အနားထိုင်ခိုင်းထားမှန်းမသိ။ ကျွန်မကတော့ ထသွားချင်လှပြီ။ ရေနွေးကရားမှ ရေနွေးများကို ကြွေပန်းကန်ထဲ ကျွန်မ ထည့်လိုက်၏။

"ကိုကိုပါ သောက်ပါ"

"အေး-အေး-ဟုတ်ပါရဲ့၊ လက်ဖက် အရင်စားဦးမယ်" သူသည် လက်ဖက်ပန်းကန်ကို ယူ၍စားလိုက်၏။

"တကယ်တော့ ဒီတိုက်ရော ခြံရော ခုခေတ်ဈေးနဲ့ သိန်းတစ်ရာ လောက်တန်တာ။ ကိုယ့်ပုံနှိပ်စက်ရော တိုက်ခန်းရော ရောင်းတောင် ဒီငွေရမှာ မဟုတ်ဘူး။ ခြံနဲ့ဝင်းနဲ့ နေချင်ရင် မလေးပြောပြောနေတဲ့ မလေးတို့ အဖေခြံလိုဟာမျိုး ဝယ်ရနေမှထင်ပါရဲ့။ ကိုယ်ကလည်း အလုပ်ရှိလို့သာ နေရတာ။ မြို့ထဲတိုက်ခန်း မနေချင်ဘူး"

"ဟင်-ကျွန်မတို့ခြံက သစ်ပင်စိုက်စားရတာ ကိုကိုပါ။ အလုပ် တိုက် ဖွင့်လို့မရတာ"

"အေးပေါ့၊ ဒါကြောင့် ပျော်ရာမနေရ တော်ရာနေရမယ် ပြောတာ"

သူက အေးအေးဆေးဆေး စားလိုက်၊ ရေနွေးသောက်လိုက်နှင့် အေးဆေးနေပုံရပါသည်။ သူ့စကားထဲမှာ တစ်နေ့သောအခါ၊ မမနှင့် လက်ထပ် ပြီး၊ ဒီအိမ်ကြီးကို ပိုင်ဆိုင်လာသူ တစ်ယောက်အနေနှင့် တွေးခေါ်မျှော်မှန်းချက်တွေ လုံးဝမပါ။ မမနှင့် သူ့အခြေအနေ ဘယ်လို ပါလိမ့်။

"စန္ဒရားတစ်လုံးဝယ်ပြီး မမကို အတီးသင်ခိုင်းဦးမှ"

ရေနွေးပန်းကန်ကို ကိုင်ကာ သူဆက်ပြောနေသည်။

"မမ တစ်ယောက်ကလည်း အိုရမှာ သိပ်ကြောက်၊ အလုပ်မှာ သိပ်လောဘတက်ရင် မြန်မြန်အိုလွယ်တယ်။ သူကလည်း သူ့အလှကို

www.burmeseclassic.com

www.burmeseclassic.com

သိပ်ထိန်းချင်တာပဲ။ အလှထိန်းချင်ရင် စိတ်ကိုထိန်းရမှာကွ"

ကဲ . . . သူ့စကားကို သူ စိတ်ဝင်စားစွာ ပြောနေပြန်သလို။

"ဟုတ်တယ်မို့လား မလေး"

"အလုပ်ကို နားနားနေနေလုပ်၊ အားလပ်ချိန် စန္ဒရားလေး ဘာလေး တီး။ စိတ်ကို လျော့လျော့ထား၊ ဒါမှလူလည်း လန်းဆတ်နေမှာ။ မမက သူ့ရုပ်ကို ထိန်းဖို့ ပြင်လိုက်ရတာ၊ စိတ်ကို ထိန်းဖို့တော့၊ သတိမရဘူး"

"ကိုကိုပါ အကြံဉာဏ်ပေးရင် မမဂျာ လိုက်နာမှာပါ"

သူက လက်ဖက်စားရာမှ မျက်လုံးကို ပြူးလိုက်၏။ ပြီးတော့ ရယ်ပါသည်။

"မရပါဘူးကွယ်၊ မင်းတို့မမ သိပ်ခေါင်းမာတာ၊ အလုပ်တွေ အောင်မြင်နေချိန် ကိုယ်ရောစိတ်ပါ မြှုပ်ထားတာ လောဘဇောဟာ သူ့ခန္ဓာကိုယ်အလှကို မြန်မြန်ကျွမ်းလောင်သွားမှာ။ ရုပ်ခန္ဓာအလှဆိုတာ ဒီလိုပဲ. . . မမြဲဘူး။ မမကလည်း အလှကိုမက်။ အေးပေါ့လေ-မြတ်စွာ ဘုရားတောင် ခေမာမိဖုရားကို အနုနည်းနဲ့ချွတ်ရတယ်"

သူပြောစကားတွေကိုကျွန်မ စိတ်ဝင်စားစွာနားထောင်နေပါသည်။

"မြတ်စွာဘုရားဆိုတော့လည်း သတ္တဝါစရိုက်ကို သိတယ်။ ဘယ်တော့မှ ကြမ်းကြမ်းတမ်းတမ်း နည်းလမ်း မသုံးဘူး။ ခေမာမိဖုရားဟာ အလှမှာ မာန်တက်လွတ်တော့ အလှရော၊ အလှတည်ရာ ရုပ်ဝတ္ထုရော မမြဲပုံကို ပြချင်တော့ အလှနဲ့ပဲပြတယ် ခေမာမိဖုရားထက်လှတဲ့ အမျိုးသမီး ပုံကို၊ မိဖုရားရှေ့မှာ ဖန်ဆင်းပြလိုက်တယ်၊ ခေမာက သိပ်ပြီး ဒီအလှမှာ စိတ်ဝင်စားနေတုန်း တဖြည်းဖြည်းနဲ့ ရင့်ရော်အိုမင်းသွားပုံကို နောက်ဆုံး အရိုးခေါက်ခက်နဲ့ ပုံပျက် လဲကျသေသွားတဲ့အထိ ပြလိုက်တယ်။ ဒီတော့ ခေမာ. . ."

"အရိုးရုပ်ကိုပြဖို့ မလိုပါဘူး အပါရယ်. . ."

ခန်းဆီးကြားမှ မမအသံနှင့် အတူကိုယ်လုံးပါ ထွက်လာတော့ ကျွန်မ မျက်လုံးတွေ ပြာသွားပါသည်။ ကိုကိုပါကို ကြည့်သော မျက်လုံးက





ချိုမြ ဝင်းလက်နေသလောက် ကျွန်မကို ကြည့်လိုက်သော အကြည့်မှာ ခါးသီးစူးရှလှသည်။ ချက်ချင်းပင်ထ၍ သူတို့ရှေ့မှာ ကိုယ်ကို ညွှတ်ကာ ကျွန်မဧည့်ခန်းထဲသို့ ဝင်သွားမိပါသည်။ မမတို့ စကားပြောကျန်ရစ်သည်။

ဒီညစာ ကိုကိုပါ ဒီအိမ်မှာ စားမှာဆိုတော့ ကျွန်မ ဒေါ်မုံးနှင့်အတူ ပြင်ဆင်ပေးလိုက်ပါသည်။ ကိုကိုပါ ညည့်နက်မှ ပြန်သွားပါသည်။

ကျွန်မအိပ်ရာပေါ် မှောလျစွာခွေလှဲလိုက်ပါသည်။ ဘာကြောင့် မှန်းမသိ၊ ရင်တွေခုန်လွန်းလို့ အိပ်မပျော်။ နောက်တနင်္ဂနွေ သူလာလျှင် လိုက်ရကောင်းမည်လား။ ထိုနေ့ည ကျွန်မ ကောင်းကောင်းအိပ်မရ။ ကိုကိုပါစကားသံတွေ ကြားနေရသည်၊ ပြီးတော့ မမမျက်လုံးတွေ မြင်ယောင်လာသည်။

* * *

(၇)

"ကဲ . . . အဝတ်အစားတွေ သိမ်းတော့"

ကျွန်မ အံ့အားသင့်နေပါသည်။ အလုပ်ပြီး နေ့လယ်နားနေချိန် ဒေါ်မုံးက အခန်းထဲဝင်လာကာ ပြောနေခြင်းဖြစ်သည်။

"မမက သူပေးထားတာတွေ ယူနိုင်တယ်တဲ့၊ ကိုဖြိုး သဘော်ဆိပ်ကို လိုက်ပို့လိမ့်မယ်။ ဝန္ထက သဘော်မှာ လက်မှတ်ယူထားတယ်၊ ညည်း ဒီညပြန်ရမယ်"

ကျွန်မ အမိပ္ပာယ်ကို ရုတ်တရက် နားမလည်ပါ။ ကြောင်ငေးငေး ဖြစ်နေမိသည်။ ကျွန်မသွားရမည်ပေါ့။ ဒီအိမ်မှာနေဖို့ မလိုတော့ပြီပဲ။ အခြေ အနေက ရုတ်တရက် အပြောင်းမြန်လိုက်တာ။

"ဒီအိမ်မှာ အလုပ်မလုပ်တဲ့နောက်၊ ဒီအိမ်ကပေးတဲ့ ပစ္စည်းတွေ ကျွန်မ မယူသင့်ပါဘူး။ ဒေါ်မုံး မမဟာသိပ်ရက်ရောပါတယ်"

"အေးပေါ့။ မမသိပ်ရက်ရောတတ်တာကို မင်းသတိပြုမိသားပဲ၊

www.burmeseclassic.com

www.burmeseclassic.com


ဒါပေမဲ့ သူကအချစ်မှာတော့ မရက်ရောနိုင်ဘူးလေ”

သူဒါပဲပြောကာ လှည့်ထွက်သွားသည်။ သူပြောလိုက်သော စကားလုံးများက ကျွန်မ၏အိမ်ကြီးမှ ထွက်သွားရခြင်း အကြောင်းရင်းပင် ဖြစ်ပါသည်။ ကျွန်မ သေတ္တာလေးကို ယူလိုက်ပါသည်။ သေတ္တာထဲမှာ ကျွန်မပါလာသော အဝတ်နှစ်စုံ၊ ပြီးတော့ အဖေဆုံးတော့ အဖေ့ခြင်ထောင်၊ ဘေးသားတွေစုတ်၍ အမိုးကိုကိုက်ဖြတ်ချုပ်ထားကာ အိပ်ရာခင်းအဖြစ် ကျွန်မအသုံးပြုရန် သိမ်းထားသော ပိတ်စအဖြူလေး။ မမချုပ်ပေးသော အဝတ်နှစ်စုံကို အိပ်ရာခင်းပေါ် တင်ထားလိုက်သည်။

မမ တစ်စုံတစ်ခုတော့ ကျွန်မကို ပြောဖို့သင့်ပါသည်။ ဒီတော့ ကျွန်မ၏ ရှင်းလင်းပြောပြချက်တွေကို မမနားထောင်နိုင်မည်။ ခုတော့လည်း ကျွန်မမှာ ဘာမှပြောပြခွင့်မရှိ။ သူ့ဘဏ္ဍာကို ကျွန်မရည်ရွယ်ရင်း မရှိကြောင်း ပြောချင်ပါသည်။ ကျွန်မရောက်စက ဒေါ်မုံးက ကျွန်မကို ပေါကောတော ကောင်မလေးဟု မှတ်ချက်ချခဲ့ပါသည်။ ယခုကိစ္စမှာ ကျွန်မဘက် ဒေါ်မုံးက အချစ်မှာ အတွေ့အကြုံမရှိသေးသော ပေါတော တော တစ်ယောက်ပါလို့ ရှေ့နေ မလိုက်တော့ဘူးလား။ အချစ်ကိစ္စမှာ ကျွန်မအတွေ့အကြုံ မရှိသေးတာကို မမ မသိသေးဘူး ထင်ပါသည်။ ဟုတ်ပါသည်။ စာအုပ်မျိုးစုံက ကောင်မလေးကောင်လေးတွေ အချစ်ကိစ္စကို ဖတ်ဖူးရုံကလွဲလို့ ကျွန်မမှာ အချစ်အတွေ့အကြုံ မရှိသေးပါ။ ပြီးတော့ ကျွန်မက မမလောက်လည်းမလှပါဘူး။ ကျွန်မ မလှပါဘူးဆိုတာ မမတကယ်သဘောပေါက်ရင် မမသဘောထားတွေကော ပျော့ပျောင်းသွားမလား။ ကျွန်မအလှကို မမနှင့် ယှဉ်ကြည့်ပါဦး။

ကျွန်မမျက်လုံးတွေဟာ ဝင်းမှောင်ရွှန်းလဲ့မနေပါဘူး။ မမလို မျက်တောင်ကလည်း မကော့၊ သေးသွယ်ရှည်လျားတဲ့ မျက်ခုံးမွေးအောက်မှ မမ မျက်ခွံရောင်က ခရမ်းတွေ ပြာလဲ့လဲ့ နီထွေးထွေး သုံးပန်လှ ပန်းလိုပါပဲ။ ကျွန်မရဲ့ စုတ်ဖွားဖွားမျက်ခုံးမွေးတွေနဲ့ မျက်လုံးပြူးကြောင်ကြောင်ကို ကိုကိုပါက စိတ်ဝင်စားမတဲ့လား။ ကိုကိုပါ မပြောနဲ့ ကိုစိုးမောင်တောင်





ကျွန်မကို ဟိုတနင်္ဂနွေက နှစ်ယောက်တည်း တွေ့ချိန်ဘာစကားမှ မပြောခဲ့ပါဘူး။ ကျွန်မကို အချစ်အကြောင်းပြောဖို့ စိတ်မဝင်စားဘူးထင်ပါရဲ့။ ရေသယ်ထားတဲ့ ကျွန်မ လက်ဖဝါးတွေကလည်း တုတ်တုတ်ခိုင်ခိုင်နဲ့ ကြမ်းတမ်းပါတယ် မမရယ်။ လောက အတွေ့အကြုံရော၊ စီးပွားရေး အရှာအဖွေမှာရော မမ အစစသာလွန်နေတာပါ။ ကျွန်မက အသက်ငယ်တာပဲ ရှိပါတယ်။ ငယ်ဂုဏ်တစ်ခုတည်းနဲ့ မမကို ကျော်လွန်ပြီး၊ ကိုကိုပါ ကျွန်မကို စိတ်ဝင်စားမယ်လို့ မမထင်တာဟာ သံသယစောလွန်းပါတယ်။

အဖေ့ခြံထဲနေတုန်းက ရေလောင်းပြီး ရွှံ့ဗွက်တွေ ပေနေတဲ့ ခြေထောက်တုတ်ခိုင်ခိုင်တွေကို ဖေးဆေးထားသလို ကျွန်မစိတ်တွေဟာ ဖြူစင်သန့်ရှင်းနေဆဲပါ။

အဖေ့ယာခင်းမှာ နေခဲ့သော ညများအကြောင်းကိုလည်း မမကို ပြောပြချင်ပါသည်။

ညမှာ အဖေ့ယာခင်းက တိတ်ဆိတ်သည်။ ပရစ်သံလောက်သာ ကြားရသည်။ လျှပ်စစ်မီးရောင်မရှိသောအမှောင်ထဲမှာ လရောင်ဖိုးတဝါးသာ လင်းနေချိန်၊ နက်မှောင်နေသော ကောင်းကင်၏ ဆံပင်မှာ လက ဆင်စွယ်ဘီးအကွေးလေးလို ချိတ်နေတတ်သည်။ ကျွန်မ ထိန်ထိန်သာသော လရောင်ကိုမကြိုက်၊ ငိုတဝါးလင်းသော အရောင်နှင့် စိန်ပန်းခိုင်လို တဖိတ်ဖိတ် တောက်ပနေသော ကြယ်တွေ လင်းလက်နေချိန်မှာ ကျွန်မ မန်ကျည်းပင်ရိပ်က ကွပ်ပျစ်မှာ ငေးမောနေတတ်ပါသည်။ ကျွန်မ၏စိတ် ကြည်လင်ဖြူစင်နေသော အချိန်ပါ။ ကျွန်မညများကို ဒီလိုပဲ ကုန်လွန်ခဲ့ပါသည်။

သဘော်ပေါ်မှာ ညတစ်ည၏အဖြစ်က ကျွန်မကို စိတ်ရောဂါသည် ဖြစ်စေပါသည်။ ဤဆိုးဝါး ညစ်ပတ်သော မသမာသူတွေ အကျင့်ကို အချစ်နှင့်ရောနှောတွေးတောမိကာ ယောကျ်ားတစ်ယောက်ကို ချစ်ရမည်ဆိုတိုင်း ပက်ကျိတွေ၊ မျှော့တွေ၊ မြွေတွေကို ကိုင်မိသလို ကြက်သီးထမိသည်။ ရင်တုန်အောင် ကြောက်လန့်မိသည်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ဒါဟာ အချစ်မဟုတ်လို့ ဘယ်သူက ရှင်းလင်းပြောပြမှာလဲ၊ မမ အိမ်ကြီးကို ရောက်လာတော့ တွေ့ရသော သူစိမ်းယောက်ျားနှစ်ယောက်လုံး ကိုကိုပါရော ကိုစိုးမောင်ပါ အချစ်အကြောင်း တစ်လုံးတစ်ပါဒမှ မပြော ခဲ့သေးဖူးပါဆိုတာကို မမယုံအောင် ပြောပြချင်ပါသည်။ အခွင့်အရေး ကမရ၊ ရှင်းလင်း တင်ပြခွင့်လေးသာ ပေးလိုက်လျှင်၊ မမမှာ အကောင်းတွေ စင်းလုံးချော ပြည့်စုံ သွားမှာပါ။ ကျွန်မအပေါ် အစစကောင်းခဲ့သည့် မမ၏စေတနာကို စိတ်ကူးနှင့်ပြစ်မှားဖို့ နေနေသာသာ ကိုယ်ရောဂါနှင့် ကိုယ်။ အချစ်ဆိုတာကို ယုတ်မာစုတ်ပဲ့ခြင်းလို့ ထင်နေသူပါ။ အကြောင်း တွေကို ရှင်းလင်းတင်ပြခွင့်ရလျှင် မမ ယုံမှာပါ၊ တကယ်လည်း ယုံကြည် စေချင်ပါတယ်။ မမရှင်းလင်းခွင့် ဘာလို့မပေးတာလဲ။ ကျောက်ကောင်း ဆိုတာ အနာလေးတစ်ခုတော့ ပါမှာပေါ့လေ။ မမကို ခွင့်လွှတ်ပါသည်။ ကျွန်မတောင် အားလုံးကိုစွန့်လွှတ်နိုင်သည် ဆိုပေမဲ့ အခုမှာတော့ စွဲလမ်းမှု ပါခဲ့သည်ပဲ။ အဒေါ်ကို ပြောခဲ့ဖူးသည်။ "အစားမှာ ဖြစ်သလိုစားမယ်။ ငါးပိရည်နဲ့ပဲ စားရစားရ အဝတ်လည်း တစ်စုံပဲရှိရှိ အစုတ်နဲ့ပဲ နေရနေရ။ အိမ်ဆိုလည်း တဲနဲ့ပဲ နေရပါစေ။ နေနိုင်ပါတယ်။ မတပ်မက်ပါဘူး။ အိပ်ရာခင်း ဖြူဖြူလေးတစ်ခုကိုတော့၊ တပ်မက်ပါရစေ"ဟု ကျွန်မ ပြော ခဲ့ပါသည်။

မမလည်း ဒီလိုပဲပေါ့။ အိမ်စေတွေအပေါ်မှာအခွင့်အရေး အပြည့် အစုံ ပေးပါသည်။ လိုက်လျောပါသည်။ သန့်ရှင်းသပ်ရပ်စွာ ကျွန်မတို့ နေရပါသည်။ ကျွန်မအတွက်လည်း သင့်တော်သူ အိမ်ထောင်ဖက်ဟူ၍ ရည်စူး၍ ကိုစိုးမောင်နှင့် ရင်းနှီးအောင် အခွင့်အရေး ဖန်တီးပေးသားပဲ။ ကျွန်မအပေါ် မမအလွန်ကောင်းခဲ့သည်ဆိုရမည်။ မမနှင့်တွေ့သောနေ့ က ရင်းရင်းနှီးနှီး သီချင်းတောင်ဆိုပြခဲ့ရသော ပျော်ရွှင်ဖွယ်အခွင့်အရေး မမပေးခဲ့သည်ကိုသတိရဆဲပါ။ ခုလည်း သီချင်းဆိုခွင့်ပေးရင် "သံသယ မစောပါနဲ့ ကျွန်မကမချော်ပါဘူး" ဆိုတဲ့ သီချင်းလေးကို ဆိုပြချင်ပါတယ် မမ။





ကိုစိုးမောင်ကလည်း ကျွန်မသဘောပေါ်မှာ တွေ့ဖူးသော ချော ကျိကျိ ချဉ်စုတ်စုတ်လူမျိုး၊ အရက်နံ့လှိုင်သော လူမျိုးတော့ မဟုတ်ဘူး ဆိုတာ ကျွန်မသိပါသည်။ သူ့မှာလည်းလေ ကျွန်မကို တစ်ခုခု ပြောပြ ချင်နေသည်ကို ဟိုတွေ့ခဲ့သော တနင်္ဂနွေတုန်းက သူ့မျက်လုံးထဲမှာ ကျွန်မ တွေ့လိုက်ပါသည်။ ပြောလိုက်လျှင်လည်း ကောင်းမှာပါ။ တကယ်ဆို နောက်တနင်္ဂနွေနေ့အထိ စောင့်လိုက်လျှင် ကျွန်မနှင့် ကိုစိုးမောင် အခြေအနေက ပြောင်းလဲကောင်း ပြောင်းလဲလာမှာပါ။ ဒါပေမဲ့ တစ်ပတ် အတွင်း ဒေါ်မုံးထံမှရရှိသော သတင်းအချက်အလက်တွေအရ စောစီးစွာ အရေးယူခြင်းပဲလား။ ကျွန်မနှင့် ကိုကိုပါ အစားအတူစား၍ စကားပြော တိုင်း၊ ဒေါ်မုံး၏မျက်နှာအမူအရာက ကျွန်မ၏ လာလတ္တံ့သော အနာဂတ် အတွက် နိမိတ်ပြသည်ကို ကျွန်မဂရုမထားမိခြင်းပင်။

မမသည် အစစ အလိုက်သိတတ်သလို၊ အကင်းလည်းပါးသည်။ ကျွန်မပေါ် လိုက်လျောမှုတွေ ရှိခဲ့သလို။ 'ချ'စရာရှိတော့လည်း လက်ဦးမှု ကို အရယူလိုက်ပါပြီ။

ကျွန်မ ဘာတတ်နိုင်ပါမည်နည်း။ သူအကွက် ဆင်ထားသလို ကျွန်မနှင့် ကိုစိုးမောင် ဝင်လာဖို့က အချိန်ပေးဦးမှပေါ့။ ဒါက ကျွန်မ အတွေး။

သူဘက်ကလည်း တွေးစရာ၊ သူပေးထားသော အချိန်အတွင်း ကျွန်မ အခြေအနေက သူ့ပြိုင်ဘက်အဖြစ် ပြောင်းလဲသွားနိုင်သည်။ ရန်သူသည် အချိန်မရွေး ထိုးဖောက်ဝင်ရောက်ကာ သူ့နယ်မြေကို သိမ်း ပိုက်နိုင်သည်။ ကိုကိုပါကလည်း ဘာကြောင့်များ လာတိုင်း ကျွန်မနှင့်သာ စကားလက်ဆုံ ပြောချင်ပါသနည်း။ မမပြန်လာတိုင်း လိုလို၊ ကျွန်မနှင့် ကိုကိုပါ လမ်းအတူလျှောက်လျက် ခြံထဲမှာ တွေ့ရတာကိုက သူ့စိတ်ကို သံသယပွားစေမှာပါပဲ။ နောက်ဆုံး မမကိုယ်တိုင် တွေ့သော ကျွန်မနှင့် ကိုကိုပါ စကားပြောချိန်မှာ သူ ဘယ်တုန်းက ခန်းဆီးနောက်ကွယ်မှာ ရောက်နေသလဲ မသိ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အလှမှာ တပ်မက်မောပုံကို ကိုကိုပါ ပြောခဲ့သည်။ သူ့ထက်ငယ်သူ ကိုကိုပါကို ဆွဲဆောင်နိုင်ဖို့ သူမှာ အလှနှင့်ငွေ ရှိဖို့လိုသည်ဟု သူယူဆသည်။ သူ့အလှ ငွေစွမ်းအားနှင့် ကိုကိုပါကို သိမ်းသွင်းမိပြီဟု သူခိုင်မာစွာ ယူဆချိန်မှာ ကိုကိုပါ စကားလုံးများက သူ့ယူဆချက်ကို ဖြိုခွဲလိုက်ပါသည်။

ဒီတော့ ကိုကိုပါကို သိမ်းပိုက်နိုင်ဖို့ လမ်းကြောင်းမှာ ကျွန်မကို ပြိုင်ဘက်ဟု ယူဆချက်ဖြင့် အပြတ်ရှင်းခြင်းအတွက် သူ့ သေနင်္ဂဗျူဟာသည် မှန်ပါသည်။ သူလုပ်သင့်သည်ကို လုပ်ခြင်းပဲ။

ကျွန်မသာ ဘယ်ကိုပြန်ရပါ့။ အဒေါ်ဆီကိုလည်း မပြန်ချင်။ ကိုစိုးမောင် အိမ်ကိုသွားရရင်ကော . . .

ခက်သားလား၊ သူ့အိမ်ရောက်ရင် ကျွန်မက သူ့အဖေခြင်ထောင်တွေ၊ စောင် အိပ်ရာခင်းတွေကို ရေနှင့်ဆပ်ပြာများများရောကာ၊ အိုးထဲမှာ ထည့်ပြုတ်ပစ်လိုက်ချင်သည်။ ဖြစ်နိုင်လျှင် အဘိုးကြီးကိုလည်း ပေါင်းအိုးထဲ ထည့်ပေါင်းပြီး၊ ကြေးတွေ ချွတ်တိုက်ပေးချင်သည်။ ဒါပေမဲ့ အဝတ်လျှော်ဖို့ ကျွန်မသုံးချင်သလောက်ရေ ကိုစိုးမောင် ခပ်ပေးနိုင်ပါဦးမှ။

ပြီးတော့ ခွေးသိမ်း မိလ္လာစနစ်ကို မကြိုက်လေတော့ အဘိုးကြီးအောက်က ပျဉ်ချပ်ကို ပိတ်ရမည်။ အိမ်ကိုလည်း ၆ ပေ လောက် မြင့်မြင့်မြှင့်ဆောက်ဦးမှ၊ လေကောင်းကောင်း ရအောင် ပြတင်းပေါက်လည်း များများ ဖောက်ရဦးမည်။ မမအိမ်မှာ အနေကြာလေတော့ မမရဲ့ အရိပ်အာဝါသမှာ သာယာမိနေပြီလေ။ ဒီတော့လည်း သူ့အိမ် အစုတ်ပလုတ်လေးမှာ ကျွန်မဘယ်လိုနေရပါ့။

အို . . . သူ့အိမ်မှာ သွားကျယ်လို့ သူ့အစ်ကို လင်မယားကလည်းရှိသေး။ ပြီးတော့ ကိုစိုးမောင်က တစ်ပဟ်ခြား ဂျွ့ချင်တယ်လို့သာ ပြောသေးတာ။ တစ်စုံတစ်ရာ ဖွင့်ပြောသေးတာမဟုတ်။ ဪ. . . ဘာမှ မရေရာပါလား။ ဒါပေမဲ့ လာမည့်တနင်္ဂနွေမှာ ကိုစိုးမောင် ကျွန်မကို လာခေါ်ပါက ဒီလိုတွေးမိတော့လည်း ကျွန်မနှလုံးသားက နာကျင်သား





. . .။

ကိုကိုပါများ တကယ်လို့ စိတ်ကူးရပြီး တာကြီးပိုင်း ကျွန်မတို့အနားက ခြံတစ်ခုခုကိုများ လာဝယ်လျှင် . . .။ ။

♥

(စံပယ်ဖြူ၊ မတ်၊ ၁၉၉၀)

www.burmeseclassic.com

www.burmeseclassic.com

# တစ်ခါသုံးအပ်

မြင့်မားသော တစ်ဖက်ခြံရှိ သုံးထပ်တိုက်ပေါ်မှ သီချင်းဆိုသံများ ထွက်ပေါ်လာပေမဲ့ မသဲကွဲပါ။ တိုက်ကြီးက ဆောက်လုပ်ဆဲ၊ အပြီးမသတ်သေး။ အုတ်သယ်သူတွေ၊ ပန်းရံတွေ၊ လက်သမားတွေနှင့် ဆူညံနေသည်။

သန္တာတောင်ပေါ်မြို့လေးကို ရောက်စက သူတို့ခြံဘေးက ဤအိမ်ကြီးမှာ ဆောက်စရှိသေးသည်။ ယခု တဖြည်းဖြည်းနှင့် မြင့်တက်လာသည်။ သူက ခြံစည်းရိုးနားက သံစည်ပိုင်းဘေးမှာ အဝတ်လျှော်နေကျ။ နံနက်စာချက် ပြီးလျှင် စည်ပိုင်းဘေးကျောက်ပြားပေါ်မှာ အဝတ်လျှော်သည်။ နှစ်ယောက်တည်းနေသော အိမ်ဖြစ်၍ ထမင်းချက်ရတာကလည်း အလုပ်မများ။ အဝတ်လျှော်ရတာကလည်း သုံးလေးထည်ပါပဲ။

ရေစည်ပိုင်းက အိမ်ပေါ်က ရေချိုးခန်းမှာ တစ်ခု။ အိမ်ပေါ်က စည်က မမဦးရေချိုးဖို့နှင့် ထမင်းချက်ဖို့ပါပဲ။ သူကတော့ အောက်ထပ်မှာရှိသော စည်ပိုင်းမှာပဲ ရေချိုးအဝတ်လျှော်သည်။

ရေစည်သမားလာလျှင် အောက်ထပ်ရှိ စည်ပိုင်းကိုပဲ ရေဖြည့်ပေးလေတော့ သူက ရေစည်သမားမလာခင် အောက်စည်မှရေများကို အပေါ်ထပ်သယ် ထားနှင့်ရသည်။ ရေစည်သမားလာတော့ အဆင်သင့် အောက်ထပ်ရှိစည်ကို ရေဖြည့်ရုံပါပဲ၊





သန္တာနေသည်က ဒေါက်တာတင်တင်ဦးအိမ်။ တင်တင်ဦးအဒေါ်ကစီစဉ်ပေး၍ သူသည် တင်တင်ဦးနှင့် လိုက်လာခြင်းပါ။ သူတို့ ရှမ်းပြည်နယ်တောင်ပိုင်း ဒီမြို့လေးကို နွေဦးပေါက်က ပြောင်းလာကြသည်။ ဆေးရုံဝင်းထဲက ခြေတံရှည်အိမ်လေးမှာ သူတို့နေကြသည်။ တင်တင်ဦးကလည်း ဆရာဝန် ဖြစ်သည်မှာ မကြာသေး။ အသက် ၂၅ နှစ်လောက်ပဲရှိဦးမည်။ နံနက်စာ စားပြီးကတည်းက ၈ နာရီမထိုးခင် ဆေးရုံကိုသွားရသည်။ နေ့လယ်ထမင်း ပြန်စားသည်။ ည ဂျူတီကျလျှင်တော့ ပြန်မလာနိုင်၊ သန္တာနေရသည်မှာ အမြဲလိုလို တစ်ယောက်တည်းပဲ ဖြစ်သည်။

တစ်ဖက်ခြံရှိ အလုပ်သမားများကိုလည်း သူမသိ။ ဘယ်သူက အင်ဂျင်နီယာ၊ ဘယ်သူက ကန်ထရိုက်တာမှန်းမသိ။ ယခုတောင် သီချင်းဆိုတဲ့ အသံများကြောင့် သူတစ်ဖက်ခြံကို မျှော်ကြည့်ခြင်းပါ။

"ဒီမှာ သောက်ရေနည်းနည်းပေးပါလား"

သန္တာသည် အဝတ်ဖွပ်ရင်း အသံလာရာကို ကြည့်လိုက်တော့ ကျိုးပဲ့နေသော ခြံစည်းရိုးတစ်ကွက်မှ ဝင်လာသော လူငယ်တစ်ယောက်ကို တွေ့ရသည်၊ အလုပ်သမားတစ်ယောက် ဖြစ်ဟန်တူသည်။ ကြံ့ခိုင်သော ကိုယ်ခန္ဓာ ရှိပေမဲ့ ဝတ်ထားသော ရှပ်အင်္ကျီပြာပြာမှာ ထုံးမှုန့်တွေ၊ ဖုံတွေနှင့်။

သန္တာက အပေါ်တက်၍ ရေတစ်ခွက် ခပ်ပေးလိုက်သည်၊

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ သောက်ရေပါလာတာ ကုန်သွားလို့"

အလုပ်သမားလူငယ်က ရေသောက်ပြီး ပြောကာ နှုတ်ဆက်ထွက်သွားသည်။ သူသည် ဝါးကပ်များကာထားသော ခြံစည်းရိုးပေါက်ကို ကြည့်နေမိသည်။ ဆေးရုံကြီးကတော့ သွပ်ဆူးကြိုးကာထားသည်။ ရှေ့ဘက်မှာ အုတ်တံတိုင်းကာနေဆဲ။ သူတို့တန်းလျားတွေမှာ သောလောဆယ်တော့ ဝါးကပ်စည်းရိုးနှင့် ကာထားသည်။ နောက် အတန်ကြာလျှင်တော့ စည်းရိုးကို ပြင်၍ကာမည်ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

ဒီစည်းရိုးက လူငယ်တက်လာတော့ သူ့စိတ်ထဲ ထင့်ခနဲ ဖြစ်သွားမိသား။ ဒါပေမဲ့ ရေတောင်းသောက်ပြီး ပြန်သွားသည်။ တော်ပါသေးရဲ့။ မမဦးပြန်လာမှ ဒီစည်းရိုးကို တစ်ခုခုနှင့် အကာအကွယ်လုပ်ဖို့ ပြောရဦးမယ်။

မမဦးကလည်း ဆေးရုံကပြန်လာ၊ ရေမိုးချိုး၊ စားသောက်ပြီး စာတစ်အုပ်နှင့် နေတော့သည်။ နောက်ထပ် စာမေးပွဲတစ်ခု ဖြေရဦးမတဲ့။ စည်းရိုးအကြောင်း စကားမစပ်မိ။

နောက်နေ့များမှာလည်း သူ အဝတ်လျှော်တိုင်း သီချင်းသံက ပျံ့လွင့်လာသည်။ အဝတ်လျှော်ပြီး အိမ်ပေါ်ကိုရေတင်ရန် ရေပုံးကို ဆွဲမည်အလုပ်-

"ဒီမှာ ဒီမှာ"

တစ်နေ့က လာသောလူငယ်က ခြံစည်းရိုးပျက်မှ ဝင်လာကာ သူ့ကို ခေါ်သည်။ သန္တာသည် အံ့အားသင့်စွာ ကြည့်နေမိသည်။

"ရှင် သောက်ရေ ယူဦးမလို့လား"

သန္တာက လှမ်းမေးလိုက်သည်။

"မဟုတ်ပါဘူး၊ ကျွန်တော် ခဏအလုပ်နားရလို့ ရေကူသယ်ပေးမယ်လေ"

သန္တာကမဖြေ။

"ကျွန်တော့်နာမည် ဘိုတင်ပါ။ ဒီဆိုက်ထဲမှာ အလုပ်လုပ်တာ။ ကျွန်တော်က မြို့ထဲမှာနေတာ၊ မြို့ထဲ လိုချင်တာရှိရင်မှာပါ။ ကျွန်တော် ဝယ်လာခဲ့မယ်"

"မလိုပါဘူး၊ မမဦး ညနေစောစော အလုပ်ဆင်းရင် ဈေးဝယ်လာတတ်တယ်။ ဟိုသူနာပြု ဆရာမကြီး ဒေါ်နန့်းစိန်ကလည်း ဝယ်ပေးတယ်"

သန္တာက ထိုလူငယ်ကိုကြည့်၍ ဖြေသည်။ ပေရေနေသော မျက်နှာမှာ အသားဖြူတာက ပေါ်နေသည်။ တောင်ပေါ်သားများလည်း နှာတံကပေါ်ပေမဲ့ မျက်လုံးမှေးသည်။ မေးရိုးကားကားနှင့် နှုတ်ခမ်းထူထူ၊





အလုပ်ကြမ်းသမားတစ်ယောက်ပါပဲ။ စကားပြောသံက မဝဲ။

"ပေးပါလေ၊ အားနာနေတယ်ထင်တယ်၊ ကျွန်တော် ကူဆွဲပေးမယ်၊ ပေးပေး"

လူငယ်က ရေပုံးကို အတင်းဆွဲသည်။ သန္တာက ကြောင်ကြည့်နေမိသည်။ သူစိမ်းတစ်ယောက်ကို အပေါ်ထပ် ရေချိုးခန်းသို့ ခေါ်သွားဖို့ မသင့်သည်ကို သူသတိထားမိသည်။

"ကျေးဇူးတင်ပါတယ်၊ ကျွန်မ ရေသယ်ရတာ မများပါဘူး၊ ကျွန်မဘာသာ သယ်မယ်"

"နာမည်က"

"သန္တာဥပါ"

"သန္တာမှတ်ထားနော်၊ ကျွန်တော် အလုပ်အားရင် ဒီနေရာကို လာမယ်။ သန္တာလည်း ပင်ပန်းတယ်၊ ကျွန်တော်လည်း ပင်ပန်းတယ်၊ ခဏနားချိန် ဒီနေရာမှာ စကားပြောကြတာပေါ့"

သန္တာက ဘာမှမပြောတော့ဘဲ နှုတ်ဆက်ကာ ရေပုံးဆွဲ၍ ထွက်သွားသည်။

မမဦးကို မပြောဖြစ်သော ဤစည်းရိုးပေါက် တစ်နေရာက လူငယ် ဝင် ဝင်လာတတ်သည်။ နောက်တော့လည်း ရင်းနှီးလာသည်။ လူငယ်က သန္တာဖို့ ကောက်ညှင်းပေါင်း၊ ခေါ်ပုတ် ဝယ်လာတတ်ကာ ဤနေရာမှာ သူတို့နှစ်ယောက် နေ့လယ်စာ စားဖြစ်သည်။ သန္တာက ရေနွေးကြမ်းနှင့် ညှော်ခံတတ်သည်။

နောက် ၆ လ လောက်မှာတော့ လူငယ်က အပေါ်ထပ်ရေချိုးခန်းထိ ရေဆွဲပေးသည်။

လခထုတ်ချိန်မှာ လူငယ်က ပိတ်စလေးများ သန္တာဖို့ ဝယ်လာတတ်သည်။

ယခုအချိန်မှာတော့ သူတို့နှစ်ယောက် နေ့လယ်စာသည် စည်းရိုးပျက် နားမှာမဟုတ်၊ အိမ်ပေါ် ထမင်းစားခန်းမှာ ဖြစ်လာသည်။ သန္တာက

www.burmeseclassic.com

www.burmeseclassic.com

ရေနွေးကြမ်း သက်သက်သာမက ဆတ်သားခြောက်မီးဖုတ်နှင့်လည်း ညှော်ခံသည်။ ခြစ်ညီးရိုး တစ်ကွက်ဟာနေသည်ကို မမဦးကိုပြောပြဖို့ သန္တာ သတိမရတော့ပါ။

ဘိုတင်သည် အိမ်ပေါ်ရေချိုးခန်းတင်မဟုတ်၊ သန္တာ၏ အိပ်ခန်း ကိုပါ ဝင်ခွင့်ရလာသည်။

မိုးဦးကျလာတော့ ရှမ်းပြည်နယ်တောင်ပိုင်းသည် မိုးများလှသည်။ တစ်ဖက်က တိုက်ကြီးကလည်း မြင့်၍မြင့်၍လာသည်။ သုံးထပ်ဟိုက် အုကြမ်းထည်ပေါ်လာပြီ၊ အချောသတ်ရတော့မည်။

သန္တာ မိုးမိသောတစ်နေ့ ဖျားလာသည်။ လက်တွေခြေတွေလည်း ကိုက်သတဲ့၊ တင်တင်ဦးက အိမ်မှာ ဆေးဝါးကုသရင်းမှ ဆီးတွေ၊ သွေး တွေ ဆေးရုံမှာ စစ်ခိုင်းသည်။ ဒီမြို့မှာ ငှက်ဖျားနေရာမဟုတ်ပေမဲ့ စိတ် မချရ၊ ရန်ကုန်မှာတောင် ငှက်ဖျားရှိသည်။

ဆေးရုံမှာ သူနာပြုဆရာမကြီး ဒေါ်နန်းစိန်က သန္တာ၏ဆီး၊ သွေး များ စစ်ထားသော အဖြေကိုလာပြရင်း တင်တင်ဦးကို ပြောသည်။

"ဒေါက်တာ နည်းနည်းမှ မရိပ်မိဘူးလား"

"ဘာကိုလဲ ဒေါ်နန်းစိန်" တင်တင်ဦးက မေးလိုက်သည်။

"သန္တာမှာ ကိုယ်ဝန်ရှိနေတယ်"

သူနာပြုဆရာမကြီးအပြောကြောင့် တင်တင်ဦးမှာ ဘုရားတ မိအောင် အထိတ်တလန့် ဖြစ်သွားသည်။

"ဆရာမကြီးရေ. . . ဘယ်သူနဲ့များလဲမသိဘူး။ ကျွန်မမှာ တာဝန် ရှိတယ်။ ခက်တာက သူလည်း တစ်နေ့လုံး အိမ်မှာတစ်ယောက်တည်း နေရတာဆိုတော့ စိတ်လေမှာပဲ၊ အုပ်ထိန်းတဲ့လူကြီးကလည်း မရှိ"

"ဒေါက်တာ မေးကြည့်လေ"

"မေးကြည့်ပါ့မယ်၊ ကျွန်မ ဒီတောင်တန်းဒေသတွေ ပြောင်းရမယ် ဆိုတော့ ကျွန်မအဒေါ်က ကျွန်မကိုစိတ်မချတာ။ မိန်းကလေးတစ် ယောက်တည်း တစ်နယ်တစ်ကျေးထွက်ရတာ စိတ်မချဘူးတဲ့ . . . ကျွန်မ





အဖော်ရအောင် သန္တာကိုသူထည့်လိုက်တာ။ သန္တာက ကျွန်မအဒေါ် အိမ်မှာနေတာ"

ဒေါက်တာက မျက်စိပျက် မျက်နှာပျက်နှင့် ပြောပြသည်။

"ဆရာမကြီးရယ် ဆရာဝန်ဆိုပေမဲ့လည်း ကိုယ့်လူကျတော့ ကိုယ် အကဲခတ်ဖို့ သတိလစ်တတ်တယ်"

"အကူအညီလိုရင်ပြောပါ၊ အန်တီသွားမယ်"

ဆရာမကြီးထွက်သွားတော့ ဒေါက်တာတင်တင်ဦးမှာ စိတ်ပျက် လက်ပျက် နောက်ကိုမှီရင်း ကျန်ရစ်သည်။

ညနေအိမ်ပြန်ရောက် ထမင်းစားပြီးမှ သန္တာကို မေးရသည်။

"မမဦးကို အမှန်အတိုင်းပြောပြပါ။ အိမ်ထောင်ပြုတယ် ကိုယ် ဝန်ရှိတယ်ဆိုတာ ရှက်စရာမဟုတ်ဘူး။ ဒါပေမဲ့ ကိုယ်ဝန်ရှိရင် ဒီကလေးမှာ အဖေရှိရမယ်။ အဖေမရှိမှ ရှက်စရာ။ မမဦးကို ဖွင့်ပြောပါ။ မမဦး လက် ထက်ပေးမယ်"

သန္တာသည် တရှုပ်ရှုပ်ငိုရာမှပြန်ဖြေသည်ကတော့ တစ်လုံးတည်း။

"ကိုဘိုတင်"

"ဘယ်ကလဲ ဘိုတင်ဆိုတာ မမဦးကိုပြော"

"ဟိုဘက် ဆောက်နေတဲ့တိုက်က အလုပ်ကြမ်းသမား"

"အလုပ်ကြမ်းသမားဖြစ်ဖြစ်၊ အနုသမားဖြစ်ဖြစ် မမဦး ပေးစား ပါ့မယ်။ လက်မထပ်သေးဘဲနဲ့ မိန်းကလေးတစ်ယောက်ဟာ ဒီလိုမဖြစ် သင့်ဘူး"

သန္တာက မျက်ရည်သုတ်လိုက်၍ မျက်လွှာချကာ ပြန်ပြောသည်။

"သန္တာတို့ လက်ထပ်ပြီးသားပါ"

"ဘုရားရေ"

သန္တာစကားကြားတော့ ဒေါက်တာတင်တင်ဦးမှာ ဘုရားတမိ သည်။ ဘယ်လိုဖြစ်ရပါလိမ့်။ သူ့အိမ်က အိမ်ဖော်မိန်းကလေး လက်ထပ် တာ သူ မသိရပါကလား။

www.burmeseclassic.com

www.burmeseclassic.com

"သန္တာလက်ထပ်တာကို မမဦးကို ဘာလို့အသိမပေးတာလဲ"

"ကိုဘိုတင်က မပြောရဘူးဆိုလို့" သန္တာက မဝံ့မရဲနှင့် ဖြေသည်။

"ခက်လိုက်တာ သန္တာ၊ လက်ထပ်တယ်ဆိုတာ အကြီးအကျယ် မင်္ဂလာဆောင်မှ မဟုတ်ဘူး၊ မိန်းကလေးတစ်ယောက် လက်ထပ်ရင် သူ့အုပ်ထိန်းသူ သိရမယ်။ ပြီးတော့ ရုံးမှာ နှစ်ဦးသဘောတူ လက်ထပ်ပြီးရင်တောင် အရှေ့ခုနစ်အိမ်၊ အနောက် ခုနစ်အိမ်ဖိတ်ပြီး လက်ဖက်ရည်လေးပဲတိုက်တိုက်၊ ပတ်ဝန်းကျင် အသိအမှတ်ပြုအောင် လုပ်ရတယ်"

သန္တာက တင်တင်ဦးပြောမှ ချုံးပွဲချငိုသည်။

"ဘာလို့ငိုတာလဲ။ ဘယ်မှာလဲ လက်ထပ်စာချုပ်"

တအင့်အင့်ငိုရာမှ သန္တာကဖြေသည်။

"ကိုဘိုတင်က အားလုံးယူထားတယ်။ သူလက်ထပ်ပြီးပြီပဲ၊ သူ့ကို ယုံပါတဲ့၊ သူနေဖို့အိမ်ရရင် သန္တာ့ကိုခေါ်မယ်၊ ဒီတော့မှ မမဦးကို အသိပေးပါ ဆိုတယ်"

"ဟုတ်ပါတယ်၊ အိမ်ရှိဖို့ ကြိုးစားတာတော့ မှန်ပါတယ်။ လက်ထပ်ထားတယ်ဆိုတာတော့ လူသိရှင်ကြား ဖြစ်ရမှာပေါ့။ မမဦး စီစဉ်ပေးမယ်၊ သန္တာဗိုက်က ဒီအတိုင်းနေမှာ မဟုတ်ဘူး။ တဖြည်းဖြည်းပေါ် လာမှာ။ ကိုယ့်မှာ လင်နဲ့သားနဲ့ဆိုတာ ပတ်ဝန်းကျင်က သိရမယ်လေ"

"မနက်ကျ သန္တာ သွားခေါ်ပါ့မယ်" သန္တာ့အဖြေက မယုံမရဲ။ တင်တင်ဦးက သန္တာ့စကားသံကို ကြားရတာ အားမရှိလှ။ ခက်သား။ နိုးရာလိုက်ပြေးလည်း ကိစ္စမရှိ။ ခုတော့ တိတ်တိတ်လက်ထပ်ထားသတဲ့။ ဘာကြောင့် သန္တာနှင့် လက်ထပ်သည်ကို ဒီလူက လူသိမခံချင်ရတာလဲ။ သန္တာက 'အ'ကို 'အ'သည်ဟု သူထင်သည်။ သူကိုယ်တိုင်ကလည်း သန္တာ့ကို ဒီလိုကိစ္စမျိုး ဆွေးနွေးပြောဆိုဖို့ အချိန်မရ။ သူ့အဒေါ်သာသိလျှင် သူ့ကိုအပြစ်ဆိုမည်။ သန္တာက ဖြူဖြူဝဝပုပုလေးဆိုတော့ ကိုယ်ဝန် လနုချိန်မှာ ဆရာဝန်ဖြစ်ပေမဲ့ သူမရိပ်မိပါ။ အသက်ကလည်း ၂၀ မပြည့်သေး။ စဉ်းစားချင့်ချိန်နိုင်သော အရွယ်မဟုတ်။





နောက်နေ့ ဒေါက်တာတင်တင်ဦး ပြန်လာတော့ သန္တာက မျက်စိမျက်နှာ မကောင်းဘဲ ဆီးကြိုသည်။

"ဘာဖြစ်လို့လဲ သန္တာ"

"သူ အလုပ်မဆင်းဘူးတဲ့"

"ဘာပြောတယ်၊ အလုပ်မဆင်းလည်း မင်း သူ့အိမ်ကို မသိဘူးလား၊ နက်ဖြန် တစ်ရက်စောင့်ကြည့်"

သူ မကျေမနပ်နှင့် ဒါပဲ ပြောနိုင်သည်။ နောက်နေ့မှာလည်း ဘိုတင်က အလုပ်မဆင်းတဲ့။

ဒေါက်တာတင်တင်ဦးမှာစိတ်ရှုပ်သွားသည်။ ဆရာမကြီး ဒေါ်နန်းစိန်ကိုပဲ တိုင်ပင်ရပြန်သည်။ အကျိုးအကြောင်းကို ပြောပြရသည်။

"ဒေါက်တာရေ. . . ဒီလိုဆိုရင်တော့မရိုးဘူး။ အန်တီတစ်ခု အကြံဉာဏ်ပေးမယ်။ ဒီတိုက်ဆောက်တဲ့ ကန်ထရိုက်တာ စောဆိုင်ဘုံက ဆရာဝန်ကြီးနဲ့အသိ။ ဆရာဝန်ကြီးကို အကူအညီတောင်းကြည့်ရအောင်"

"ဖြစ်ပါ့မလား"

"အို. . . ဒေါက်တာကလည်း ဒါက လူမှုရေး။ မိန်းကလေးတစ်ယောက်အတွက် မနစ်နာအောင် ဆရာဝန်ကြီးက ကူညီနိုင်မှာပါ"

သူနာပြုဆရာမကြီး အကူအညီဖြင့် သူကိုယ်တိုင် ဆေးရုံအုပ်ဆရာဝန်ကြီးကို တက်ပြောရသည်။ ဆရာဝန်ကြီးက စိတ်လိုလက်ရ အကူအညီ ပေးကာ ကန်ထရိုက်တာနှင့် တွေ့ဆုံပေးပါသည်။

အမန်တော့ တင်တင်ဦးလို ဆရာဝန်ပေါက်စ မျက်နှာကြောင့် မဟုတ်ပေ။ ဆရာဝန်ကြီးမျက်နှာကြောင့် ကန်ထရိုက်တာက ဘိုတင်ကို ခေါ် လာပေးသည်။

နောက် တနင်္ဂနွေမှာ ဆေးရုံအုပ်နှင့် ကန်ထရိုက်တာကြီး သန္တာတို့ကို လက်ထပ်ပေးသည်ဆိုသော အရပ်လူကြီး၊ အလုပ်သမားများကို ဖိတ်ခေါ်၍ လက်ဖက်ရည်တိုက်ကာ ဘိုတင်နှင့် သန္တာ လက်ထပ်ခြင်း အသိအမှတ်ပြုပွဲ ကျင်းပပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သန္တာက ညနေဘက်မှာ သေတ္တာတစ်ခုဘေးချ၍ တင်တင်ဦးကို ကန်တော့သည်။ ဘိုတင်က မျက်နှာ မသာမယာ။ သန္တာကလည်း ငိုပါသည်။ တင်တင်ဦးက ဆုပေးရင်း စိတ်က မတင်မကျ။ လက်ထပ်သည်ကို ကြေညာ သည့်နေ့မှာ သတို့သား၊ သတို့သမီးမျက်နှာက မရွှင်မပျနှင့်။ သန္တာကတော့ သူ့ကိုခွဲရမှာမို့ ငိုသည်ထင်ပါရဲ့။

နောက်အပတ် တနင်္ဂနွေနေ့မှာ တင်တင်ဦး တစ်ယောက်တည်း ဧည့်ခန်းထဲမှာ စာအုပ်နှင့် ထိုင်နေသည်။

သန္တာမရှိသည့်အတွက် သူနာပြုဆရာမကြီး ဒေါ်နန်းစိန်က ထမင်းချက်ပို့သည်။ နံနက်စာတော့ ဆေးရုံမှာ ဆရာမတွေနှင့် အတူစားသည်။ ညနေစာပဲ ဒေါ်နန်းစိန်ပို့သည်ကို သူစားသည်။

"တနင်္ဂနွေမှာတော့ မပို့နဲ့ ဆရာမကြီး။ တင်တင်ဦး အားတယ်။ ကိုယ့်ဘာသာ ချက်စားမယ်"

တင်တင်ဦးက အားနာ၍ ဆရာမကြီးကို တားလိုက်သည်။ ချက်ပြုတ် ပြီး ရေမိုးချိုး၊ တစ်ယောက်တည်းဆိုတော့ ထမင်းပန်းကန်ထဲ ဟင်းတွေ ပုံစား လိုက်ကာ စာအုပ်ဆွဲ၍ ဖတ်နေသည်။

အိမ်ရှေ့လှေကားမှ ခြေသံကြား၍ တင်တင်ဦး က မှန်တံခါးမှ ထကြည့်လိုက်တော့ သန္တာ။ သေတ္တာကိုဆွဲ၍ လှေကားမှ တက်လာသည်။

"ဟယ်. . . ဘယ်လိုဖြစ်တာလဲ သန္တာ"

တင်တင်ဦးက ပြောပြောဆိုဆို ဧည့်ခန်းတံခါးကို ဖွင့်ပေးလိုက်သည်။ သန္တာသည် သေတ္တာကို ကြမ်းပေါ်ချကာ တင်တင်ဦး ကုလားထိုင်နားမှာ ထိုင်၍ တရှုပ်ရှုပ်ငိုပါတော့သည်။

"ဘယ်လိုဖြစ်တာလဲ သန္တာ"

ထပ်၍မေးမိပြန်သည်။

သန္တာသည် တော်တော်နှင့် စကားမပြောနိုင်တော့။ လက်ထဲမှာလည်း တစ်စုံတစ်ခုကို ဆုပ်ထားသည်။ ပြီးတော့မှ သူ့လက်ထဲမှအရာကို တင်တင်ဦးကို လှမ်းပေးလိုက်သည်။ ငွေ ၅၀၀ တန်တစ်ရွက်။





"အဲဒါ ဘာလဲသန္တာရယ် ရှင်းရှင်းပြောစမ်းပါ၊ မငိုပါနဲ့တော့၊ မမဦး ဘာလုပ်ပေးရမလဲ"

ဒီတော့မှ သန္တာ မျက်ရည်သုတ်သည်။

"မမဦး လက်ထပ်ပွဲလုပ်ပေးပြီး သန္တာ့ကို သူမြို့ပြင်ရပ်ကွက်ထဲက တဲအိမ်တစ်ခုဆီ ခေါ်သွားသည်။ အိမ်က ၂ ခန်း၊ ခေါင်းရင်းခန်းက အဘိုးကြီးလင်မယားနေတယ်၊ ခြေရင်းခန်းမှာ သန္တာနဲ့ သူတစ်ညအိပ်တယ်။ မနက်မိုးလင်းတော့ သန္တာနိုးလို့ကြည့်တော့ သူမရှိဘူး။ သန္တာလည်း ချက်ဖို့ပြုတ်ဖို့ ဘာမှမရှိသေးတော့ ဘာလုပ်ရမှန်းမသိဘူး၊ အိပ်ရာသိမ်းဖို့ ခေါင်းအုံးမလိုက်တော့ ငွေ ၅၀၀ ခေါင်းအုံးအောက်မှာ တွေ့တယ်။ သန္တာလည်း ပထမတော့ရှက်လို့ ခေါင်းရင်းခန်းက အဘိုးကြီးလင်မယားကိုလည်း မမေးရဲဘူး။ နောက်တော့ အဘွားကြီးကပဲမေးတယ်။ မောင်ဘိုတင် ပြန်လာတာလည်း မတွေ့ဘူးတဲ့။ သန္တာကလည်း သူ အချိန်ပိုဆင်းရတယ်ပြောလိုက်တယ်။ ဒါပေမဲ့ သန္တာမသင်္ကာလို့ သူ အရင်က လုပ်တဲ့ ဒီဆေးရုံဘေးက သုံးထပ်တိုက် ဆောက်လုပ်နေတဲ့ဆီ သွားမေးတော့ ဘိုတင် အလုပ်ထွက်သွားပြီတဲ့ . . . အဘွားကြီးတွေဆီမှာ အိမ်ကတစ်ပတ်စ ပေါ်ထားတာတဲ့။ သန္တာဘယ်လိုလုပ်ဆက်နေမလဲမမဦးရယ်"

သန္တာက ငိုပြန်ပါသည်။ တင်တင်ဦးကလည်း ငွေ ၅၀၀ တန်ကိုင်၍ ငိုင်နေသည်။ သန္တာက ငွေ ၅၀၀ တန်ကို ပြန်ယူလိုက်သည်။

"ဒီငွေ ၅၀၀ လေ သန္တာ အမှတ်တရ သိမ်းထားရမယ်" သန္တာက ပြောပြောဆိုဆို ငွေ ၅၀၀ ကို ပြန်ယူသည်။

"မမဦး နားမလည်ဘူး သန္တာ။ ဒီကောင် ဘယ်လိုလုပ်တာလဲ။ သန္တာ့အတွက်တော့ မစိုးရိမ်နဲ့၊ မမဦးဆီမှာနေ။ ဒီကလေးလည်း မမဦးတာဝန်ယူမွေးမေးမယ်။ သူက သန္တာကိုခေါ်သွားတော့ ဘာမှမပြောဘူးလား"

"ဒီကလေး သူ့ကလေးမဟုတ်ဘူးပဲ ပြောတယ်၊ ဆိုက်ထဲမှာ အလုပ်သမားပေါင်းစုံ ရှိတာတဲ့၊ သူနဲ့ ရတာမဟုတ်ဘူးလို့ပဲ ပြောတယ်၊



www.burmeseclassic.com

www.burmeseclassic.com

သန္တာက သူကလွဲပြီး ဘယ်သူနဲ့မှ မသိပါဘူး။ မမဦးရယ်"

"သူ ထွက်သွားသွားချင်း မမဦးကို လာပြောရောပေါ့"

"စိတ်ထဲမှာ ခဏသွားတာ၊ နောက်ရက်ပြန်လာမယ် အထင်နဲ့ စောင့်နေတာပေါ့"

တင်တင်ဦးက စဉ်းစားမရ။ နောက်ဆုံး ကန်ထရိုက်တာကြီးနှင့် တွေ့ဆုံမေးတော့ ဘိုတင် လက်ထပ်ပွဲလုပ်ပြီး နောက်နေ့ကတည်းက အလုပ်က ထွက်သွားပြီတဲ့။ သူတို့မြို့လေးမှာလည်း စုံစမ်းမရ။

ဒီမြို့လေးမှာ တာဝန်ကုန်ဆုံးချိန်တွင် တင်တင်ဦး ရန်ကုန်ပြန်တော့ သန္တာသည် သမီးငယ်ကို ရင်မှာပိုက်၍ ပြန်လာခဲ့သည်။

"ဒီအကောင်က မမဦးကိုမှ မပြောဘဲ။ မမဦးကို ပြောရင် တစ်ခါတည်း သွေးစစ်ပြလိုက်မယ်။ ခု သူက ခြေရာဖျောက်သွားတော့ ဒီကလေး အဖေ ဟုတ် မဟုတ် သွေးစစ်မပြနိုင်ဘူး"

သန္တာက သူ့အတွက် မမဦးအစီအစဉ်ကိုပဲ ကျေးဇူးတင်လှပါသည်။ တော်ပါပြီ၊ နောက်ထပ် မမဦးကို ဒုက္ခမပေးချင်တော့ . . .။

သန္တာဖြစ်လာသမျှကို ကျွန်မ တာဝန်ယူရပါသည်။ အဘယ်ကြောင့်ဆိုသော် သန္တာသည် ကျွန်မအိမ်မှာနေသူဖြစ်ပါသည်။ တူမဖြစ်သူ ရှမ်းပြည်နယ်တောင်ပိုင်း ပြောင်းရမည်ဆိုတော့ သန္တာ့ကို ကျွန်မက ထည့်လိုက်ဖြစ်သည်။ ကျွန်မမြေးအရွယ်လောက်ရှိသော သန္တာမှာ ကျွန်မကို ဘွားအေတစ်ယောက်လို ပြုစုသည်။

ယခုတော့ သမီးလေးကို ရင်မှာပိုက်၍ သန္တာသည် မျက်ရည်ဝဲကာ သူ့အဖြစ်ကို ပြောပြနေသည်။

"သမီး ဒီတော့ ဘာလုပ်မယ် စိတ်ကူးလဲ။ ဘွားဘွား ဆီမှာ ဆက်နေမလား"

သန္တာသည် သိပ်မငို။ တစ်စုံတစ်ခု စဉ်းစားနေပုံရသည်။

"ဘွားဘွားစုကို သန္တာတစ်ကိုယ်ရေအနေနဲ့ ပြုစုနိုင်တယ်။ ကလေးနဲ့ဆိုတော့ ဘွားဘွားစုကို ဒုက္ခမပေးချင်ဘူး"





"ဒီလိုလုပ်လေ ဒီကလေးနို့ပြတ်ရင် နေ့ကလေးထိန်းဌာနတွေ ဖွင့်ထားတာမှာထား။ သန္တာ စက်ချုပ်တင်တန်းတက်။ ၃ လ တက်ရမယ်။ ဒီအတွက် ဘွားဘွားစု သင်တန်းခပေးပါ့မယ်။ အခု အင်္ကျီချုပ်ခတွေ ဈေးတက်နေတာ၊ ဘွားဘွားတို့လို အင်္ကျီတွေတောင် ၂၅၀ပေးရတယ်။ ခေတ်မီ ဘလောက်(စ်)တွေ၊ ပုံဆန်းတွေဆိုရင် လေးရာ၊ ငါးရာ၊ ထဘီတစ်ထည်တောင် ချုပ်ခလေးဆယ်တဲ့လေ"

သန္တာသက်ပြင်းချ ခေါင်းခါသည်။

"အမေကပြောတယ်၊ ဒီကလေး တခြားလူကိုပေးရမယ်တဲ့"

သန္တာ့ အဖြေကြောင့် ကျွန်မ အံ့အားသင့်သွားသည်။

"ဘာဖြစ်လို့ ပေးရမှာလဲ"

"သူသွင်းပေးတဲ့ အလုပ်က ကလေးနဲ့ဆို မဖြစ်ဘူးတဲ့၊ ပြီးတော့ အိမ်မှာက ပထွေးနဲ့ဆို အမေက မဖြစ်ဘူးတဲ့"

"အေးလေ ဒီတော့ သန္တာ ဘွားဘွားစုဆီ လာနေပေါ့"

"မဖြစ်ပါဘူး၊ ကိုယ့်ဒုက္ခ ကိုယ်ပဲခံမယ်"

"သန္တာရယ် မဟုတ်သေးပါဘူး၊ မင်းအမေ ငါ့ဆီ လွှတ်လိုက်စမ်း"

ကျွန်မကလေးကို မုန့်ဖိုးပေးကာ သန္တာ့ကိုပြန်ခိုင်းရသည်။ ကြမ်းပေါ်တွင် ဖြူဖြူပုံ့ပုံ့လေးထိုင်နေသောသမီးလေးက ကျွန်မတို့ သူ့အကြောင်း ဆွေးနွေးနေသည်ကို သိပုံမပေါ်ပါ။

"သမီးကလေ သိပ်အသန့်ကြိုက်တာ ဘွားဘွားရဲ့" ဟု ပြောကာ သူ့သမီးလေးကို ကောက်ချီလိုက်သည်။ ပါးစုန့်လေးနှစ်ခု မြင့်တက်သွား၏။ ကလေးလေးက ကျွန်မကို ပြုံးပြသည်။ သားအမိနှစ်ယောက် ပြန်သွားကြသည်။

နောက်နေ့ သန္တာ့အမေ မကြည်ရောက်လာ၍ ကျွန်မ၏သန္တာ့အပေါ် အစီအစဉ်အကျိုးအကြောင်းကို ပြောပြသည်။

"ကလေးလေးက တရားဝင်လက်ထပ်ပြီးရလာတဲ့ ကလေးဝဲ။ ဘာလို့ ပေးပစ်ရမှာလဲမကြည်"



www.burmeseclassic.com

www.burmeseclassic.com

မကြည် မျက်နှာထားက ခပ်တည်တည်။ သူကလည်း ဝဝပုပု၊ အသားက သန္တာလောက် မဖြူပေမဲ့ နှာတံပြေပြေ မျက်လုံးပြူးပြူး၊ အရွယ်က ပျိုမျစ်သေးသည်။ စကားပြောပုံက သွက်လက်သည်။ အရင်တွေ့စဉ်က ရယ်ရယ်မောမော စကားပြောတတ်သည်။ ယခုတော့ ခပ်တည်တည်။

"အန်တီပြောတဲ့ တရားဝင်လက်ထပ်ထားတဲ့အဖေက အဖေအနေနဲ့ တာဝန်ယူပြီး ပြန်ကြည့်လို့လား။ သန္တာ့မှာ အလုပ်လုပ်ရအောင် ၁၀ တန်းမှ မအောင်တာ။ ဒီကလေးကို ဘယ်လိုကျွေးမွေးရမလဲ၊ သန္တာက 'အ'ကို'အ' တယ်။ ကိုယ်နေတာ ဆရာဝန်အိမ်။ ဖြစ်လာပြီဆိုကတည်းဆေးတစ်လုံးထိုးပြီး ပြဿနာဖြေရှင်းလိုက်ရင် ပြီးတာပဲ"

ဘုရားရေ. . .။ ကျွန်မရင်ထဲက ဘုရားတမိသည်။ မကြည်ဖြေရှင်းပုံက လွယ်လွယ်လေး။ ကျွန်မက သက်ပြင်းချကာ. . .

"ဒီလိုရှိတယ်မကြည်၊ ဆရာဝန်ဆိုတာ လူတွေကျန်းမာဖို့ အသက်ရှင်ဖို့ ကုသရမယ်လို့ သစ္စာဆိုထားတဲ့သူတွေ။ သူတို့ ဒီအလုပ် ဘယ်လုပ်ပါ့မလဲ'

မကြည်က သူ့သမီးကို 'အ'ကို 'အ' ပါသည်ဟု ဆိုပေမဲ့ သူဆိုသည်မှာ ကျွန်မတူမ ဒေါက်တ[illegible]ဘင်ဦးကိုပါ ရည်ညွှန်းခြင်းဖြစ်သည်။ ဒါကြောင့် ကျွန်မက 'ဆရာဝန်ဆိုတာ' ဟူ၍ ဖြေရှင်းပြရခြင်းပါ။

"သန္တာတို့အဖေက အရက်ပဲသောက်နေတယ်။ မိသားစု လုံလောက်အောင် ငွေမရှာနိုင်ဘူး။ သန္တာ့အောက် ယောက်ျားလေး နှစ်ယောက်၊ မိန်းကလေးတစ်ယောက်ရှိသေးတယ်။ သူတို့အပြင် နောက်ဆုံးမွေးတဲ့ကလေးက ကျွန်မကလေး မရအောင် ပဋိသန္ဓေတားဆေးတွေ စားရင်းကမွေးလာတော့ ကလေးလေးက ချည့်နေတယ်၊ အောက်ပိုင်းသေနေတာပေါ့၊ သန္တာ့အဖေကတော့ မူးကောင်းတုန်း။ နောက်ပိုင်းဆေးတွေစွမ်းမှန်းသိလို့ ကျွန်မ ဆေးထိုး ပစ်တယ်။ သန္တာ့အဖေကိုလည်း ကွာလိုက်တယ်၊ အခုလူနဲ့ ယူလိုက်တယ်လေ။ အန်တီပြောတော့မှပဲ သစ္စာ





ဆိုသလေး ဘာလေးနဲ့။ ကျွန်မလက်ထဲမှာ သန္တာ ခုလိုဖြစ်စမ်း၊ တစ်ခါတည်း ဆေးထိုးလိုက်တယ်။ ဘာလို့ အထုပ်အထည် အပေါ်ခံမလဲ"

ကျွန်မ မကြည်ကိုဆက်စကားမပြောတော့ပါ။ မကြည်ဖြေရှင်းပုံမှာ လွယ်လှသည်။

"အေးပါလေ သန္တာဖြစ်တဲ့ကိစ္စမှာ အန်တီစုတာဝန်ရှိနေတယ်လို့ စိတ်မသန့်လို့ပါ။ တစ်စုံတစ်ရာ အကူအညီလိုအပ်ရင် ပြောပါ"

ကျွန်မ ဒါပဲပြောနိုင်သည်။

"အန်တီစု ပြောသလိုဆို ဇာတ်လမ်းက ရှည်လှတယ်။ စက်ချုပ်သင်ဦး၊ ဒီကလေးကို ကလေးထိန်းကျောင်းပို့ဦး၊ ကျွန်မအိမ်က ၁၀ ပေတောင် မပြည့်တာ။ ကျွန်မကလေးတွေနဲ့ သူတို့သားအမိ ပိုလာတော့ ဒီပထွေးနဲ့ ဘယ်လိုအိပ်မလဲ။ သားချည့်လေးကိုလည်း ကျွန်မပဲ တာဝန်ယူရတာ၊ ငမူး ယောက်ျားက ကလေးကို လှည့်ကြည့်တာ မဟုတ်ဘူး။ ဇာတ်လမ်းပြတ်အောင် ကျွန်မကလုပ်တာ။ အန်တီကို ကျေးဇူးတင်ပါတယ်။ အန်တီပြောသလိုတော့ ကျွန်မ အနေနဲ့ သန္တာ့ ဇာတ်လမ်းကို မဆက်စေချင်ဘူး။ သန္တာကပြောပါတယ်၊ အဘွားက နေစရာပေးမယ်ဆိုတယ်၊ ကျေးဇူးတင်ပါတယ် အန်တီရယ်၊ ရေရှည်ကျတော့ ဘယ်သူ တာဝန်ယူမှာလဲ။ ကျွန်မ သွားမယ်"

မကြည်သည် ပြောပြောဆိုဆို ထွက်သွားသည်။ သူဖြေရှင်းပြတာလား ရန်တွေ့သွားတာလားမသိ။ ရေရှည်ဆက်သွားရမည့် ဇာတ်လမ်းကို ဘယ်လို စီစဉ်ထားသည်ဆိုသည်ကိုတော့ မကြည် ရှင်းလင်းပြောပြမသွားပါ။ အမှန်တော့ သူ့ရင်ထဲမှာ "အန်တီတို့ကို ယုံလို့အပ်နှံပြီးသားပဲ၊ ကျွန်မသမီးကို လုံခြုံအောင်မှ မစောင့်ရှောက်နိုင်ဘဲ၊ အန်တီတို့ တာဝန်ယူစရာ မလိုဘူး" ဟု ပြောချင်ပြောနေမှာ။

ဟုတ်ပါ့။ တစ်နယ်တစ်ကျေးမှာ ကျွန်မတို့ သွေးသားမိန်းကလေးတွေ အလုပ်တာဝန်နှင့် သွားသည့်အခါတိုင်း မိမိကိုယ်မိမိထိန်းဖို့ သူတို့ကို မှာကြားရသည်မှာ အမော။


www.burmeseclassic.com

www.burmeseclassic.com



သန္တာ့အမေ မကြည်၏ သန္တာ့အတွက် စီစဉ်သော ဇာတ်လမ်းမှာ ကျွန်မ မဖြစ်စေချင်သော ဇာတ်လမ်း မဖြစ်ပါစေနှင့်ဟူ၍ ဆုတောင်းရသည်။

သုံးလေးလကြာသွားပြီ။ သန္တာ့ကိုရော မကြည်ကိုရော မတွေ့ရပါ။

ကျွန်မ တစ်နေ့မြို့ထဲထွက်၍ စတိုးဆိုင်ကြီးတစ်ခုမှာ ပစ္စည်းဝယ်ရန် ကားပေါ်မှ ဆင်းလိုက်သည်။ စတိုးဆိုင်ဆင်ဝင်အောက်မှ ထွက်လာသော ကားတစ်စီးကိုတွေ့လိုက်ရသည်။ ကားထဲမှာ လူတစ်ယောက်နှင့်သန္တာ၊ ကားနောက်မှာ တွဲရက်ထိုင်လျက်။ သန္တာက အသားတွေဖြူလို့။ ပခုံးပေါ်ဝဲနေသော ဆံပင်မှာ ခပ်ပြေပြေလှိုင်းလို တွန့်နေသည်။ ရုတ်တရက် ဒါလောက်ပဲမြင်ရ၍ သူ့ဘေးကလူကိုမကြည့်မိ။ ကားက အကောင်းစား ကိုရိုလာလီမိတ်ကတ်အဖြူ။ ကျွန်မစိတ်သည် ဈေးဝယ်ရင်း သန္တာ့ဆီ စိတ်ရောက်သွားသည်။ သန္တာ အိမ်ထောင်ကျသွားပြီလား။ သူနှင့် တွဲသွားသည်မှာ ဘယ်သူပါလိမ့်။ သပ်သပ်ရပ်ရပ် မြင်လိုက်သော သန္တာသည် လှပချောမွေ့သော မိန်းကလေး တစ်ယောက်ပါပဲ။ သူ့အမေစီစဉ်ပေးသော ဇာတ်လမ်းက ဒီဇာတ်လမ်းကိုး။

သီတင်းကျွတ်တော့ သန္တာလာကန်တော့သည်။ ဆံပင်က တွန့်လိမ်နေအောင်မကောက်ဘဲ ပြေပြေခွဲ့ခွဲ့လေး ကုပ်ပေါ်ဝဲနေသည်။ အင်္ကျီက လက်ပြတ်ဂျိုင်းပေါ်။ ရှေ့ကလည်း ရင်သားပေါ်လုလုဟိုက်လို့။ ရင်ညွန့်ပေါ်မှာ လော့ကက်သီး ပြားလုံ့လုံ့လေးထောင့်က ရွှေဆွဲကြိုးဆိုင်း၍ ရွှေ့လျား ကစားနေသည်။ နားမှာလည်း လော့ကက်သီးနှင့် ဆင်တူလေးထောင့် နားကပ်အပြား၊ နီလာ စစ်လေသလား၊ မစစ်လေသလားတော့ မသိ။ အပြားခံမှာ ငွေရောင် ပွင့်များ ယှက်နေသော အင်္ကျီနှင့် လုံချည်က ဝမ်းဆက်ဆင်တူ ဝတ်ထားသည်။ ကတ္တီပါဖိနပ်ခုံမြင့်က တကယ့်မြင်း၏ ခွာပုံသဏ္ဍာန် လက်တစ်ဝါးလောက် အထူ ကြီးစီးလာသည်။ စလင်းဘက်အကောင်းစား ငွေရောင်ကို လွယ်လျက်။

"ဟဲ့ သန္တာ လူများတောင်မှားတယ်၊ သန္တာ့ဖိနပ်က လူရိုက်ရင်





တောင် သေနိုင်တယ်၊ ထူလိုက် ကြီးလိုက်တာ"

ကျွန်မက နှုတ်ဆက်ရင်းပြောတော့ သန္တာက လွင်လွင်လေး အသံပြု၍ ရယ်သည်။

"အဲဒီဖိနပ်နဲ့ ဘိုတင်ကို ရိုက်ချင်နေတာ၊ သန္တာက ခုံမြင့်မြင့်သေးသေး ချွန်ချွန်စီးချင်တာ၊ အစီးကျင့်တာမရဘူး၊ လဲလဲသွားလို့ ဒီခုံထူကြီးကြီး စီးရတာ၊ ဟကယ့်မြင်းနဲ့ တူတယ်နော် အဘွား"

လက်ထဲမှာ ကျွန်မကို ကန်တော့ဖို့ လိမ္မော်သီးများ၊ ကိတ်မုန့်များကို သန္တာသည် စားပွဲပေါ် တင်လိုက်သည်။

"ဘွားဘွားစုနဲ့ ထမင်းစားပြီးမှ ပြန်မယ်၊ အခု ကန်တော့မယ် ဘွားဘွား"

ကျွန်မ သူကန်တော့သည်ကို ခံယူရင်း ဆုများပေးပါသည်။ ပြီးတော့ သူနှင့်အတူ ထမင်းစားသည်။ ခပ်ပြင်းပြင်း ရေမွှေးနံ့က သူ့အပါးမှာ လွင့်နေသည်။

ထမင်းစားပြီး လက်ဖက်ကို စားကြရင်းမှ ကျွန်မက စကားစပြောရသည်။

"ကြာပြီ၊ လွန်ခဲ့တဲ့ လေးငါးလက သန္တာ့ကို လူတစ်ယောက်နဲ့ စတိုးဆိုင် တစ်ခုရှေ့မှာ ဘွားဘွားတွေ့လိုက်တယ်"

သူသည် တွေးသလို လုပ်နေရင်းမှ သတိရလာဟန်တူသည်။

"အန်ကယ်နဲ့ ချိန်းထားလို့" ဟု ဖြေသည်။ "အဲဒီ အန်ကယ်ဆိုတာက သမီးနဲ့ ကားနောက်မှာ တူတူထိုင်တာလား"

"ဟုတ်တယ် ဟုတ်တယ်၊ ရွှေနဂါးပုံဆောက်လုပ်ရေးက ကန်ထရိုက်တာ၊ ကုမ္ပဏီပိုင်ရှင်လည်း ဖြစ်တယ်။ သူက သန္တာနဲ့ စူပါမားကက် တစ်ခုခုမှာ ဖြစ်ဖြစ် စတိုးဆိုင်တစ်ခုခုမှာဖြစ်ဖြစ် ချိန်းပြီး ခေါ်တယ်။ သန္တာတို့ ရပ်ကွက်ထဲ သူလာပြီး မခေါ်ချင်လို့"

ကျွန်မက သူ၏ တုန်လှုပ်မှုမရှိသော အမူအရာနှင့်ပြောနေသော သန္တာကို အံ့ဩနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"သူတို့လို ကြေးရတတ် လူကုံထံတွေက သန္တာကို အတည်တကျ ယူပါ့မလား"

ကျွန်မ စကားကြားတော့ သန္တာက ခပ်သောသောရယ်သည်။

"ဘွားဘွားစုကလည်းနော်၊ သန္တာပြောပြပါ့မယ်၊ အဲဒီလို သူဌေးတွေ လူကုံထံတွေက သန္တာတို့ကို ခြေတော်တင်ရုံ ဆက်ဆံတာဆိုတာ သိတာပေါ့။ အဲဒီလူတွေကို အစက စိတ်ကူးထဲ မထည့်မိပါဘူး၊ ဒါပေမဲ့ ဘွားဘွားစု သိတယ်မို့လား။ သန္တာနဲ့ ရည်တူတန်းတူ အလုပ်သမား ဘိုတင်ကိုပဲ သန္တာယူဖို့ ဆုံးဖြတ်ပြီး ယူခဲ့ပါတယ်။ အဲဒီ ဘိုတင်ကရော သန္တာ့ကို အတည်ယူလို့လား'

သူပြောသည်မှာ ဟုတ်ပေသား၊ သူက စကားဆက်ပြန်သည်။

"မမဦးက လက်ထပ်ပေးပြီး သန္တာနဲ့သူ တစ်ညအိပ်၊ နောက်နေ့ သူပျောက်တော့ သန္တာ မရှာသေးဘူး။ နောက်တစ်နေ့မှာ ရှာရင်း ဟိုသုံးထပ် တိုက်ကြီးကို လိုက်သွားတော့ သူ့လုပ်ဖော်လုပ်ဖက်တွေက ပြောပါတယ်။ သွားလေရာ ဒီကောင် ဘယ်မိန်းကလေးမှ အတည်ယူတာ မဟုတ်ဘူးတဲ့။ မင်္ဂလာဧည့်ခံပွဲ လုပ်ဖြစ်တာ မမဦး လက်ဦးသွားလို့တဲ့။ သန္တာက အိုးနဲ့အိမ်နဲ့ အတည်တကျ လင်သားနဲ့ နေချင်တာပေါ့၊ ဘွားဘွားရယ်၊ သန္တာလေ စက်ချုပ်လည်းသင်မယ်၊ တစ်ဖက်တစ်လမ်းက ငွေရှင်းမရခင် မမဦးအိမ်မှာလို အိမ်တစ်အိမ်မှာ အိမ်ဖော်လုပ်ဖို့ တွက်ထားတာပါ။ ဘိုတင်. . . ဘိုတင် သန္တာ့ကို အညွန့်ချိုးရက်တယ်။ ဒါတွေ ထားလိုက်ပါတော့၊ ဘွားဘွားစု ဘာလိုသေးလဲ။ လိုရင်းပြောနော်။ သန္တာ နောက်တစ်ခါလာတော့ ယူခဲ့မယ်"

"မလိုပါဘူးကွယ်" ကျွန်မက အားပျော့ပျော့နှင့် စကားဆိုလိုက်သည်။ သန္တာက နှုတ်ဆက်ကာ ပြန်သွားသည်။

ဆောင်းကုန် နွေဦးပေါက်ကော့ သန္တာရောက်လာပါသည်။ ဒီတစ်ခါတော့ အနီရောင် ပိုးပျော့ဝမ်းဆက်၊ နားကပ်၊ လော့ကက်သီးကလည်း ပတ္တမြားအနီရောင်။ ဖိနပ်ကတော့ ခုံထူဖိနပ်ကြီးပါပဲ။ စလင်း





ဘက်ကို ဆိုဖာပေါ် ပစ်တင်ရင်း "ဘွားဘွားစုနေကောင်းလား"ဟု နှုတ်ဆက်သည်။

"ကောင်းပါတယ်ကွယ်၊ ထိုင်ဦးလေ"

'ထိုင်မှာပါ။ ပြောစရာတွေ ရှိလို့။ ဘွားဘွားပဲ တစ်ယောက်တည်း နေတာအေးတယ်။ သန္တာက ဘွားဘွားအိမ်မှာ အရင်လို အစေခံတန်းလျားတွေ ဘာတွေမရှိတော့လို့၊ နို့မို့ရင် သားအမိနှစ်ယောက် အတူနေတယ်"

"အခုလည်း မိန်းမသားချင်း နေလို့ရတာပဲ"

"ကလေး ငိုဟယ် ရယ်ဟယ်နဲ့ ဘွားဘွားစိတ်ညစ်မယ်"

ကျွန်မ အခုနေသည်မှာ တစ်ကိုယ်တော် နေသာရုံ တိုက်ပုလေးဆိုတော့ သန္တာ အားနာ၍ အတူမနေခြင်းဖြစ်ဟန်တူသည်။

"ဒီနေ့ စိတ်လည်းညစ်တယ်၊ ဝမ်းလည်း သာတယ်"

သန္တာက ပြောလိုက်၍ ကျွန်မ စိုးရိမ်သွားသည်။

"အန်ကယ်ကြီးနဲ့ ဘာဖြစ်လို့လဲ"

"မဟုတ်ပါဘူး ဘွားဘွား၊ အန်ကယ်ကြီးက ကျောက်မြောင်းမှာ တိုက်ခန်းလေး တစ်ခု သန္တာ့ကို ဝယ်ပေးတယ်၊ သူလည်း အစိုးရဆီက အလုပ်တစ်ခု မန္တလေးမှာရလို့ သွားတော့မယ်။ မန္တလေး ရောက်တော့လည်း မန္တလေးမှာ အိမ်တစ်ခန်း၊ မိန်းမတစ်ယောက်ပေါ့၊ ဒီအတွက် သန္တာ စိတ်မညစ်ပါဘူး"

"ဒါဖြင့် ဘာအတွက် သန္တာ စိတ်ညစ်တာလဲ"

သန္တာသည် ဆံပင်များကို ဝဲနေအောင် ခေါင်းခါလိုက်ပြီး နှုတ်ခမ်းကို ကိုက်ထားသည်။ မျက်လုံးမှာ မျက်ရည်များ ဝဲနေသည်။

"ဘွားဘွားရယ် သမီးလေးကို သွားတွေ့တာ မွေးစားမိဘတွေက အတွေ့မခံဘူး၊ သန္တာ သမီးလေးကို မတွေ့ရတော့ဘူး"

သန္တာ သမီးအတွက် စိတ်ညစ်ရပြီ။ သမီးကို မွေးစဉ်က စာချုပ်စာတမ်းမှာ ဘယ်လို ရေးထားသည်မသိ။ ကျွန်မမှာ စိတ်ဖြေသာအောင်



www.burmeseclassic.com

www.burmeseclassic.com

ပြော လိုက်ရသည်။

"ဟုတ်တယ်၊ တချို့မွေးစားမိဘတွေကစာချုပ်စာတမ်းနဲ့မွေးတာ ဆိုရင် သူတို့ကို မချစ်မှာစိုးလို့ မိဘရင်းနဲ့ပေးမတွေ့ဘူး"

"ရင်နာလိုက်တာဘွားဘွားရယ်" သန္တာကညည်းတွားစွာဆိုသည်။

"သူတို့ ယောကျ်ားတွေကျတော့ ငါ မိန်းကလေးတစ်ယောက်ကို ကျူးလွန်မိတာ ကလေးတောင်ရပြီ၊ ရင်သွေးဆိုတာကို သတိတောင် မရဘူး နော်၊ လက်လွှတ်ပြေးတော့တာပဲ၊ စိတ်လည်း ပြတ်ကြတယ်၊ သန္တာက သမီး လေးကို မပြတ်နိုင်ဘူး"

ကျွန်မက သန္တာစိတ်ပြောင်းသွားစေချင်၍ စကားစ ပြောင်းပြော လိုက်သည်။

"ကဲ. . . စိတ်ညစ်စရာ မပြောနဲ့တော့ ဒီနေ့ ဝမ်းလည်းသာတယ့် ဆို. . . ဘာဝမ်းသာစရာတွေ့ခဲ့သလဲ"

သန္တာသည် ဖျတ်ခနဲ ကိုယ်ကိုမတ်လိုက်သည်။

"ဘိုတင်၊ ဘိုတင်ကိုတွေ့ခဲ့တယ်"

"ဟဲ့ ဘိုတင်နဲ့ တွေ့ခဲ့တယ်။ သူ သန္တာ့ကို မှတ်မိလား"

"ဟင်းဟင်း" သန္တာက စကားဆက်မပြောသေးဘဲ တဟင်းဟင်း လုပ်နေပြီးမှ ဆက်ပြောသည်။

"ဘွားဘွားရဲ့. . . အန်ကယ်ကြီးနဲ့ သန္တာတို့ စတည်းချတဲ့နေရာကို အသွားမှာ မရမ်းကုန်းက သူဆောက်နေတဲ့ (၄)ထပ်တိုက်ကြီးက အလုပ် ခွင်ထဲ သူခဏဝင်တယ်၊ သန္တာလည်း တစ်ခါမှ သူ့လုပ်ငန်းခွင်ထဲ လိုက် မသွားဖူးပါဘူး၊ ဒီနေ့ အုတ်ပုံတွေနားမှာ ကားရပ်ခဲ့ပြီး အန်ကယ်ကြီးက တိုက်ဆောက်နေတဲ့ဆီ ထွက်သွားတယ်။ သန္တာကလည်း ကားထဲက မျက် မှန်အနက်တပ်ပြီး အပြင်ကို ကြည့်နေမိတယ်၊ အုတ်သယ်နေတဲ့သူတွေ သွားလိုက်လာလိုက်နဲ့၊ အဲဒီထဲက တစ်ယောက်က ဘိုတင်နဲ့တူလိုက်တာ၊ သန္တာက ကားပေါ်ကဆင်းပြီး အုတ်ပုံဆီသွားပြီး ဒီလူကို စောင့်ကြည့် နေတယ်၊ သူတစ်ခေါက်ပြန်ပြီး အုတ်အသယ်မှာ သန္တာကမေးတာပေါ့၊





ရှင် ကိုဘိုတင်လားဆိုတော့ သန္တာ့ကို ငေးကြည့်နေတယ်၊ ရုတ်တရက် မှတ်မိပုံမပေါ်ဘူး။ လူကလည်း စုတ်ပြတ်တဲ့အပေါ်မှာ ပိန်ချုံးနေတယ်၊ ရောဂါရနေပြီထင်တယ်။ သန္တာက လက်ကိုင်အိတ်ထဲက စာအိတ်နဲ့ ထည့်ပြီး အမြဲဆောင်ထားတဲ့ သူ သန္တာ့ခေါင်းအုံး အောက်မှာ ထားခဲ့တဲ့ ငွေငါးရာကိုယူပြီး. . . ရက်နေ့က သန္တာ့ခေါင်းအုံး အောက်မှာ ထားခဲ့တဲ့ငွေ ၅၀၀လို့ ပြောပြီး စာအိတ်ကို သူ့လက်ထဲ ထည့်လိုက် တော့ သူတစ်ခွန်း ခေါ်လိုက်တယ် 'သန္တာ' တဲ့။ သန္တာ့ကို မှတ်မိသွားပြီထင်တယ်။ သန္တာက လှည့်မကြည့်တော့ဘဲ ကားဆီပြန်လာတယ်။ အတော်ပဲ အန်ကယ် ပြန်လာတာနဲ့ သူ့မျက်စိရှေ့မှာ အန်ကယ်နဲ့အတူတူ ကားပေါ်မှာတွဲထိုင် ပြီး ပြန်လာခဲ့တယ်။ ကားပေါ်ကနေ သန္တာကြည့်တော့ သူ ကျောက်ရုပ် ကြီးလိုပဲ ကျန်ခဲ့တယ်။

ကျွန်မက သက်ပြင်းချလိုက်သည်။

"သန္တာလုပ်ပုံက လှေသမားနဲ့ မြင်းသမားလို ဖြစ်နေပြီ"

"သန္တာ နားမလည်ဘူး"

တကယ်လည်း သန္တာ ကျွန်မစကားကို နားမလည်ပါ။

"မြင်းတစ်ကောင်ရှိတဲ့လူနဲ့ လှေတစ်စင်းရှိတဲ့လူ နှစ်ယောက်၊ လှေရှင် က မြင်းရှင်ကို မြင်းခဏငှားပြီးစီးသွားလိုက်တာ မပြန်လာဘူး။ ဒီတော့ မြင်းရှင်က အားကျမခံ သူ့လှေလှော်မယ်ဆိုပြီး လှေသမားလှေကို လှော်တာ ဖတ်ဖတ်ကိုမောလို့"

သန္တာက ခပ်ငေးငေးကြည့်ရင်း ကျွန်မပုံပြင်ကို မရယ်ဘဲ နား ထောင်နေသည်။

"လှေရှင်ပဲဖြစ်ဖြစ်၊ မြင်းရှင်ပဲဖြစ်ဖြစ် သန္တာ့ဝမ်းမနည်းပါဘူး။ သူ့ကို သန္တာ လက်စားချေတာ မဟုတ်ဘူး၊ ငွေ ၅၀၀နဲ့ သူတန်ဖိုးဖြတ်တဲ့ မိန်းကလေး တစ်ယောက်အကြောင်း သိစေချင်လို့"

"ဟို အန်ကယ်ကြီးနဲ့တွဲပြီး လက်စားချေတာ မဟုတ်လား"

"ဘွားဘွားရယ် အန်ကယ်တို့လို မယားကြီးရှိတဲ့လူတွေကရော



www.burmeseclassic.com

www.burmeseclassic.com

သန္တာတို့ကို မယားငယ် အဆင့်အတန်းတောင်မပေးပါဘူး။ သန္တာသိပါတယ်။ ခုခေတ်မှာ မယားငယ်ဆိုတာလည်း မရှိဘူး၊ မယားပြိုင်ဆိုတာပဲရှိတော့ သူတို့လို လူသိရှင်ကြား သန္တာတို့နဲ့တွဲပြီး လင်မယားလို ဆက်ဆံရင် သူ့စည်းစိမ် သုံးပုံနှစ်ပုံ သန္တာတို့ ပိုင်ဆိုင်ခွင့်ရှိတယ်လေ"

ကျွန်မ သန္တာ့စကားကို အံ့ဩသွားသည်။

"သမီး သန္တာ၊ စကားတွေ တတ်လာပါလား"

"ဘွားဘွားကသာ အိမ်ထဲက မထွက်ဘဲ၊ ခေတ်နောက်ကျနေတာ။ သန္တာတို့ ရပ်ကွက်ထဲမှာ ဟိုအမျိုးသမီးတွေ တရားလာဟောနေတာ သွားနား ထောင်လို့ သန္တာသိတာ။ ဒီတော့ ဒီအန်ကယ်ကြီးတို့ကလည်း သူတို့ ပေးချင် သလောက် သန္တာတို့ကို ဆက်ဆံလို့ ပေးချင်ပေးမှာသာ။ မယားပြိုင် တစ်ယောက်အနေနဲ့ အခွင့်ရေး ငွေရေးကြေးရေး ဘယ်အထိခံပါ့မလဲ၊ လူပါးကြီးတွေ။ အံ့ခုကြည့်လေ သန္တာ့ကိုရပ်ကွက်ထဲ ဒီအကောင်းစားကားကြီးနဲ့ လာခေါ်ရင် ရပ်ကွက်ကသိမယ်။ သန္တာတို့ဘက်ကလည်း မယားငယ်တစ်ယောက်လို သွားလာနေပါတယ်ဆိုပြီး ထောင်ချောက်ဆင်ဖမ်းနိုင်တယ်။ ဒါတွေသိတော့ အန်ကယ်က မြို့ထဲက စူပါမားကက် တစ်ခုခုမှာချိန်းပြီးမှ သန္တာတို့ စတည်းချတဲ့ နေရာသွားတာ"

ကျွန်မက စိတ်မကောင်း၊ ဒီပြဿနာထဲ ကျွန်မတရားခံဖြစ်နေသလိုပဲ ခံစားမိသည်။

"ရှေ့ဆက်ပြီး ဘယ်လိုစဉ်းစားလဲကွယ်၊ ဘွားဘွားက ဗုဒ္ဓဘာသာလို စဉ်းစားတာ၊ သန္တာ့ကို ယောကျ်ားက အခုဘဝ သစ္စာဖောက်ခံရတာ သန္တာ ဟိုဘဝက ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်လို့ ဖြစ်တယ်၊ ခုဘဝ တစ်ခါ သန္တာ ဒီလိုနေတော့ အန်ကယ်ကြီးမိန်းမက စိတ်မဆင်းရဲဘူးလား၊ သန္တာ နောက်ဘဝ ငရဲကြီးဦးမယ်"

"ဘွားဘွားကလည်း တရားတွေ ဟောလိုက်တာ၊ ဟိုမိန်းမ စိတ်ဆင်းရဲအောင် အန်ကယ်ကြီးကလည်း သန္တာ့ကို မယူပါဘူး။ ဘွားဘွား ဒီဇာတ်လမ်းကို မဆက်စေချင်မှန်း သမီးသိပါတယ်။ ခုတော့ လောလော





ဆယ် မဖြစ်သေးဘူး၊ အန်ကယ်ကြီး မန္တလေးသွားရင် ဇာတ်လမ်းက ပြတ်ပြီ၊ သူ့ကိုလည်း ပြောပြီးပြီ၊ သူ့တိုက်ခန်းမှာနေရင်း ဘွားဘွားပြောသလို စက်ချုပ်တာဖြစ်ဖြစ်၊ တစ်ခုခု စီးပွားရေးကို သန္တာလုပ်ပါ့မယ်။ သန္တာတို့က တစ်ခါသုံးအပ်လေ"

သန္တာသည် မျက်ခွံနီပြေပြေကိုဝင့်ကာ ပြောလိုက်သည်။ ဒီတစ်ခါ ကျွန်မ သူ့စကားကို နားမလည်ဖြစ်ရပြန်သည်၊ သူသည် အဝတ်အစားနှင့်ဆင်တူ မျက်ခွံများ အရောင်ဆိုးသည်။ ကျွန်မယူဆသည်က မျက်ခုံးတို့ မျက် တောင်တို့ မျက်လုံးတို့ဆိုသည်မှာ နက်မှောင်ရမည်။ ယခုတော့ ကိုယ်က အဝတ် ရောင်နှင့်လိုက်အောင် မျက်လုံးတစ်ဝိုက် ပြာပြာတွေ၊ နီနီတွေ၊ လက်လက် ပြိုးပြိုးပြက်ပြက်တွေလည်း ခြယ်လာတတ်သည်။ မျက်နှာတွင် ပုံစံပြောင်းရုံမက သူ့စကားလုံးများကလည်း ဆန်းကြယ်လာသည်။ လက်သည်း ဆိုတာလည်း နီထွေးနေရာမှ ဟစ်ခါတလေ ခရမ်းရောင်ရင့်၊ တစ်ခါတလေ အနက်ရောင်။ သန္တာ့ပြင်ဆင်မှုကို ကျွန်မအံ့ဩနေသည်ထက် သူ့စကားလုံးကို ပို၍ အံ့ဩသည်။

"ဘာလဲ တစ်ခါသုံးအပ်"

ကျွန်မ မေးခွန်းကို မဖြေခင် သန္တာကရယ်သေးသည်။

"မမဦးတို့ ဆရာဝန်တွေ လူနာတစ်ယောက်နဲ့ တစ်ယောက် ရောဂါကူးမှာစိုးလို့ ဆေးထိုးရင် တစ်ခါသုံးအပ်သုံးတယ်လေ"

"အဲဒါ ဘာဖြစ်လဲ"

"သန္တာ ရှင်းပြပါ့မယ်။ အန်ကယ်တို့ကလည်း သန္တာတို့ကို အသုံးမချခင် ဆေးစစ်ပါသေးတယ်၊ ရောဂါကင်းမှ ဆက်ဆံတာ၊ အန်ကယ် တစ်ယောက်တည်း ဆက်ဆံရတဲ့အတွက် ကြေးစားတွေလို မဟုတ်ဘူး။ လိုချင်တာ တစ်ခုခုပေးတယ်၊ သန္တာက တိုက်ခန်းတောင်းလို့ ကျောက် မြောင်းဘက်မှာ တိုက်ခန်းတစ်ခန်းဝယ်ပေးတယ်။ မန္တလေးကို သူပြန် သွားရင် ပြီးပြီ၊ တစ်ခါသုံး။ ရောဂါ ကင်းတယ်"

"ပြန်သွားရင်ဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ သူက မန္တလေးဇာတိဆိုတော့ မန္တလေးပြန်ရမယ်၊ ဟိုမှာ အလုပ်လက်ခံပြီးပြီလေ။ ကန်ထရိုက်တွေ တော်တော်ရတာ။ ဘွားဘွားကို ပြောပါပြီကော၊ မန္တလေးကျတော့ သန္တာတို့လို မိန်းမ တစ်ယောက် တိုက်တစ်ခန်းနဲ့ စခန်းသွားဦးမှာပေါ့"

"သူ့မိန်းမအစား ဘွားဘွား စိတ်မောလိုက်တာ။ သန္တာ နောက် ဇာတ်လမ်းတစ်ခုကိုတော့ မဆက်ပါနဲ့တော့ သန္တာ . . ."

သန္တာ့မျက်နှာက တည်ငြိမ်သွားသည်။

"သန္တာ့ပြောခဲ့သလို အခြေတကျ အလုပ်လုပ်မှာပါ။ ဘွားဘွားက သာ သန္တာရဲ့သမီးကို မွေးစားတဲ့မိဘတွေကို ဘွားဘွားကပြောပေးပါ။ အဝေးကပဲဖြစ်ဖြစ် သမီးကို ကြည့်ပါရစေလို့၊ ဘွားဘွားရယ် စိတ်မပူပါနဲ့၊ ဘိုတင်နဲ့ ဖြစ်တဲ့ကိစ္စက ခြံစည်းရိုး မလုံလို့ဖြစ်ခဲ့ရတာ၊ အန်ကယ်ကြီးနဲ့က ခြံစည်းရိုးကို သန္တာကဖွင့်ထားတာ။ နောက်တစ်ယောက်ကို ဖွင့်မပေး တော့ပါဘူး။ ဘွားဘွားကို ကတိပေးပါတယ် ဘွားဘွားရယ်၊ ဘွားဘွားကို သန္တာ တရားပြန်ချရဦးမယ်၊ သန္တာ့အကြောင်းနဲ့ သန္တာဖြစ်လာတာပါ။ ဘွားဘွား ကိုယ်ကိုလည်း ဘွားဘွား မပိုင်ပါဘူး။ သန္တာ့ကိုယ်ကိုလည်း ဘွားဘွား မပိုင်ပါဘူး။ သန္တာ့အပေါ် စေတနာထားတာပဲ ဘွားဘွားကို ကျေးဇူးတင်ပါတယ်။ ကဲ သန္တာသွားဦးမယ်'

ကျွန်မကို နှုတ်ဆက်ကာ ခွပ် ခွပ် ခွပ် ခွပ်နှင့် မြင်းခွာသံ ပေါက် အောင် ကတ္တီပါဖိနပ်ထူကြီးကိုစီး၍ သန္တာထွက်ခွာသွားပါသည်။။

ကျွန်မကို သူက တရားဦးဟောသွားပါသည်။

♥

(Fashion Image၊ မေ ၂၀၀၁)

## မမဖြူနှင့် သူ၏ ကိုကို

(၁)

ပန်တပွတ်ရွာလေးမှာ အခြေအနေများ ပြောင်းလဲနေပြီလား၊ တစ်နေ့သော် ရွာကိုပြန်မည်၊ အဖေအမေတို့အိမ်လေးကို ပြင်ဆောက်၍ ကိုယ်ပိုင်မှုလတန်းကျောင်းထောင်မည်ဟူသော စိတ်ကူးမှာ ယမုံစိတ်ထဲတွင် ရှိခဲ့ပေမဲ့ ယခုဆရာမကြီး ဒေါ်ခင်ယမုံဖြစ်လာချိန်တွင်မှာတောင် သူ့စိတ်ကူး အကောင်အထည်မပေါ်ခဲ့သေးပါ။

သူ ပန်တပွတ်ရွာမှာ မွေးဖွားလာစဉ်ကတော့ ရောဝတီမြစ်ရေကြီး လာစဉ်မွေး၍ သူ့အမည်ကို အဖေ၏ ရွာဦးကျောင်းဆရာတော်က ယမုံဟု ပေးခဲ့ပါသည်။ တက္ကသိုလ်ဝင်တန်းဖြေပြီးချိန်နောက်မှာ 'ခင်' တစ်လုံး ထပ်တိုးကာ ခင်ယမုံဖြစ်လာခဲ့သည်။

နာမည်ပြောင်းခဲ့ပေမဲ့ သရက်ပင်များ ဖူးချိန် နွေနှောင်းဆိုလျှင် ပန်တပွတ်ကို သတိရသည်။ မအူပင်နယ် ပန်တပွတ်ရွာ တစ်ဝိုက်မှာ မန္တလေး ရင်ကွဲသရက်ခြံများ အမြောက်အမြားရှိသည်။ သရက်ဖူးချိန် တစ်ရွာလုံး သရက်ဖူးရနံ့သင်းပျံ့နေသည်ဟု သူထင်သည်။

ကျောင်းပိတ်ရွာပြန်လျှင် မအူပင်သင်္ဘောစီးလာ၍ ဝါးဝက်ကင်း၊ လေးအိမ်စု စသည့်ရွာများကိုကျော်လျှင် သင်္ဘောသည် မအူပင်မြစ်ကို


www.burmeseclassic.com

www.burmeseclassic.com

ဝင်ကတည်းက ကမ်းနှစ်ဖက်မှ သရက်ဖူးရနံ့များသည် သင်္ဘောဦးမှာ မွှေး၍ လာသည်။ ပန်တပွတ်ရွာလေးကို လွန်လျှင် မအူပင်မြို့ထိပ်ရှိ ပေါ်တော်မူ စေတီဖြူဖြူလေးကို တွေ့ရသည်။

ဘုရားလွန်တော့ မမဖြူတို့ အိမ်ကို လှမ်းမြင်ရသည်။ မမဖြူတို့ အိမ်သည် မြစ်လယ်က လှမ်းမြင်ရအောင် မြင့်သည်။

ယခုတော့ မမဖြူအိမ်လေးမှာ ရှိတော့မည်မထင်ပါ။ ပန်တပွတ်နှင့် မအူပင်က မမဖြူတို့အိမ်ကို သတိရနေသည်က အစဉ်လိုဖြစ်ပေမဲ့ ယခု ဆယ်မိုင်ကုန်းအိမ်ခြံထဲမှာ အဖေစိုက်ထားသော သရက်ပင်က သရက်ဖူးလာလျှင် ပို၍သတိရသည်။

ပန်တပွတ်သည် သရက်သီးလည်း ပေါသည်မဟုတ်၊ သားငါးအစို လတ်လတ်ဆတ်ဆတ်နှင့် ငါးခြောက်မျိုးစုံလည်း ပေါသည်။ မအူပင် ကတော့ ဆောင်းဦးပေါက်မှာ ဈေးဝယ်၍ ကောင်းသည်။ ကဝက်ကင်း ငါးသလောက် ငါးမြင်းရင်းဆူဆူ၊ ငါးပြေမ၊ ငါးမျိုးစုံနှင့် ငါးရံ့အူလည်း ပေါသည်။ ပုစွန်တုပ်ကြီးတွေကလည်း တစ်ပုံတစ်ပင်။ မယ်ညို၊ စနိုက် စသည် ငှက်မျိုးစုံလည်း ရသည်။ စစ်မဖြစ်ခင်က ရန်ကုန်-ပုသိမ်သွား ဧရာဝတီသင်္ဘောဆိုက်လျှင် ငါးသလောက်ကင်၊ ပုစွန်ကင်များကို ဝါးနှင့် ညှပ်ကာ တက်ရောင်းသည်ကို တွေ့ရသည်။ ဒါက သူငယ်ငယ်က မအူပင် ပါပဲ။

ယခု ရန်ကုန်မှာ ငါးရံ့အူဟင်းနှင့် မရန်းသီးထောင်း၊ ငါးဆူဆူ လတ်လတ်တွေ စားချင်လျှင်ဖြစ်စေ၊ ပုစွန်တုပ်ကြီးဆီပြန်စားချင်လျှင် ဖြစ်စေ သူ ပန်တပွတ်နှင့် မအူပင်ကို အလွန်သတိရသည်။ ရန်ကုန်မှာ မမြင်ဖူးသော ငါးဖျင်းသလက်ကို ကြော်စားချင်သည်။

ယနေ့ကျောင်းမှ ပြန်လာတော့ တူမလေး မဆွေက ဆီးပြော သည်။

"မနက်က ကြီးကြီး ကျောင်းထွက်သွားတုန်း သဇင်ဖြူလာတယ်"

"ဘာကိစ္စလဲ"





သူ့တူမလေး မဆွေက ပြောရမည့်စကားကို နှုတ်လေးနေပုံရ သည်။ အတန်ငယ် စဉ်းစားသလိုလုပ်ပြီးမှ တစ်လုံးချင်း ပြောပြသည်။

"ကြီးကြီးကို တိုင်ချင်လို့တဲ့၊ သူ့အမေ ဒေါ်ခင်ဖြူဝင်းက သူ့ကို ပါးရိုက်ပြီး သူ့ဆွဲကြိုးကို ဖြုတ်ယူသွားတယ်တဲ့"

တူမလေးကလည်း စကားမဆက်၊ သူကလည်း တူမလေး စကား ကို ဆက်မကြားချင်ပါ။

သူအခန်းထဲကို ဝင်လာခဲ့သည်။ သူပင် ပင်စင်ယူခဲ့ပြီ။ ကျောင်းမှာ အထက်တန်းအတွက် အချိန်ပို တစ်ချိန်သင်ပေးပါဟူသော ကျောင်းသား မိဘများနှင့် ကျောင်းအုပ်ကြီး၏ မေတ္တာရပ်ခံချက်အရ သူသွားရောက် သင်ကြား ပေးခြင်းဖြစ်သည်။

သူတို့က ရန်ကုန်၏ မြို့ပြင် ၁၀ မိုင်းကုန်းရပ်ကွက်မှာ နေသည်။ ရန်ကုန်ကို စရောက်ကတည်းက မမဖြူတို့နှင့် တစ်ရပ်ကွက်တည်း မြေ ဝယ်ကာ အိမ်လေးဆောက်နေခဲ့သည်။ ညနေစာ ထမင်းအဆင်သင့် ဖြစ်ကြောင်း တူမလေးက ပြောပေမဲ့ သူ ထမင်းဝင်မစားချင်။ "မမဖြူ ဒီလိုမိန်းမမျိုး မဟုတ်ဘူး၊ ဒါဟာမဖြစ်နိုင်ဘူး" ဟု သူ့ရင်ထဲမှ တတွတ် တွတ် ပြောနေမိသည်။ တူမလေးကို ရှင်းပြရအောင်က တူမလေးသည် မမဖြူ၏ ဇာစ်မြစ်ကို သိသူမှမဟုတ်။ တစ်မြို့တည်းမှလာကာ တစ်ရပ် ကွက်တည်းနေ၍ တစ်ယောက်အကြောင်းရှိ တစ်ယောက်ကူညီရန် အတွက် တစ်အိမ်နှင့်တစ်အိမ် ကူးသန်းနေကြ၍သာ သူ့တူမလေးသည် မမဖြူသမီး သဇင်ဖြူတို့နှင့် ရင်းနှီးနေခြင်းဖြစ်သည်။ သဇင်ဖြူအောက် သားတစ်ယောက်လည်း မမဖြူမှာရှိသည်။

ကြားရသော သတင်းကို မယုံကြည်နိုင်ဘူးဆိုရအောင် လာရောက် တိုင်သူက မမဖြူ သမီးအရင်းဖြစ်နေသည်။

မမဖြူနှင့် ပတ်သက်လာလျှင် မယုံကြည်နိုင်စရာ အကြောင်းတွေ က အများကြီးပါလား၊ မမဖြူ အသက်က ၇၀ နားနီးနေပြီ ဘာလို့များ ဒီလိုအဖြစ်မျိုး ဖြစ်ရပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com

(၂)

သိမ်မွေ့၍ ကြည်လင်အေးမြသော မမဖြူငယ်ရုပ်ကို သူသတိရလာသည်။ မမဖြူက မအူပင်သူ၊ သူကတော့ ပန်တပွတ်ရွာသူဖြစ်သည်။ သူ ပန်တပွတ်မှာ မွေးဖွားစဉ်က ရွာအရှေ့ဘက်မှာ စစ်တပ်မရှိသေး၊ ယခု စစ်တပ်မှာ မော်တော်ဘုတ်က မနက်တစ်ကြိမ် ညနေတစ်ကြိမ်၊ မအူပင်ကို လာလျှင် ၄၅ မိနစ်မောင်းရသည်။ စစ်တပ်ထဲရှိ တပ်မတော်သားများ သားသမီးတချို့ မအူပင်ကျောင်းတက်၍ ကျောင်းတက်ပို့ဖို့နှင့် ကျောင်းဆင်းကြိုဖို့ တပ်မှမော်တော်ထွက်ရသည်။ ထိုမော်တော်ကားနှင့် တပ်မှ လူများ၊ ရွာသားများ ဈေးဝယ်လိုက်ကြသည်။ မအူပင်ကလည်း တပ်အထိ မော်တော်ကားနှင့် လာ၍ရသည်။ လမ်းကတော့ ကြမ်းသည်။

သူ ငယ်စဉ်တုန်းကတော့ ယခုလို အခြေအနေမဟုတ်။ အိမ်မှ လှေ သမ္ဗန်တစ်ခုခုနှင့် မအူပင်သွားတတ်သည်။ ပန်တပွတ်ရွာမှာ လှေရှိသူများ၍ မရှိသူကလည်း မအူပင်ကို ကုန်းကြောင်းခရီး ခြေထောက်နှင့် လျှောက်သွားကြသည်။

သူ့အဖေနှင့်အမေက သူ့ကို ၄ တန်းအောင်တော့ မမဖြူတို့ မိဘများအိမ် ပို့ထားသည်။ မမဖြူတို့ ဖေဖေသည် မအူပင်မြို့မှာ သမာဓိမြို့ဝန်ဖြစ်သည်။ သူတို့အိမ်သည် မအူပင် အရှေ့ပိုင်းတွင်ဖြစ်၍ အေးချမ်းတိတ်ဆိတ် ဇီဇဝါပန်းရနံ့များ မွှေးပျံ့နေသည်။ အိမ်ရှေ့ဧည့်ခန်းက သမာဓိမြို့ဝန်မ ၏ ဧည့်ခန်းဖြစ်သည်။

သူက အပေါ်ထပ်မှာ မမဖြူနှင့် တစ်ခန်းစီအိပ်သည်။ မမဖြူ အိပ်ခန်း နှင့် သူ့အိပ်ခန်းသည် ယှဉ်လျက်၊ မြစ်ပြင်ကို မျက်နှာပြုထား၍ သူ အလွန် သဘောကျသည်။ အိမ်မှာလိုပဲ ကျယ်ပြန့်သော မြစ်ပြင်ကို မြင်နေရသည်မှာ စိတ်လွတ်လပ် ကြည်နူးမှုကို ဖြစ်စေပါသည်။

သူ အတန်းငယ်တုန်းက မမဖြူက သူ့ကို ညတိုင်း စာပြပေးပေမဲ့၊





အတန်းကြီးလာတော့ မမဖြူက မပြပါ။ မမဖြူသည် ၆ တန်းနှင့် ကျောင်းထွက်ထားသူဖြစ်သည်။

မမဖြူက ရှေးခေတ်က မအူပင်မြို့ဝန် ဦးဘစမ်း၏ တစ်ဦးတည်းသောသမီး။ မိခင်ဖြစ်သူ ဒေါ်စောထံမှ ဖြူဝင်းသောအသား၊ သွယ်လျသော မျက်လုံးများကို ရယူထားသူဖြစ်သည်။ ဖခင်ထံမှ အလုံးအဖန်ရထား၍ တောင့်တင်းပြေပြစ်သော မိန်းမပျိုတစ်ယောက် ဖြစ်သည်။ မမဖြူတို့ အပျိုဖြစ်ချိန်က မိန်းကလေးတွေ အိမ်တွင်းပုန်းကြသော ခေတ်ဖြစ်၍ မမဖြူအပြင်ထွက်သည်ကို မတွေ့ရ။ ဈေးသွားစရာရှိလည်း အိမ်စေနှင့် မမဖြူမေမေကပဲ သွားသည်။ သူစားချင်စရာ သရေစာ ရှိလျှင်လည်း ယမုံကိုသာ ကျောင်းသွားစဉ် မှာလေ့ရှိသည်။

တစ်နေ့ တစ်နေ့ မိခင်ဖြစ်သူနှင့်အတူ အချက်အပြုတ်၊ အချုပ်၊ ဇာထိုး ပန်းထိုးကိုပဲ သင်နေ လုပ်နေသူဖြစ်သည်။ ညနေတိုင်မှာလည်း နောက်ဘက်ခြံထဲရှိ ဇလပ်ပန်း၊ စံပယ်ပန်းများကို ခူးသီ၍ ဘုရားကပ်သည်မှာ မမဖြူ၏ ပြုနေကျ ဝတ်တစ်ခုဖြစ်သည်။

ယမုံ ၁၀ တန်းရောက်၍ အပျိုပေါက်လေးဖြစ်တော့ မမဖြူ အသက်က အစိတ်လောက်ရှိတော့မည်ထင်သည်။

သူကျောင်းပြန်ရောက်ချိန် မမဖြူတစ်ယောက် ရေမိုးချိုး၊ သနပ်ခါးအဖွေးသားနှင့် ပဒုမ္မာအင်္ကျီ မီးပူတိုက်ပြီးသား၊ တိုဘရက်ကိုးလုံချည်အဝါလေးနှင့် တွေ့ရသည်ကိုက ကျက်သရေရှိလှသည်။ သူက မမဖြူ အနား ကပ်သွားရင်း

"သိပ်မွှေးတာပဲ" ဟု ပြောတတ်သည်။

မမဖြူတို့ခေတ်က ပွန်ပီယာပေါင်ဒါနှင့် ရေမွှေးအသုံးများသည်။ အီဗနင်းအင်ပဲရစ်ပေါင်ဒါလည်း ပေါ်၍ နေပြီ။

ယမုံ သီတင်းကျွတ် ကျောင်းပိတ်ရက် အိမ်မပြန်ခင်ရက်မှာ မမဖြူ အလှပြင်နေသည်ကို သူငေး၍ကြည့်နေမိသည်။ ထိုခေတ်က နှုတ်ခမ်းနီဆိုးဆေးတော့ပေါ်ပြီ။ ပြီးတော့ ပွဲနေပွဲထိုင်သွားလျှင် ဘီးဆံထုံးထုံးပြီး



www.burmeseclassic.com

www.burmeseclassic.com

ဆံမြိတ်တိုချသော ခေတ်ဖြစ်သည်။

ဘကယ့်ကို ကြည့်လှလှနှင့် ကြည့်နေမိသည်။ တစ်ဖက်ခန်းမှ ဒေါ်ဒေါ်စော၊ မမဖြူအမေကလည်း ဝတ်စားပြင်ဆင်ပြီးကာ မမဖြူအခန်းကိုဝင်လာသည်။ ဒေါ်ဒေါ်စောသည် ပိုးပဒုမ္မာအကျႌအဖြူဝတ်၍ ကျော်ဂျက် ပဝါဖြူစုံချလျက် ဇင်းမယ်လုံချည်နီညိုနှင့် ဘီးဆံပတ်ကြီးကလည်း တစ်ခေါင်းလုံးအပြည့်။ ယမုံ့အမေမှာ တောသူဖြစ်၍ ဒီလိုအပြင်အဆင်မျိုးကို ပြင်နေကျမဟုတ်၍ ယမုံတမမြင်ဖူးပါ။ ဒေါ်ဒေါ်စောကလည်း တစ်မျိုး ကျက်သရေရှိနေသည်။

သူ စကားမပြောနိုင်သေး။ မမဖြူ၏ အလှကိုပြန်ငေးရသည်။ မယ်ညို ပဒုမ္မာအကျႌ၊ ရွှေဖလားရောင်ချိတ်ထဘီနှင့် ခေါင်းတွင် ဘီးဆံထုံးမြင့်မြင့်၏ ဆံမြိတ်တိုဘေးမှာ နှင်းဆီပန်းရောင်တစ်ပွင့်ကို ပန်ထားသည်။ မမဖြူသည် စက္ကူပန်းများကို သုံးလေ့သုံးထမရှိ။

မမဖြူအသားမှာ ပဒုမ္မာအပါးအောက်မှာ ဖြူနုကြည်လင်နေ၍ ရွှေဖလားရောင်လုံချည်နှင့် ဝင်းပရွှန်းလက်နေသည်။ ပဝါကိုတော့ မခြုံပါ။ မို့မို့ ကြွကြွရင်သားကို ဇာဘော်လီအလှက ပေပြစ်စွာ ဖုံးအုပ်ထားပေမဲ့ မမဖြူ၏ ရင်ဟန်ကြွကြွနှင့် တင်ပါးမို့မို့မှာ မမဖြူအလှကို ရုပ်လုံးကြွလာပါသည်။

"ကဲ. . . သွားမယ် ယမုံ"

သူ့ကို နှုတ်ဆက်ကာ သားအမိနှစ်ယောက် အောက်ထပ်သို့ ဆင်းသွားသည်။ အောက်ထပ်ဧည့်ခန်းမှာ ထိုင်နေသော သမာဓိမြို့ဝန်မင်းကလည်း ပန်းရောင်ခေါင်းပေါင်း၊ ရေနံ့ရောင်ဗန်ကောက်လုံချည်၊ အလ်ပတ်ကားအနက် တိုက်ပုံအကျႌများ ဝတ်ဆင်ထားသည်မှာ ခံ့ညားလိုက်တာ၊ သူနှင့် အိမ်ဖော်ကလေးမလေးသည် သားအဖသုံးယောက် အပြင်ထွက်သွားသည်ကို တံခါးဝမှ ရပ်ကာမျက်စေ့တမ်းဆုံး ကြည့်နေမိသည်။

ထိုနေ့က မအူပင်အရေးပိုင် သမီးခင်မလေးမင်္ဂလာဆောင်ကို သွားကြခြင်းဖြစ်သည်။





ယမုံသည် အပေါ်ထပ် အိပ်ခန်းကို ပြန်တက်ခဲ့သည်။ ခုတင်ပေါ် လှဲရင်း မမဖြူအကြောင်း စဉ်းစားနေသည်။ သူ့မျက်လုံးထဲမှာတော့ တော်တော် ချောမောလှပသူ၊ ရာထူးကြီးပိုင်ရှင် ဂုဏ်သရေရှိလူကြီးမင်း၏ တစ်ဦးတည်းသော သမီးမမဖြူသည် တစ်နေ့နေ့ အရာရှိတစ်ယောက်နှင့် လက်ထပ်မှာပဲဖြစ်သည်။ သူ့အိမ်ခန်းထဲမှာ သတို့သမီးဝတ်စုံကို ဝတ်ဆင် ၍ အိမ်ရှေ့ဧည့်ခန်းဝ လက်ထပ်ခန်းမဆောင်သို့ ထွက်သွားမည့် မမဖြူ၏ ဟန်ကို စဉ်းစားကြည့်သည်။ လှလိုက် မည့်ဖြစ်ခြင်းဟု တွေးနေသည်။ သို့သော် ယခုထိ မမဖြူ ဘယ်သူနှင့်မှ ကြိုက်သည်ဟူ၍လည်း မကြားရ။ မအူပင်မြို့ပေါ် ချမ်းသာသူတွေနှင့် အရာရှိတွေထဲက လူပျိုများပြောင်းလာလျှင်တောင် မမဖြူကို လာရောက်တောင်းသည်ကို မကြားမိသေး။

ဒီအိမ်မှာ ထိုစဉ်က သူ ကလေးဖြစ်၍ အိမ်ထောင်ရေးရာကို လူကြီးတွေက မပြောခြင်းဖြစ်သည်ထင်သည်။ သူ ၁၀ တန်းတက်စကတော့ သူ့သူငယ်ချင်း ကြွေကြွေက ပြောဖူးသည်။

"တို့ကျောင်းကို နောက်ပြောင်းလာတဲ့ ကျောင်းအုပ်ကြီး ဦးကြည်စိန်က မင်းတို့ မမဖြူကို သဘောကျလို့တဲ့"

ကြွေကြွေပြော၍သာ ကြားရသည်။ သူ့အနေနှင့်က မမဖြူကိုလည်း ပြန်မမေးရဲ။ ဆရာကြီးဦးကြည်စိန်က မမဖြူကို လာရောက်တောင်းလေသလား၊ မတောင်းလေသလား မသိ။

မကြာခင် အိမ်ဖော်ကလေးမလေး မစိန်ရွှေက သူ့အိပ်ခန်းကို ဝင်လာ၍ စာတစ်စောင်ပေးသည်။ စာမှာ အမေတို့ဆီက ဖြစ်သည်။

"လှေကြုံကို ဘာမှာလိုက်ဦးမလဲတဲ့၊ စောင့်နေတယ်"

ကလေးမလေးက ပြောလိုက်၍ သူ စာကို ဖောက်ဖတ်လိုက်တော့ အမေတို့ဆီက နက်ဖြန်အဖေလာကြိုမည်ဟု ရေးထားသော စာဖြစ်သည်။

သူအောက်ကို ပြေးဆင်းသွားတော့ ခေါင်းရင်းအိမ်မှ ဦးမောင်ထွေးကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ယမုံ အဆင်သင့်ပြင်ထားမယ်လို့သာ ပြောလိုက်ပါ ဘကြီးထွေး၊ ခဏနားပါဦးလား"

သူက ဘကြီးထွေးကို ခေတ္တနားဖို့ ပြောပေမဲ့ ဈေးဝယ်သွားစရာ ရှိ၍ဟုပြောကာ ပြန်သွားတော့သည်။

သူက နက်ဖြန်ကို အိမ်ပြန်ဖို့ ပစ္စည်းများ သိမ်းဆည်းနေသည်။

(၃)

နောက်နေ့ မနက်စောစောပဲ အဖေရောက်လာသည်။ အဖေသည် ပေါ်စ ငါးရံ့ခြောက် တစ်ပိဿာနှင့် ဆန်တစ်အိတ်၊ ငါးဖျင်းသလက် လတ်လတ် ဆတ်ဆတ်ကို ကြော်ယူလာသည်။ မမဖြူအမေသည် ကောက်ညှင်းပေါင်းနှင့် ငါးဖျင်းသလက်ကြော်ကို အလွန်ကြိုက်သည်။

ယမုံ ကျောင်းဖွင့်လျှင် တစ်ကြိမ်၊ သီတင်းကျွတ်ကျောင်းပိတ်လျှင် တစ်ကြိမ်၊ နွေရာသီ ကျောင်းပိတ်ချိန် တစ်ကြိမ် အဖေသည် သူ့လယ်ထွက် ဆန်နှင့် ငါးခြောက်ငါးခြမ်းများ ဝယ်လာကာ မမဖြူမိဘတွေကို ကန်တော့သည်။ သူ မအူပင်မှာ ကျောင်းနေ၍ စားသောက်ကျွေးမွေးခ၊ မမဖြူ မိဘ များက မယူ၍ဖြစ်သည်။ အဖေနှင့် အတူ သူပါကန်တော့ကာ ရွာကို ပြန်လာ ကြသည်။

ယမုံတို့အိမ်မှာလည်း သားအဖသုံးယောက်နှင့် အလုပ်သမားနှစ်ယောက် လင်မယားတစ်စုံရှိသည်။ သူတို့သည် အဖေ့လယ်နှင့် သရက်ခြံကို လုပ်ပေးနေကြသူများဖြစ်သည်။ လယ်ချိန်ရောက်လျှင် သူတို့မရှိကြပေ။ ယမုံတို့ အိမ်လေးကလည်း ပျဉ်ထောင်သွပ်မိုး၊ လေးပင်သုံးခန်းဖြစ်၍ မြစ်ဘက်ကို မျက်နှာပေးထားသည်။ သူက ပြန်ရောက်သောနေ့ညနေဘက် ထမင်းစားချိန် မမဖြူအကြောင်း ပြောပြနေသည်။

"တကယ်ပဲ အဖေရာ၊ မမဖြူဟာ တကယ်ချောတာနော်၊ မနေ့





ကများ မင်္ဂလာဆောင်ကိုသွားတာ ပြင်ဆင်ထားလိုက်တာ သိပ်ကျက်သရေ ရှိတာပဲ"

သူက အဖေနှင့် အမေကို အားရပါးရ ပြောပြနေသည်။

"အေး ဟုတ်ပါရဲ့၊ ချောပေမဲ့ ကလေးမလေးက ဘယ်သူ့ကိုမှ လက်မထပ်တော့ဘူးထင်ပါရဲ့ အေးမေရယ်"

အဖေက ထမင်းစားပြီး လက်သုတ်ရင်း ပြောနေသည်။ အမေက အဖေထမင်းစားပြီး မြို့တတ်သော လက်ဖက်ခွက်ကို အဖေ့အနားလာချ လိုက်၏။ သူ့အတွက် ဖီးကြမ်းငှက်ပျောသီးကိုယူပေး၍ အဖေ့ကို ပြန် ပြောနေသည်။

"ယူချင်ပါဦးမလား ကိုစံထူးရယ်၊ စဉ်းစားကြည့်၊ ရှက်တာလည်း ပါမှာပေါ့၊ မိန်းကလေးဆိုတာ တစ်မျက်နှာက နှစ်မျက်နှာ မပြောင်းချင်ဘူးလေ"

ယမုံက အမေ့စကားကို နားထောင်ရင်း အံ့အားသင့်သွားသည်။ သူချစ်သော မမဖြူမှာ သူမသိသော အကြောင်းအရာတွေ ရှိနေပါပကော။ လူကြီးတွေစကားကို သူ ဝင်မစွက်ရဲ၍ ထမင်းဝိုင်းကို သိမ်းလိုက်သည်။ အဖေနှင့် အမေက ဆက်စကားပြောနေသည်။

ညအိပ်ရာ မဝင်ခင် အမေသည် အိမ်ရှေ့ကွပ်ပျစ်မှာ သင်ဖြူး တစ်ချပ်၊ ခေါင်းအုံးတစ်လုံးနှင့် နေတတ်သည်။ အဖေက ဘကြီးထွေးတို့ အိမ်သွားနေသည် ထင်သည်။ အမေတစ်ယောက်တည်းရှိမှ ယမုံသည် အမေ့အနား ကပ်သွားမိသည်။

"အမေ ညနေက ထမင်းဝိုင်းမှာ အဖေက မမဖြူအကြောင်း ပြောပြ နေတယ်၊ သမီးသိချင်လို့ပါ၊ မမဖြူက ဘာဖြစ်လို့လဲ"

သူသည် အမေ့အပါး လှဲအိပ်ကာ မေးမိသည်။

"မိန်းကလေးက ဆိုးရတာ မဟုတ်ပါဘူး၊ အလိမ္မာလေးပါ"

အမေသည် ကွမ်းသီးဖက်လိပ်ကြီးကို ဖွာကာ ဆက်ပြောပြသည်။

"မအူပင် ပြန်ရောက်ရင် ဖြူဖြူတို့အိမ်မှာ ဘယ်သူ့ကိုမှ ဒီအ


www.burmeseclassic.com

www.burmeseclassic.com



ကြောင်း မမေးနဲ့နော်၊ သမီးက စပ်စုတတ်တယ်"

"ဩော်. . . အမေမို့လို့ မေးတာပါ အမေရယ်၊ သမီးညနေ ထမင်းဝိုင်းမှာတောင် အဖေ့ရှေ့မှာမို့ မမေးရဲဘူး"

"အေးပါ၊ အမေက ဖြူဖြူရှက်နေမလားလို့ပါ၊ သမီးက ငယ်သေးတော့ ဒီအကြောင်း မသိဘူး"

"သမီး မစပ်စုလို့ မသိတာပေါ့"

"အဲဒါ ကောင်းတယ်၊ တစ်နေ့ အလိုလို သိလာရတာပဲ၊ သမီးတို့ငယ်ငယ်တုန်းကလည်း ဦးဘစမ်းဘက်ကရော ဒေါ်စောဘက်ကရော ဆွေမျိုး တွေ သူတို့အိမ်မှာ ကျောင်းလာနေလေ့ရှိတယ်၊ ဟိုအရှေ့ဘက် တောမကုန်းက သူငယ် လေးတစ်ယောက်လည်း ကျောင်းလာနေတယ်။ သူက အမျိုးမတော်ဘူး၊ သမီးအဖေနဲ့ ဒီသူငယ်မိဘတွေ ရင်းနှီးပါတယ်၊ ကောင်လေးက ဆင်းရဲတယ်၊ စာဟော့ တော်တယ်၊ ဦးဘစမ်းက ဒီလူငယ်လေး စာတော်တာ နေတာထိုင်တာသဘောကျတယ်၊ ၁၀ တန်းအောင်တော့ တောမကုန်းက သူငယ်လေး မိဘတွေကို ခေါ်ပြောတယ်၊ သူတို့ရဲ့သား မောင်ထိန်ဝင်းကို တက္ကသိုလ်မှာ ဆက်ထားပေးမယ်၊ ဒီဂရီရတဲ့အထိပေါ့၊ သူ့စိတ်ထဲမှာလည်း မှန်းထားတယ်ထင်ပါရဲ့၊ ဒီသူငယ် ဒီဂရီရပြီ့အုပ်စာမေးပွဲတွေ ဘာတွေဝင်လို့ အောင်ရင် အရာရှိတွေဘာတွေ ဖြစ်မယ်ပေါ့၊ စာမေးပွဲအောင်လို့ ဒီဂရီရရင် သူ့သမီးခင်ဖြူဝင်းနဲ့ ပေးစားမယ်ဆိုတာ ပြောပြတယ်၊ တောမကုန်းက ကောင်လေး မိဘတွေကလည်း သဘောတူတယ်၊ အမှန်တော့ တိတ်တိတ် စေ့စပ်ထားတာပေါ့"

"ဒီလူက ချောလားဟင်"

ယမုံက လူငယ်ဆန္ဒအတိုင်း မမဖြူ ယူမည့်သူကို ချောစေ လှစေချင်သည်။

"မချောလှပါဘူးကွယ်၊ ကြည့်ပျော် ရှုပျော်ပါပဲ၊ အသားတောင် နည်းနည်း ညိုသလားလို့ အမေ ထင်တယ်"

"ဒါနဲ့များ ဦးကြီးစမ်းက မမဖြူနဲ့ ပေးစားချင်ရသေးတယ်"



"ဩော် သမီးကလည်း သူ့မျက်နှာနဲ့ မအူပင်မှာ သူ့သမီးလိုချင်တဲ့ သူတွေ ပြည့်လို့ပေါ့။ တောသူတောင်သားရိုးရိုးသားသားကို မြေတောင် မြှောက်ပြီး ပေးစားချင်တဲ့ ဆန္ဒပေါ့"

"နောက်တော့ ဘာဖြစ်သွားလဲ"

"အေး. . . ဘီအေအောင်တော့ မအူပင်ကို ပြန်မလာဘူး၊ တောမ ကုန်းက ကောင်လေးမိဘတွေ၊ ကိုဖိုးရှိန်တို့လည်း ဘာမှမသိဘူး၊ မျက်စိပျက် မျက်နှာပျက်နဲ့ သူတို့သား ပြန်မလာတာကို ဦးဘစမ်းကို ရိုးရိုးသားသား လာပြောပါတယ်။ နောက်ဆုံးကျမှ စုံစမ်းကြည့်တော့ မောင်ထိန်ဝင်းက စကော့ဈေး(ယခုဗိုလ်ချုပ်ဈေး)မှာ စက္ကူပန်းတွေ လုပ်ရောင်းတဲ့ အမျိုး သမီးတစ်ယောက်နဲ့ ယူလိုက်တယ်"

"ဟယ်. . . မမဖြူထက် ချောလို့လား"

"အမေမှ မမြင်ဖူးပဲ၊ အဲဒီကတည်းက ဖြူဖြူဟာ ရှက်ပြီး နဂိုအိမ်တွင်း ပုန်းတာထက် ပိုပုန်းပြီး ဘယ်မှမထွက်တော့ဘူး"

"သနားစရာ ကောင်းလိုက်တာ"

"သမီးက မမြင်ရဘူး၊ အမေက ဖြူဖြူတို့အိမ် ဝင်ထွက်နေတော့ မောင်ထိန်ဝင်း ဘီအေမအောင်ခင်က တက္ကသိုလ်က ကျောင်းပိတ်လို့ မအူပင် အိမ်ပြန်လာရင် ဖြူဖြူမှာလေ 'ကိုကို' 'ကိုကို' နဲ့ ပြုစုလိုက်ရတာ၊ ခမျာ သိပ်ဂရုစိုက်ရှာတယ်"

ယမုံက အမေ့အပါးလှဲရင်း ခေါင်းအုံးကြီးကို နာနာထုမိ၏။ ဒီကိစ္စကို နည်းနည်းမှ မကျေနပ်။ မမဖြူဘက်က နာကြည်းမိသည်။

"သူ့ခမျာ မိဘက ဒီလူတော်တယ်ဆိုတာနဲ့ မိဘစကား နားထောင်ပြီး ချစ်လိုက်ရတာဖြစ်မှာ၊ သူလော်မာတာမှ မဟုတ်ဘဲ"

သူက မမဖြူအတွက် ကြေကွဲစွာပြောမိ၏။

"အေး ဒါကြောင့်လည်း နောက်တော့ ဦးဘစမ်းတို့ဆီ လာစပ်တဲ့သူရှိတောင် ဖြူဖြူ သဘောမတူရင် ဘယ်သူ့ကိုမှ လက်မခံပါဘူး"

ယမုံသည် စကားစပြတ်ပြီး အိမ်ပေါ်အိပ်ခန်းသို့ တက်လာကာ



www.burmeseclassic.com

www.burmeseclassic.com

မမဖြူ အကြောင်း စဉ်းစားရင်း ထိုညက တော်တော်နှင့် အိပ်မပျော်ပါ။

(၄)

နွေရာသီကျောင်းကြီး မပိတ်ခင် ၁၉၄၁ ခုနှစ်၊ ၁၀ တန်းစာမေးပွဲ စစ်ခါနီး ကျောင်းတွေပိတ်လိုက်သည်။ ဒုတိယ ကမ္ဘာစစ်ကြီး မြန်မာပြည်ကို ကူးစက်လာ၍ ဖြစ်သည်။

ယမုံအဖို့ ပန်တပွတ်ပြန်ကာ အဖေတို့နှင့် အတူနေရသည်။ အဖေတို့ အလုပ်ကတော့ လယ်လုပ်လိုက်၊ သရက်သီးခူးရောင်းလိုက်နှင့် စစ်ကာလကို ကျော်ဖြတ်လာခဲ့ရသည်။ ပြီးတော့ အဖေသည် ဆောင်းဦး ပေါက်လာလျှင် အင်းမ•ရေလဲ၍ရွာတို့ရှိ အင်းများက ငါးခြောက်မျိုးစုံနှင့် ငါးကျည်းခြောက်များ ဝယ်ခြမ်းကာ ရန်ကုန်ကို တက်ရောင်းတတ်သည်။

အမေက ရန်ကုန်မှာ အန္တရာယ်များ၍ အဖေ့ကို မသွားစေချင်ပေမဲ့ မရ။ အဖေက သွားမြဲသွားသည်။ အဖေက လှေနှင့်သွားသည်ဖြစ်၍ အပြန်ကွင် ဆီပုံးတွေ တင်လာကာ မမဖြူတို့အိမ်မှာ စတည်းချ၍ မအူပင်မှာ ရောင်းချသည်။

တစ်ညနေ ထမင်းဝိုင်းမှာ ယမုံသတင်းတစ်ခုကြားရ၍ အံ့သြနေသည်။ ပြောသူ အဖေကလည်း တအံ့တသြနှင့် ပြောနေခြင်းဖြစ်သည်။

"ငါလည်း ပထမတော့ ဦးဘစမ်းလည်း ပြောတာ မယုံဘူး၊ ဒါပေမဲ့ သူကိုယ်တိုင်ပြောနေတော့ ယုံရတော့တာပဲ၊ ဒေါ်စောရှေ့မှာပြောတယ်၊ သူ့သမီး ဖြူဖြူကို ရန်ကုန်ခေါ်သွားပါတဲ့"

"ဘာလုပ်ဖို့"

အမေကလည်း အထိတ်တလန့်လို ပြန်မေးလိုက်သည်။

"သူတို့ရှိတာလေး ထုခွဲပြီး ငွေရင်းလုပ်မယ်၊ အဲဒါ ဒီကကိုက်မယ့် ငါးခြောက်၊ ငါကဝယ်ပေးပေါ့၊ ဖြူဖြူက ငါနဲ့အတူ ရန်ကုန်လိုက်မယ်တဲ့၊ ဟိုမှာ ငါးခြောက်ရောင်းမှာပေါ့"





"အလိုလေး၊ ဘုရားရေ၊ ဖြစ်နိုင်ပါ့မလား၊ တစ်သက်လုံး အိမ်တွင်း ပုန်းလာတဲ့ မိန်းကလေးက ပုံးတွေ၊ သေနတ်တွေကြား ငါးခြောက် သွားရောင်းမတဲ့"

"မင်းကသာ မဖြစ်နိုင်ဘူး ပြောနေ၊ ငါ့ကို ငါးခြောက်ဝယ်ဖို့ ငွေပေး လိုက်ပြီ၊ သူတို့လည်း ထိုင်စားနေလို့ ဘာမှ ဝင်ငွေရှိပုံမပေါ်ဘူး၊ ဒေါ်စော က မကျန်းမာတော့ ဖြူဖြူကလည်း ဝင်ငွေရှာချင်တယ်ထင်တယ်၊ ဦးဘစမ်း ကလည်း ခြေတစ်ဖက် မသန်ဘူး၊ လေဖြတ်သလို ဖြစ်နေတယ်၊ ငါးခြောက် စုမိမှ ငါ့လှေ ထွက်မယ့်ရက် ဖြူဖြူကို အကြောင်းကြားရမှာ"

အဖေ့စကားကို ကြား၍သာ ကြားရသည်။ မယုံနိုင်ပါလား။ မမဖြူ သတင်းတွေသည် ဘာဖြစ်၍များ မယုံနိုင်စရာ ကောင်းလောက်အောင် ထူးခြားနေပါသလဲ။

ကာယကံရှင်တွေကတော့ မသိ၊ ယမုံနှင့်အမေမှာ ဒီသတင်း အတွက် စိတ်လှုပ်ရှားနေသည်။

"အမေရယ်၊ ဦးကြီးစမ်းလည်း ခြေထောက်ကမကောင်း၊ ကြီးကြီး စောလည်း နေမကောင်းဘူးဆိုတော့ သမီး သူတို့အိမ်သွားနေပေးရမလား၊ အမေကလည်း သတင်းမေးသွားဖို့ ကောင်းတယ်"

သူက အမေ့ကို ပြောပြမိ၏။

"အမေကလည်း သွားမလို့ပါပဲ၊ ဖြူဖြူ ရန်ကုန်သွားမှာတော့ အမေ စိတ်မချဘူး၊ အစ်ကိုကြီးတို့ မမစော တို့ကိုလည်း အမေ မပြောရဲဘူး"

"သူတို့လည်း နေထိုင်မကောင်းနေတော့ မတတ်သာလို့ သမီးကို လွှတ်တာဖြစ်မှာပေါ့၊ မမဖြူမရှိတော့ သမီးသွားနေပေးမယ်လေ"

ယမုံက ထပ်ပြောပြန်သည်။

"သမီးက မအူပင်သွားနေတော့ အမေအိမ်မှာ တစ်ယောက်တည်း နေတာလေ၊ သမီးအဖေက ရန်ကုန်သွားနေတာလေ၊ သမီးသွားလို့ မဖြစ်ပါဘူး၊ နေ့လယ်ကျ လူနာသွားမေးဖို့ မောင်ကြည်ကို လှေနဲ့လိုက်ပို့



www.burmeseclassic.com

www.burmeseclassic.com

နိုင်းရမှာပဲ"

ယမုံသည် အမေသရက်သီးစိမ်းများ အခြောက်လှန်းကာ နွေတုန်းက လုပ်ထားသည့် သရက်သီးသနပ်ကို ချိုင့်ငယ်တစ်ခုနှင့် ထည့်ကာ ယူလာသည်။

မအူပင်အိမ်ရောက်တော့ ပထမဆုံး ဒေါ်စောအိပ်ခန်းကို သူတို့သား အမိနှစ်ယောက် သွားကြည့်ရသည်။ ဒေါ်စောက လူကြီးနာပါပဲ။ ပြီးမှ ဧည့်ခန်းမှာ ဦးဘစမ်းကို အမေယူလာသော ငါးကင်နှင့် ငှက်ပျောခိုင်နှင့် ကန်တော့ကြသည်။ ခြေတစ်ဖက် ဆွဲနေသော ဦးကြီးစမ်းကိုကြည့်ရင်း ယမုံက စိတ်မကောင်း။

မမဖြူက သူ့အမေကို ထမင်းကျွေးပြီး သူတို့သားအမိနှင့်အတူ ထမင်းစားကြသည်။ ထမင်းစားကြပြီး အမေက ဒေါ်စောအနားမှာ အိမ်ဖော်ကလေးမလေးနှင့်အတူ စောင့်၍ စကားပြောနေသည်။

ယမုံနှင့် ဖြူဖြူက အိမ်ပေါ်တက်လာကြသည်။ မမဖြူ အိပ်ခန်းထဲမှာ သူကမထိုင်။ ပြတင်းမှာ သွားရပ်သည်။ မအူပင် တစ်ဖက်ကမ်းသည် မိုးဦးတွင် သစ်ရွက်တွေစိမ်းညို့၍ တောတန်းလေးလို သာယာနေသည်။ မြစ်ပြင်မှာ ဂယက်လေးတွေလောက်ပဲရှိတယ်။

"မမဖြူ ရန်ကုန်သွားမလို့ဆို"

သူက မမဖြူကို မကြည့်ဘဲ မေးနေသည်။

"အင်း"

မမဖြူကလည်း သူ့နားလာရပ်သည်။ မြစ်ပြင်ကို ဖြတ်သန်း တိုက်ခတ်လာသောလေက သူတို့ဘေးတွင် အေးမြနေသည်။ သူက ဘာဆက်ပြောရမှန်း မသိ၊ မသွားစေချင်တာတော့ အမှန်။

"ယမုံ မမဖြူကြိုက်တဲ့ သရက်သီးသနပ်ယူလာတယ်"

"အေး. . . မမဖြူ ရန်ကုန်ယူသွားမယ်"

"ရန်ကုန်မှာ ဘယ်သူ့အိမ်မှာ နေမှာလဲ"

"ဘထွေးစံထူးနဲ့ သွားလိုက်၊ ပြန်လိုက်လုပ်နေရမှာပေါ့။ ခဏ





စတည်းချရမှာက ကိုကိုတို့အိမ်မှာ"

ယမုံသည် ပထမဆုံးအကြိမ် မမဖြူပါးစပ်က ကိုကိုဆိုသော စကားလုံးကို ကြားရခြင်းဖြစ်သည်။ သူသည် ခုမှ အပျိုဖော်ဝင်စ၊ အချစ်အကြောင်းကို နားမလည်သေးသူ အရွယ်မို့ထင်ပါသည်။ မမဖြူသည် သူ့ချစ်ဦးသူအကြောင်းကို တစ်ခါမှ ပြောမပြခဲ့။ အမေတို့ထံကသာ မမဖြူနှင့် ချစ်ဦးသူအကြောင်းကို သိခဲ့ရသည်။ စကားပြောရသည်မှာ လက်ဆုံမကျ။ နှစ်ယောက်စလုံး စကားပြောရသည်ကို အားရပါးရမရှိ။ မမဖြူသည် ခုတင်ရှိရာ လျှောက်သွား၍ ခုတင်ပေါ်လှဲနေသည်။

ကောင်းကင်မှာ မိုးတွေ အုံ့ဆိုင်းလာသည်။ မိုးသက်လေပါလာလေတော့ ဂယက်လေးများ ထနေသော မြစ်ရေပြင်မှာ လှိုင်းငယ်တွေ လူးလှိမ့်လာသည်။ သူသည် ပြတင်းကို ပိတ်လိုက်၏။ မမဖြူအနားကို သွားလိုက်သည်။

"မမဖြူသွားရင် နေ့လယ်ဘက် ယမုံ ဦးကြီးနဲ့ ကြီးကြီးကို ခဏခဏ လာကြည့်ပါမယ်"

သူက ပြောပြသည်။

"ကျေးဇူးတင်ပါတယ်ကွယ်၊ ရေလဲကမေမေ့ညီမဝမ်းကွဲက မွေးတဲ့ သမီးတစ်ယောက်ရှိတယ်၊ သူက မမဖြူနဲ့ ရွယ်တူလောက်ပဲ၊ သူလာနေမှာပါ၊ စိန်ရွှေက ငယ်လွန်းတယ်၊ သူ့ကို အဖော်ရတာပေါ့"

"ယမုံက အိမ်မှာနေချင်ပါတယ်၊ အဖေက ခရီးထွက်နေတော့ အမေတစ်ယောက်တည်းမို့"

"ကိစ္စမရှိပါဘူး၊ ဘထွေးစံထူး ပြောတော့ ဒီတစ်ခေါက် ငါးခြောက်ရော၊ ငံပြာရည်ရော အညာအထိ တက်ရောင်းမယ်ပြောတယ်၊ အပြန်ဆီနဲ့ ထန်းလျက်၊ အထည်ကြမ်းတွေ သယ်လာမယ်တဲ့"

သကြားရှားတော့ ဂျပန်ခေတ်တွင် ထန်းလျက်သည် မုန့်လုပ်ဖို့ရော ကော်ဖီဖျော်ဖို့ရော အတော်အသုံးဝင်သည်။ အဝတ်အစားက ရှားပါးလွန်း၍ အညာထည် ချည်ကြမ်း လုံချည်တွေကလည်း အောက်ပြည်မှာ


www.burmeseclassic.com

www.burmeseclassic.com

အရောင်းရ တွင်ကျယ်သည်။ အဖေက စီးပွားရေးလာဘ်မြင်ပေမဲ့ ယမုံ့ရင်ထဲတွင် မမဖြူကတော့ ဂျုံငါးခြောက်အရောင်းအဝယ်နှင့် မတန်ဘူးဟု ထင်သည်။

"မမဖြူက ရန်ကုန်မသွားဘဲ အဖေယူလာတဲ့ ကုန်တွေ မအူပင်မှာပဲ ရောင်းရင် မရဘူးလား"

"ကုန်သည် လုပ်မယ်ဆိုတော့ ရန်ကုန်အတွေ့အကြုံလည်း သိချင် သေးတယ်လေ"

မမဖြူသည် တကယ့်ကို ကုန်သည်ကြီး လုပ်တော့မည် ထင်ပါရဲ့။

မိုးသက်လေငြိမ်သက်၍ မိုးစဲသွားပြီ ဖြစ်သဖြင့် သူတို့သားအမိ၊ ဦးဘစမ်းတို့ကို နှုတ်ဆက်၍ ပြန်လာသည်။

(၅)

အဖေနှင့်အတူ မမဖြူလိုက်သွားသည့်နေ့က ယမုံသည် ဘုရားမှာ ဆုတောင်းရသည်မှာ အမောပင်ဖြစ်သည်။ အမေကလည်း စိုးရိမ်စရာတွေ ကိုပဲ ပြောနေသည်။

"သမီးအဖေက လောဘကြီးတယ်၊ သားအမိသားအဖသုံးယောက် ရှိတာလေး ချွေတာစားပြီးတာပဲ၊ အခုရန်ကုန်တင် မဟုတ်ဘူး၊ အညာပါ တက်ချင်သေးတယ်၊ ရန်ကုန်မှာ ဗုံးတွေကလည်းကြဲ၊ အညာဆန်တဲ့ လှေတွေ သမ္ဗန်တွေ စက်သေနတ်အပစ်ခံရတယ်"

"အဲဒီလောက် အန္တရာယ်ကြီးတာကို ဦးကြီးတို့က မမဖြူကို ရန်ကုန်လွှတ်တာ အံ့ပါရဲ့၊ မမဖြူကတော့ အတွေ့အကြုံရှိအောင် သွားတာလို့ သမီးကိုပြောတယ်"

"သူတို့သမီးကို ချွေလိုဥထားတာ၊ အခြေအနေက မဖြစ်လို့ထင်ပါရဲ့၊ အေးလေ အရင်က ကိုစံထူးအတွက်ပဲ စိတ်ပူရတယ်၊ ခုတော့ မဖြူ





အတွက်ပိုပြီး ပူရတယ်"

သူတို့သားအမိ နှစ်ယောက် ပူပန်နေဆဲမှာပဲ ခင်ဖြူဝင်းက ရန်ကုန်မှ မအူပင်ကိုပင် တစ်ခေါက်ပြန်လာသည် ကြားသည်။ ဦးစံထူးကတော့ အညာဆက်တက်သွားသည်။ သူတို့သားအမိ မအူပင်သွားချိန်မှာတော့ ခင်ဖြူဝင်း ရောက်သည်နှင့် မကြုံခဲ့၍ ခင်ဖြူဝင်း၏ ရန်ကုန်အတွေ့အကြုံကို မသိရပါ။

အဖေပြန်လာသောနေ့ကတော့ ယမုံတို့သားအမိ အလွန်ပျော်သည်။ အဖေသည် မအူပင်မှာ ဆီပုံးနှင့် ထန်းလျက်ပိုများ ပွဲရုံတွင် ချခဲ့သည်။ အိမ်သုံးဖို့ ဆီအနည်းအကျဉ်းနှင့် လယ်လုပ်သူတွေနှင့် သရက်ခြံသမားတွေအတွက် ပုဆိုးကြမ်းတွေပဲ ရွာကို ယူလာသည်။

နားနားနေနေ နေတော့မှ အမေက အဖေ့ကို ပြောနေသည်။ နောက် တစ်ခေါက် အညာမတက်ဖို့ အကြောင်း။

"ရှင်ရှာကျွေးလို့ စားနေရပေမင့် ရှင်ခရီးတစ်ခေါက်ထွက်ရင် ကျွန်မ စိတ်သိပ်ပင်ပန်းတာပဲ၊ ခေတ်ကောင်းချိန်ဆို ကုန်သွယ်တာကိစ္စမရှိဘူး၊ အခုလည်း လယ်က စပါးတွေ မရဘူးဆိုပေမဲ့ ကျွန်မတို့ သားအဖသုံးယောက် အလှူက် ဝမ်းစာစပါးလုံလောက်တဲ့အပြင် ပိုပါသေးတယ်၊ ကိုယ့်လယ်သမားတွေက မရိုင်းပါဘူး၊ ဝေမျှစားကြတာ၊ ဒီတစ်ခါတော့ မသွားပါနဲ့"

အမေ့ပြောသံကြား၍ ယမုံကပါ ဝင်ပြောသည်။

"ဟုတ်ပါတယ် အဖေရာ၊ အဖေကတော့ဘယ်လိုလဲ မသိဘူး၊ သမီးနဲ့အမေမှာ အဖေ့အတွက်ရော မမဖြူ အတွက်ရောဆုတောင်းရတာ အမော"

အဖေကငြိမ်သက်နေသည်။ အမေရောသူရော အဖေငြိမ်သက်သွားခြင်းအဓိပ္ပာယ်ကို နားမလည်။ တစ်စုံတစ်ခု ပြောပြရ ခက်နေပုံရသည်။

"မင်းတို့ ငါမရှိတုန်း မအူပင်အိမ်က ကိုကြီးစမ်းတို့ လင်မယားကို



www.burmeseclassic.com

www.burmeseclassic.com

သွားကြည့်ရဲ့လား၊ ငါအခု ဆီတစ်ပုံး လက်ဆောင်ပေးခဲ့တယ်"

အဖေက စကားစလာသည်။

"သွားကြည့်ပါတယ်၊ ဒါပေမဲ့ မဖြူပြန်လာတာနဲ့ မကြုံဘူး၊ ဘယ်လိုလဲမသိ၊ မိန်းကလေး အရောင်းအဝယ်လုပ်တာ"

အဖေက ပြန်မဖြေသေး။ သက်ပြင်းကြီး တချချ လုပ်နေသည်။

"အခု ငါနဲ့အတူ မဖြူ ရန်ကုန်ကပြန်လာတယ်၊ ငါလည်း အညာက အစုန်ခနဖြူကနေ မအူပင်တန်းလာဖို့ပဲ၊ မဖြူက ရန်ကုန်လာပြီးမှ သူနဲ့အတူ မအူပင်ပြန်ဖို့မှာထားလို့၊ ကြည့်မြင်တိုင်က ပွဲရုံမှာ သွားခေါ်လာခဲ့ရတယ်"

"ဟာ. . . မမဖြူကြီး ပြန်လာပြီ"

ယမုံက အားရဝမ်းသာ အော်ပြောပြလိုက်၍ အဖေက သူ့ကို လှမ်းငေါက်သည်။

"တယ်. . . ဒီမိန်းကလေး ဣန္ဒြေမရလိုက်တာ၊ သွားစမ်း"

ယမုံမှာ အဖေငေါက်လိုက်၍ ရှုံမဲ့ ရှုံမဲ့နှင့် အဝေးသွားနေရသည်။ အဖေနှင့် အမေကတော့ တီးတိုးပြောကျန်ရစ်သည်။

သူမှာ ညအထိ အမေ အိမ်ရှေ့ကပြင်မှာ ဆေးလိပ်သောက်ချိန် စောင့်နေရသည်။ အမေဖျာခင်း၍ ခေါင်းအုံးတစ်လုံးနှင့် ဆေးလိပ်သောက်မှ အနားသွားရသည်။ တော်ပါသေး၊ အဖေက သရက်ခြံထဲ ဆီလက်ဆောင် သွားပေးနေသည်။

"အမေ အဖေက နေ့လယ်က သမီးကို ဘာလို့အော်လွှတ်တာလဲ"

ယမုံသည် ခေါင်းအုံးကို ဆွဲယူအုံး၍ အမေ့ကို မေးလိုက်သည်။

"သမီးရှေ့မှာ အဖေတစ်ယောက်အနေနဲ့ မပြောသင့်တဲ့ စကားမို့လို့"

"ဘာစကားမို့လို့လဲအမေရာ၊ မမဖြူကိစ္စက သမီးမသိရဘူးတဲ့လား"

"သိရပါတယ်. . . "





အမေက ခေတ္တစကားရပ်ထားသည်။ ရှေ့မဆက်၊ ဆေးလိပ်ကြီး မှုတ်ပြီး ဆေးလိပ်ခွက်ထဲ ထည့်လိုက်၏။ ညည်းပြန်သည်။

"ဘာဖြစ်လို့ စိတ်ညစ်တာလဲ အမေ"

သူက သိချင်ဇောပြင်းစွာနှင့် မေးလိုက်၏။

"နောက်အပတ် တနင်္ဂနွေ သမီးရဲ့ မမဖြူကို ယောက်ျားပေးစားမလို့"

"ဟယ်. . . ဘယ်သူနဲ့လဲ၊ မမဖြူကို ယောက်ျားပေးစားမှာများ သမီးကို မပြောသင့်ဘူးတဲ့၊ နဂိုကတည်းက သမီးက တွေးထားတာ မမဖြူ လက်ထပ်မယ့်နေ့ သတို့သမီးလေးလိုဝတ်ပြီး သူ့အိပ်ခန်းက တဖြည်းဖြည်း လှမ်းထွက်လာပုံ၊ လက်ထပ်မယ့် အောက်ထပ်ခန်းမကို အပျိုရံတွေနဲ့ လှေကားက ဆင်းသွားချိန်တွေကို စိတ်ကူးနဲ့ စောင့်ကြည့်နေတာ၊ သိပ်လှမှာ၊ သူအခု ရန်ကုန်က ချိတ်ထဘီတွေ ဝယ်လာမှာပဲ၊ သတို့သားက ဘယ်မှာလဲ"

"မိယမုံ. . . ငါ့သမီး ဒါကြောင့် အဖေကဆူတာ၊ ဘာမှလဲ မသိဘဲနဲ့ စွတ်ပြောတာပဲ၊ အခု မဖြူက အဲဒီလိုမဟုတ်ဘူး၊ အိမ်မှာ ဘုန်းကြီး ငါးပါးပင့်၊ လက်ထပ်ဆွမ်းကျွေးမှာ၊ ကိုကြီးစမ်း မိတ်ဆွေ ၄၊ ၅ယောက်ပဲ ဖိတ်မှာ၊ အမေနဲ့အဖေက လူရင်းမို့ ကိုကြီးစမ်းက လာဖို့ပြောလိုက်တာ"

"ဘယ်သူနဲ့လဲ"

"ဟို. . . မောင်ထိန်ဝင်း၊ သူ့ကိုကိုဆိုတာနဲ့"

"ဟာ. . . "

ယမုံက အလန့်တကြားအော်လိုက်၏။

"အမေတို့ပြောတော့ အဲဒီလူက မိန်းမလည်းရှိ၊ ကလေးတွေနဲ့ဆို"

"အေးဟုတ်တယ်၊ အခု ဒီသူငယ် သမီးအဖေရဲ့ လေ့နဲ့ မဖြူနဲ့ အတူ လိုက်လာတယ်"

"ဖြစ်မှ ဖြစ်ရလေ အမေရယ်၊ ဦးကြီးစမ်းတို့က သဘောတူတယ်"



www.burmeseclassic.com

www.burmeseclassic.com

"တုံတယ်လို့တော့ မဟုတ်ဘူး၊ မမစောကလည်း အခြေအနေ မဟုန်တော့ဘူး၊ ပြီးတော့ သမီးရှေ့ သမီးအဖေက မပြောတာက မိန်းကလေးရှင်အနေနဲ့ မပေးစားမဖြစ်တဲ့ အခြေအနေရောက်နေတော့ တရားဝင်အောင် လုပ်ပေးရတာပေါ့၊ အမေကတော့ ဒီသူငယ်ကိုပဲ ဒေါသဖြစ်တယ်၊ ကိုယ့်ကို ဘီအေအောင်တဲ့အထိ ကျောင်းထားပေးတဲ့ ကျေးဇူးရှင်သမီးကို မယားငယ် ပြန်ဖြစ်အောင် လုပ်တာတော့ ကျေးဇူးကန်းရာ ကျတယ်"

"မယားကြီးကို မကွာဘူးပေါ့"

"သူကလည်း မကွာနိုင်ဘူး၊ မယားကြီးကလည်း ကွာမပေးဘူးပေါ့လေ"

အမေ့စကားဆုံးတော့ ယမုံသည် ငေါက်ခနဲထကာ သူ့အိပ်ခန်းရှိရာ အိမ်ပေါ်ထပ်ကို ပြေးတက်သွားသည်။ သူ့အိပ်ခန်းပြတင်းမှ ပန်းပွတ် မြစ်ရေပြင်ကို ကြည့်နေသည်။ လကမသာ၊ ကြယ်ရောင်ဖြင့် မြစ်ပြင်ကို မြင်နေရသည်။ ငါးဖမ်းလှေလေးတွေပေါ်မှ မီးရောင်ပဲ မြစ်ပြင်တွင် ရွေ့လျားနေသည်။ မျက်ရည်ကြောင့် မီးရောင်လေးတွေ ဝေဝါးသွားသည်။

"မယုံစရာတွေပါလား မမဖြူရယ်"

ဒီကတည်းက မမဖြူအကြောင်းများသည် မယုံနိုင်စရာကောင်းအောင် အဖြစ်အပျက်များသာဖြစ်လာသည်။ သူသည် ပြတင်းမှ ခွာကာ အိပ်ရာပေါ် လှဲမိပြန်သည်။ သူ အစဉ်မက်ခဲ့ရသော အိပ်မက်ကလေး မမဖြူသည် ရွှေဖလားရောင်ဗလာထဘီ ထိုင်မသိမ်းအင်္ကျီ ဝတ်ကာ ဘီးဆံထုံးမြင့်မြင့် ဆံမြိတ်ရှည်လေးနှင့် ဇာပဝါရေလေးကို လွှမ်းခြုံ၍ သတို့သမီးဖြစ်ရသော နေ့တစ်နေ့။ သူဒီနေ့ကို အိပ်မက်မက်ခဲ့ရ၏။ တွေးခဲ့ရ၏။ ယခုတော့ မမဖြူ လက်ထက်ပွဲက မလှမပ။ လက်ထပ်ဖြစ်ရုံ။

သူ ချုံးပွဲချငိုမိသည်။

အဖေနှင့်အမေက မမဖြူ လက်ထပ်ပွဲနေ့မှာ သူ့ကို ခေါ်မသွားပါ။





(၆)

ယမုံ စစ်ပြီး ရန်ကုန်တက္ကသိုလ်ရောက်တော့ မမဖြူမှာ သမီးတစ် ယောက် သားတစ်ယောက်ရပြီတဲ့။ သူ အဝေးကပဲ သတင်းကြားရသည်။ လူချင်းမဆုံ။ သူကလည်း ပန်းတပွတ်ကို ကျောင်းပိတ်မှ ပြန်ရောက် တော့သည်။ ဦးကြီး စမ်းတို့ ကြီးကြီးစောတို့ ကွယ်လွန်သည်ဟူ၍လည်း ကြားသည်။ သူသည် ရှိုင်းတယ်ပဲပြောပြော မမဖြူကို မအူပင်မှာ သွား မတွေ့ချင်ပါ။

သူဘီအေ ဘီအီးဒီအောင်၍ ဆရာမဖြစ်ကာ နယ်ပြောင်းသွားရတော့ မမဖြူနှင့် အဆက်အသွယ်ပြတ်သွားသည်။

မုံရွာတစ်ဖက်ကမ်း၊ ယင်းမာပင်မြို့လေးကို ဆရာမအဖြစ် ပထမ ဆုံးပြောင်းရန် ပြင်ဆင်နေစဉ်က တစ်ညမှာ အမေက သူ့ကိုပြောပြသည်။

"သမီးကလည်း တစ်ဦးတည်းသော သမီးပဲ၊ မဖြူလည်း တစ်ဦးတည်းသော သမီးပဲ၊ အခု အမေတို့ မျက်ကွယ်သမီးကို လွှတ်ရတော့မယ်၊ မဖြူလက်ထပ်မယ့်အကြောင်း ပြောတဲ့နေ့က သမီးကို အဖေက အော်လွှတ်တာ သတိရသေးလား"

"ရပါတယ်"

"အဲဒီတုန်းက သမီးက ငယ်သေးတယ်၊ ယောကျ်ား မိန်းမအကြောင်းတွေ၊ အချစ်အကြောင်းတွေ မသိသင့်သေးလို့ အဖေက မကြားစေချင်လို့ သမီးကိုအော်လွှတ်တာ"

အမေ့စကားကို ယမုံက စိတ်ဝင်စားလာသည်။

"သမီး အဖေကပြောတယ်၊ မဖြူကို ရန်ကုန်မှာ ထားခဲ့ရတာက ကြည့်မြင်တိုင် မောင်ထိန်ဝင်းပွဲရုံမှာတဲ့၊ ဂျပန်ခေတ် မြို့ထဲမှာ အရောင်းအဝယ် မလုပ်ရဲဘူး၊ ဗုံးခဏ ခဏကျလို့ ကြည့်မြင်တိုင်က စည်ကားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပွဲရုံကလည်း ဓနိမိုးတဲကြီးမှာ ကုန်တစ်ဝက်လှောင်၊ တစ်ဝက်က စင်သဘောသစ်သားနဲ့ရိုက်ပြီး လူတွေအိပ်ရတာ၊ အိပ်ခန်းရယ်လို့ သီးသန့်မရှိဘူး၊ အဖေက ထားခဲ့ရတာ စိတ်မချဘူး၊ မဖြူအတွက် လုံခြုံမှုမရှိဘူးထင်တယ်၊ မောင်ထိန်ဝင်း မိန်းမနဲ့ ကလေးတွေ တန်းစီအိပ်ကြရတာ၊ မဖြူက ကိုယ့်အိပ်ခန်းနဲ့ ကိုယ်သီးသန့်နေလာတဲ့ မိန်းကလေး၊ ဒီလို ကပြင်ကျယ်ကြီးမှာ ရောနှောအိပ်ရတာကို စိတ်မချဘူးတဲ့၊ ဒါပေမဲ့ မဖြူကလည်း နေခဲ့ချင်တယ်ဆိုတော့ ထားခဲ့ရတာ၊ အဖြစ်က မဖြူကလည်း ငယ်ကချစ်လာတဲ့ သံယောဇဉ်ကို မဖြတ်နိုင်၊ တစ်အိမ်တည်း လုံခြုံမှုမရှိဘဲ အိမ်မှာနေရင်းက မောင်ထိန်ဝင်းနဲ့ ဖြစ်သွားတာပါပဲ၊ အမေက မောင်ထိန်ဝင်းကို စိတ်ဆိုးတယ်၊ ကိုယ့်ကျေးဇူးရှင်သမီးကို မယားငယ်ဖြစ်အောင်လုပ်လို့ ဒါက တစ်ကဏ္ဍပေါ့လေ၊ မိန်းကလေးအနေနဲ့လည်း ငယ်ကလည်း ချစ်ခဲ့ဖူးသူ၊ သူ့မှာလည်း မလွတ်မလပ်ဆိုရင် ရင်းရင်းနှီးနှီး ပြန်မဆက်ဆံသင့်ဘူး၊ နီးစပ်မှုဆိုတာ အင်မတန်ကြောက်စရာကောင်းတယ်၊ နီးစပ်လာတော့ တော်မတော်လည်း မစဉ်းစားနိုင်ဘူး၊ ပညာတွေ အသက်အရွယ်ဂုဏ်တွေလည်း မထောက်တော့ဘူး။ မှားယွင်းသွားကြတာပဲ၊ အခု သမီးကို ပြောရတာက သမီးတစ်ယောက် တည်းသွားရမှာ၊ အမေတို့လည်း ရန်ကုန်ပြောင်းနိုင်အောင် ကြိုးစားနေတယ်၊ ဘယ်မြို့ရောက်ရောက် ယောကျ်ားလေး တစ်ယောက်နဲ့တွေ့ရင် ကိုယ်လက်ထပ်ဖို့ ဖြစ်နိုင်မဖြစ်နိုင် အရင်စဉ်းစားပါ။ မလွတ်လပ်သူတွေ၊ စာရိတ္တမကောင်းသူတွေဆိုရင် ရင်းရင်းနှီးနှီးကိုမနေနဲ့၊ နီးစပ်ရင် ညားတတ်တယ်၊ အမေမှာချင်တာ ဒါပဲ"

အမေက ပြောမယ့်ပြောတော့ တောသူကြီးပီပီ ပွင့်ပွင့်လင်းလင်း ပြောသည်။

သူ အညာကို ထွက်ခွာလာပြီး အညာမြို့တွေမှာ ဟိုပြောင်း ဒီပြောင်း ပြောင်းရွှေ့ခဲ့ရသည်မှာ ၅နှစ်လောက်ကြာသွားသည်။

တစ်နေ့ အဖေ့ဆီက စာတစ်စောင်ရသည်။ ၁၀မိုင်ကုန်းရှိ ရပ်ကွက်တစ်ခုထဲမှာ အဖေက မြေကွက်ဝယ်၍ အိမ်ဆောက်ထားကြောင်း၊





မမဖြူလည်း မအူပင်အိမ်ကို ရောင်းချ၍ သူတို့နှင့် ရပ်ကွက်တစ်ခုတည်းတွင် မြေဝယ်၍ အိမ်ဆောက်နေကြောင်း စာရသည်။ ပန်တပွတ်က အိမ်လေးမှာ သောင်းကျန်း သူအခြေအနေကြောင့် နေမဖြစ်ဘူးထင်ပါသည်။

ဦးကြီးစမ်းတို့ ကွယ်လွန်ပြီ ကြားတော့လည်း သူအဖေနှင့်အမေကို စိတ်ပူသား။ ယခုတစ်ခါ အညာမြေအနှံ့သွားပြီး ရန်ကုန်ကို ပြောင်းဖို့ တောင်း ယူမည်။ ၁၀မိုင်ကုန်းအိမ်မှာ အဖေ အမေတို့နှင့် အတူနေဖို့ သင့်ပြီ။ အဖတို့လည်း အိုပြီပေါ့၊ တစ်နှစ်တစ်ခါ ပန်တပွတ် ပြန်ပေမဲ့ ဒီနှစ် မပြန်ဖြစ်။

သူပြောင်းချိန်မတိုင်ခင် အမေ မကျန်းမာ၍ ပြန်လာဖို့ သံကြိုးရိုက်၍ သူခွင့်နှင့်ပြန်ရသည်။ ဒါပေမဲ့ အမေ့အသက်ကို မီရုံပါပဲ။ အိမ်လေးကတော့ အဖေ သူ့ဝါသနာအတိုင်း ပန်းပင်တွေ စားပင်တွေ စိုက်ပျိုးကာ ဆိတ်ငြိမ် ရပ်ကွက်လေးမို့ နေပျော်ပါသည်။

ရက်လည်ဆွမ်းမကပ်မီ ညတိုင်း မမဖြူရောက်လာသည်။ ယမုံ အံ့သြနေသည်က ညပိုင်းဇည့်သည်ရှင်းပြီဆို မမဖြူ ရပ်ကွက်က လူတချို့နှင့် ဖဲရိုက်သည်မှာ မိုးအလင်း။

ယမုံက မယုံကြည်နိုင်အောင် ပြောင်းလဲသွားသော မမဖြူ၏ အမူအရာကို အံ့သြနေသည်။ ရုပ်ရည်ကလည်း အသားညိုသွားကာ ထောင်ထောင်မောင်းမောင်း၊ ကြမ်းကြမ်းတမ်းတမ်းကြီး ဖြစ်နေသလိုပင်။ ယမုံမှာ ယခင်ကလို တရင်းတနှီး မေးစရာ အမေကလည်း မရှိ၊ မမဖြူကိုလည်း အနီးကပ် မဆက်ဆံချင်၊ မမဖြူပုံစံကလည်း သူ့ကို ယခင်ကလို တယုတယ မရှိသလိုပါပဲ။

အမေ့ကိစ္စပြီး၍ အညာမြို့ကို ပြန်လာပြီးမှ ဌာနဆိုင်ရာကို ရန်ကုန် ပြောင်းဖို့ လျှောက်လွှာတင်ရသည်။ အဖေအိုတစ်ယောက်တည်း ပစ်ထား၍ မရကြောင်းပါ ဖော်ပြရသည်။ ယမုံ ကျောင်းဆရာမ ဖြစ်ကတည်းက မုံရွာတစ်ဖက် ယင်းမာပင်မှစ၍ အညာတစ်ခွင်မှာပဲ နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ရန်ကုန်ပြောင်းခွင့် ရှာရှာရှူရှူပဲ အမိန့်ရလာပါသည်။

ယခင်ကသာဆို သူသည် မမဖြူနှင့် သုံးလေးအိမ်ကျော်တွင် နေကြရ၍ ဝမ်းသာလိုက်မည့်ဖြစ်ခြင်း၊ ယခုတော့လည်း မမဖြူက ခပ်ခွာခွာ၊ ကိစ္စရှိမှပဲလာသည်။

သူက အင်းစိန်အထက်တန်းကျောင်းသို့ အထက်တန်းပြဆရာမ အဖြစ် ပြောင်းလာရသည်။ ဒီကျောင်း ၁၀တန်းမှာ မမဖြူသမီး သဇင်ဖြူကို စတင်တွေ့ရသည်။ သားလေးကတော့ အလယ်တန်းမှာဆိုသည်။ ၇တန်း မှာပဲ တက်နေရသည်။

တစ်ညနေ ကျောင်းပြန်လာတော့ အဖေတစ်ယောက် အိမ်ဦးခန်း မှာရေနွေးကြမ်းသောက်နေသည်။ အဖေက သူတူက မွေးသောမြေးမိန်းက လေးမဆွေကို အိမ်မှာခေါ်ထား၍ သူကိုပါ မိန်းကလေးက ပြုစုပါသည်။ ရေမိုးချိုး ထမင်းမစားခင် အဖေ့အနား လာထိုင်မိသည်။

"သမီး . . . ညနေက မဖြူလာတယ်"

ယမုံက အံ့အားသင့်သွားပြန်သည်။

"ဘာကိစ္စတဲ့လဲ အဖေ၊ မမဖြူလေ သမီးကို မျက်နှာချင်းဆိုင်ပြီး တွေ့ချင် ပြောချင်ပုံမရဘူး"

"သူမှာလည်း သူ့အကြောင်းနဲ့ သူထင်ပါရဲ့"

"ခုဘာကိစ္စလဲ"

"သူ့သမီး သဇင်ဖြူက သမီးကျောင်းမှာဆို၊ အဲဒါ သူကျူရှင်ပေးဖို့ ငွေမရှိဘူးတဲ့၊ သမီးက သဇင်ဖြူကို စာပြပေးပါတဲ့၊ ညပိုင်းပေါ့"

ယမုံငိုင်၍ စဉ်းစားနေသည်။ သားသမီးနှစ်ယောက်နှင့် မမဖြူ ငွေရေးကြေးရေး ပြေလည်ပုံမရ။ သူ့ရဲ့ ကိုကိုကရော။ ယမုံသည် ရန်ကုန် သာ ပြောင်းလာသည်။ မမဖြူ၏ သူ၏ ကိုကိုကို မမြင်ဖူးခဲ့၊ အမေဆုံး တုန်းကလည်း မလာ။

"အဖေ၊ မမဖြူမှာ ငွေရေးကြေးရေး ကျပ်တည်းတယ်ထင်တယ်၊ သူ့ ယောကျ်ားက မထောက်ပံ့ဘူးလားမသိ"





"ဒီရောက်မှ အဖေလည်း ဝင်တာထွက်တာ တစ်ခါနှစ်ခါတော့ တွေ့မိတယ်၊ သူတို့အကြောင်း အဖေမစပ်စုပါဘူး၊ ခုကတော့ ကိုကြီးစမ်း တို့ မမစောတို့ ကျေးဇူးတရားတွေရှိတယ်လေ၊ ဒါကြောင့် သူ့သမီးလေးက ၁၀တန်းဆို တစ်နှစ်တည်းအောင်အောင် သမီးကူညီလိုက်ပါ"

"သမီး သင်ပေးမှာပါ အဖေ၊ သမီးအပြင်မှာ ကျူရှင်မပေးပေမဲ့ မမဖြူသမီးလေးကို ငွေမယူဘဲ သင်ပေးမှာပါ"

"အေး. . . ဒီသမီးပဲ သူ့အားကိုးရမှာထင်ပါရဲ့၊ သားလေးကလည်း ခပ်ပေတေတေ ဆိုလားပဲ၊ မဖြူဟာ ဂျပန်ခေတ်က ငါးခြောက်ရောင်းတော့ လည်း မလည်မဝယ်နဲ့ လုပ်ပဲပါသွားတယ်၊ ဒီတုန်းက မောင်ထိန်ဝင်းက ငါးခြောက်ပွဲရုံ ကြည့်မြင်တိုင်မှာ ဖွင့်ထားတာကို၊ အမှန်တော့ မောင် ထိန်ဝင်းက ရုပ်ပြပါ၊ သူ့ဇနီးက အရောင်းအဝယ်လည်တယ်၊ ခုလည်း ဗိုလ်ချုပ်ဈေးမှာ ပန်းဆိုင်မဟုတ်တော့ဘူး၊ အထည်ဆိုင်ဖွင့်နေတယ်တဲ့၊ ရောင်းတတ် ဝယ်တတ်ကို. . ."

ယမုံက အဖေ့စကားကို နားထောင်ရင်း သက်ပြင်းချမိ၏။

"အဖေရယ်. . . မမဖြူက သူ့မိဘလက်ထဲမှာ အိမ်တွင်းပုန်းလုပ် လာတဲ့သူ၊ တစ်သက်လုံး အေးအေးဆေးဆေး နေလာတာ၊ ဘယ်ရန်ကုန်သူ လို အရောင်းအဝယ် ကျွမ်းကျင်မလဲ၊ ဒါပေမဲ့ အခုမမဖြူကိုကိုက ယူထား ပြီပဲ၊ သားသမီး တာဝန်ယူရမှာပေါ့"

"ဝင်ငွေက ဒီသူငယ်ဝင်ငွေမဟုတ်တော့ မယားကြီးဆီက တောင်း ပေးရတယ်ထင်တာပဲ၊ ဒါကြောင့် လုံလုံလောက်လောက် မပေးနိုင်တာပေါ့၊ ဟိုတုန်းကတော့ သမီးမှာ အမေရှိတယ်၊ အခု အမေမရှိတော့လို့ အဖေပဲ ပြောရမယ်၊ သမီးတစ်ယောက်တည်း အလုပ်နဲ့ အနယ်နယ် သွားနေရတာ အစစသတိ ထားပါကွယ်၊ အဖြူလို ဖြစ်ရင် အဖေ ရင်ကျိုးရမည်ရဲ့"

ယမုံသည် ပါးစပ်လေး အဟောင်းသားနှင့် အံ့အားသင့်သွားသည်။ သူ့အဖေသည် ယခုကတည်းက မမဖြူအိမ်ထောင်ရေးအကြောင်း ပြော သည်ကိုပင် သူ့ကိုအော်ထုတ်သည်၊ တိုက်ရိုက်သမီးကို မပြော။ ယခုတော့



www.burmeseclassic.com

www.burmeseclassic.com



အမေ မရှိတော့လို့ထင်သည်။ သူ့ကို အိမ်ထောင်ရေး အကြောင်းကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးသည်။ တောရွာမှာ ကြီးပြင်းသည့် ဖခင်နှင့်တော့ ရန်ကုန် မွေးဖခင်တွေ ဘယ်တူပါ့မလဲ။

"အဖေရယ် ခုမှပဲ အဖေ့ကို သမီးယူဆချက် ပြောပြရတာ၊ ဟိုတုန်းကတော့ ငယ်သေးလို့ မမဖြူဟာ ဂျပန်ခေတ်က ငါးခြောက်ရောင်းရင်း သူ့ကိုကိုနဲ့ ပြန်ဆက်သွယ်မိတယ်ထား၊ ဒီလူက ကိုယ့်ကျေးဇူး ရှင်သမီးကို မယားငယ် ပြန်ဖြစ်အောင်တော့ မလုပ်သင့်ဘူး၊ ရှောင်ရမှာပေါ့"

"သမီး ယောကျ်ားတွေဟာ ရှောင်နိုင်ခဲ့တယ်၊ ဒါကြောင့် ကျားပေါ တဲ့နေရာမှာ သမီးအရဲမစွန့်နဲ့၊ အရာရာ ထိန်းချုပ်နိုင်လိမ့်မယ်လို့လည်း မထင်နဲ့၊ မိန်းမတွေက စတင်ရှောင်ရမှာ"

ယမုံသည် ငြိမ်သက်စွာ နားထောင်နေ၏။

အဖေ သူ့ကို ယခုတော့ ပွင့်ပွင့်လင်းလင်း ပြောဆိုဆုံးမသည်ကိုပဲ သူကျေးဇူးတင်ပါသည်။ သူသည် ယခုအချိန်မှာ အဖေတစ်ယောက် အနားမှာရှိသေးသည်။ နောင်အဖေ မရှိချိန်တွင် ဘဝမှာ တစ်ယောက် တည်း ခရီးထွက်ရဦးမယ် မဟုတ်ပါလား။

(၇)

အဖေ၏ တောင်းဆိုချက်ကြောင့် မမဖြူသမီးလေးကို ယမုံက စာသင်ပေးပါသည်။ အထူးသဖြင့် မမဖြူသားငယ်ကို သာ၍ သင်ပေးချင်သည်။ ဒါပေမဲ့ သဇင်ဖြူပြောစကားအရ သူ့မောင်လေးက သူ့အဖေဆီမှာလိုလို၊ အိမ်ကိုလည်း မှန်မှန်ပြန်မလာဟု ဆိုသည်။ မမဖြူကလည်း သားကို ဖိဖိစီးစီး ဘာကြောင့် မအုပ်ချုပ်နိုင်ပါလိမ့်။

သဇင်ဖြူက စာကြိုးစားသင်သည်။ သို့သော် စာသင်ချိန်ပြီးလျှင် ၉ နာရီထိုးတောင် အိမ်ကို မပြန်သေး။ သုံးလေးအိမ်ကျော်ဆိုပေမဲ့ ခြံဝင်းလေး တွေခြားထား၍ မမဖြူအိမ်နဲ့ တော်တော်လှမ်းသည်။ အပြန်မှာ





ဦးစံထူးဖြစ်ဖြစ်၊ မဆွေနှင့် ယမုံဖြစ်ဖြစ် အိမ်ဝအထိ လိုက်ပို့ကြသည်။ လမ်းကမှောင်၍ ဖြစ်သည်။ ၁၀နာရီလောက်မှ သဇင်ဖြူက ပြန်တတ်သည်။

"သမီး ၉နာရီပြန်လည်း ဆရာမတို့ လိုက်ပို့ရမှာပါ၊ ဘာဖြစ်လို့ ၁၀ နာရီမှ ပြန်တာလဲ"

ယမုံက သဇင်ဖြူကို တစ်ညမှာ မေးကြည့်သည်။ သဇင်သည် သူ့ဆရာမမျက်နှာကို စိုက်ကြည့်ကာ ရုတ်တရက် ပြန်မဖြေနိုင်၊ သက်ပြင်းလေး ချနေသည်။ သဇင်ဖြူသည် မမဖြူ ကိုယ်လုံးကိုယ်ပေါက်လို တောင့်တောင့် တင်းတင်း လုံးကြီးပေါက်လှဖြစ်ပေမဲ့ အသားညိုသည်။ မျက်နှာပေါက်က သူ့အဖေတူသလားမသိ။ မမဖြူနှင့် မတူပါ။

"သဇင် တစ်နာရီပိုနေတော့ ဆရာမအိမ်မှာ စာကျက်ချိန်ရတာပေါ့၊ ဆရာမကို အနှောင့်အယှက် မဖြစ်ပါဘူးနော်"

သဇင်က ပြန်ဖြေသော်လည်း သူ့အဖြေက မလုံလောက်ပါ။

"မဖြစ်ပါဘူးကွယ်၊ ဆရာမငယ်ငယ်က မမဖြူတို့အိမ်မှာ နေပြီး ကျောင်းတက်ခဲ့တာ၊ ပိုက်ဆံတစ်ပြားမှ မယူဘူး၊ မင်းဘိုးဘိုးဘွားဘွား တွေက အလကားကျွေးထားတာ၊ ဆရာမလက်ထက်မှာ သဇင်ကို ဘာလို့ လက်မခံ နိုင်ရမှာလဲ၊ တစ်နာရီပိုနေရုံမက သဇင် ဆရာမတို့အိမ်ကနေ တောင် ကျောင်းတက်နိုင်တယ်"

သဇင်ဖြူသည် မျက်ရည်တွေ ဝိုင်းလာကာ ခေါင်းငုံ့သွားသည်။

"နေလို့လည်း မဖြစ်သေးဘူးလေ၊ မေမေက တစ်ယောက်တည်း ရယ်၊ သဇင်ပြန်ချိန် ဖဲဝိုင်းကမပြီးတော့ သဇင်စာကျက်ရတာ အနှောင့် အယှက်ဖြစ်လို့ ဒီမှာ အချိန်ပိုနေပြီး စာကျက်တာပါ"

"ဖဲဝိုင်း"

ယမုံသည် ဘာမှ ပြန်မပြောနိုင်ပါ။ ရင်ထဲမှာတော့ ဘုရားတမိ၏။ မမဖြူလို မိန်းမတစ်ယောက်က ဖဲဝိုင်းထောင်သတဲ့၊ ဘုရားရေ မယုံနိုင်စရာ အကြောင်းက ပေါ်၍လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

အဖေက ပန်တပွတ်မှ ငါးရံ့ခြောက်များ လက်ဆောင်ရသည်။ ညနေ စောင်း မမဖြူတို့အိမ်ကို မဆွေနှင့်အတူ ယမုံက လမ်းလျှောက် ထွက်ရင်း လက်ဆောင်အဖြစ် ငါးရံ့ခြောက်သွားပေးသည်။ သဇင်ဖြူ ကျောင်းမတက်တာလည်း နှစ်ရက်ရှိနေ၍ သိချင်သောကြောင့် သွားကြ ခြင်းဖြစ်သည်။

ခြံဝတံခါးဖွင့်ထား၍ နှစ်ယောက်သား တွန်းဝင်သွားကြသည်။ အိမ်ရှေ့မှာ ပေနှစ်ဆယ်လောက် ချန်ဆောက်ထားသော မနီမိုး ထရံကာ သုံးပင် နှစ်ခန်းအိမ်လေးဖြစ်သည်။

အိမ်ရှေ့ဖိနပ်ချွတ်ရောက်ခါရှိသေး၊ အထဲမှ ဆူညံသံတွေ ကြားနေ ရသည်။

"သမီး နေမကောင်းလို့ တောင်းပန်နေတာ၊ နေမကောင်းတဲ့ ရက်မှာတောင် မေမေ့ဖဲဝိုင်းက မနားနိုင်ဘူးလား"

"မနားနိုင်ဘူး၊ မနားနိုင်ဘူး၊ ငါ့ဖိုက ရလို့စားနေရတာ၊ နင့်မောင်ကို ဖို့နေရတာလည်း ဒီကရတာပဲ။ နင်တို့ အဖေက လုံလောက်အောင် ပေး လို့လား"

"မေမေ တစ်နေ့လုံး ဝိုင်းလုပ်နေတာပဲ၊ ညလည်း လုပ်လို့ သမီး စာကြည့်ဖျက်လို့ ဆရာမတို့အိမ်မှာ စာကျက်နေတာ၊ မေမေတို့ လွတ်လွတ် လပ်လပ် ဖဲချရအောင်လို့ နေပေးပါတယ်၊ ခုက နေမကောင်းလို့ တောင်း ပန်တာ၊ ပြီးတော့ ဘယ်က လူတွေမှန်းမသိ၊ သမီးပျိုနဲ့ မေမေက ဖဲဝိုင်း ထောင်နေတာ"

"ဘာပြောတယ် မိသဇင်၊ နင့်ဆရာမဆီမှာ တစ်သက်လုံး နေချင် နေ၊ ပြန်မလာနဲ့၊ ပျော်လို့ ငါဖဲချနေတယ်မထင်နဲ့၊ ဒါ စီးပွားရေး၊ ငါ့စီးပွား ရေး၊ အကောက်လည်းရတယ် သိရဲ့လား. . . နင်တို့အဖေ. . ." မမဖြူ သည် အော်ပြောရင် ဟီးချငိုပါတော့သည်။

ယမုံနှင့် မဆွေသည် တစ်ယောက်လက် တစ်ယောက်ကုတ်ခါ အိမ်ကို ပြန်လာကြသည်။ သဇင်စာလာသင်တော့မှပဲ ငါးခြောက်ပေး





တော့မည်။

ယမုံသည် အဖေ့ကိုလည်း ဘာမှ မပြောမိ။ စောစောပဲ အိပ်ရာ ဝင်ခဲ့သည်။ "ဒါ ငါ့စီးပွားရေး" ဟု ဟစ်အော်ပြောလိုက်သော မမဖြူ အသံကိုပဲ သူကြားယောင်နေသည်။

မအူပင်အိမ်က မမဖြူ၏ ယဉ်ကျေးသိမ်မွေ့သောဟန်၊ တိုးသက် ညင်သာသော စကားပြောပုံတွေနှင့် ပန်းတွေခူးကာ ဘုရားကိုကပ်ကာ ရတနာသုံးပါးကို ကြည်ညိုသော ပုံတွေပဲ ယမုံမြင်ယောင်နေသည်။ ဘာကများ မမဖြူကို မိန်းမကြမ်းကြီးအဖြစ် ပြောင်းလဲ လိုက်ပါလိမ့်။ မမဖြူအဖြစ်ကို ဆက်မတွေးလိုတော့။

(၈)

မဆွေပြောကြားချက်အရ သဇင်ဆွဲကြိုးကို မမဖြူက ဖြုတ်ယူသွား သတဲ့။ ရိုးရိုးယူခြင်းမဟုတ်၊ သမီးကို ပါးရိုက်ယူသွားသတဲ့။

ဆရာမ ဒေါ်ခင်ယမုံအနေနှင့် တပည့်ဖြစ်သူကိစ္စကို ရင်ဆိုင်ရ တော့မည်။ မမဖြူကို ထိန်းမရတော့ပြီဖြစ်ပေမဲ့ မမဖြူမိဘတွေ ကျေးဇူး တရားကြောင့် မမဖြူသမီးကို သူကူညီရမည်။

သူသည် ထမင်းမစားတော့ဘဲ မဆွေကိုခေါ်ကာ မမဖြူတို့အိမ်ကို ထွက်လာသည်။ အိမ်မှာ သဇင်ကို တွေ့ရသည်။ သဇင်သည် သူ့ဆရာမကို တွေ့တွေ့ချင်း ဖက်၍ငိုသည်။

ယမုံက အကျိုးအကြောင်း မေးနေသည်။

"ဘာဖြစ်မှန်းတော့ မသိဘူး၊ အိမ်မှာ ဖဲဝိုင်းမလုပ်တာ နှစ်ရက် ရှိပြီ။ သဇင့်မှာ ဆွဲကြိုးတစ်ကုံးရှိတယ်၊ ဒီဆွဲကြိုးက ဖေဖေတစ်ခါက မေမေ့ကို ငွေပေးတယ်။ မေမေက ထူးထူးခြားခြား နင့်အမေပေးတာရလို့ ငါမသုံးဘူးဆို ပြီး သဇင့်ကိုလုပ်ပေးတဲ့ ဆွဲကြိုး၊ မနက်က တောင်းတော့ သဇင်က သူ့ဖဲချပစ်မှာပဲဆိုပြီး မပေးဘူး။ အဲဒါ သဇင်ကိုပါးချပြီး ဆွဲကြိုးကို


www.burmeseclassic.com

www.burmeseclassic.com

ဆွဲဖြတ်ပြီးကို ယူသွားတာ၊ ဒီမှာ လည်ပင်းမှာတောင် ပွန်းကျန်ရစ်တယ်"

သဇင်ဖြူက အဖြစ်အပျက်ကို ပြောပြတယ်"

"ခု မမဖြူကော"

"မနက်ကတည်းက ထွက်သွားတာ၊ ခုထိ ပြန်မလာသေးဘူး"

"ကဲ. . . သဇင်တစ်ယောက်တည်း အိပ်ရဲလား၊ ဆရာမတို့ အိမ် လိုက်အိပ်မလား"

"မဖြစ်သေးဘူး၊ တော်ကြာ မေမေက ပြန်လာမှာ၊ ဖဲဝိုင်းတော့ ဘာဖြစ်လဲမသိဘူး၊ ခု နှစ်ရက်ရှိပြီ မလုပ်တာ"

"ကဲ. . . စိတ်အေးအေးထား၊ မေမေလာလည်း ဘာမှမပြောနဲ့၊ ဖဲဝိုင်းမရှိလို့ မင်းဆွဲကြိုးလေး သွားရောင်းတာလားမှမသိ၊ သဇင်ဖေဖေ ကော မလာဘူးလား"

"ဖေဖေက ဖဲဝိုင်းလုပ်ကတည်းက မလာဘူး၊ ဒါပေမဲ့ သူကလည်း မေမေ့ကို ငွေလုံလောက်အောင် မပေးနိုင်ဘူးထင်ပါတယ် ဆရာမရယ်"

သဇင်ကို နှစ်သိမ့်၍ ယမုံတို့ တူဝရီးနှစ်ယောက် အိမ်ပြန်လာ ကြသည်။

ယမုံသည် ညဥ့်နက်မှ ထမင်းစားပြီး အဖေ့ကို အကျိုးအကြောင်း ပြောပြမိသည်။ အဖေက ခေါင်းတညိတ်ညိတ်လုပ်ကာ "ဖြစ်ရမယ်၊ ဖြစ်ရမယ်" ဟု ဆိုနေသည်။ သက်ပြင်းကြီးချကာ စကားစသည်။

"ဖဲဝိုင်းမလုပ်တာက တစ်နေ့က ရပ်ကွက်လူကြီးက အဖေ့ကို လာ ပြောတယ်၊ ခင်ဖြူဝင်းနဲ့ ခင်သလားတဲ့၊ ခင်ပါတယ်လို့ မအူပင်ကတည်းက ရပ်ဆွေရပ်မျိုးတွေလို့ အဖေက ပြောပြတော့ ရပ်ကွက်လူကြီးက ပြော တယ်၊ မဖြူအိမ်နောက်ဖက် မီးဖိုမှာ ဖဲဝိုင်းရှိတယ်တဲ့၊ ပထမတော့ ခဏ အပျော်လို့ထင်လို့ သူတို့ ကြည့်နေတာ၊ ခုတော့ အမြဲလည်းဖြစ်၊ ကြေးကြီး လာလို့ သူတို့ ဌာနကို အကြောင်းကြားပြီး အရေးယူရတော့မယ်တဲ့၊ အဲဒီတော့ ရုံးဂါတ်မရောက်ခင် မဖြူကို ဖဲဝိုင်းမလုပ်ဖို့ ပြောပေးပါဆိုတာနဲ့ အဖေက ပြောပေးလိုက်တယ်၊ အဖြူအိမ်ကိုပဲ သွားပြောပါတယ်၊ အဖေ့





စကား နားထောင်ပြီး သူ့ဖဲဝိုင်း မလုပ်တော့တာ၊ ဆွဲကြိုးဖြတ်တာကတော့ ဖဲဝိုင်းမရှိတော့ စားစရာမရှိလို့ ထင်တယ်"

အဖေ့အတွေးကတော့ ဒါပဲဖြစ်သည်။ သူသည် အိပ်ရာဝင်လာ ပေမဲ့ မမဖြူအကြောင်းကို ခေါင်းထဲမှ မပျောက်ပါ။ ဘယ်လိုဖြစ်ကြတာ ပါလိမ့်။ ညဥ့်နက်လျှင်တော့ မမဖြူအိမ်ပြန်ရောက်ကောင်းပါရဲ့၊ မိုးလင်း ခါနီးမှ သူ အိပ်ပျော်သွားသည်။

(၉)

မနက်မိုးမလင်းခင် အစောကြီး သဇင် ပေါက်ချလာသည်။

"ဆရာမ လုပ်ပါဦး၊ မေမေရယ် အင်းစိန်ဆေးရုံ ရောက်နေတယ် တဲ့။ ရဲက လာအကြောင်းကြားတယ်"

သဇင်က အသံရော လက်တွေပါတုန်သည်။ အဖေကပါ အိပ်ရာ က ထလာသည်။

"ဘယ်လိုဖြစ်တာလဲ၊ သမီး အဝတ်လဲ၊ တယ်လီဖုန်းနဲ့ ဆေးရုံကနေ ကျောင်းကို ခွင့်တိုင်၊ လာ လာ သဇင်နဲ့ သွားကြစို့"

အဖေက ကမန်းကတန်း ပြင်ဆင်ကာ သဇင်နှင့်သူတို့ ထွက်လာ ကြသည်။ သူတို့ အင်းစိန်းဆေးရုံရောက်တော့ ခုတင်ပေါ်မှာ မမဖြူ စန့်စန့်ကြီး။ ဘုရားရေ ဘယ်လိုဖြစ်တာပါလိမ့်။ သဇင်မှာ အမေ့အလောင်း ကို ဖက်ငိုပါသည်။

အလှည့်ကျ ဆရာဝန်က လာရောက် ရှင်းပြသည်။ သူတို့ ဆေးရုံ ကို ဒေါ်ခင်ဖြူဝင်းအား လူတစ်ယောက်က ညဦးမှာ လာပို့ကြောင်း၊ သူ့ကားနှင့် တိုက်မိခြင်း မဟုတ်တဲ့။

ကားရှေ့ မှုးလဲသွား၍ ဖြစ်ကြောင်း၊ ဒါပေမဲ့ ရဲကို အကြောင်းကြား ၍ ဆေးရုံကို ခေါ်လာကြောင်း၊ ခေါ်လာစဉ်က ဒေါ်ခင်ဖြူဝင်းက သတိ ရှိနေသေး၍ ရဲကို ပြောပြသည်ကတော့ 'ဘိန်းဖြူမှုနှင့် အဖမ်းခံနေရသော



www.burmeseclassic.com

www.burmeseclassic.com

သူ့သားကို အင်းစိန်ထောင်မှာ ထောင်ဝင်စာ သွားတွေ့ရင်း အပြန်လမ်းမှာ မှုးလဲသွားခြင်း ဖြစ်ကြောင်း၊ ကားတိုက်၍ မဟုတ်ကြောင်းကို ပြောပြပြီး ရဲအရာရှိကို သူ့လိပ်စာ ပြောပြသည်ဆိုသည်။

ဆရာဝန်များ စမ်းသက်ချက်အရ ကားတိုက်သော ဒဏ်ရာမရှိ၊ ရောက်စက သတိရှိနေသေးသည်။ သွေးတိုးနေရင်းက ဦးနှောက် သွေးကြောပြတ်ကာ လွန်ခဲ့သောတစ်နာရီကမှ ဆုံးသွားခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောပြသည်။

ရဲအရာရှိက အိမ်ကိုလာရောက် အကြောင်းကြားစဉ်က မမဖြူ သတိလစ်နေခြင်းပဲ ဖြစ်မည်။ သဇင်ကတော့ ငို၍မဆုံး။ မမဖြူ အလောင်း ရေခဲတိုက်ကို သယ်သွားသည်အထိ အမေ့လက်တွန်းလှည်းလေးကို ကိုင်ကာ လိုက်သွားသည်။

အိမ်အပြန်မှာ ယမုံက တစ်လမ်းလုံး စဉ်းစားလာသည်။ သား အဖမ်းခံနေရသည်ကိုလည်း သူတို့ရော သဇင်ဖြူရော မသိ။ သားကို ထောင်ဝင်စာ သွားတွေ့ဖို့ ပစ္စည်းများ ဝယ်ခြမ်းရန်အတွက် သမီးသဇင်၏ ရွှေဆွဲကြိုးကို ဖြုတ်ယူသွားခြင်း ဖြစ်နိုင်သည်။ မမဖြူသည် သားအကြောင်း ကိုလည်း သူ့ကိုကိုကို ပြောပြမည်မထင်။ ပြောပြသည့်တိုင်အောင် သူ့ ကိုကိုက သားကိစ္စကို တစ်စုံတစ်ရာ အရေးမယူ၍ သူတစ်ယောက်တည်း ဖြေရှင်းနေပုံရသည်။ ညဦးကမှ ဆေးရုံရောက်ခဲ့သည်ဆိုတော့ ထောင် ဝင်စာတွေ့ပြီး တစ်ညနေလုံး မမဖြူ ဘယ်သွားနေပါသလဲ။ ဆေးရုံရောက် လျှင်ရောက်ချင်းသာ သဇင်သိပါလျှင် မမဖြူ၏အသက်မှီနိုင်သေးသည်။ သူက စုံထောက် တစ်ယောက်လို တွေးရင်း အိမ်ရောက်ခဲ့သည်။

မမဖြူ၏ အသုဘကို ယမုံတို့သားအဖ မြေကျသည်အထိ ကူညီခဲ့ ပါသည်။

အကယ်၍သာ မမဖြူ သို့မဟုတ် ဒေါ်ခင်ဖြူဝင်းအကြောင်းကို တစ်စုံတစ်ယောက်သောသူက ဒေါ်ခင်ယမုံကိုလာပြောလျှင် ယုတ္တိမရှိ သော ဇာတ်လမ်းအဖြစ် သူက ထင်မည်ဖြစ်သော်လည်း ယခုတော့





"မမဖြူနှင့် သူ၏ကိုကို" ဇာတ်လမ်းသည် သူ့မျက်စိရှေ့တွင်ပင် ဖြစ်ပွား ခဲ့ပြီ။

"ယမုံ အခုထိတောင် မယုံနိုင်ပါဘူး၊ မယုံနိုင်စရာ အကြောင်းတွေ က မမဖြူဘဝမှာ ဘာလို့ ဖြစ်လာရတာလဲ"

သူ တီးတိုး ရေရွတ်မိပါသည်။ ။

♥

(လုံမလေး၊ ဇန်နဝါရီ ၂၀၀၀)

www.burmeseclassic.com

www.burmeseclassic.com

# ပဝါတစ်ကမ်း

မောင်ရေ . . .

စက်တင်ဘာလ ၁ရက်နေ့ ညက မောင် တယ်လီဖုန်းဆက်ပြီး ချသွားတော့ ကျွန်မ မျက်ရည်တွေ ကျနေမိတယ်။ မောင့် အသံတွေ တုန်ယင် နေတာကို ကြားယောင်နေမိတယ်။ မောင့်ကို ကျွန်မ စိတ်မချမ်းသာအောင် လုပ်မိသလား၊ လုပ်မိတာပါပဲလေ။ မောင်ကပြောတယ်။ ဒီည Topic မကောင်းဘူး၊ မောင်တို့ စကားကြောင်း ပြောင်းလိုက်ရအောင်တဲ့။ ကျွန်မက မပြောင်းမိဘူး။ ဇွတ်တိုးပြောမိတယ်။ ဒါဟာ ကျွန်မရဲ့ ညဉ်ဆိုးပဲ။ မှန်တယ်ထင်ရင် စွတ်တင်တတ်တယ်။ မှန်ပင်မှန်သော်လည်း တစ်ဖက်သား စိတ်ထိခိုက်မယ့် စကားကိုမပြောသင့်ဘူး ပေါ့နော်။ မောင်က ရပ်လိုက်ဆို ကျွန်မ ရပ်သင့်ပါတယ်။

ဟိုးဝေးလံတဲ့ အနောက်အရပ်ဆီက မောင် ငွေကုန်ကြေးကျခံပြီး ပြောခဲ့တဲ့ စကားလုံးတွေဟာ ငွေအားဖြင့်လည်း တန်ဖိုးရှိတယ်။ စကားအားဖြင့်လည်း ကျွန်မအတွက် တန်ဖိုးကြီးပါတယ်။ မောင် ထွက်ခွာသွားပြီးတဲ့နောက် အထီးကျန်အားငယ် ကျန်ရစ်တဲ့ ကျွန်မအတွက် အဝေးက မောင့်အသံဟာ အင်အားတစ်ရပ်ဆိုတာ ကျွန်မ ဝန်ခံပါတယ်။

မောင် အလုပ်က ပြန်လို့ ပင်ပန်းနွမ်းနယ်ချိန်၊ အိပ်ရာ မဝင်ခင်





"အချစ်အသံကို မောင်ကြားချင်လို့" ဆိုပြီး ဆက်တဲ့ အချိန်ပိုင်းလေးမှာ ကျွန်မတို့နှစ်ယောက် အပြန်အလှန်ပြောကြတဲ့ စကားတွေဟာ တစ်ယောက် နှလုံးသားကို တစ်ယောက် နှစ်သိမ့်သင့်တယ်။ ခါတိုင်း ကျွန်မ စိတ်ကောင်းတွေ ဝင်နေပါတယ်။ ဒီနေ့ည ကျွန်မညဉ်ဆိုးလေး ဝင်သွားမိတယ်။ မောင့်စိတ်ကို နာကျင်အောင် လုပ်လိုက်မိတယ်။ ရင်ထဲမှာ တစ်ယောက်သောသူ မောင့်ဇနီးအပေါ် ကရုဏာသက်ဝင်ပြီး မောင့်အပေါ် ဒေါသနဲ့ ပြောလိုက်မိတဲ့ စကားပါ။

ဩဂုတ်လ ၃၁ရက်နေ့က ဗြိတိသျှ အိမ်ရှေ့မင်းသမီး ဒိုင်ယာနာ ကွယ်လွန်ကြောင်း ပြင်သစ်ပြည်ထဲရေးဌာန ဝန်ကြီးက တရားဝင် ကြေညာလိုက်တယ်။

မောင်က ကျွန်မဆီကို စက်တင်ဘာလ ၁ ရက် နေ့ညမှာ ဖုန်းဆက်တယ်။ မောင်က အလွန်ငမ်းနည်းကြေကွဲတဲ့ အသံနဲ့ပေါ့။ မောင် စိတ်ထိခိုက်တတ် တယ်ဆိုတာ ကျွန်မသိပါတယ်။ ကျွန်မလည်း ညဦးက ရုပ်မြင်သံကြား ၃ တင်းမှာ ကြားရပြီးပါပြီ။ ကျွန်မလည်း ဗုဒ္ဓဘာသာ တစ်ယောက်မို့ စိတ်ထိခိုက်ပါတယ်။

[illegible]ကြီးတဲ့ အိမ်ရှေ့စံမင်းသမီးဆိုတော့လည်း တစ်ကမ္ဘာလုံးက ဝိုင်း ဝမ်းနည်းလိုက်ကြတာပေါ့။ မောင်တစ်ယောက်အပါအဝင်ပဲလေ။ သူ့ ကောင်းကွက်လေးတွေပဲ ဖော်ထုတ်ပြီး ချီးကျူးတသကြတယ်။

"သေသူတစ်ယောက်အကြောင်း မကောင်း မပြောရဘူး" ဆိုတဲ့ စည်းကမ်းကို စောင့်ရှောက်ကြတာ တွေ့ရလို့ ကျေးဇူးတင်ရသေးတယ်။

လူ့လောကကြီးမှာ လူဆိုတာ အဆိုးနဲ့အကောင်း ဒွန်တွဲနေတာပါပဲ။ ကောင်းတဲ့ဘက်များတဲ့ သူကို လူကောင်းခေါ်ရပေမဲ့ သူ့မှာ ချွတ်ယွင်းချက်ကင်း သဲလဲစင် မဟုတ်ပါဘူး။ Humen are not perfect ဆိုတဲ့ စကားရှိသားပဲ။ ဘယ်သူကမှ ဒိုင်ယာနာကို အဆိုးမဆိုကြဘူး။ သနားလိုက်ကြတာ။

ကျွန်မလည်း မိန်းမချင်းမို့ သနားလိုက်ပါရဲ့။ ဒါပေမဲ့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

စိတ်ထင်တယ်။ ကမ္ဘာကြီးဟာလည်း ဘက်လိုက်တယ်။ မျက်နှာလိုက်ပါတယ်။ မျက်နှာကြီးတွေ တစ်ခုခု လွန်ကျူးလို့ ပြစ်မှုရှိရင် ဖုံးဖုံးဖိဖိနဲ့။ မျက်နှာငယ်သူတွေ တစ်စုံတစ်ရာ ကျူးလွန်မိရင် တံတွေးခွက် ပက်လက်မျောကြရတယ်။

မောင့်ကို ရှင်ထဲက နာလှာတာနဲ့ စကားတစ်လုံး ဆိုမိတယ်။ မောင်က ဒိုင်ယာနာက ချားလ်မင်းသား ပစ်ထားလို့ ခုလိုဘဝ ရောက်ရတာလို့ ပြောတော့ ကျွန်မ ဝမ်းနည်းသွားတယ်။

"မောင်ရယ် ချားလ်မင်းသား ပစ်ထားတဲ့ ဒိုင်ယာနာကို သနားလိုက်ကြတာနော်၊ မြန်မာပြည်က ဆယ်နှစ်ဆယ်မိုး သူ့ချစ်လင်က ပစ်ထားတဲ့ မိန်းမ ကိုတော့ ဘယ်သူမှ မသနားကြဘူး" လို့ ပြောမိတယ်။ မောင်ကလေ ဘယ် ဘယ်သူလဲတဲ့၊ အထပ်ထပ် မေးလေတော့ ကျွန်မ အံ့သြတယ်။

"မောင့်ဇနီး" လို့ ကျွန်မ မပြောရက်ဘူး။ ဒါပေမဲ့ ကျွန်မ တဖြည်းဖြည်း ပြောတယ်။ ၁၀နှစ်လုံးလုံး သူ့ချစ်လင် တခြားမိန်းမ တစ်ယောက်နဲ့ တိတ်တိတ်ပုန်း ညားနေတာကို လက်ပိုက်ကြည့်နေရတဲ့ မိန်းမတစ်ယောက်လို့ ကျွန်မပြောတော့မှ "မောင့်ဇနီးလားတဲ့၊ အချစ် မောင့်ကို ပြောနေတာကိုး" ဆိုပြီး မောင့်အသံက ဝမ်းနည်းသွားတယ်။ ကျွန်မအသံကလည်း ကရုဏာဒေါသောသံပါနေလား မသိဘူး။ နည်းနည်းတော့လည်း ခံပြင်းသွားတယ်။ မောင့်ဇနီးအတွက်ပါ။ သူ့ခမျာ ကိုယ့်ချစ်လင် တခြားမိန်းမနဲ့ နှစ်ပါးသွားနေတာ ဘာတစ်လုံးမှ မပြောရှာဘူး။ ပြီးတော့ ဒိုင်ယာနာက ချားလ်နဲ့တရားဝင် မကွာရှင်းခင်ကတည်းက ချားလ်ရဲ့အပြစ်တွေ ဖော်ထုတ်၊ ချားလ်ကလည်း ဒိုင်ယာနာ အကြောင်းတွေ ဖော်ထုတ်လိုက်ကြတာ။ ပြီးတော့ ဒိုင်ယာနာကလည်း တွဲချင်တဲ့သူနဲ့ တွဲသလို၊ ချားလ်ကလည်း သူငယ်ချစ်နဲ့ ပြန်တွဲကြတယ်။ မောင့်ဇနီးဟာ အဲဒီလို အိမ် ထောင်ရေး ဖောက်ပြန်မှု မရှိခဲ့ရှာဘူး။ ရိုးရိုးတုံးတုံးကြီးမို့ လင်သားကို စကားပြောရာမှာ ချေချေငံငံတော့ ရှိချင်မှရှိမယ်။ လူမှုဆက်ဆံရေးတွေမှာလည်း ချို့ယွင်းချက် ရှိချင်ရှိမယ်ပေါ့။ မောင့်ပြော





စကားတွေမှာ မောင့်ဇနီးဟာ အလိုက်မသိတတ်မှု၊ လင်ကို ဘက်တိုက်မှု၊ သဘောထားသေးမှုတွေကြောင့် စိတ်ဆင်းရဲတာကို ကျိတ်မှိတ်ခံခဲ့ရတယ်ဆိုတယ်။ ဒါပေမဲ့ ဒိုင်ယာနာလို ဟိုလူနဲ့တွဲ၊ ဒီလူနဲ့တွဲ မလုပ်ပါဘူး။ အရှေ့နဲ့အနောက် ပတ်ဝန်းကျင်ကလည်း ကွာသေးလို့ လားမသိ။

မောင်က စကားဆက်ပြောပေမဲ့ အသံက မကြည်လင်တော့ဘူး။ မောင်ဟန်လုပ်ပြီး ပြောနေပေမဲ့ မောင့်အသံ အပြောင်းအလဲကို ကြားရတာနဲ့ မောင့်စိတ် ဘယ်လိုခံစားနေရတယ်ဆိုတာ ကျွန်မသိပါတယ်။

"အချစ်ဟာ မောင့်အပေါ် မိန်းမကို ပစ်ထားသူ၊ တာဝန်မကျေသူလို့ အထင်သေးနေဆဲပေါ့၊ ဘယ်သူ ဘယ်လိုထင်ထင် မောင် ဂရုမစိုက်ဘူး၊ ဒါပေမဲ့ မောင့်အချစ်က အထင်သေးတာတော့ မောင် ဝမ်းနည်းလို့ မဆုံးဘူး"

"မောင် ကျွန်မကို စိတ်ဆိုးသွားပြီလား"

"မဆိုးပါဘူး၊ အချစ်အပေါ် မောင်အမြဲ ခွင့်လွှတ်တယ်"

မောင့်အသံက ဘယ်လိုပဲ ဖုံးဖိထားပေမဲ့ မောင်ခံစားနေရတာ ပေါ်လွင်နေတယ်။ ကျွန်မ စိတ်မကောင်းလိုက်တာ။

"မောင် အိပ်ပါရစေတော့"

ဘယ်တော့မှ စောစီးစွာ ဖုန်းစကားပြောတာကို မရပ်တတ်တဲ့ မောင်ဟာ အဲဒီညက ကျွန်မထက်အရင် ဖုန်းချလိုက်တယ်။ ကျွန်မ စိတ်မကောင်းလိုက်တာ၊ ဒီညက ကျွန်မ အိပ်မပျော်ဘူး။ စိတ်တွေ ချောက်ချားပြီး အိပ်မက်တွေကလည်း စိတ်ညစ်စရာကြီး။ မောင်လည်း ဒီညက အိပ်ပျော်မှာ မဟုတ်ပါဘူး။ ဒီဒိုင်ယာနာ သေတာဟာ မောင်နဲ့ကျွန်မကြား ဘာကြောင့် ပြဿနာဖြစ်ရသလဲ၊ ကျွန်မမတွေးတတ်ဘူး။ တစ်မြေတည်းနေကြတာဖြင့် ကျွန်မစကားကြောင့် စိတ်ဆင်းရဲသွားတဲ့ မောင့်ကိုပြေးပြီး ပြေရာပြေကြောင်း တောင်းပန်ချင်ပါတယ်။

ရေမြေစလေ့ထုံးစံချင်း မတူကြတဲ့ တိုင်းပြည်၊ လူမျိုးအသီးသီးမှာ ကွဲပြားတဲ့ စရိုက်ရှိကြတယ်။ အထူးသဖြင့် မြန်မာလူမျိုး၊ မြန်မာအမျိုးသမီး


www.burmeseclassic.com

www.burmeseclassic.com

ဆိုတာက သီးခြားစရိုက်၊ စာရိတ္တနဲ့ တစ်ပုံစံနေတယ်လို့ ကျွန်မထင်တယ်လေ။ မြန်မာမတွေဟာ လင်ဆိုးကိုယူမိပြီး သဘောချင်း မတိုက်ဆိုင်လို့ ကွဲကြတာ မရှိဘူးလားဆို ရှိပါတယ်။ အခုဆိုသာပြီး ကွာရှင်းပြတ်စဲမှုတွေ များလာတယ်။ ဒါပေမဲ့ ယောကျ်ားတစ်ယောက်ကို ရယူပြီးရင် သေတစ်ပန် သက်တစ်ဆုံး ခေါင်းမြေချတဲ့အထိ ပေါင်းသင်းသွားကြတာ များပါတယ်။ ကောင်းလွန်းလို့၊ ချစ်လွန်းလို့ရယ်မဟုတ်ဘူး။ တစ်မျက်နှာက နှစ်မျက်နှာ မပြောင်းချင်ဘူးဆိုတာ မြန်မာ ဓလေ့ထုံးစံစကားလေ။ ဒါကြောင့် လင် ဘယ်လိုပဲ ဖောက်ပြန်ဖောက်ပြန် မယားကြီးဆိုတဲ့သူဟာ ငုတ်တုတ်ကြီးနဲ့ ကြောင်တောင်ကြည့်ပြီး သေသွားကြရတာများပါတယ်။ လင့်ဂုဏ်သိက္ခာကို လည်း ထိခိုက်မှာစိုးလို့ ဖုံးဖုံးဖိဖိနဲ့ ဂုဏ်သရေဆည်လိုက်ရတာ၊ ဘယ်တော့မှ လင့်ဂုဏ်သရေ ထိခိုက်အောင် မပြောတတ်ကြဘူး။ များသောအားဖြင့် "မိန်းမတွေကိုယ့် အိမ်ပေါ်တက်လာတာ၊ ဒီတော့ ကိုကိုက ဘယ်ရှောင်နိုင်ပါ့မလဲ" လို့ လင့်ဘက်ကပဲ ကာကွယ်ပြောတတ်ကြပါတယ်။

မောင်ဟာ ကာလရှည်လျားစွာ မြန်မာပြည်မှာနေလာသူ ဖြစ်လေတော့ အများစု မြန်မာ အမျိုးသမီးတွေအကြောင်း မောင်သိပြီးသားပါ။

ဒိုင်ယာနာ အကြောင်း ပြန်စကြရအောင်။ မောင်နဲ့ ကျွန်မ အကြောင်းကိုလည်း ပြန်စရအောင်။

(၂)

အချစ်ရေ . . .

အချစ်စာကို ဖတ်ပြီး တစ်ဝက်နဲ့ ရပ်ထားရတယ်။ မောင် ချွေးပြီးဖတ်နေပါတယ်။ မောင် ဒီမှာအလုပ်ကလည်း မအားပါဘူး။ ညနေ အလုပ်ဆင်းချိန်ကျတော့လည်း မောင်တစ်ယောက်တည်း အိမ်ကြီး တစ်လုံးထဲမှာ သွေ့ခြောက်လို့။ အပြင်ထွက် ညစာစားတာ များပါတယ်။ စားတဲ့အခါတိုင်း မောင့်ဘေးမှာ အတွဲတစ်ယောက်ပါတယ်ဆိုတာ အချစ်





သိပြီးသားပါ။

ခေတ္တခဏလေးတော့ သောက်လိုက်၊ စားလိုက်၊ နမ်းလိုက်နဲ့ ပျော် သလိုပါပဲ။ ဒီမှာက ယောကျ်ားနဲ့မိန်းမ နမ်းကြတာဟာ အဆန်းမဟုတ်ပါဘူး။ မောင်လေ မိန်းမတစ်ယောက်ကို နမ်းတဲ့အခါတိုင်း အချစ်ကို သတိ ရတယ်။ အထူးသဖြင့် မောင်နဲ့အချစ် နောက်ဆုံးတွေ့ခဲ့တဲ့ညကို သတိရ တယ်။

ဘာဖြစ်လို့လဲ သိလား။ မောင့်ချစ်သူဟာ တင်းကျပ်တဲ့ စည်းကမ်း ထိန်းချုပ်မှု သံလှောင်အိမ်ထဲမှာ ကိုယ့်ကိုယ်ကို အကျဉ်းချထားလို့ပဲ။

"ဘယ်သူကမှ ကျွန်မကို မထိန်းချုပ်ပါဘူး၊ ကျွန်မကိုယ်ကျွန်မ ထိန်းချုပ်တာပါလို့" အချစ် ပြောတဲ့စကား မောင်မမေ့ပါဘူး။

အဲဒီညက လမင်းသာပါတယ်။ အချစ်တို့မြို့ရဲ့ အေးချမ်းဆိတ်ငြိမ်တဲ့ နေရာမှာ လမင်းဟာ ရန်ကုန်လိုမဟုတ်ဘူး။ ပိုပြီးသာတယ်။ ကြည်လင်တယ်လို့ မောင်ထင်တယ်။ အရှေ့ဘက်တောင်တန်းပေါ်က လမင်းကြီး မြင့်တက်လာပြီ။

ကောင်းကင်ပြာမှာ လမင်းရဲ့ ရွှန်းပတဲ့ ကျက်သရေဟာ အချစ်ရဲ့ မျက်နှာနဲ့ယှဉ်ပြိုင်နေတယ်။ လတ်ဆတ်ပျံ့သင်းတဲ့ လေညင်းတွေကလည်း မောင်တို့အနားမှာ ဖြည်းညင်းစွာ တိုးဝှေ့သွားကြရင်း ပန်းရနံ့တွေ ပြန့်ကျဲသွား တယ်။ မောင်တို့ထိုင်တဲ့ ခုံလေးနောက်မှာ ကရမက်ပန်းရုံကြီးကလည်း ဖွေးဖွေးလှုပ်နေတာပဲ။ အဝေးက စံပယ်ရနံ့ကလည်း သင်းသင်းနွဲ့နွဲ့ရယ်။ စူးစူးရှရှ ရနံ့မျိုးမဟုတ်လို့ မောင်က ရနံ့ကို နွဲ့တယ်လို့သုံးတာ အချစ်လက်ခံရဲ့လား။

ဒီညဟာ မောင့်ဘဝကို အဆုံးအဖြတ် ပေးလိမ့်မယ်လို့ မောင် မထင်ခဲ့ဘူး။ ဒါပေမဲ့ ညတစ်ညမှာ အဆုံးအဖြတ်မှားခဲ့တဲ့ မောင်ဟာ တစ်ဘဝခံသွားရတာပဲ။

မောင် ရန်ကုန်မှာ အလုပ်လုပ်ရင်း အမေရိကကို ထွက်ခွာဖို့ အစီအစဉ်ရှိတယ်လေ။ ချစ်သူမြို့ကို ရောက်အောင်လာခဲ့တယ်။ အချစ်ကို


www.burmeseclassic.com

www.burmeseclassic.com

မောင်နှုတ်ဆက်ပြီး အဆင်သင့် ပြင်ခိုင်းထားမယ်။ မောင်နဲ့အတူ အမေရိကကိုလိုက်ဖို့ မောင်စီစဉ်ထားတယ်။

လမင်းရောင် ပြေးနေတဲ့ ချစ်သူပါးကို မောင် နမ်းခွင့်တောင်းတော့ အချစ် ခွင့်မပြုဘူး။

"လက်မထပ်ဘဲ ယောကျာ်းတစ်ယောက်ဟာ ကျွန်မပါးကို နမ်းခွင့်မရှိပါဘူး"တဲ့။ အချစ်ပြန်ပြောတဲ့စကားကြောင့် မောင်စိတ်ထင့်သွားသည်။

"မောင့်နောက်ကို လိုက်ဖို့ အဆင်သင့်ပြင်ထားပါ။ မောင်တို့လက်ထပ်ပြီး အမေရိကကို အတူထွက်သွားမယ်" ဆိုတော့-

"မလိုက်နိုင်သေးဘူး"လို့ အချစ်ကဆိုတယ်။ လက်ထပ်ဖို့လည်း အဆင်သင့် မဖြစ်နိုင်သေးဘူး။ မမာနေတဲ့မိခင်ကို ပစ်ပြီး မောင်သွားရာ အမေရိကကို မလိုက်နိုင်ဘူးလို့ အချစ်က ငြင်းဆိုတယ်။ ပြီးတော့လည်း အချစ်တို့ "မျိုးရိုး" ဘုံးစံမှာ ခိုးရာလိုက်ရိုး မရှိပါဘူးတဲ့။ မိဘနှစ်ပါး ဒါမှမဟုတ် အုပ်ထိန်းသူပဲ ပါလာပါစေ၊ မေမေ့ဆီမှာ လာပြီးတောင်းရမ်းပါတဲ့။ မောင်လေ အချစ်စကားကြားတော့ အသည်းယားလိုက်တာ။ ရှေးသရောအခါ ဟရာဏာသီမင်းလက်ထက်က မလေ့ထုံးစံကြီးကို မောင့်ချစ်သူက လက်ခံနေဆဲ။

မောင့်သူငယ်ချင်း ပြေ...တဲ့...ကားကို မောင်အဲဒီညကမှ ယုံသွားတယ်။ ၁၉၆၀ ပြည့်နှစ် ပတ်ဝန်းကျင်လောက်က ပညာရေး ဒီပလိုမာ တစ်ခုရယူဖို့ အချစ်ယူကေသွားရင်း အပြန်မှာ မောင့်သူငယ်ချင်း တင်ထွန်းအောင်နှင့် ကိုင်ရိုမှာဆုံကြတယ်ဆို။ အချစ်ကလည်း ရှေးဟောင်းအီဂျစ်ယဉ်ကျေးမှုတွေနဲ့ ပိရမစ်တွေကို လေ့လာချင်လို့ ကိုင်ရိုကို ဝင်ခဲ့တယ်ဆိုတယ်။ မြန်မာသံရုံးမှာ တွေ့ခဲ့ရာက အတူလည်ဖြစ်ကြတယ်တဲ့။ အချစ်တို့ အက်တလပ်စ်ဟိုတယ်မှာ တည်းကြတယ်တဲ့။ နေ့ဘက်ပြတိုက်တွေသွားကြ၊ သဲကန္တာရထဲက ပိရမစ်တွေ သွားကြည့်ကြတယ်တဲ့။ ညဘက် ပိရမစ်ကြီးတွေ နောက်ခံထားပြီး ပြကွက်လေးလုပ်တဲ့ Light and Sound ဆိုတာ သွားကြမယ်လုပ်တော့ အချစ်က တောင်းဆိုတယ်ဆို၊ အရက်





မသောက်ခဲ့ရဘူး။ အရက်သောက်ရင် မသွားဘူးလို့ ဆိုတယ်တဲ့။ ဒါနဲ့ မောင့်သူငယ်ချင်းကလည်း မသောက်ဘဲ သွားခဲ့ရတယ်။

တကယ့် ပိရမစ်ကြီးနဲ့ စဖင့်ရုပ်ကြီးတွေကို မီးရောင် အမျိုးမျိုးထိုးပြပြီး နောက်ခံ တီးလုံးနဲ့ ဇာတ်လမ်းသရုပ်ဖော်ပြီး အီဂျစ်တွေက တိုးရစ်တွေဆီက ငွေယူတာပါတဲ့။ အမိုးအကာမရှိ လဟာပြင် ဇာတ်ရုံကြီးတဲ့။

ပထမ စဖင့်ကြီးအရုပ်အပေါ် မီးရောင်ကျလာပြီး နောက်ခံတီးလုံးက ငြိမ့်ငြိမ့်လေးရယ်။ ပြီးတော့ စဖင့်ကြီးအသံ ပေါ်လာတယ်။ သူဟာ ဘီစီ ဘယ်လောက်လောက်ကပေါ့။ ဒီပိရမစ်ကြီးမှာ စောင့်ရှောက်နေရတာ။ ဒီပိရမစ်ထဲမှာ မြှုပ်နှံထားတဲ့ သူ့သခင်ရှင်ဘုရင်ကြီးဟာ ဘယ်သူဆိုပြီး ဘုရင်ကြီးရဲ့ ဇာတ်လမ်းကို မွေးသည်ကနေ နန်းတက်ပုံ၊ စစ်တိုက်တာတွေ သေတဲ့အထိ လူရုပ်မပါဘဲ အသံရယ်၊ မီးရောင်အမျိုးမျိုးနဲ့ ပြသွားတာ စိတ်ဝင်စားစရာပါပဲ။ သူ့ အစက ဒါလောက် ဆွဲဆောင်မှုရှိမယ်မထင်ဘူး။ ကြည့်ရင်းကြည့်ရင်းနဲ့မှ အီဂျစ်တွေရဲ့ စိတ်ကူးစိတ်သန်းကို ချီးကျူးမိတယ်တဲ့။ မောင့်ချစ်သူကတော့ သူ့ကိုတောင် မေ့နေသလိုပဲတဲ့။ သူကတော့ သောက်နေကျ သောက်လည်း မသောက်ရတော့ ညဥ့်ဘက်လည်းဖြစ်ပြန်၊ သဲကန္တာရက လာတဲ့လေက အေးစိမ့်နေတော့ သူ့မှာ ချမ်းလိုက်တာ ခိုက်ခိုက်တုန်လို့တဲ့၊ ဟိုတယ်ပြန် ရောက်တော့ မောင့်ချစ်သူက ပွင့်ပွင့်လင်းလင်းပဲ ပြောတယ်တဲ့။

"ဒါလောက် အေးတဲ့နေရာမှာ ရှင်သာ အရက်သောက်လာရင် ဖူးဖူးကပ်ကပ် ထိုင်နေရတော့ ကျွန်မတို့နှစ်ယောက် တစ်ခုခု ဖြစ်နိုင်တယ်။ အရက် မသောက်ထားတော့ မမှားနိုင်ဘူး" လို့ အချစ်က ပြောတယ်ဆိုပဲ။ ဒါလောက် အနောက်နိုင်ငံတွေသွားပြီး ပညာဆည်းပူးရင်း အနောက်လေ့ထုံးစံကိုသိနေတဲ့ မိန်းမတစ်ယောက်ဟာ ကျွန်တော့်ကို အဲဒီည အရက်သောက်ဖို့ ခွင့်မပြုဘူးဗျာတဲ့။ ခင်ဗျား မမြခိုင်ကို လက်ထပ်ရင်တော့ သတိထားတဲ့။ အရက် ဖြတ်ရလိမ့်မယ်တဲ့။

မောင်တို့နှစ်ယောက် တွေ့တဲ့ညကျမှ မောင်က မောင့်သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com

စကားကို ပိုလို့ယုံသွားတယ်။ အချစ်ဟာ သိပ်ထိန်းချုပ်လွန်းတာပဲလို့လည်း ယူဆမိတယ်။ ချစ်သူတစ်ယောက်အနေနဲ့ ချစ်သူ့ပါးကို မောင်နမ်းခွင့် မရှိဘူးလား။ မောင်ကရော ချစ်သူကို ဣန္ဒြေပျက်အောင် ထိပါးမှာတဲ့လား။ ဒါပေမဲ့ ချစ်သူစကားက ပြတ်သားပါတယ်။

"မောင်က မဖောက်ပြန်လည်း ကျွန်မက ဖောက်ပြန်တဲ့စိတ် ဝင်လာရင် မခက်ဘူးလားတဲ့၊ ကိုယ့်စိတ်ကိုနိုင်လို့ ထိန်းတာမဟုတ်ဘူး မနိုင်မှာစိုးလို့ ထိန်းရတာ" တဲ့။ မောင်လည်း ဘာမှ မပြောသာဘူး။

ရင်ထဲမှာတော့ အတွေးတစ်ခု ဝင်သွားတယ်။ မောင့်ကို နမ်းခွင့် မပေးတာရယ်၊ မောင့်နောက်ကို ခိုးရာမလိုက်နိုင်ဘူး ဆိုတာရယ် အဲဒီညက သိခဲ့ရတာ မောင်ချစ်သလို အချစ်က မချစ်ဘူးလို့ ထင်ခဲ့တယ်။ ဇာပဝါကို နှစ်ယောက်လက်မှာ ရစ်သိုင်းပြီး ငွေဖလားထဲမှာ ရေသွန်းပြီး စုလျားရစ်ပတ် ထိမ်းမြားတဲ့ လက်ထပ်ပွဲသဘင်မှာ လက်ထပ်တာလား၊ အချစ်က အရေးကြီးသလား၊ လက်ထပ်ခြင်း အခမ်းအနားက အရေးကြီးသလား ဆိုတာ မောင်တစ်ဖက်သတ် တွေးမိတယ်။

ချစ်သူအပေါ်မှာ ယုံစားမှုမရှိတဲ့ မိန်းမတစ်ယောက်ကို မောင် လက်ထပ်လို့ကတော့ မောင်တို့လမ်း အထစ်အငေါ့ဖြစ်မှာပဲလို့ မောင် တစ်ယူ သန်စိတ်နဲ့ မောင် အဲဒီညက နောက်ဆုတ်ဖို့ ဆုံးဖြတ်လိုက်တယ်။

နူးညံ့ပျော့ပျောင်းတဲ့ အချစ်ညာလက်ကို မောင့်ပါးမှာ အပ်ပြီး ဖြည်းဖြည်းလေး မောင် နမ်းခဲ့တယ်။ မောင်ကတော့ နှုတ်ဆက်အနမ်း။ အချစ်က တော့ ပြောတဲ့စကားထဲမှာ မျှော်လင့်ခြင်းတွေ ရှိနေတယ်။

"ဒီနှစ် ညာလက်၊ နောင်နှစ် ဘယ်လက်၊ လက်ထပ်တဲ့အခါကျမှပဲ . . ." လို့ဆိုပြီး အချစ် ရှေ့စကားမဆက်ဘူး။ မောင် ဆုပ်ကိုင်ထားတဲ့ လက်ကလေးကိုမလွှတ်ခင် အချစ်မျက်နှာကို ကြည့်တော့ လရောင်ပက်နေ တဲ့ မျက်လုံးအစုံမှာ မျက်ရည်စတွေနဲ့။ သိပါတယ်လေ၊ အချစ် ဘယ်လို ခံစား နေရတယ်ဆိုတာ။ ချစ်သူအလိုကို လိုက်ချင်တဲ့ ဆန္ဒနဲ့ ထိန်းချုပ်မှုကို ဦးစားပေးတဲ့စိတ်တွေ အချစ်ရင်မှာ





အားပြိုင်နေကြတယ်။

မောင်တို့ နောက်ဆုံးတွေ့ခြင်းပါပဲ။ ဘယ်တော့မှလည်း တယု တယနမ်းခဲ့ရတဲ့ ဒီလက်ကလေးကို မမေ့ခဲ့ဘူး။ အခု အမေရိကမှာ အနမ်း တွေ ဖောဖောသီသီရတိုင်း သိပ် rigid ဖြစ်တဲ့ ချစ်သူကို သတိအမြဲရ နေတယ်ဆိုရင် ယုံပါ။

ရက်ရောတဲ့ အနမ်းကို မရတာနဲ့ နောက်ဆက်တွဲ အတွေးကို ချော်ပြီး မောင် မေကြည်မြင့်ကို လက်ထပ်ခဲ့တယ်။ သူကမောင် ခေါ်ရာကို ချောချောချူချူလိုက်တယ်။ မောင့်ကိုယုံတယ်လေ။ ဇနီးမယား တစ် ယောက်ရဲ့ ယုံကြည်မှုကို ယောကျ်ားတစ်ယောက်ဟာ မရရင် လက်ဆပ် ရေး အောင်မြင်ပါ့မလားလို့ အချစ်အပေါ် မောင် သံသယဖြစ်ခဲ့တယ်။

မောင် ကြိုးစားခဲ့သလို အဲဒီတုန်းက အမေရိကကိုမသွားဖြစ်ဘူး။ မေကြည်မြင့်နဲ့ လက်ထပ်ပြီး နှစ်နှစ်အတွင်းမှာ ခိုးရာလိုက်ရဲတာတွေ၊ ချစ်သူကို ယုံတယ်ဆိုတာတွေဟာ တကယ့်အိမ်ထောင်ရေးနဲ့ မဆိုင်တော့ ဘူးလေ။ နှစ်ယောက်သဘောချင်း မတိုက်ဆိုင်မှုတွေ၊ နယ်ကျဉ်းတဲ့ အတွေးအခေါ်တွေကြောင့် နှစ်ယောက်သား ပေါင်းသာနေရတယ် အဆင် က မပြေဘူး။ ကလေးသုံးယောက်သာ ရလာရော။

သမီးတွေ အရွယ်မရောက်ခင်မှာ မောင်ဟာ ရူဘီနဲ့ တွေ့ခဲ့တာပါ။ ဟုတ်တယ်။ ဒီမိန်းမနဲ့ မောင်ဆယ်နှစ်ဆယ်မိုး အိပ်ခဲ့ပေမဲ့ တရားဝင် မယားငယ်အဖြစ် မယူခဲ့ပါဘူး။ အမေရိကကို သမီးတွေ အရွယ်ရောက်ပြီး ထွက်လာခဲ့တော့ ရူဘီကို ထားခဲ့ပါတယ်။ ဇနီး မေကြည်မြင့်နဲ့ သမီး သုံးယောက်ကို အတူခေါ်ပြီး အမေရိကကို ထွက်လာခဲ့တယ်။ မောင် မွန်တာနာမှာ အခြေချခဲ့တယ်။ လင့်ဝတ္တရားကို ကျေပွန်အောင် အိမ် တစ်ဆောင် မီးတစ်ပြောင် ထားခဲ့ပါတယ်။

မောင် မြန်မာပြည်က မထွက်ခင် အချစ်နဲ့ ဖုန်းပြောဖြစ်တယ်။ အချစ်က အဲဒီတုန်းက ပြောခဲ့ပါတယ်။ မောင်ဟာ မေကြည်မြင့်ကို "အချစ်"ကိုတော့ မပေးဘူးတဲ့။ မောင် ကြာလေကြာလေ မေကြည်မြင့်


www.burmeseclassic.com

www.burmeseclassic.com

အပေါ် အချစ်လျှော့ပါးလာတာကိုတော့ မောင်ဝန်ခံပါတယ်။ ပေါင်းသင်းလို့တော့ရတယ်၊ ရင်ထဲမှာ ချစ်စိတ်တော့ မရှိတော့ဘူး။

သူလည်း အချစ်ပြောသလိုပါပဲ။ မြန်မာပြည်မှာတုန်းက ရှဘီနဲ့ မောင် ဖြစ်ကြတဲ့ကိစ္စအတွက် စိတ်ထိခိုက်တာလည်းပါတယ်။ မောင်က သူ့အပေါ် လိုက်လိုက်လှဲလှဲ မရှိတာလည်းပါမယ်။ သမီးတွေ လက်ထပ်သွားတော့ တစ်မြို့စီ ဝေးသွားတာလည်းပါမယ်။ စိတ်ရောဂါ ရလာတယ်။ ခုတော့ မောင်တို့မြို့နဲ့လှမ်းတဲ့ စိတ်ရောဂါကုဆေးရုံမှာ မေကြည်မြင့်ကို ထားရတယ်။ သူ့သမီး ၃ ယောက်ကလည်း တစ်လတစ်ခါ၊ မောင်ကလည်း တစ်လတစ်ခါသွားကြည့်ပါတယ်။ လေးယောက်ရက်ခွဲပြီး သွားတွေ့ကြတော့ တစ်ပတ်တစ်ခါ ဖြစ်သွားပြီး သူ့အိမ်သားတွေနဲ့ တွေ့ရတာပေါ့။ စိတ်မမှန်တော့လည်း စကားလည်း မမှန်တော့ဘူး။ မောင့်ကိုလည်း အကောင်း မပြောတော့ဘူး။ မောင် ရှဘီနဲ့ တွဲခဲ့တဲ့ အချိန်တွေမှာ မောင့်ကို ပြောလိုပေမဲ့ မပြောခဲ့ရတာတွေ၊ အခုစိတ်ရောဂါရမှ ပြောတော့တာပဲ။ မောင် သူ့ကို ပစ်မထားပါဘူး အချစ်ရယ်။ ဂရုစိုက်ပါတယ်။ ဒါပေမဲ့ လင်မယားအချစ်မျိုးနဲ့တော့ ချစ်လို့မရတော့ဘူး အချစ်။ အချိန်အား ရင် M.PEMBERTON ရေးတဲ့ GODDESS ဆိုတဲ့ ဝတ္ထုကို ဖတ်ကြည့်ပါ။ အချစ် မောင့်ဘဝကို သဘောပေါက်လာလိမ့်မယ်။ စိတ်ရောဂါသည် တစ်ယောက်ကို ပေါင်းသင်းနေရတဲ့ လင်သားတစ်ယောက် ဒုက္ခကို သိမယ်။ မောင်က မောင့်ဘက်က လျှောက်လဲချင်လို့ ရေးတာ၊ ဆင်ခြေပေးနေတာ မဟုတ်ပါဘူး။ လင်သားတစ်ယောက် ဝတ္တရားရှိတဲ့အတိုင်း စောင့်ရှောက်နေတယ် ဆိုတာတော့ အချစ်သိစေချင်တယ်။

အချစ်တို့ မေမေ ဆုံးပြီး ရန်ကုန်ကို ကျောင်းအုပ်အလုပ်နဲ့ အချစ် ပြောင်းလာရတယ်ဆိုတာ မောင်သိရတယ်။ အချစ်မှာ အနှောင်အဖွဲ့တွေ ကင်းတဲ့အခါကျတော့ မောင့်မှာ အနှောင်အဖွဲ့တွေနဲ့။

ခုတော့ ညတိုင်း ဘယ်နှယောက်နဲ့တွဲပြီး ပြန်လာခဲ့ ပြန်လာခဲ့၊ အိပ်ရာမဝင်ခင် အချစ်ကို သိပ်သတိရတယ်။





လသာတဲ့ ညတစ်ည နောက်ဆုံးတွေ့ချိန် နမ်းခဲ့ရတဲ့ လက်ကလေး တစ်ဖက်ကို မောင် ဘာလို့ တစ်သက် မမေ့နိုင်ရတာလဲ။ တွေးလို့မရဘူး။

တင်ထွန်းအောင်ဆီက အချစ်လိပ်စာနဲ့ တယ်လီဖုန်း တောင်းပြီး မောင် ဆက်သွယ်ရတာပါ။

မိခင်ဆုံးပြီး အထီးကျန်ရစ်ခဲ့တဲ့ မောင့်ချစ်သူကို မောင့်အမှားတွေ ဝန်ခံရင်း ညတိုင်းလို ဖုန်းဆက်အားပေးနေရတာပါ။

မောင် သိပါတယ်။ ချစ်သူဟာ အားငယ်တတ်တယ်။ ဒါပေမဲ့ အားငယ်စိတ်ကို တင်းပြီး နေတယ်ဆိုတာ သိတယ်။

ဒိုင်ယာနာ သေတဲ့ သတင်းပြောတဲ့ညကတော့ ချစ်သူက မောင့်ကို ကိုယ့်ဇနီး ပစ်ထားတဲ့လူလို့ ဆိုလိုက်တော့ မောင် ဝမ်းနည်းတာအမှန်။ ချစ်သူ ကလည်း အကင်းပါးလိုက်တာ။ မောင့်အသံကြားတာနဲ့ မောင် ဘယ်လိုခံစား သွားရတယ်ဆိုတာ သိတယ်နော်။ ဒီလို အကင်းပါးမှု၊ နားလည်မှုလေးတွေကြောင့် မောင်ပိုချစ်ရပေမဲ့ မောင်တို့ နှစ်ယောက် ဘဝက ပြန်လည် ဆုံစည်းဖို့ မဖြစ်ဘူးဆိုတာ မောင်နားလည်ပါတယ်။

လက်ထပ်ပြီး ဇနီးမယားတစ်ယောက်ကို ချစ်မရတဲ့ မောင့်ကိုတော့ အချစ် ခွင့်လွှတ်ပါ။ ယောက်ျားတို့ ဝတ္တရားရှိသည့်အတိုင်းရော သားသမီး အပေါ်မှာ ဖခင်တစ်ယောက် ဝတ္တရားကိုရော မပျက်ခဲ့ပါဘူး။

ချစ်ရဲ့စာကို ဆက်ဖတ်လိုက်ပါဦးမယ်။

(၃)

မောင် ဒိုင်ယာနာအကြောင်း ပြောသွားပြီး ကျွန်မ အိပ်မရခဲ့တာ အမှန်။ နောက်နေ့ မောင့်ဆီက တယ်လီဖုန်း လာချိန်ကို မျှော်နေတယ်။ ညဦး ၉ နာရီလောက်မှ မောင့်ဆီက ရောက်လာတယ်။ ကျွန်မ မောင့်ကို တောင်းပန်ပါတယ်။ မောင့်ဇနီးနဲ့ ပတ်သက်လာရင် ကျွန်မက မောင့်ဇနီး



www.burmeseclassic.com

www.burmeseclassic.com

ဘက်က ရှေ့နေလိုက်ရတာပါ။ ဖြစ်များဖြစ်နိုင်ရင် နှစ်ယောက် ပြန်လည် နားလည်မှုရအောင် ပြန်လည်သင့်မြတ်ဖို့ အရေးမှာ ကျွန်မဟာ အနှောင့် အယှက်တစ်ခု မဖြစ်စေချင်ဘူး။ ကာလရှည်လျားစွာ ပေါင်းလာတဲ့ လင်သားတစ်ယောက်ကို သူမချစ်ဘဲနေမလား။ မောင်တို့ နှစ်ယောက် အကြောင်း အနီးကပ်မသိတော့လည်း မောင်တို့ ပဋိပက္ခရဲ့ ဇာစ်မြစ်ကို ကျွန်မမပြောနိုင်ဘူး။

ဒိုင်ယာနာကတော့ သေသွားပြီ။ သူနဲ့ ပတ်သက်ပြီး သတိသံဝေဂ ရတယ်ခေါ်မလား၊ သင်ခန်းစာရတယ် ခေါ်ရမလား ကျွန်မ တွေးခေါ် မိတယ်။

မောင် သိတယ်လေ၊ ကျွန်မက ဝေးသီခေါင်တဲ့ တောင်ချိုင့်ဝှမ်း တွေ အလယ်က မြို့လေးမှာ မွေးဖွားလာတယ်။ မောင်နဲ့တွေ့တော့ တက္ကသိုလ်ပျိုဖြူတွေမှာ ကျွန်မက တောကျီးကန်းလိုပါ။ မောင်ချစ်တယ် ဆိုတာကိုလည်း အဲဒီတုန်းက အံ့ဩလို့ မဆုံးတော့ဘူး။ ကျွန်မ ဘီအီးဒီ အောင်တဲ့အထိရော၊ မြို့ကိုပြန်ပြီး အလုပ်လုပ်တဲ့ အထိပါ မောင်ဟာ ကျွန်မအပေါ် ချစ်ခဲ့တယ်။ ခုလည်း အမေရိကကို ထွက်ခွာသွားပေမဲ့ ကိုတင်ထွန်းအောင်ဆီက လိပ်စာရော၊ ဖုန်းရော ရှာပြီး ကျွန်မကို ပြန်လည် ဆက်သွယ်ခဲ့တယ်။

"အချစ်တစ်ယောက်တည်း အထီးကျန်လို့ စိတ်ဓာတ်ကျတယ် မထင်နဲ့၊ နိုင်ငံခြားမှာ အလုပ်လုပ်တဲ့လူတိုင်းလိုလို စိတ်ဓာတ်ကျတယ်" လို့ မောင်က ပြောတယ်။ "မောင်လည်း အစကတော့ အလုပ်နဲ့ မိသားစုနဲ့ ပျော်သလို ဖြစ်လာပေမဲ့ အခုသမီးတွေလည်း အိမ်ထောင်ခွဲ၊ မေကြည်မြင့် နဲ့လည်း အဆင်မပြေတော့ မောင် စိတ်ဓာတ်ကျတယ်။ ဒါကြောင့် မောင့် အချစ်ဆီကို လိပ်စာရှာဖွေပြီး ဆက်သွယ်ရတာ၊ အချစ်ကတော့ မောင့်ကို မေ့ထားပြီပေါ့"လို့ မောင်ကပြောတယ်၊ မောင်တော့ အချစ်အသံကြားရင် စိတ်ဓာတ်အင်အား ပြန်ပြီး ပြည့်လာလို့ ဆက်တာပါတဲ့။ ကျွန်မလည်း မောင့်အသံကြားရင် အင်အားပြည့်လာလို့ ကျေးဇူးတင်ပါတယ်။ မောင်





ပြောတဲ့ Love will keep us alive စကားလုံးဟာ သိပ်မှန်ပါတယ်။ မောင် ခွဲခွာသွားပြီး မေမေဆုံးပြီးတဲ့ နောက် အသေလိုအထီးကျန်သွားတဲ့ ဘဝဟာ မောင့်အချစ်ကြောင့် ရှင်ပြန်ထမြောက်လာတယ်။ အသက် ဝင်လာတယ် ဆိုရမှာပေါ့။

ဒိုင်ယာနာ ကွယ်လွန်တော့ တချို့ကလည်း မြေမှုန့်ထဲက ဒိုင်ယာ နာ မြေမှုန့်ထဲ ရောက်သွားတယ်ပေါ့။ သူ့အတွက် ဝမ်းနည်းကြေကွဲစွာ သီချင်းတွေ သီကုံးစပ်ဆိုကြတယ်။ မမြဲတဲ့ အနိစ္စသဘောကိုလည်း ဆင်ခြင်ကြတယ်။

ကျွန်မကတော့ ဒါလောက်လှပချောမောတဲ့ မိန်းမတစ်ယောက် ဘာဖြစ်လို့များ လင်သားဖြစ်သူ ချားလ်ရဲ့အချစ်ကို မရပါလိမ့် တွေးမိ တယ်။ များသောအားဖြင့် ကျွန်မသိရသလောက် ယောကျ်ားတွေဟာ အလှကို မက်မောကြတာပဲလို့ ကျွန်မထင်တယ်လေ။ မောင်လည်း မေကြည်မြင့်ကို လက်ထပ်တဲ့ အချိန်မှာ ကျွန်မထက် လှတယ်ဆိုတဲ့ အကြောင်းတစ်ခုလည်း ပါခဲ့ပါတယ်။ ဟုတ်တယ်မဟုတ်လား။

အခု ဒိုင်ယာနာဆုံးတော့ ယောကျ်ားတစ်ယောက် အချစ်ခံရဖို့၊ အိမ်ထောင်ရေး အရှည်တည်တံ့ခိုင်မြဲဖို့ဟာ မိန်းမတစ်ယောက် အတွက် အလှတစ်ခုတည်းနဲ့ မပြီးပါလားလို့ သတိသံဝေဂ ဖြစ်မိတယ်။

ချားလ်နဲ့ ကွာရှင်းပြတ်စဲပြီးတဲ့နောက် အချစ်သစ် ရှာတာအတွက် ဒိုင်ယာနာမှာ အပြစ်မရှိပါဘူး။ သူလည်း သူ့နှလုံးသားကို အချစ်နဲ့ ပြန်လည် ရှင်သန်ချင်မှာပေါ့။ ပုထုဇဉ်ပဲလေ။ လူတွေကလည်း ဒိုင်ယာနာ အပေါ် "သူလည်းလေ လောကီသားပေမို့" ဆိုတဲ့ စကားလုံးနဲ့ ငဲ့ညှာစွာ ကောက်ချက် ချကြပါတယ်။

မတူတာတွေကတော့ မြန်မာနဲ့ အနောက်ဟာ ကွာဟချက်တွေ အများကြီးပဲ။ လှိုင်ထိပ်ခေါင်တင်ဟာ အိမ်ရှေ့မိဖုရားပဲ၊ အိမ်ရှေ့မင်းသမီး ပေါ့။ ကနောင်မင်းသားကြီးက သူ့ကိုလျစ်လျူရှုတာကို ကာလရှည်လျားစွာ ခံစားခဲ့ရပါတယ်။ သားတော် ထန်းတပင်မင်းသားအတွက် သားချော

www.burmeseclassic.com

www.burmeseclassic.com

သီချင်းတွေစပ်ဆိုရင်း၊ လင်တော်မောင်ကို ရည်စူးပြီး ဘောလည်ပတ်ပျိုးတွေသီကုံးရင်း ကြင်ရာတော် မင်းသားကြီးလည်း သူ့အပေါ် စိတ်လည်လာအောင်၊ သူ့စိတ်ကိုလည်း တည်ငြိမ်အောင် စာပေနဲ့ဂီတဘက် လှည့်ပြီး ဖြေရှာရတယ်။ ကနောင်မင်းသားဟာ မြင်ကွန်းမင်းသားတွေလုပ်ကြံလို့ နတ်ရွာစံတဲ့အခါ အလောင်းပြင်ထားရာ နန်းရင်ပြင်ကို သွားကြည့်ပြီး လှိုင်ထိပ်ခေါင်တင်ဟာ လင်သည်အပေါ် အချစ်ကို ဖွင့်ဟရှာတယ်။ လက်တန်းစပ်တဲ့ လေးချိုးနောက်ဆုံး အပိုဒ်ဖြစ်တဲ့ -

"ကြောင်းမခိုင်၊ မပေါင်းပိုင် အခြေဆိုက်တာကြောင့်၊ နှစ်လောင်းပြိုင် သေကာလိုက်ချင်ပေ့၊ သောင်းထိုက်ညာဘွား. . ."

အချိုဒ်ဟာ ကနောင်မင်းသားကြီးအပေါ် ဘယ်လောက်ချစ်တယ်ဆိုတာ ရင်ဖွင့်လိုက်တာပါပဲ။

လှိုင်ထိပ်ခေါင်တင် မယ်တော် မိဖုရားမမြလေးလည်း ချစ်သူလင်တော်မောင် ဘုရင်ကြီး စိမ်းကားရက်စက်မှုကို ပြေလည်အောင် ကဗျာဂီတနဲ့ ဆွဲဆောင်ရင်း နောက်ဆုံး လင်တော်မောင်ဘုရင်ကြီး ကွပ်မျက်မှုကို ခံယူရတာတောင် သူ့နှလုံးသားက ချစ်သမျှကို ပတ်ပျိုးဖွဲ့နွဲ့ပြီး ဘုရင်ကြီးအပေါ် ဘယ်လောက်ချစ်တယ်ဆိုတာ သိမ်မွေ့စွာ ပြဆိုသွားကြပါတယ်။

သူတို့အချစ်တွေဟာ ရှေ့တိုင်းအချစ်လို့ ခေါ်မလား၊ မြန်မာမအချစ်လို့ခေါ် ဆိုရမလား မပြောတတ်ဘူးမောင်။

ဒိုင်ယာနာတို့ခေတ်ကျတော့ ကျွန်မတို့တောင် လိုက်မမီတော့ဘူး။ သူတို့အနောက်မှာ လက်မထပ်ဘဲ အတူပေါင်းသင်း နေထိုင်ကြတဲ့မလေ့ရှိနေကြပြီ။

သူတို့ တော်ဝင်မိသားစုမှာလည်း တော်ဝင်ဆိုတဲ့ ဂုဏ်ကိုတင်မဟုတ် ပါဘူး၊ မိန်းမဣန္ဒြေထိန်းသိမ်းမှု ရှိခဲ့တယ်။ အခုမင်းသမီး အင်နီတို့မာဂရက်တို့ကို ပြောတာမဟုတ်ဘူး။

ကျွန်မမေမေ ကျွန်မကို ပြောဘူးတယ်၊ ဘာအထောက်အထားနဲ့ ပြောတယ်လို့တော့ ကျွန်မ မသိဘူး။ အခု အယ်လီဇဘက် ဘုရင်မကြီးရဲ့





အဖေ ဆိုရမှာပေါ့။ ဆဋ္ဌမမြောက် ဂျော့ဘုရင်ကြီးရဲ့ မိဖုရားဟာ မေရီမိဖုရားကြီးတဲ့။ ကျွန်မလည်း မမီပေမဲ့ စာထဲဖတ်ဖူးပါတယ်။ သူတို့ဘိသိက်ပွဲဓာတ်ပုံ မေမေပြလို့ မြင်ဖူးတယ်။ အခု အယ်လီဇဘက် ဘုရင်မထက်တောင်ချောသေး၊ ကျက်သရေ ရှိသေးတယ်။ သူ့မှာ ငယ်ချစ်ရှိတယ်တဲ့။ စစ်ပွဲမှာ တိုက်ရင်း ကျဆုံးသွားတာတဲ့။ နန်းတော်ထုံးတမ်းစဉ်လာအရ ဂျော့ဘုရင် မင်းမြတ်ကို လက်ထပ်ရတာကိုး။ စိတ်ထဲတော့ မချစ်ဘူး။ ဒါပေမဲ့ မိဖုရားကြီးမေရီဟာ သိပ်မိန်းမပီသတယ်တဲ့။ လင်ကိုလည်း ကိုယ်တိုင်ပြုစု၊ စားသောက်ဖွယ်ရာကိုလည်း စားတော်ကဲနဲ့တင် လွှဲမထားဘူး၊ ကိုယ်တိုင်စီမံပြီး လင်တော်မောင်ကို ပြုစုတယ်လို့ မေမေက ပြောဖူးတယ်။ အဲဒီ ဂျော့ဘုရင်ကြီးဟာ သိပ်စည်းကမ်းကြီးပြီး ဣန္ဒြေကြီးတယ်။ "ဘုရင်ကြီးအပေါ်မှာ ငါမချစ်ဘဲယူရတယ်" လို့ မေရီမိဖုရားကြီးဟာ လင်သည်ကို ဘက်မတိုက်ဘူးဆိုရမှာ ပေါ့နော်။ လိမ်လိမ်မာမာနဲ့ သူ့ဘဝကို ထိန်းသိမ်းသွားတယ်။

ကျွန်မ ဘီအေမှာတုန်းက ဥရောပရာဇဝင် သင်တုန်းကလည်း ကထိက ဒေါ်မြစိန်က လက်ချာ ပေးတာနားထောင်ရတယ်။

"ဝိတ်ိုရိယ ဘုရင်မကြီးဟာ ဘုရင်မမို့လို့ မာနကြီးတယ်မထင်နဲ့တဲ့၊ လင်တော်မောင် အဲလ်ဘက်မင်းသားကြီးကျတော့ သူကချော့ရတယ်တဲ့။ ဘုရင်မကြီးနဲ့ ကြင်ရာတော်က တစ်ခန်းစီအိပ်တာကို ကြင်ရာတော် ဘာစိတ်ကောက်တယ်မသိဘူး။ အဆောင်တော်မကူးတော့ ဝိတိုရိယ ဘုရင်မကြီးက ကြင်ရာတော်အခန်းသွားရတယ်။ တံခါးကို ခေါက်လိုက်တော့. . .

"ဘယ်သူလဲ" လို့ အဲလ်ဘက် မင်းသားကြီးကမေးတော့ -

"မောင်မောင့်အချစ် လီလီဘက်ပါ" လို့ ဖြေရတယ်ဆိုပဲ။ ဒီတော့မှ ကြင်ရာတော်က အလျှော့ပေးတယ်။ ဪ. . . ဘုရင်မလည်း လင်နဲ့ကျ ချော့ရတာပဲ။

အခု အယ်လီဇဘက်(၂) ဘုရင်မကြီးတောင်မှ ဒင်ဒင်ဘာရာမြို့စားကို ကြင်ယာတော်အဖြစ်နဲ့ နန်းတက်ရဘယ်။ တစ်ခါက အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com

ရေး ဘာလိုလို သတင်းကြားရတယ်။ အင်ဒင်ဘာရာမြို့စားကြီးက စိတ်ကောက်ပြီး ပြင်သစ်ကမ်းခြေ ထွက်သွားလို့ ဘုရင်မကြီး ကိုယ်တိုင် လေယာဉ်ပျံနဲ့သွားခေါ်ပြီး ချော့တယ်လေ။ မောင်ရေ ကျွန်မတို့မိန်းမသားများ ရည်းစားဘဝကသာ အသာစီးရပေမဲ့ လက်ထပ်ပြီးရင် အချော့ဘက်ကချည်းပဲနော်။ မောင်ကထင်မှာပဲ။ အချစ်ဟာ ကြဲကြဲဖန်ဖန် ရေးတတ်တယ်လို့။ တကယ်ပါ။ သမိုင်းကိုသင်ခဲ့ရစဉ်က ဆရာတွေက ပြောတယ်။ သမိုင်းဘာသာရပ်မှာ ပုံနှိပ်ထားတဲ့ စာကြောင်းတွေထက် ပုံနှိပ်စာကြောင်းတွေကြားက မမြင်ရတဲ့ စာကြောင်းတွေက ပိုပြီးမှန်ကန် တတ်တယ်တဲ့။ အချစ်ပြောတာတွေ မောင်မယုံမရှိနဲ့။

ခုခေတ်ကျတော့လည်း မောင်ပြောတာတွေ၊ မောင်ရေးတာတွေ၊ မောင့်ကိုယ်တွေ့အရ သူတို့ဆီမှာ အိမ်ထောင်ရေးမှာ သစ္စာတရားဆိုတာ နည်းတယ်။ လက်မထပ်ဘဲလည်း မောင်နဲ့အတူ လာပြီးနေတဲ့ အအိုရော၊ အပျိုရော မိန်းမတွေ တစ်ပုံကြီးဆို။ လက်ထပ်စဉ် ဘုန်းကြီးရှေ့မှာ ရိုးမြေကျ အိုနာ ကျိုးကန်း ပေါင်းပါ့မယ် သစ္စာဆိုပေမဲ့ ဘာသာရေးအရ ကွာသာမကွာတာ၊ ယောကျ်ားကလည်း တခြားမိန်းမနဲ့၊ မိန်းမကလည်း တခြားယောကျ်ားနဲ့ နှစ်ပါးသွားကြတာပဲတဲ့။ ဒု-သ-န-သော ဆိုတာ မရှိဘူးတဲ့။

မောင်က တွဲချင်တဲ့မိန်းကလေးကို တွဲပြီး၊ လိုသမျှ ဖောဖောသီသီ ရနေလေတော့ အချစ်ကို ဘိုးတော်ဘုရားခေတ် ထုံးတမ်းစဉ်လာကြီးကို တရားသေ ဆုပ်ကိုင်ထားသူတဲ့။ နိုင်ငံခြားသူတွေနဲ့ တစ်ပုံစံတည်းတဲ့။ မောင်ဆိုလိုချင်တာက အချစ်ကို အတုံးကြီးပေါ့။ နိုင်ငံခြားရောက် မြန်မာအမျိုးသမီးတွေဆိုပေမဲ့ တချို့ဖြစ်ပါလိမ့်မယ်။ အားလုံးတော့ သိမ်းရုံး မပြောပါနဲ့။

မောင်က တော်တော်ပါးတယ်။ မောင် ရလိုတဲ့ဘက်ကျတော့ မိန်း ကလေးတွေ အထိန်းအချုပ်မရှိ လက်မထပ်ဘဲ အတူနေတဲ့စနစ်ကို ခေတ်မီတယ်တဲ့။ မောင့် သမီးတွေကျတော့ အမေရိကန်သား လူဖြူလူမည်း





တွေနဲ့ Date လုပ်မှာစိုးလို့ မြန်မာအချင်းချင်း ကိုယ့်မိတ်ဆွေသားတွေနဲ့ စောစောစီးစီး ပေးစားလိုက်ရတယ်တဲ့။ မောင် သိပ်တော်တယ်။

ကျွန်မကတော့ ခေတ်နောက်ကျတယ်ပဲပြောပြော၊ ကျောက်ခေတ်က လိုဏ်ဂူကြီးထဲမှာ အချစ်သွားနေလို့ပဲ ပြောပြော၊ သွားနေဆို သွားနေပါ့မယ်။ ကိုယ့်ချစ်လင် အမဲလိုက်ရင် နောက်က လေးမြားထမ်းလိုက်ပြီး ကူရမှာပေါ့။ တစ်လင်တစ်မယားစနစ်နဲ့ပဲ ချစ်ချစ်ခင်ခင် နေပါရစေ။

ပန်ကာအောက် ဆိုဖာကြီးပေါ်ထိုင်၊ မော်တော်ကား တဝီဝီစီး၊ တွဲချင်တဲ့လူနဲ့တွဲပြီး ကာမဂုဏ်တွေ ခံစားလို့မဆုံးတဲ့ ခေတ်မီသော မောင်တို့ လူနေမှုစနစ်ကြီးထဲမှာ မနေပါရစေနဲ့။

မောင်က မောင်ဟာ ပုထုဇဉ်၊ အိမ်ထောင်ရေး မချမ်းမြေ့တဲ့အတွက် ရူဘီနဲ့ဖြစ်ခဲ့ကြတယ်။ အမေရိကမှာလည်း ပုထုဇဉ်တွေတဲ့။ လူမှန်သမျှ ပုထုဇဉ်ပါ။ ကာမဂုဏ်ဆန္ဒဆိုတာလည်း ရှိတာပဲ။ ချစ်မေတ္တာလည်း ရှိတာပဲ။ အမှန်တရားလည်း ရှိတာပဲ။

ဒါပေမဲ့ ဆရာတစ်ယောက်က ပြောဖူးတယ်။ လူနဲ့ တိရစ္ဆာန် ဘာကွာ လဲဆိုတော့ "လူက အမှားအမှန်၊ အဆိုးအကောင်း ဝေဖန်ပိုင်းခြားတဲ့စိတ် ရှိတယ်။ စာရိတ္တစောင့်စည်းမှုရှိတယ်။အလှအပကို မြတ်နိုးတဲ့စိတ်ရှိတယ်တဲ့"

မောင်တို့ပြောသလို ပုထုဇဉ်မို့လို့ ကာမဂုဏ် ခံစားမှုအပေါ်မှာ အမှားအမှန် ဝေဖန်ပိုင်းခြားမှုမရှိဘဲလွှတ်ပေးရင် တိရစ္ဆာန်နဲ့ ဘာထူးတော့မလဲ။ နှလုံးသားဆိုတာ အတောမသတ် ဆန္ဒတွေနဲ့ မွတ်သိပ်တတ်တာပဲ။ ဒါကို ဦးနှောက်က ထိန်းသိမ်းရမှာပေါ့ မောင်။

(၄)

အချစ်ရေ. . .

အချစ်ရဲ့စာကို ဆက်ဖတ်ပြီး မောင်လည်း စာရေးလိုက်တာပါ။


www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ မရနိုင်တဲ့ ငါးဖယ်အောင်း ငါးပိကြော်တို့၊ ငါးရံ့ခြောက်ဖုတ်တို့ အမေရိကမှာရရင် ချေပြီး နည်းနည်း နည်းနည်းစားရတယ်။ တစ်ခါတည်း စားလိုက်ရင် ကုန်သွားမှာစိုးလို့။

အဲဒီလိုပဲ အချစ်ရဲ့စာကို တစ်ချိုတည်း ဖတ်လိုက်ရင် ဆုံးသွားမှာ စိုးလို့ တဖြည်းဖြည်း ခွဲဖတ်ရတယ်။ နောက်တစ်စောင်ဆိုတာ မရောက်သေးခင် မောင်နေရတာ ခြောက်သွေ့လွန်းလို့ စိတ်ဓာတ်တွေကျရင်၊ ဖုန်း မပြောရတဲ့အခါ အချစ်စာကို ဖတ်လိုင်ရင် ဘက်ထရီ ချာဂျင်သွင်းသလိုပဲ အားပြန်ပြည့်လာတယ်။

မောင်ပြောတဲ့ M.PEMBERTON ရေးတဲ့ GODDESS မတွေ့ တွေ့အောင်ရှာဖတ်ပါ။ အဲဒါကတော့ ဝတ္ထု။ ဒါရိုက်တာကြီးဟာ ဇနီးသည်နှင့်အတူ မော်တော်ကားမောင်းရင်း ဇနီးသည်က စိတ်ဖောက် လာပြီး ရှန်းရင်းဆန်ခတ်ဖြစ်ပြီး ကားမှောက် မီးလောင်သွားပြီး ဇနီး သေသွားတယ်။ သူကဒဏ်ရာရရတယ်။ ပြီးတော့ သူချစ်တဲ့ ရုပ်ရှင် မင်းသမီးလေးနဲ့ ညားသွားရတယ်။ မောင်တို့ ဇာတ်လမ်းက ဝတ္ထုမဟုတ် လေတော့ ဘယ်လိုအဆုံးသတ်မယ်မသိဘူး။ ဝတ္ထုလို အစလည်းမရှိ၊ အဆုံးလည်း မရှိ။

အချစ်ပြောသလို စာရိတ္တဆိုတာကို တဖြည်းဖြည်း ထိန်းပါတယ်။ ဒီမှာက ဆွဲဆောင်မှုတွေကများ၊ ဇနီးကလည်း အပါးမှာ မရှိဘူးမို့လား။ အချစ်က ဖုန်းထဲမှာ Pleasure without conscience ဖြစ်ရင် မကောင်းဘူးတဲ့။ ပျော်လိုတဲ့ သဘောပါဆိုပေမဲ့ အကောင်းအဆိုး ခွဲခြား ဝေဖန်ခြင်း မရှိဘဲ အပျော်လွန်တာ အချစ်မကြိုက်ဘူးလို့ ဆိုပါတယ်။

ကျေးဇူးတင်ပါတယ်၊ အချစ် မောင့်ကို အဝေးကနေ remove control အဝေးခလုတ်နဲ့ ထိန်းချုပ်ပေးလို့။ မောင့်မှာက ဘယ်သူမှ အနီး အနား မရှိဘူးလေ။ ဇနီးသည်ရှိနေလည်း မောင်က သူ့ကိုဂရုစိုက်တာ မဟုတ်။ နှစ်ယောက် မျက်နှာချင်းဆိုင်ရင် ရန်ဖြစ်ရကော။ ဒီတော့လည်း မောင်က ထိန်းချုပ်မှုတွေ လွတ်နေတယ်။





အချစ်စကားကို နားထောင်ပါတယ်။ အရက်ကိုလည်း တဖြည်း ဖြည်း လျှော့သောက်လာတယ်။ ဒီလဆေးစစ်တော့ သွေးထဲမှာ အယ်လ်ကို ဟောလ် မရှိတော့ဘူး။ ပြီးခဲ့တဲ့လက လုံးလုံး မသောက်တော့လို့ပဲ။

ဒီမှာ မြန်မာပြည်က သီချင်းခွေတွေရှိတယ်။ မေရှင် ဆိုတဲ့ သီချင်း ကြားရတော့လည်း အချစ်နဲ့မောင် မြန်မာပြည် မောင်ပြန်ရောက်ရင် ရှမ်းပြည်နယ်ကို တောင်ပိုင်းရော၊ မြောက်ပိုင်းရော လည်ချင်တယ်ကွယ်၊ အချစ်က မောင်ခေါ်ရာ လိုက်ပါ့မလား။

ခုထိလည်း ထိန်းချုပ်မှုသံဆန်ခါကြီးထဲမှာ အချစ် ကိုယ်ကို အချစ် အကျဉ်းချထားတုန်းပဲလား။

အချစ်စာဖတ်ပြီး အင်္ဂလန် ဧကရာဇ် ပဒေသရာဇ်တွေနဲ့ မြန်မာ့ ပဒေသရာဇ် သက်ဦးဆံပိုင်စနစ်တွေကို မောင် ပြန်တွေးမိတယ်။

အင်္ဂလန်မှာ ပါလီမန်နဲ့ တွဲဖက်ထားတဲ့ ဘုရင်စနစ်ဆိုတော့ အင်္ဂလန် ဘုရင်တွေဟာ ၁၉-၂၀ ရာစုနှစ်တွေရောက်လာတော့ ထင်တာ လုပ်လို့ မရတော့ဘူးလေ။ မြန်မာလည်း အကယ်၍ အင်္ဂလိပ်သိမ်းပိုက်တာ မခံရရင် စည်းမျဉ်းခံ ဘုရင်စနစ် ပြောင်းလဲကောင်းပြောင်းလဲမယ်လို့ မောင် ထင်တယ်။

ဒါပေမဲ့လည်း ရုရှားပြည်ကြီး (ဆိုဗီယက်ယူနီယံ) ပြိုကွဲတာ ကြည့် ပြီးတော့လည်း မောင် တစ်မျိုးတွေးမိတယ်။

ရုရှားပြည်ကြီးဟာ သက်ဦးဆံပိုင် ဘုရင်တွေ လက်အောက်မှာ မြေရှင် မှူးမတ်တွေရဲ့ နှိပ်စက်ခံရ၊ ဘုရင်က နှိပ်စက်နဲ့အလုပ်သမား၊ လယ်သမား ပြည်သူတွေဟာ အဖိနှိပ်ခံ လူတန်းစားဖြစ်ပြီး ဒုက္ခအမျိုးမျိုး တွေ့ခဲ့ရတယ်။ ကားလ်မတ်စ်တို့၊ လီနင်တို့က လူမွဲတို့ ထွက်ရပ်လမ်း ကွန်မြူနစ် ဝါဒကြီးကို ထူထောင်ခဲ့တယ်။ လူကို စနစ်နဲ့ ထိန်းချုပ်ပြီး လူတိုင်း အခွင့်အရေးတူညီစွာ ခံစားနိုင်အောင် စေတနာနဲ့ ရုရှား တော်လှန်ရေးကြီး လုပ်ခဲ့ကြတာပဲ။

ကွန်မြူနစ်ဝါဒ စနစ်ကြီးဟာ စတာလင် လက်ထက်လည်း



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရော လူတစ်ယောက် အာဏာခိုင်မြဲမှုအတွက် အသုံးချယန္တရားကြီး ဖြစ်သွားရပြီး ကွန်မြူနစ်ဝါဒ လက်အောက်မှာ သက်ဦးဆံပိုင် စနစ်လိုပဲ အာဏာပိုင်တွေကို ကြောက်ရွံ့ပြီး တထိတ်ထိတ် တလန့်လန့် နေကြရတယ်။ ပိုမိုပြီး ပြည်သူလူထုမှာ ဆင်းရဲသွားရတယ်။

မောင်လေ အာမေနီယံပြည်နယ် ငလျင်လှုပ်တုန်းက အများကြီး ပျက်စီးတာ တီဗွီထဲမှာ ကြည့်ရတာ၊ အပျက်အစီးတွေကို ကရိန်းနဲ့ ဆွဲပြီး ဖယ်ရှင်းနေတုန်း သမ္မတဂိုဟာချော့ဗ် ရောက်လာတယ်။ အဲဒီမှာ ဒေသခံတွေနဲ့တွေ့တော့ သူတို့က ဂိုဟာချော့ဗ်ကို ပြောပြကြတယ်။ ကျွန်တော်တို့ ဒေသဆိုင်တွေ (ပြည်သူ့ဆိုင် သဘောမျိုးတွေပေါ့) လိုက်ကြည့်ပါ။ လူသုံးကုန်ပစ္စည်း လုံလုံလောက်လောက် မရှိဘူးလို့ ဝိုင်းဝန်းပြောကြတယ်။ ရှရှားဆောင်းဟာ ဘယ်လောက်အေးလဲ၊ အဲဒီမှာ ခြုံစရာလုံလုံလောက်လောက် စောင်မရှိဘူး။

မောင်က အဲဒီကုန်းကတည်းက စဉ်းစားမိတယ်။ သက်ဦးဆံပိုင် ဘုရင်စနစ်နဲ့ မြေရှင်ပဒေသရာဇ်တွေလက်အောက်မှာ အလုပ်သမား လယ်သမား ပြည်သူလူထုတွေ အနှိပ်စက်ခံရလွန်းလို့ မမျှမတ မဝတာဝ စားရလို့ ကွန်မြူနစ်စနစ်ကြီး ထူထောင်ပါတယ်၊ အဲဒီ လက်အောက်မှာလည်း လူထုဟာ စားဝတ်နေရေး မဖူလုံတဲ့အပြင် အာဏာချုပ်ကိုင်ထားသူတွေကို ကြောက်ရွံ့ပြီး တထိတ်ထိတ် တလန့်လန့် နေရတယ်။

ဒီတော့ စနစ်ကောင်းပေမဲ့ ဒီစနစ်ကြီးအောင်မြင်ဖို့ ယန္တရားကို မောင်းနှင်တဲ့ လူကိုရော ဘာနဲ့ထိန်းချုပ်မလဲဆိုတာ မောင် တွေးတယ်။ အဲဒီတော့ လူဟာ အရေးကြီး အစိတ်အပိုင်းမှာ အဓိကကျလာတယ်။

ဘုရင်ဆိုတဲ့ လူတွေ ထင်ရာမစိုင်းဖို့ ပါလီမန်ထားရတယ်။ ပါလီမန်က လူတွေ တစ်ခါ ထင်ရာမစိုင်းဖို့ အခြေခံဥပဒေနဲ့ ထိန်းရတယ်။

လီနင်က ပြောခဲ့ဖူးပါတယ်။ ပြည်သူ လူထုအတွက် လောကနိဗ္ဗာန် ထူထောင်ဖို့ မင်းတို့ပါတီ လုပ်ဆောင်မှုဟာ အောင်မြင်သလား၊ မအောင် မြင်သလားဆိုတဲ့ လူထုအပေါ်





သက်ရောက်တဲ့ အခြေအနေကို ကြည့်ပြီး မင်းတို့လုပ်ငန်းကို စိစစ်ပါတဲ့။ ဆိုလိုတာက လူထုမှာ စားဝတ်နေရေး မပြေလည်သေးရင် သူတို့ လုပ်ကိုင်ပုံ မဟုတ်လို့ ပဲဆိုတာ ချင့်ချိန်နိုင်ဖို့ လီနင်ပြောခဲ့တာ။ သူ့ခမျာ တကယ့်စေတနာနဲ့ ဆင်းရဲသားအလုပ်သမား တွေအတွက် တော်လှန်ရေးကြီးတစ်ရပ် ဆင်နွှဲပြီး ဆောင်ရွက်ခဲ့ပေမဲ့ ခုတော့ သူ့ကျောက်ရုပ်ကြီးတောင် လီနင်ဂရက်က ဖယ်ရှားခံရပြီး သူ့ နာမည် လီနင်ကိုတောင် မထည့်တော့ဘဲ "စိန့်ပီတာစဘက်" လို့ မြို့ကို လည်း အမည်ပြောင်းလိုက်တယ်။

မောင်တော့ အခုလူတွေဟာ ဆင်းရဲရင် အကုသိုလ်အလုပ်တွေ မတရားမှုတွေ လုပ်တယ်ဆိုတာ မယုံတော့ဘူး။ ကိုရီးယား၊ ဂျပန်နဲ့ အမေရိကမှာ သူဌေးတွေ ကိုယ်တိုင်လာဘ်စားကြ၊ မကောင်းမှုလုပ်ကြ၊ ဝန်ကြီးတွေ အပြစ်ရှိလို့ ခဏခဏ ရာထူးကထွက်ကြရတယ်။

မောင်ရေးတာတွေကလည်း ဘယ်ရောက်ကုန်လဲလို့ အချစ်ထင်မှာပဲ။ အချစ်ဆီ စာရေးနေရရင် ပျော်ပြီး ရေးချင်တာထည့်ရေးတာပါ၊ အဆက်အစပ် ရှိပါတယ်။

ခုန မောင်ပြောခဲ့တဲ့ အင်္ဂလန်မှာလည်း ဘုရင်စနစ်ကို လေးစားတဲ့ လူတွေရှိသလို၊ ဒီဘုရင်တွေဟာ တိုင်းသူပြည်သားအတွက် ဝန်ထုပ်ဝန်ပိုးလို့ယူဆတဲ့ လူတွေရှိတယ်။

မဟာသာကီတွေကို သိပ်လေးစားမြတ်နိုးတဲ့ အုပ်စုကတော့ တော်ဝင်မိသားစုကိုထိရင် မခံချင်ကြဘူး။ မောင်တို့ဆီမှာ ဂျာနယ်တွေ အမျိုးစုံဖတ်ရတော့ အချို့ဒိုင်ယာနာ သေဆုံးမှုကို တစ်မျိုးရေးကြတယ်။ လုပ်ကြံမှုမကင်းဘူးလို့ ယူဆကြတယ်။

ဒိုင်ယာနာဟာ အကယ်၍ ဒိုတီနဲ့ရသွားရင် ဒိုတီဟာ အီဂျစ်ပြည်သားဆိုတော့ အာဖရိကနွယ်ဝင် အာဖရိကန်ပေါ့။ သူတို့ နှစ်ယောက်ဟာ မွေးလာတဲ့ရင်သွေးဟာ အခု အိမ်ရှေ့နန်းညွန့်နန်းလျာ ဝီလီလျံမင်းသားတို့နဲ့အမေတူ အဖေကွဲ မောင်နှမ ညီအစ်ကိုတွေဖြစ်လာမယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီတော့ တော်ဝင်ထဲမှာ အာဖရိကန်လူမည်းသွေး မပါရဆိုပြီး အယူသီးတဲ့ လူဖြူလူမည်း ခွဲခြားချင်တဲ့ဆန္ဒရှိတဲ့ လူတွေက ဒိုင်ယာနာနဲ့ ဒိုတီကို သေကြောင်းကြံတယ်လို့လည်း ယူဆ ကြတယ်။ ဘယ်လောက်ထိမှန်လို့ ဘယ်လောက်ထိ မှားလဲတော့ မသိဘူး။ သေတဲ့လူတွေတော့ သေသွားကြရပြီ။ ဒိုတီနဲ့ ဒိုင်ယာနာ ညားသည်ဖြစ်စေ၊ မညားသည်ဖြစ်စေ သူတို့ ကိုယ်ရေးကိုယ်တာ၊ သူတို့လုပ်သမျှ သူတို့ခံရမယ့် ကိစ္စမှာ လူစိတ်ကင်းပြီး ညှာတာမှုမရှိတဲ့ သတင်းထောက် အုပ်စုကိုတော့ စာပေလောက က ပြင်းပြင်းထန်ထန် သတိပေးသင့်တယ်။ သတင်းရယူမှု၊ သတင်းရေးသားမှုတွေဟာ လွတ်လပ်သင့်တာမှန်ပေမဲ့ ညှာတာထောက်ထား ကရုဏာတရားနဲ့ယှဉ်ပြီး လုပ်သင့်တာပေါ့။

ကဲ ... မောင့်စာကို ခေတ္တနားပြီး အချစ်ရဲ့စာကို ဆက်ပြီး ဖတ်လိုက်ပါဦးမယ်။

(၅)

စက်တင်ဘာလ (၁) ရက်နေ့မှာ မောင်နဲ့ တယ်လီဖုန်းထဲမှာ ဒိုင်ယာနာ အကြောင်းနဲ့ ပတ်သက်ပြီး မောင်နဲ့ အချစ်မပြေမလည် ဖြစ်ခဲ့ရတယ်။

မောင့်ကို အချစ်စာထဲမှာ ရေးခဲ့တယ်။ လူတွေဟာ မျက်နှာကြီးငယ် လိုက်တယ်။ ဘက်လိုက်တယ်လို့။ မောင်လည်း ဘက်လိုက်တဲ့အထဲမှာ အပါအဝင်ပဲ။ ဒီတစ်ခါတော့ စိတ်မဆိုးပါနဲ့နော်။

စက်တင်ဘာလ ၅ ရက်နေ့မှာ မာသာထရီဇာ တစ်ယောက် ကွယ်လွန်အနိစ္စရောက်ခဲ့တယ်။ ကြားကြားချင်း ကျွန်မ တုန်လှုပ်လိုက်တာ။ အမှန်ပါ။ ဒိုင်ယာနာ ကွယ်လွန်ကြောင်း ကြားရတုန်းက ဒီလို စိတ်ထိခိုက်မှုမဖြစ်ခဲ့ဘူး။

မောင်က မာသာထရီဇာ ကွယ်လွန်ကြောင်းကို စက်တင်ဘာ





၁၈ ရက်နေ့မှ ကျွန်မဆီ ဖုန်းဆက်တယ်။ ဒါပေမဲ့ မောင့်အသံက ဒိုင်ယာနာ ကွယ်လွန်ကြောင်း ပြောစဉ်ကလို ကြေကွဲသံမပါဘူး။

ကျွန်မအဖို့တော့ မာသာထရီဇာကို ကြည်လည်းကြည်ညို၊ လေးစားလည်း လေးစားတယ်။ ဘာသာမတူ၊ လူမျိုးမတူပေမဲ့ သူ့နှလုံးသားကို ကျွန်မမြတ်နိုးတယ်။

ကျွန်မတို့ဆီမှာတောင် ဘုန်းကြီးကျောင်းတွေ၊ ရိပ်သာတွေမှာ ငွေတွေ သိန်းချီလှူခဲ့ကြပေမဲ့ ဝေယျာဝစ္စ တစ်ရက်လုပ်ဖို့၊ အိမ်သာဆေးဖို့ အညစ်အကြေးသန့်စင်ဖို့ လုပ်ကြရမယ်ဆိုရင် ဝန်လေးကြတယ်။ တချို့မလုပ်ပါဘူး။ မသာထရီဇာကြီးကတော့ သူငယ်ငယ် သီလရှင်ဘဝ ရောက်ကတည်းက လောကီစလေ့ပုထုဇဉ် ခံစားမှု စည်းစိမ်တွေလည်း စွန့်လွှတ်ခဲ့တယ်။ လူနာတွေဆိုလည်း အပေါ်ယံကြော မဟုတ်ဘူး။

တကယ် ကူးစက်တတ်တဲ့ ဝမ်းရောဂါ၊ ကိုယ်ခံအားနည်းကျဆင်းတဲ့ ရောဂါ၊ အဆုတ်နာ၊ ကိုယ်ရေပြား ရောဂါသည်တွေကို မရွံမရှာကိုင်တွယ်ပြုစုတဲ့ သူတော်စင်တစ်ယောက်ပါ။ သူ့ရဲ့ လူသားတွေအတွက် ကိုယ်ကျိုးစွန့်လွှတ် အနစ်နာခံမှုတွေကတော့ ရေးမကုန်ပါဘူး။ အလောင်းအလျာ ပါရမီဖြည့်သလိုပါပဲ။

ဒီအမျိုးသမီးကြီးကို စံထားပြီး ကျွန်မကြိုးစားနေတယ်။ သူ့လိုတော့ ကိုယ်က သူနာပြုအတတ် မတတ်ပေမဲ့ ကိုယ့်တတ်နိုင်တဲ့ဘက်က လူသားတွေအတွက် ဘာလုပ်ပေးရမလဲဆိုတာပဲ စဉ်းစားနေတယ်။ အခု ကျွန်မအလုပ်က စားပွဲ၊ ကုလားထိုင်မှာ ထိုင်ပြီး ကလေးတွေစာသင်ပေးတာလည်း ကုသိုလ်ရပေမဲ့ မာသာထရီဇာတို့လို လူသားတွေအတွက် စွန့်လွှတ် စွန့်စားတဲ့ အလုပ်ကို လုပ်ချင်တာပါ။ တကယ်ကို ကမ္ဘာမှာ စံထားထိုက်တဲ့ စံပြအမျိုးသမီးကြီးပါပဲ။

စိတ်ထဲမှာ သူ့အကြောင်း ဖတ်ဖူးတဲ့အထဲက ကင်ဆာဝေဒနာ လူနာမှာ အနာကိုလောက်တက်နေတာ တစ်ကောင်ချင်း ဖယ်ရှားပေးနေတဲ့ သူ့ပုံကိုပဲ မြင်ယောင်တယ်။ ကျွန်မတို့ဆို ကိုယ်စားတဲ့ ငါးပိ



www.burmeseclassic.com

www.burmeseclassic.com

လောက်တက်တာတောင် မျက်စိမှိတ် သန့်စင်ပစ်ရတယ်။ ဩော်. . . တကယ့်ကို အစားထိုးမရတဲ့ အမျိုးသမီးကြီးပဲ။ သူ့ကို နိုဘယ်လ်ဆု ပေးသင့်ပါတယ်။ ကျန်သီလရှင် လေးတွေကို သူ့လိုပဲ ဆောင်ရွက်နိုင်အောင် ပြုစုပျိုးထောင်ပေးပြီး သူ့အမွေကို ဆက်ခံစေတယ်။

အိန္ဒိယပြည်ကလည်း နိုင်ငံတော်စျာပနအဖြစ် ကျင်းပပေးခဲ့တယ်။ သူ့စျာပနကို နိုင်ငံတကာ အစိုးရအဖွဲ့ဝင် အကြီးအကဲတွေ တက်ရောက် ခဲ့ကြပါတယ်။

ဒါပေမဲ့ လူတွေ ဘက်လိုက်တယ်ဆိုတာ ဒိုင်ယာနာလောက် စာနယ်ဇင်းတွေက ဂယက်ရိုက် မရေးသားကြတာကို ကျွန်မပြောတာပါ။ မောင်လည်း တူတူပါပဲနော်။ စိတ်ဆိုးသွားလား။

ဟိုတစ်ခါ ကျွန်မ အင်္ဂလန်မှာ ရှိနေတုန်းက ၁၉၈၂ ခုနှစ်လောက်ကပေါ့။ ဂရေ့စ်ကယ်လီ ကွယ်လွန်ခဲ့တယ်။ သူလည်း ပြင်သစ်မှာ ကားတိုက်မှုနဲ့ပဲ ကွယ်လွန်ခဲ့ရရှာတယ်။ သူ့စျာပန အခမ်းအနားကို မနက် ၇ နာရီမှာ တီဗွီစောင့်ဖမ်းပြီး ကျွန်မကြည့်ခဲ့တယ်။ ခေါင်းထဲက ပန်းတွေရဲ့ အလယ်မှာ အိပ်ပျော်နေသလိုပါပဲ။ ချောလိုက်၊ ကျက်သရေရှိလိုက်တာ မပြောပါနဲ့။ ငယ်ငယ်တုန်းက နတ်သမီးပုံပြင်ထဲက Sleeping Princess ကို သွားသတိရတယ်၊ သေတာနဲ့ မတူဘူး။ ပုံမပျက် အိပ်ပျော်နေသလိုပဲ။ သူ့ကို ချစ်ကြတဲ့ မိုနာကိုပြည်သူတွေရဲ့ လာပို့တဲ့ လွမ်းသူ့ပန်းတွေကလည်း တစ်ပုံတစ်ပင်ပဲ။

ဘုရားရှိခိုးကျောင်း ထောင့်တစ်နေရာမှာ သမီးများနဲ့ အတူ ရပ်နေတဲ့ မိုနာကိုမင်းသားကြီးမျက်နှာဟာ ကြေကွဲဝမ်းနည်းထိခိုက်နေတဲ့ ခံစားမှု အပြည့်နဲ့။

ဂရေ့စ်ကယ်လီဟာ သူ သိပ်ချစ်တဲ့ အမျိုးသမီးလေ။

ချစ်လည်း ချစ်ပေမပေါ့။ ဂရေ့စ်ကယ်လီဟာ ဟိုးလိဝုဒ် ရုပ်ရှင်မင်းသမီး။ ဟိုးလိဝုဒ်ဆိုရင် ကျွန်မတို့ကအစ မင်းသမီး အယ်လီဇဘက်တေလာတို့၊ မွန်ရိုးတို့ လင်ထည်လဲယူတာတွေကိုပဲ မြင်ယောင်ခဲ့တယ်။





မောင် အမေရိကမှာနေတဲ့သူဆိုတော့ ပိုသိမှာပါ။ မွန်ရိုးကိုတောင် မောင် စွဲလမ်းခဲ့သေးတာပဲ။

ဂရေ့စ်ကယ်လီကတော့ သရုပ်ဆောင်စဉ်သာ ရုပ်ရှင်မင်းသမီးလို သရုပ်ဆောင်ပေမဲ့ အပြင်မှာ ဣန္ဒြေနဲ့နေရမယ်လေ။ ဒီနန်းတော် ဆိုတာ ကလည်း တကယ်တော့ ပြည်သူကို ကိုယ်စားပြုတာ။ ခမ်းကြီးနားကြီး နေရတယ် မဆိုဘူး။ ဣန္ဒြေရရ နေရမယ် ပြောတာ။

မောင်ရယ်. . . ဒီနေရာမှာ ကျွန်မလေ အလောင်းတော် ဇနက္က မင်းသားပြောစကားကို သတိရတယ်။ "လူတွေဟာ တစ်သက်မှာ တစ်ခါ သေကြရမှာပဲတဲ့၊ သို့သော် အပြစ်ကင်းသော သေခြင်းနဲ့ သေရဖို့ အရေးကြီးပါတယ်" တဲ့။

ကျွန်မလည်းလေ သေချင်တယ်။ အဟုတ်ပါ မောင်။ တကယ်တော့ မောင်လည်းမရှိ၊ ကျွန်မ အလွန်တွယ်တာ ယောက်ထားရတဲ့ အမေလည်း မရှိလေတော့ ဘဝမှာ အသက်ရှင်ရက်နဲ့ သေဇီနေသလိုပဲ။

တကယ်တမ်း သေရမယ့် တစ်နေ့မှာတော့ မာသာထရီဇာတို့လို၊ မိုနာကို မင်းသမီး ဂရေ့စ်ကယ်လီတို့လို အပြစ်ကင်းသော သေခြင်းနဲ့ ဂုဏ်သိက္ခာရှိစွာ သေချင်ပါတယ်။

ကျွန်မတို့ မြန်မာပြည်မှာ ကျွန်မစံထားတဲ့ အနုပညာသည် အမျိုးသမီးကြီး နှစ်ယောက်ရှိတယ်။ ဇာတ်သဘင်လောကမှာ ကောလိပ်စိန်၊ ရုပ်ရှင်လောကမှာ မေရှင်။ သူတို့နှစ်ယောက်ဟာ ဂရေ့စ်ကယ်လီလိုပဲ။ ဇာတ်ထဲ၊ ရုပ်ရှင်ထဲ သရုပ်ဆောင်စဉ်သာ ဇာတ်လမ်းအရ ကပြသရုပ်ဆောင်ပေမဲ့ အပြင်မှာ မိန်မဣန္ဒြေကို ထိန်းသိမ်းကြတယ်။

ကျွန်မကြားဖူးသလောက် ဂရိတ်ဘိုးစိန်ကြီးဟာ သိပ်မျက်နှာပွင့်၊ မြှာစွံတယ်။ သူ့ခေတ်က ပွဲကြည့်ပရိသတ်ထဲက မင်းကတော်၊ စိုးကတော်၊ သူဌေးသမီးကြီးတွေ ကွမ်းသီးဖက်ဆေးလိပ်ထဲ ရွှေဒင်္ဂါးထည့်ပြီး ဘိုးစိန်ကြီးကို ပေးကြတယ်တဲ့။ သူနဲ့တွဲတဲ့ မင်းသမီးတွေဆိုလည်း သူနဲ့ ငြိကြတာချည်းပဲ။ ကောလိပ်စိန်ကိုတော့ ဖိုးစိန်ကြီးက လက်ပြောက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လို သွေးဆောင်လို့မှမရဘူး။ နာမည်ကောင်းနဲ့ ကောလိပ်စိန်ဟာ သေသွားပါပြီ။

မေရှင်ဆိုလည်း ခုထိ ဣန္ဒြေကို စောင့်ထိန်းတယ်ဆိုတဲ့ ဂုဏ်တစ်လုံးနဲ့ နေသွားတာပါ။ ရုပ်ရှင်သရုပ်ဆောင်လုပ်တာနဲ့ ဖောက်ပြန်ရမယ်၊ လင်သားရှိပါရက်နဲ့ တစ်ခြားသူနဲ့ ပေါင်းသင်းတယ် ဆိုတာတော့ အထူးသဖြင့် မြန်မာ့ပတ်ဝန်းကျင်မှာ မဖြစ်သင့်မဖြစ်ထိုက်ဘူးပေါ့လေ။ မောင်တို့ အမေရိက ကတော့ ရိုးနေပြီပေါ့။

ကျွန်မ စာကို နိဂုံးချုပ်ချင်ပြီ မောင်။ နိဂုံးချုပ်မှာ ကျွန်မ ရေးချင်တာက ကျွန်မ အခု အသက် ၆၀ ပြည့်ပြီ။ မောင်နဲ့ ခွဲခဲ့တာ အနှစ် ၃၅ နှစ်ရှိခဲ့ပြီ။ ကျွန်မ ကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနဲ့ အခုထိ နေတုန်းပါပဲ။ ကျွန်မ ပင်စင်ယူပြီးရင် ဘာလုပ်မလဲဆိုတာ ကျွန်မ အစီအစဉ် ရေးဆွဲနေတယ်။

ကျွန်မမှာ နောက်ဆုံးတင်းစရာ ဘယ်သူမှ မရှိဘူး။ ကျွန်မ ချစ်သူမောင်က တခြားအမျိုးသမီး ရင်ခွင်မှာ၊ မိဘတွေလည်း မရှိတော့ဘူး။ ကျွန်မ ပင်စင်ကိစ္စတွေ လုပ်ပြီးရင် ကျွန်မရဲ့ တောင်ကြီးချိုင့်ဝှမ်းက မြို့လေးကိုပြန်မယ်။

အဲဒီက ပြင်ဆင်စရာတွေ ပြင်ဆင်ပြီး ကျွန်မ ခရီးဆက်မယ်။ မြန်မာပြည် မြေပုံမှာ အရှေ့ဘက်ဆုံး လက်သဲခွံလေးလို ချွန်ထွက်နေတဲ့နေရာတွေ့လား။ အဲဒီ ဒေသတွေကိုသွားမယ်။

တစ်ခါက ကျွန်မနဲ့ လုပ်ဖော်ကိုင်ဖက် ကျောင်းဆရာတစ်ယောက် ပြောပြတယ်။ အဲဒီဒေသမှာ ကျောင်းတွေဖွင့်ထားပေမဲ့ ဌာနေမိန်းကလေးတွေက ပြောတယ်တဲ့. . .

"ဆရာတို့ ကျောင်းတက်လို့ ၁၀ နှစ်ကြာမှ ကျွန်မတို့ ထမင်းစားရမှာ၊ အခု ဟိုဘက်ကမ်းကူးလိုက်ရင် စားဖို့သောက်ဖို့လည်း ရတယ်၊ မိဘကိုလည်း လုပ်ကျွေးနိုင်တယ်" ဆိုပြီး ဟိုဘက်ပဲ ကူးသွားကြတယ်။ မိဘတွေကလည်း ခွင့်ပြု၊ တချို့လည်း ရောင်းစားနဲ့ တစ်ဖက်နိုင်ငံမှာ





ပြည့်တန်ဆာတန်း ရောက်ကြရတယ်။

ကျွန်မ အဲဒီဒေသ အရောက်သွားပြီး အခြေတကျ နေထိုင်ပြီး ဖောက်ချအလုပ်လုပ်မယ် စိတ်ကူးတယ်။ စိတ်တူသဘောတူ သူငယ်ချင်းဆရာမတွေအဖော်လုပ်ပြီး သွားမယ်။ သူတို့ကို ပညာလည်းပေး၊ စီးပွားရေးအခက်အခဲ လည်း ဖြေရှင်းပေးရမှာပေါ့။ မိဘ လုပ်ကျွေးတယ်ဆိုပေမဲ့ သမာအာဇီဝဖြစ်ရမယ်၊ အလွယ်လမ်း မလိုက်ရဘူးဆိုတာ သိအောင်လုပ်မှာပေါ့။ ပြီးတော့ ဒီအလုပ်လုပ်လို့ စွဲကပ်လာမယ့် ရောဂါက လူမျိုးအညွန့်တုံးမယ်ဆိုတာလည်း အသိပေးရမယ်။ အစိုးရချည်းပဲ တာဝန်ပေးလို့မဖြစ်ဘူးလေ။ ဒီလိုနေရာတွေကို ကျွန်မတို့ ပညာတတ်တွေ ဆင်းရမယ်။ ကြာကြာနေရင် လူမျိုးကို အမျိုးခံရလိမ့်မယ်။ သူတို့နဲ့ လက်ရည်တစ်ပြင်တည်းနေမှလည်း သူတို့အခက်အခဲကိုသိပြီး ဖြေရှင်းနိုင်မှာလေ။ သူတို့က တကယ်တော့ စိတ်ရင်းရိုးသားကြပြီး အသိဉာဏ် နည်းတယ်။

မောင်က ကျွန်မ ကျန်မာရေးကို ဖုန်းဆက်တိုင်း မေးတယ်။ အခုအသက် ၆၀ ပြည့်ပေမဲ့ ကျန်းမာရေး ကောင်းတုန်း၊ အလုပ်လုပ်နိုင်တုန်းပါပဲ။ တောင်ကြီးချိုင့်ဝှမ်းဒေသမှာ မွေးဖွားလာတော့ ရာသီဥတုဒဏ်လည်း ခံနိုင်ပါတယ်။

မောင့်ကို မခွဲချင်ပါဘူး။ အခု တယ်လီဖုန်းနဲ့ ပြန်ဆက်သွယ်မိတာတောင် ဝမ်းလည်းသာ၊ ဝမ်းလည်းနည်းတယ် မောင်။ ကာမပိုင်ရှိတဲ့ မောင့်လိုလူကို ဒီလို ကျွန်မ ဆက်သွယ်မိတာ အပြစ်မှုကင်းရဲ့လားဆိုတဲ့ သံသယစိတ်ဟာ ကျွန်မကို နှိပ်စက်နေတယ်။

ကျွန်မတို့ ချစ်သက်တမ်းဟာ ဆံပင်ဖြူ သွားတွေကျိုးသွားတဲ့အထိ ရောက်လာကြပြီ။ ကျွန်မ ဆံပင်တွေကတော့ မဖြူသေးဘူး။ သွားတော့ နှစ်ချောင်းကျိုးလို့ စိုက်ထားရတယ်။

ခုချိန်ထိ မောင်ကျွန်မကို ချစ်ခင်လေးစားနေတယ်ဆိုတာ သိရလို့ ကျေးဇူးလည်းတင် ဂုဏ်လည်းယူပါတယ်။

ဒါပေမဲ့လည်း အချိန်တန်တော့ ခွဲရမှာပေါ့ မောင်ရယ် "မတတ်



www.burmeseclassic.com

www.burmeseclassic.com



သာ ခပ်ခွာခွာနေကြဦးစို့ရဲ့၊ မုန်းလို့ဟုတ်ဘူး” ဆိုတဲ့ စာသွားလေးလို ပေါ့နော်။

“မောင် နှလုံးစိတ်ဝမ်း ငြိမ်းချမ်းပါစေ”

(၆)

အချစ်ရေ . . .

အချစ်ရဲ့စာကို ဖတ်လို့ပြီးသွားပြီ။ နောက်ဘယ်တော့ ဒီလိုစာရှည် ရှည်ဖတ်ရမလဲ။ ပြဿနာတစ်ခုခုကို မောင်ဖုန်းဆက်တဲ့အခါ တင်ပြမှ ထင်တယ်။ အခု ဒိုင်ယာနာဆုံးတဲ့ သတင်းလိုပေါ့။ ဒီမှာက ဆက်သွယ်ရေး ကိရိယာတွေစုံတော့ ကမ္ဘာ့သတင်း အကုန်သိရတယ်။ မောင်ပို့လိုက်တဲ့ သတင်းတစ်ခုခုဟာ အချစ်နှလုံးသားကို နှိုးဆွလိုက်ရင် အချစ် ခုလို စာအရှည်ကြီးရေးမှာ မဟုတ်လား။

ဒါပေမဲ့ အချစ် စိတ်ထိခိုက်မယ့် သတင်းမျိုးတော့ မပြောလိုပါဘူး။ မောင်လည်း ခုစာကို နိဂုံးချုပ်ပြီး အချစ်ဆီပို့တော့မယ်။ မောင့်စာကို ဖတ်ပြီးလည်း အချစ်စာရှည်ရှည် ပြန်ရေးပါ။ အချစ်ရဲ့ စာတွေဟာ မောင့်ကို နှလုံးစိတ်ဝမ်း ငြိမ်းချမ်းစေပါတယ်။ မာသာထရီဇာကြီးနဲ့ ပတ်သက်လို့တော့ အချစ်ပြောတာဝန်ခံပါတယ်။ မောင်က အိမ်ထောင်ရေး အဆင်မပြေ၊ ဒိုင်ယာနာကလည်း အချစ်နာကျ နေသူဆိုတော့ ဘဝတူမို့ စာနာစိတ် ပိုသွားတာ။ မာသာထရီဇာကြီးကို အချစ်လိုပဲ မောင် ကြည်ညိုလေးစားပါတယ်။

မောင်လည်း ရေးလိုက်တာ လီနင်ရော၊ စတာလင်ရော ရှုပ်သွားတာပဲ။ အချစ်စာထဲမှာလည်း ဒိုင်ယာနာက စလိုက်တာ လှိုင်ထိပ်ခေါင်တင်၊ မိဖုရား မမြကလေး၊ ဇနက္ကမင်းသား၊ ဝိတိုရိယ ဘုရင်မတွေနဲ့၊ ဒီလိုပဲပေါ့လေ မောင်တို့ ရေးတဲ့စာရော၊ မောင်တို့ ဘဝကရော ဝတ္ထုမှ မဟုတ်ဘဲ။ အစရယ်၊ အဆုံးရယ်၊ နိဂုံးရယ် ဝတ္ထုလိုအနိမ့်အမြင့် ဇာတ်





သိမ်းတို့ ဘယ်ရှိမလဲနော်။ စိတ်အလျဉ်မှာ ပေါ်သလို ရေးသွားရတာ ဆိုတော့ တောင်ရောက်မြောက်ရောက်ပဲ။

အချစ် နိုင်ငံခြား မနေဖူးလို့။ နိုင်ငံခြားမှာ ကိုယ့်အတွက် ကိုယ့်တိုင်းပြည်က စာလေးတစ်စောင်များရောက်နေရင် မိတ်ဆွေတစ်ယောက် ရောက်လာသလို သိပ်ဝမ်းသာတာပဲ။ အထူးသဖြင့် မောင့်အတွက်တော့ အချစ်ရဲ့စာပဲ။

ယုံပါ အချစ်ရယ်။ မောင့်အချစ်က မောင် ထင်တာထက်တောင် ထိန်းချုပ်မှု အယူသီးလွန်းတယ်။ မောင်နဲ့စာချင်း ဆက်သွယ်နေရတာကို တောင် အပြစ်မှုကင်းရဲ့လားလို့ အချစ် သံသယဖြစ်နေတယ်ဆိုတော့ မောင် “ဟင်း” ချမိတယ်။

အချစ်အပေါ်မှာ အနောက်ဆက်ဆံရေးလို လက်မထပ်ဘဲ အတူနေဖို့ မောင်တောင်းဆိုနေတာမှ မဟုတ်ဘဲ။ မောင့်အပြစ်နဲ့ မောင် အချစ်ကို ခွဲခွာလာခဲ့ပေမဲ့ မောင်မေ့လို့မရဘူး။ ဒါအမှန်ပဲလေ။ မောင့် အိမ်ထောင်ရေးကလည်း အဆင်မပြေ၊ ဖောခြင်းသောခြင်း အနမ်းတွေ၊ ခန္ဓာကိုယ်တွေ ဒီမှာ ရနေပေမဲ့ တစ်ခဏပဲ။ ကြာတော့ မောင်ငြီးငွေ့လာ တယ်။ ဒါကြောင့် အချစ်ကို တောင်းပန်ရတာ။ အချစ်ကို စာရေးပါ၊ စာရေးပါဆိုရတာ။ အချစ်စာဖတ်ရမှ မောင်ဘဝင်ကျသွားတယ်။ ဖုန်းက ညတိုင်း ဆက်ချင်တယ်။ အကုန်အကျများလွန်းလို့။

မောင့်ကို အနမ်းမပေးဘဲ လက်ကလေးတစ်ဖက်ပဲ ပေးတဲ့ ချစ်သူကို မောင်ခွဲခွာလာခဲ့ပေမဲ့ မမုန်းခဲ့ဘူး။ မောင် ငယ်စဉ်က ရက်ရက်ရောရော ဖောဖောသီသီ လိုက်လျောတတ်တဲ့ မိန်းမမျိုးကို ငယ်စိတ်နဲ့ ကြိုက်ခဲ့မိတယ်။

အိမ်ထောင်သက် တကယ်ရတော့ နားလည်မှုဆိုတာက လင်မယားကြားမှာ ပိုအရေးကြီးပါလား။ ခန္ဓာကိုယ်ဆိုတာကြီးက မရှိမဖြစ်သော်လည်း အဓိကမဟုတ်ဘူး။ နှလုံးသားကလာတဲ့ စေတနာဆိုတဲ့ နားလည်မှုက ပိုအရေးကြီးတယ်ဆိုတာ သိတဲ့အချိန်ဟာ နောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ။

မောင်ဟာ အိမ်ထောင်ရေးမှာ မောင်လိုချင်တာချည်းပဲ တင်ပြနေလို့ လောဘကြီးနေတယ်၊ ကိုယ့်ကိုယ်ကို ထင်နေတယ်လေ။ မောင်ကလည်း မောင့်ဇနီးစိတ်တိုင်းကျ ဘယ်လောက်ပြန်ပေးနိုင်ခဲ့သလဲဆိုတာ စိစစ်မိလို့ ခုထိကွာရှင်းပြတ်စဲခြင်း မလုပ်ဘဲ ပေါင်းသင်းနေတာ။ သူသေတဲ့အထိ မောင်ပေါင်းသင်းသွားမှာပါ။ သူ့ကျန်းမာရေးလည်း မောင်တာဝန်ယူနေပါတယ်။

နိုင်ငံခြားမှာ ရက်ရှည်လများ ဆေးရုံတင်ထားရတဲ့ စရိတ်ဟာ ဘယ် လောက်များတယ်ဆိုတာ အချစ်သိပါတယ်။ နေရတာတော့ မောင်မပျော်ဘူး။ ကြိုးစားပြီး ပျော်အောင် မိန်းကလေးတွေနဲ့ စားလိုက်သောက်လိုက် နေကြည့်တယ်။ ခဏပဲ။ အိမ်ပြန်ရောက်တော့ အချစ်ကို လွမ်းတဲ့စိတ်က ပြန်ပေါ်လာတာပဲ။

ဒါကြောင့် စာလေးရေးဖို့ကတော့ အချစ် မနှမြောပါနဲ့ မတွန့်တိုပါနဲ့။ ဒီစာရေးလို့ အချစ်နဲ့မောင် ဘာမှဖြစ်မသွားနိုင်ဘူး။ အချစ်ချမှတ်ထားတဲ့ ချစ်သူနဲ့ ဆက်ဆံရာမှာ ပဝါတစ်ကမ်း ယပ်တောင်တစ်လှမ်းဆိုတဲ့ ဝါဒရဲ့ စည်းကမ်း ကလည်း ကျိုးပေါက်မသွားပါဘူး။

အချစ်ကို မောင်က စာတွေပဲ ဖတ်ခိုင်းနေတယ်။ GODDESS စာအုပ်ဖတ်ပြီး နောက်တစ်ခု ဖတ်ပါဦး။ မြန်မာ စာရေးဆရာကြီး တက္ကသိုလ် ဘုန်းနိုင်ရေးတာ။ ဝတ္ထုလား၊ ဆောင်းပါးလား မောင်မမှတ်မိဘူး။ အဲဒီအထဲမှာ Platonic Love အကြောင်း သူ ရေးပြထားတယ်။ ယောက်ျားနဲ့ မိန်းမ ကာမရာဂ ဆက်ဆံမှုမရှိဘဲ ထာဝရချစ်သွားတဲ့အချစ် (Love without sex) ကို တင်ပြသွားတယ်။

အဲဒီလို မွန်မြတ်သန့်စင်တဲ့စိတ်နဲ့ မောင်နဲ့အချစ် ချစ်သွားတာဟာ အပြစ်ဖြစ်နိုင်ပါသလား အချစ်ရယ်။ အချစ်ပေါ်မှာလည်း မောင်ဘယ်တော့မှ ဂုဏ်သရေညှိုးနွမ်းအောင် မလုပ်ဘူးဆိုတာ ကတိပြုပါတယ်။ ဒါကြောင့် စာလေးတွေတော့ ရေးရေးပြီး ရက်ရက်ရောရော ပေးဖို့





မောင်မေတ္တာရပ်ခံတာပါ။

အချစ်ရဲ့စာမှာ အချစ် ပင်စင်ယူတော့မယ်ဆိုတာ သိရတယ်။ တင်ထွန်းအောင် စာထဲမှာလည်းအချစ်ဌာနေပြန်မလို့ ပစ္စည်းတွေဝယ်ရင်း ဗိုလ်ချုပ်ဈေးမှာ တွေ့ခဲ့တယ်လို့ ဆိုတယ်။

အချစ်အသက် ၆၀၊ မောင်က ၆၄ နှစ်ထဲ ဝင်ခဲ့ပြီ။ မောင့်အလုပ်က ကိုယ်ပိုင်အလုပ်ဆိုတော့ မောင်နားချင်မှ နားနိုင်တယ်။

မောင်တို့ချစ်သက် ခုလိုရှည်လျားပြီး ခုချိန်ထိ မြတ်နိုးဖြူစင်စွာချစ်နေကြရသေးတာကို မောင်တော့ ဂုဏ်ယူတယ်။ ကြည်နူးတယ်။ ဒီလိုချစ်နိုင်ဖို့ လွယ်တယ်ထင်သလား။ မလွယ်ပါဘူး။ လူတိုင်းမှာ မဖြစ်နိုင်ပါဘူး။

အချစ်ဌာနေကို ပြန်ရုံတင် မဟုတ်ဘူး၊ မြန်မာပြည်အရှေ့ဖျားကနယ်စပ်ဒေသဆီ အရောက်သွားမယ်ဆိုတော့ မောင် မတားသာပါဘူး။ လူဟာ ကိုယ့်လူသားတွေ ကောင်းကျိုးအတွက် တတ်နိုင်သလောက်ဆောင်ရွက်သွားရမှာပေါ့။ အချစ်ရဲ့ ဒီစိတ်ဓာတ်ကိုလည်း မောင် ဂုဏ်ယူပါတယ်။ မောင်လည်း တစ်နေ့ အနားယူလို့ အမိတိုင်းပြည် ပြန်လာရင်ကိုယ့်တိုင်းပြည်အတွက် တစ်ခုခုလုပ်ရမယ်။

အင်္ဂလိပ်တွေမှာ တစ်ခုနည်းယူစရာ ကောင်းတယ်။ ဝမ်းရေးအတွက်ရော၊ အကြောင်းကြောင်းတွေကြောင့် ရေကြည်ရာ မြက်နုရာတိုင်းပြည်အနှံ့ သွားရောက်လုပ်ကိုင်ပေမဲ့ သူတို့နေတဲ့ တိုင်းပြည်ကတိုင်းရင်းသူနဲ့ လက်ထပ်ထားတာတောင် ဇနီးကိုထားခဲ့ပြီး သူတို့ မွေးရပ်မြေမှာ ပြန်ပြီးခေါင်းချကြတယ်။

မောင်လည်းလေ တစ်နေ့ပြန်လာမယ်။ အချစ်ရဲ့ မွေးရပ်မြေတောင်ဝှမ်းချိုင့်ထဲက မြို့လေးမှာ အချစ်နဲ့ မောင် တွေ့ချင်တယ်။

မြက်ခင်းလွင်ပြင်တွေဆီ မောင်တို့ နှစ်ယောက် လျှောက်သွားကြမယ်။ အဲဒီအချိန်မှာ နေခြည်ကဖျော့ပြီး လေအေးတွေ တိုက်နေတော့သက်သောင့်သက်သာ ရှိမှာ။ ထင်ရှူးရိပ်မှာ မောင်တို့နှစ်ယောက် နား

www.burmeseclassic.com

နေမယ်။

ညကျတော့ လမင်းက တောင်တန်းမြင့်ကြီးပေါ်က မောင်တို့နှစ်ယောက်ကို လှမ်းကြည့်နေမှာ၊ ဟိုနောက်ဆုံးတစ်နေ့ တွေ့စဉ်က အတူထိုင်ခဲ့တဲ့ ခုံတန်းလေးရှိသေးရဲ့လား။ ဒီခုံတန်းလေးပေါ်မှာ မောင်တို့နှစ်ယောက်ထိုင်မှာ။ ဒီဇင်ဘာမှာ ပွင့်တဲ့ ကရမက်ပန်းတွေဟာ မောင်တို့နှစ်ဦးနားမှာ သင်းပျံ့နေမှာပါ။

မောင်တို့ မြန်မာပြည် ချစ်စရာကောင်းတာက အချစ်တို့တောင် တန်းဒေသမှာတောင် ဆောင်းဟာ ချစ်ဖွယ်ကောင်းရုံလောက်ပဲ အေး တယ်။ ဖြူဖွေးတဲ့ နှင်းတွေ ကျပေမဲ့ အနောက်ဆောင်းလို အကျည်းမတန် ဘူး။ အနောက်က ဆောင်းက နှင်းလိပ်တွေ ကြွေကျပြီး သစ်ပင်တွေ အရိုးပြိုင်းပြိုင်းကျအောင် အေးတယ်။ လူတွေလည်း အရိုးကွဲမတတ် အအေးဒဏ်ခံစားရတယ်။

မြန်မာပြည်က ချစ်စရာကောင်းတဲ့ ဆောင်းညမှာ မောင်တို့အပါးမှာ နှင်းမှုန်လေးတွေ တအိအိ ကျနေမှာ။ မောင်လေ အချစ်အနားမှာထိုင်ရင်းအချစ်ရဲ့ ပဝါတစ်ကမ်း ယပ်တောင်တစ်လှမ်း မူဝါဒကို လိုက်နာမှာပါ။ ဒီမှာ မိတ်ကပ်တွေ၊ ပေါင်ဒါတွေ၊ နှုတ်ခမ်းဆိုးဆေး အမျိုးမျိုးတွေ လိမ်းကျံထားတဲ့ပါးတွေ၊ နှုတ်ခမ်းတွေ မောင်တွေ့ရတာ ငြီးငွေ့လာပြီ။ အီလာပြီ။

အချစ်ပါးက သနပ်ခါး သင်းပျံ့ပျံ့ရနံ့ကို မောင် ပဝါတစ်ကမ်းက ခံစားကြည့်ပါရစေ။ ပဝါတစ်ကမ်းဆိုလို့ မြန်မာမတွေသုံးတဲ့ ပဝါက ရှည်တော့ အလျားလိုက်တော့ ပဝါတစ်ကမ်း မခြားပါရစေနဲ့။ ဒေါင်လိုက် ခြားပြီး အချစ်အပါးမှာ နေပါရစေ။

အချစ်ပါးက မြန်မာ့သနပ်ခါး မွှေးမွှေး သင်းသင်းကို ခံစားရင်း မောင် ကြည်နူးပါရစေ။

မောင် ကိုယ့်ချစ်သူအကြောင်း နားလည်ပါတယ်။ ဘာလင်တံတိုင်းကြီးကို ဖြိုလို့ရမယ်။ တရုတ်ပြည်ရဲ့ မဟာတံတိုင်းကြီးကိုလည်း





ကျော်လွှားလို့ ရချင်ရမယ်။ အချစ်ကာရံထားတဲ့ ပဝါပါးကိုတော့ မောင်ထိုးဖောက် ကျော်လွှားလို့ မရဘူးဆိုတာ ယုံပါတယ်။

မောင်တို့နောက်ဆုံးတွေ့တုန်းက အချစ်ကပြောခဲ့တယ်။ မောင့်ကို အချစ်ရဲ့ ညာလက်တစ်ဖက်ကမ်းရင်း "ဒီနှစ်ညာလက်၊ နောင်နှစ်ဘယ် လက်၊ လက်ထပ်တဲ့အခါကျမှပဲ . . . "ဆိုပြီး အချစ်စကားမဆက်ခဲ့ဘူး။

မောင် ဆက်ပါရစေ။ ဒီတစ်ခါ တွေ့ရင် အချစ်ရဲ့ ဘယ်လက်ကို မောင့်ပါးမှာ အပ်ထားပါရစေ။

နောက်နှစ်ဆိုတဲ့ တစ်ခါသော နှစ်တစ်နှစ်၊ တစ်ချိန်သော ရက်တစ်ရက်မှာ ကျရောက်မယ့် မောင့်ရဲ့ဘဝ နောက်ဆုံးအချိန်မှာတော့ ချစ်သူရင်ခွင်မှာ အိပ်စက်ပါရစေ။

မောင့်ရဲ့နောက်ဆုံးဆန္ဒကို အချစ် လိုက်လျောလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

အချစ်နဲ့ အနီးဆုံး၊ အချစ်တို့ မွေးရပ်မြေ တောင်ကြားလွင်ပြင်ရဲ့ မြက်ခင်းစိမ်းစိမ်းအောက်မှာ မောင် ထာဝရအနားယူတော့မယ်လေ။

မောင်ကြိုက်တဲ့ စံပယ်ပင်ကို မောင့်ဂူဘေးမှာ စိုက်ပါ။ အချစ်ကြိုက်တဲ့ ကရမက်ပန်းပင်ကို မောင့်ခေါင်းရင်းမှာစိုက်ပါ။

မောင့်ဘဝမှာ ငွေကြေးချမ်းသာပေမဲ့ တစ်သက်လုံး ရမ္မက်ဇောနဲ့ ခိုရာမဲ့ နားရာမဲ့ ပူပန်ရလွန်းလို့ စိမ်းမြတဲ့ မြက်ခင်းလွင်ပြင် ထင်ရှူးနံ့တွေ သင်းပျံ့၊ ပန်းရနံ့တွေ မွှေးပြီး လေညင်းတသုန်သုန် တိုက်ခတ်နေတဲ့ အချစ်ရဲ့ မွေးရပ်မြေ အအေးရိပ်မှာ မောင် ထာဝရအိပ်စက်ပါရစေ။

မောင့်မေတ္တာကြောင့် ချစ်သူရဲ့ နှလုံးသားတွေ ထာဝရ အေးမြလန်းဆန်းပါစေ။

မောင်

ကလျာ၊ ဒီဇင်ဘာ ၁၉၉၇

www.burmeseclassic.com

www.burmeseclassic.com

## ပျားရည်လည်းခန်း လမင်းနှမ်း

ကို့ကို တီးတိုးစွာ ပြောပြချင်ပါသည်။

ရှေးရှေးတုန်းက ရေသည်...စ်ယောက်အကြောင်း။ ဖြစ်မနေသော ဘဝကိုလက်မခံနိုင်၊ ဖြစ်ချင်သည်ကိုသာ ရှေးရှုခဲ့သည်။ ဒါပေမဲ့ ရေသည် ဇာတ်လမ်းက ဘုရင်အဖြစ်နှင့် ဇာတ်သိမ်းလှပခဲ့ပါသည်။

ခြင်ဆိုတာ ခကွေးယရစ်သေတ်နဲ့ ခြင်လို့ရေးရတဲ့ တိရစ္ဆာန်။ ခြင်ကောင်ဟာ လူကို ငှက်ဖျားဒုက္ခကိုပေးပြီး အလွန်ဆိုးသေရုံပေါ့။ ခကွေးယပင့် သေတ်နဲ့ချင်က အကောင်အထည်မမြင်ရဘဲ စိတ်ကိုကိုက်ဖြီဆိုမှ ဖြင့် သံသရာတစ်လျှောက်လုံး ဒုက္ခတွေ အထပ်ထပ် ခံရပြီပဲ။ ဒါကြောင့် မြတ်စွာဘုရားသခင်က 'ချင်' ဆိုတဲ့ တပ်မက်နှစ်သက် တွယ်တာ 'လိုချင်' မှုကို ဆင်းရဲဖြစ်ကြောင်း အမှန်တရားလို့ ဆိုခဲ့တာပေါ့ ကိုရယ်။

* * *

ဒီလိုအတွေးတွေ လက်ခံယူဆချက်မရှိခင် တစ်နေ့က ကျွန်မ အကြောင်းများကို ကိုမသိခဲ့ပါ။

ကျွန်မ မွေးသော ရွာကလေးမှာ ချောင်းငယ်လေးပတ်၍





စီးနေပါ သည်။ ချောင်းကမ်းပါးမှာ မအူပင်က အုပ်မိုးလျက်ရှိသည်။ မိုးစိပ်စိပ် ရွာစပြုလျှင် မအူပွင့်ဖြူဖြူလုံးလုံးတွေ ပွင့်ကြပြီ။ ငယ်ငယ်က ကျောင်း သွားလျှင် မအူပင်အမြစ်ရင်းမှာ ခေတ္တထိုင်ရသည်။ ဖြူဖြူလုံးလုံး မအူပွင့် လေးတွေ ရေပေါ်မျောပါသွားသည်ကိုကြည့်ရင်းပျော်သည်။

မိုးကညို့လာပြီ။ တိမ်လွှာက မှိုင်းအုံ့၍ မိုးသက်လေ တိုက်ခတ် လာသည်။ မြရည်ကြောမှာ မျောပါရသော ပန်းပွင့်လေးတွေ လေရှိန်နှင့် လှုပ်ခါနေကြသည်။ ချောင်းရေပြင်ကလည်း လှုပ်ရှား တွန့်ခါလျက်ရှိပြီ။ ဒီမြင်ကွင်းကို ကြည့်နေချင်ပေမဲ့လည်း အဝေးက ခေါင်းလောင်းထိုးသံ ကြောင့် ကျောင်းကိုပြေးရပြီ၊ ကျောင်းသင်ခန်းစာတွေ ရေးရင်း ဖတ်ရင်း ကျောင်းခန်းအပြင် မိုးစက်တွေထဲမှာ ကျီးသားပေါက်စလေးတွေ အော်မြည် နေသံကိုကြားနေရသည်။ ညနေ ကျောင်းဆင်းလျှင် ချောင်းကမ်းပါးမှာ ပြန်ထိုင်ချင်သေးသည်။ ဟဇန်းပင်တန်းတွေ ကမ်းပါးဘေးမှာ ရေပြင်ပေါ် ညွတ်နေကြသည်။ ရေငှက်တွေက ကြည်လင်သော မှန်ပြင်ကို ငုံ့၍ ကြည့်နေကြရင်း မြပုခက်မှာ တငြိမ့်ငြိမ့် မျောပါသွားကြသည်။ သူတို့ ဘယ်ကို သွားကြမှာလဲ။ ဒီချောင်းလေး ဘယ်ကို စီးသွားသလဲ။ သူတို့ နှင့်အတူ ခရီးဝေးကိုသွားချင်လိုက်တာ. . .။

"မြသူ ကျောင်းဆင်းတာ ဘယ်လောက်ကြာပြီလဲ။ ပြန်ခဲ့"

ဘွားဆုံကို အမေခေါ်ခိုင်းလိုက်ပြီ။ ချောင်းကမ်းပါးမှ ခွာကာ ဘွားဆုံနောက်ကိုလိုက်ခဲ့ရသည်။ ဘွားဆုံက ကျွန်မကိုငယ်ငယ်ကတည်း က ထိန်းလာရသည်။

"အဲဒီချောင်းက ထမင်းစားရလားဟင်။ ကျောင်းဆင်းရင် အိမ် တန်းမပြန်ဘူး။ ချောင်းဘေးမှာ ငုတ်တုတ်ထိုင်ထိုင် နေရတာ" အမေက ဆီး၍ ဆူကာ လွယ်အိတ်ကို သိမ်းသည်။ ဘွားဆုံက ရေချိုးပေးသည်။ ပြီးတော့ အငွေ့တထောင်းထောင်းနှင့် အမေခူးပေးသော ထမင်းပွဲမှာ မိသားစုနှင့်အတူ ကျွန်မဝင်စားသည်။ မိသားစု ဆိုသည်မှာ အဖေရယ် အမေရယ် အဘွားနှင့် ကျွန်မပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကမ်းဘေးတွင် ထိုင်နေ၍တော့ ထမင်းမစားရပါ။ အမေပြောသည်မှာမှန်သည်။ ကြာကြာထိုင်နေရင်း ထမင်းဆာလာလျှင်တော့ အမေ့အိမ်ကို ပြေးမိမှာပဲ။

ဒါပေမဲ့လည်း ကျောင်းအားလျှင် သည်ချောင်းနံဘေးကို ပြေး၍ ထိုင်ချင်သည်။

* * *

အိမ်နောက်မှာ မိုးကုပ်စက်ဝိုင်းကြီးက မြလွင်ပြင်အဆုံးကို ထိနေသည်။ ပြာညိုမှိုင်းသော တိမ်လွှာတွေက ဗျိုင်းဖြူများနှင့်အတူ ပြေးလွှားနေကြသည်။ ကော်ဖောစိမ်းပေါ်တွင် မိုးစက်တွေ စိန်ရောင် လက်နေကြသည်။ မွေးဖွားစ ပျိုးပင်ကို မိုးသက်လေသည် ငုံ့၍ငုံ့၍ နမ်းရှုပ်သွားသည်။ ပြတင်းမှ ဒီမြင်ကွင်းကို ငေးမောနေမိသည်။

"မြသူ"

ကျွန်မသည် ငွေရီ ခေါ်သံကြောင့် ပြတင်းကို ကျောခိုင်းလိုက်သည်။ ငွေရီသည် ကျွန်မတို့ရွာက သူကြီးသမီး။ ကျွန်မနှင့် ကျောင်းအတူနေဖက် ဖြစ်သည်။

"တို့ စာမေးပွဲ အောင်တယ်လေ"

ငွေရီ့ အသံက ရွှင်နေပေမဲ့ ကျွန်မက တည်ငြိမ်နေသည်။ နေရာမှ မရွေ့။

"နင် ဘာဖြစ်နေတာလဲ၊ မပျော်ဘူးလား"

"ပျော်ပါတယ်၊ အမေက မြောင်းမြမှာ ကျောင်း ဆက်တက်ရမယ်တဲ့" ကျွန်မ လေးတွဲ့စွာ ပြောသည်။

"အဖေကလည်း ငါ့ကိုပြောတယ်။ မြောင်းမြမှာ ၁၀ တန်း အောင်ရင် တက္ကသိုလ် ဆက်သွားရမယ်တဲ့"

"တို့အဖေကလည်း ပြောပါတယ်" ကျွန်မက မထုံတက်သေး





ဖြေမိသည်။ ပြီးတော့ ငွေရီက စကားဆက်ပြောပါသေးသည်။ ကျွန်မကတော့ မကြားမိသလိုပင် ။ကျွန်မရွာကျောင်းမှာ ကျောင်းတက်နေစဉ် အတန်းကြီးရောက်လာတော့ အမေကချောင်းနံဘေးတွင် ထိုင်ခွင့်မပြုပါ။ ဒီတော့လည်း စာကြည့်ပြီး ပြတင်းမှငေးမျှော်ကာ မြရည်သောက်သော စပါးပင် ပျိုးနှံ့တွေကို ကြည့်ရသည်။ နွေကျောင်းပိတ်ချိန်မှာတော့ လယ်ကန်သင်းတွေကိုဖြတ်၍ ငွေရီနှင့်အတူ ရိုးပြတ်တွေပေါ်မှာ လျှောက်ရသည်။ လယ်ကွင်းစပ်က သရက်ပင်တွေက သရက်ဖူးရနံ့သည် လေထဲမှာ သင်းပျံ့နေသည်။ ဥသြသံသည် လေစီးမှာ မျောပါလာသည်။

ကျွန်မတို့ လက်ထက်က ခုနစ်တန်းဆရာဖြစ်ရှိ၍ ဆရာဖြစ်သင်တန်းကိုပဲ ကျွန်မတက်ချင်ပါသည်။ ပြီးတော့ ကျွန်မတို့ ရွာလေးမှာ ဆရာမလုပ်မည်။ ကျွန်မတို့ငွေရီတို့မှလွဲ၍ ရွာမှာ ကျောင်းသားတွေ ဆင်းရဲကြသည်။ ရွာနီးချုပ်စပ်က ကျောင်းသားလေးတွေကိုတော့ ကျောင်းအိပ်ကျောင်းစား လက်ခံသည်။ ကျောင်းအပ်ကတည်းက စပါး၊ ဆန်၊ ငါးခြောက် ကိုယ်တတ်နိုင်တာတွေနှင့် မိဘတွေကကျောင်းအပ်ကြသည်။ ဒီကျောင်းမှာ စိုက်ပျိုးရေးတစ်ချိန်သင်ရသည်။ ကျောင်းသားတွေစိုက်သော ဟင်းသီးဟင်းရွက်ကိုပဲ ငါးခြောက်တွေငါးတွေနှင့် ရောကာ ကျောင်းသားတွေကို ကျွေးသည်။ မြစ်တွေ ချောင်းတွေ ပေါသောကြောင့် ကျွန်မတို့ရွာမှာ ငါးမရှားပါ။

ဆရာကအတန်းထဲတွင်'ကျွန်ုပ်ဖြစ်ချင်သောဘဝ' စာစီစာကုံးရေးခိုင်း ခဲ့စဉ်က ကျွန်မသည် ကျွန်မတို့မြယာပင်ရွာလေးက ကျောင်းမှာ ဆရာမ ဖြစ်ချင်သည်ဟုပဲ ရေးခဲ့သည်။

ယခုတော့ ငွေရီပြောသလိုပင် အမေက ဆရာဖြစ်ကျောင်း မသွား စေရ၊ ၁၀ တန်းကို ဆက်နေရမည်။

"ဒီကျောင်းမှာ ဆရာဖြစ်တော့ ဘာဖြစ်မှာတဲ့လဲ၊ သင်္ဘောပွက်ထဲမှာပဲ နေရမှာပေါ့" တဲ့။ အမေ့ စကား။

အရွယ်ရောက်စဆိုတော့စိတ်ပန်းငုံက လူးလွန့်လှုပ်ရှားလာပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့လည်း ကျွန်မစိတ်ကူးမိသည်အမှန်ပါ။ ဒီရွာမှာ ကျွန်မ ကျောင်းဆရာမပဲ လုပ်မည်။ အရွယ်တန်တော့ ဒီရွာကရွာသားတစ်ယောက်ကို လက်ထပ်မည်။ ဘာပဲဖြစ်ဖြစ်အမေတို့လို လယ်ပိုင်ချောင်းပိုင် သားတစ်ယောက်ယောက်နှင့် လက်ဆက်ရမည်ပဲ။ အလုပ်တူ စိတ်တူသဘောတူပေါ့။ ကျွန်မက ကျေးတောသူလို ဘီးဆံပတ်ကြီးပတ်မည်။ သူ လယ်ချောင်းတွေအတွက် စီမံခန့်ခွဲအလုပ်လုပ်နေစဉ် ကျွန်မက လယ်သူရင်းငှားတွေနှင့် လယ်သမားတွေအတွက် စားရေးသောက်ရေး စီစဉ်မည်။ လယ်သမားတွေ နှစ်လုံးပေါက်စားနိုင်ဖို့ ရေချိုငါးပိနှင့်ဆန်၊ ဆီ၊ ငရုတ် တစ်နှစ်စာလယ်ပိုင်ရှင်က စီစဉ်ပေးရသည်။ တစ်ဖက်က စပါးကျီမှာ ကျွန်မစပါးလှောင်မည်။ ပြီးတော့ သားလေးတွေမွေး၍ ရွာကျောင်းမှာထားမည်။ ကျောင်းသားတွေနဲ့အတူ ကျွန်မရင်သွေးတွေကို စာသင်ပေးမည်။ သိပ်တော့ ကြီးကြီးကျယ်ကျယ်မဟုတ်လှ။ ကျွန်မရည်ရွယ်ချက်က ဒါပဲဖြစ်သည်။ ဒါပေမဲ့ အမေက ဆရာဖြစ် သင်တန်းမသွားရဆိုတော့ ငွေရှိနှင့်အတူ မြောင်းမြမြို့ကျောင်းကို ဆက်တက်ကြရသည်။

ညိုပြာသောချောင်းလေး ကျွန်မရင်ခွင်တွင်စီးဝင်လာတတ်၍ တစ်ခါတစ်ခါ ဗျိုင်းဖြူများနှင့် အတူ မြရည်ကော်ဇောပြင်ပေါ်တွင် ကျွန်မ ပျံသန်းနေမိပါသည်။

* * *

ယခုတော့လည်းချောင်းညိုလေးအစား ပြတင်းမှမျှော်ကြည့်လျှင် အင်းလျားရေပြင်ကို မြင်ရသည်။ မြရည်လွှာသည် လှုးလွန့်၍ နေခြည်လှုံနေသည်။ လွင့်ပြန့်ကျယ်ဝန်းသော ပျိုးလွင်ပြင်နေရာမှာ စိမ်းညို့ညို့ ကဲ့ကော်ပင်တန်းတွေကို အစားထိုးမြင်နေရသည်။ ချောင်းလေးဘေးက မအူပင်ကြီးကို သတိရနေဆဲ။

ရွာကျောင်းက ကလေးတွေနေရာမှာ ကျွန်မ တပည့်တွေသည်





တက္ကသိုလ်ကျောင်းသားတွေ ဖြစ်နေသည်။ ကျွန်မသည် ဘီးဆံပတ်ကြီးနှင့် ကျေးတောသူကြီးမဟုတ်၊ ဇာပဝါကြွရရွှန်နှင့် တက္ကသိုလ် နည်းပြဆရာမ၊ ခေတ်ပေါ် ဆံထုံးလှလှလေးနှင့်။

ငယ်ဘဝက အိပ်မက်မက်ခဲ့သော မခုံးကားကား ရင်အုပ်ကျယ်ကျယ် ညိုရင့်သော လက်မောင်းကြွက်သားတွေနှင့် ကျေးတောသားကြီးသည်လည်း ကျွန်မအပါးတွင် မရှိပါ။

ယခု ကျွန်မအပါးတွင် လှုပ်ရှားနေသောသူက ပန်းရောင် ခေါင်းပေါင်း၊ မန္တလေးပိုးရောချည်ပါ အဆင်စိပ်စိပ်နုနုနှင့် တိုက်ပုံ ကြက်ဥနှစ်ရောင်ကို ဝတ်တတ်သော ဆရာမြတ်ဝင်းထွန်း။ နွဲ့နွဲ့ပါးပါး ဖြူဖြူလေး။ စာပို့ချဖို့ရန် စာသင်ခန်းထဲသွားလျှင် မန္တလေးကတ္တီပါဖိနပ်ကို အမြဲစီးသည်။

ကျွန်မ သူငယ်ချင်းသည်လည်း ငွေရှိမဟုတ်တော့။ ငွေရှိ ဒုတိယနှစ်ကတည်းက ရည်းစားနောက် လိုက်ပြေးသည်။ ကျွန်မ အခန်းထဲမှာ ဆရာမမြကေသီတို့ သန်းသန်းရင်တို့ ချောပပတို့ ရောက်နေသည်။ သူတို့သည်လည်း စားပွဲကိုယ်စီနှင့် ကျွန်မလို ဆရာမတွေပါပဲ။ ကျွန်မတို့ခေတ်က တက္ကသိုလ်မှာ ဆရာမဆိုရင် ပဝါချ အင်္ကျီလက်ရှည် ဝတ်ရသည်။ ဆရာက တိုက်ပုံအင်္ကျီ ခေါင်းပေါင်းနှင့် ဝတ်ရသည်။

အမေတို့ကလည်း ရွာမှာအေးချမ်းမှု မရှိကတည်းက ရန်ကုန်ပြောင်းလာကြသည်။ ယခုအေးချမ်းတော့လည်း အဖေမရှိတော့ပြီမို့ အမေကရွာမပြန်တော့။ အဘွားဆုံလည်း မရှိတော့ပါ။ ဘောက်ထော်ခြံထဲကအိမ်လေးမှာ ကျွန်မတို့သားအမိ နှစ်ယောက်နှင့် ထမင်းချက်မိန်းကလေးပဲ ရှိသည်။

"အမေရာ ငါးဖယ်အကောင်ကြီးကြီး ထုရိုက် ရေကျိုချက်ပြီး ငါးပိရည် မွှေးမွှေးနဲ့ ဘူးဖက်ပွင့်ချဉ် တို့ချင်လိုက်တာ"

အရာရာက ပြောင်းလဲသွားပါပြီ။ ငါးဖယ်က ရေခဲစိမ်တွေပဲ ဖြစ် သည်။ လတ်လတ်ဆတ်ဆတ် မစားရ။ အရည်ကျိုငါးပိ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်း ကိုလည်း ရွာကိုပြန်၍ မှာနေရသည်။

ကျွန်မ တွဲနေသောဆရာကို သူငယ်ချင်း ဆရာမတွေက ကိုဖြူနွဲ့တဲ့၊ ဟုတ်ပါသည်၊ ခေါ်သင့်ပါသည်။ ဖြူဖြူနွဲ့နွဲ့ စာသင်လျှင်လည်း အေးအေးပျော့ပျော့ပင် ပို့ချသင်ကြားတတ်သည်။ သူသည် ဆရာဆောင်မှာနေသည်။ ကျွန်မကတော့ သူ့ကို 'ထွန်း'လို့ပဲခေါ်သည်။

နံနက်စာကို ကျွန်မက စတီးချိုင့်လေးနှင့် နှစ်ယောက်စာ ထည့်ခဲ့သည်။ သူ့မျက်ဝန်း ရွှန်းလဲ့လဲ့ကိုကြည့်ရင်း၊ ချိုအေးသော စကားလုံးကို နားထောင်ရင်း သင်တန်းနားချိန်မှာ ကျွန်မတို့ နှစ်ယောက် အတူစားသည်။ ညနေကျောင်းဆင်းလျှင် တစ်ခါတစ်ရံ သူ့ကားလေးနှင့် ကျွန်မကိုလိုက်ပို့၍ ကျွန်မတို့ခြံလေးထဲတွင် လရောင်များရွှန်းလက်လာမှ သူပြန်တတ်သည်။ ထိုသည်ကလွဲ၍ ကျွန်မ သူနှင့်မတွဲခဲ့။ ရုပ်ရှင်ကိုလည်း မသွား။ တစ်ခါတစ်ရံတော့ စာသင်ခန်းအလွတ်မှာ နှစ်ယောက်ထိုင်၍ စကားတွေပြောမိသည်။ ဘယ်ကိုမှလည်း ခေါ်လို့မရဘူး။ အိမ်အပြန်မှာ တို့များကားနဲ့အတင်း ခေါ်သွားပါဘိတဲ့။ သူ့စကားကို ကျွန်မ နှုတ်ခမ်းစူ၍ ပြန်ဆိုလိုက်ပါသည်။ ဒီအချိန်မှာ ချိုမြသော ဥသြသံသည် လေမှာစီးခို၍ ပြတင်းကိုဖြတ်သန်းလာတတ်သည်၊ ဒီတော့လည်း ရွာကို လွမ်းမိသား၊ ထွန်းကို ရွာနှင့်ချောင်းလေးအကြောင်း ခဏခဏ ပြောမိသည်။ အင်းလျားကန်ပေါင်ရိုးပေါ်တွင်တောင် ကျွန်မ ထွန်းနှင့် အတူလမ်းမလျှောက်မိ၊ ပြတင်းမှပဲ နှစ်ယောက်တူယှဉ်ရပ်ကာ ရေကြည်ပြာလဲ့ကို ငေးမျှော်မိကြသည်။ ချစ်၍ခေါ်ရာ လိုက်တော်မူဖို့ သူခဏခဏ ပြောပြတတ်သည်။

အိမ်ကို သူလိုက်လာသောနေ့က သူ့အပြန်တွင် အမေက မှတ်ချက်ချသည်။ "ဒီသူငယ်က မဟာဆန်လိုက်တာ"တဲ့။

အမေက ဘာသဘောနှင့် ပြောသည်မသိ။ နောက်တော့လည်း ကိုဖြူနွဲ့ သို့မဟုတ် ကိုမြတ်ဝင်းထွန်းသည် မဟာဆန်သွားပါသည်။ မြစ်ကြီးနားကို ဌာနမှူးအဖြစ် ပြောင်းသွားကတည်းက ထွန်းထံမှ ဘာသတင်းမျှ မကြားရပါ။ မဟာသာကီ မင်းပျိုတွေလို နောက်အိမ်တော်





ဆောင်ရိပ်မှာ ဆောင်တော်ကူး ဇာတ်လမ်း ဖွင့်သွားပါသည်။ ကျွန်မ ဘယ်သူနှင့်လဲ ဟူ၍ပင် မစူးစမ်းတော့ပါ။

"မင်းဆက်ဆံပုံကလည်း ရှေးသရောအခါ တာရာဇာသီမင်းလက် ထက်က ပဝါတစ်ကမ်း ယပ်တောင်တစ်လှမ်း ဆက်ဆံရေးမျိုး။ ခုခေတ်မှာ ဒါမျိုးတွေ မရတော့ဘူး။ အတို့အဆိတ် ပါရသတဲ့"

သူငယ်ချင်း ဆရာမများက ပြောတတ်သည်၊ ပြောပါစေ။ 'ကိုယ်ချင်း'ကတော့ လက်မထပ်ခင် ပဝါတစ်ကမ်းပဲ ကောင်းပါသည်၊ ဒါပေမင့် နှလုံးသားတွင် ပထမဆုံးဖူးခဲ့ရသော ပုလဲငုံမို့ မေ့ဖျောက်၍မရပါ။ ဝတ်လွှာတို့သည် နှလုံးသားကို ငုံလျက်ပင် ရှိပါသေးသည်၊ သူတို့ပြောသလို အဆိတ်သာ ခံရလျှင်တော့ မပွင့်မီညှိုးရပါမည်၊ ထိုနေ့ကတည်းကစ၍ ကျွန်မပြတင်းမှာမရပ်၊ အင်းလျားရေပြင်ကိုလည်း မကြည့်တော့ပါ။ သို့သော် တစ်ခါတစ်ရံ တိမ်လွှာတံခါးပိတ်၍ လမင်းကြီးအိပ်ချိန်တောင်မှ အိပ်ခန်းပြတင်းမှရပ်ကာ ကောင်းကင်ကို ငေးနေမိသည်။ လွင့်ပျံ့သောစိတ်ကို ထိန်းချုပ်မရ။ မန္တလေး ပိုးလုံချည်နှင့် ပန်းရောင်ခေါင်းပေါင်းရှင် မင်းသားကိုတမ်းတမိသည်၊ ပြီးတော့လည်း ကျေးဇူးတင်မိသေးသည်။ မယူနိုင်ကြမည်ကို စောစီးကသူ ကြိုတင် တွက်ဆပြီးထင်ပါသည်။ ကျွန်မ၏ စည်းသုံးတန်ကို သူမကျော်ခဲ့၊ အကယ်၍များ သူပြောသလို ကားနှင့်အပြန် သူခေါ်ချင်ရာခေါ်သွားလျှင် ကျွန်မဘာများတတ်နိုင်ပါမည်နည်း၊ ခုတော့လည်း. . .။

* * *

ကို့ကို လက်ထပ်ရမည့်နေ့ ရောက်လာပါပြီ၊ ကိုသည် ထွန်းနှင့်ဘာမျှမတူ၊ ကြံ့ခိုင်သည်၊ ထောင်ထောင်မောင်းမောင်း အရပ်မြင့်မြင့်နှင့် မျက်ခုံးမွေးထူထူ မျက်ဝန်းကျယ်ကျယ်နှင့် နှာတံကပြေသည်။ စကားပြောလျှင်တော့ ပြတ်သည်၊ ပျားရည်ဆွတ်သော စကားလုံးတွေကို



www.burmeseclassic.com

www.burmeseclassic.com



သွယ်သွယ်နွဲ့နွဲ့ မပြော၊ ပြတ်သည်။ အသားကတော့ ထွန်းလိုမဖြူ။ ခပ်လတ်လတ်။ ရွာတုန်းက အိပ်မက်ခဲ့ရသော ကျေးတောသားနှင့်တော့ ရိုးတိုးရိပ်တိပ် တူသလိုလို။

သူကတော့ ကျေးတောသားမဟုတ်ပါ။ ရန်ကုန်မြို့ထဲမှာ အလုပ်ခန်းတစ်ခုရှိသည်။ သင်္ဘောသားတွေနှင့် ကားသွင်းလိုသူတို့နှင့် ဆက်သွယ်ကာ ကားအရောင်းအဝယ် လုပ်သည်။ ပြီးတော့ ဝပ်ရှော့နှင့် ကားကို သန့်စင်ပေးသော အလုပ်ရုံတစ်ခုလည်းရှိသည်။

ဒီတော့လည်း အမေ့အကြိုက် ကျွန်မကို အခါတော်ပေးတွေ ဘာတွေနှင့် ပန်းကုံးတွေ ရွှေလည်ဆွဲကာ လက်ထပ်ခဲ့ပါသည်။ ကျွန်မတို့ အိမ်လေးလည်း တစ်ထပ်တိုက် ဖြစ်သွားပါသည်။ အမေက ကျွန်မကို နားချစဉ်က ယောကျ်ားဆိုတာ ကျားကျားလျားလျား ရှိရမည်တဲ့။ ပြီးတော့လည်း ကိုယ့်ကိုဦးဆောင်နိုင်ရမယ် ဆိုခဲ့၏။ ဟုတ်ပေမည်။ ကျွန်မအဖေသည် တကယ်ပင် ကြံ့ခိုင်တောင့်တင်း၍ သူ့လယ်ယာများကို သူဦးစီးလုပ်ခဲ့သူ။ ဒါပေမဲ့ ကျွန်မရင်ထဲမှာ ပွင့်ခွင့်မရခဲ့ပါသော ပုလဲငုံသည် မွှေးထုံလျက်ပင် ရှိနေပါသေးသည်။

* * *

ယခုတော့လည်း လက်ထောက်ကထိက ဒေါ်မြသူ နံနက် ကျောင်းတက်လာလျှင် ကိုက ကိုယ်တိုင်ကားမောင်း၍ ကျောင်းပို့သည်။ ညနေကျတော့ အလုပ်ရုံက ကောင်လေးပဲ လာကြိုနိုင်သည်။ တစ်ခါတစ်ရံ ညစာ,စားချိန်တောင်မှကို အမိပြန်မလာနိုင်ပါ။ သူ့မိတ်ဆွေတွေ အရောင်းအဝယ်နှင့် အကျွေးအမွေးနှင့်ဆိုတော့ အိမ်ပြန်နောက်ကျသည်။ တစ်ခါတစ်ရံ သူညစာ အပြင်မှာစားခဲ့သည်။

ဘာပဲပြောပြော သီးကုန်းထွာက မမြသူ အခြေအနေနှင့်တော့ အား လုံးပဲ ကွာသည်။ ကောင်းသော ကွာဟချက်ပင်ဖြစ်ပါသည်။ ဒါပေမဲ့





ကျွန်မ အဖို့ ဘာမျှမထူးသလိုပင် ကျောင်းတက်၊ စာသင်၊ ကျောင်းကပြန်လာ တော့လည်း စာအုပ်နှင့်ပင် လုံးထွေးနေရသည်။ ကိုနှင့်တွေ့ဆုံသော ညနေ ဆည်းဆာများမှာ နည်းပါးလှသည်။ ဒီတော့လည်း ညဦးတွင် ခြံထဲမှာ တစ်ယောက်တည်း ပဲထိုင်နေမိသည်။ ရွက်ကြိုရွက်ကြားမှ တွားဝင်လာ သော လရောင်မျှင်တန်းတွေကို ငေးမျှော်နေမိသည်။ ညဉ့်ဦးလေတွင် စံပယ်နံ့က မွှေးပျံ့နေသော်လည်း ညဉ့်လွှာရုံဇာတ်လမ်းသည် မပီမသ ဝိုးတဝါးနှင့် နှစ်ပါးသွားခန်းက ခပ်ခြောက်ခြောက်ဖြစ်နေသည်။

ကို ပြန်လာပြီ။ သူပြန်လာချိန် ဆီးကြိုရသည်ကို ပျော်ပါသည်။ သူပင်ပန်း နွမ်းနယ်သလို ရှိပေမဲ့ ဘယ်တော့မျှသောက်စား၍ မလာ။ ဒါကိုပဲ ကျွန်မကျေးဇူးတင်မိပါသည်။ သူနှင့်ညစာအတူစား၍ သူ တီတ်ဆိတ်စွာ နားနေချိန်မှာ သူ့ဘေးတွင် ကျွန်မဝင်ခွေနေမိသည်။ ထိုခါမှ ချောင်းညိုလေးနှင့် ဘီးဆံပတ်ဆံထုံးနှင့် ကျေးတောသူအကြောင်းကို တွေးနေမိသည်။ ကျွန်မ ကိုယ်တိုင်က ဝေဝေဆာဆာ စကားတွေမဆိုမိ။ ရွာမှာသာဆို စောစော အိမ်ထောင်ကျ၍ ကလေးတွေတစ်ပြုံကြီးနှင့် ရှိတော့မည်။ ကျွန်မ သားချော့သီချင်း ဆိုချင်လှပြီ။

စနေတစ်နေ့ ဈေးထွက်လာခဲ့သည်။ ရုံးသမားတွေအဖို့ စနေနေ့ အားပေမဲ့ ကိုယ်ပိုင်လုပ်ငန်းပိုင်ရှင် ကိုတစ်ယောက်မအားပါ။ ကားမောင်းသူ သူငယ်နှင့်ပင် ကျွန်မ ဗိုလ်ချုပ်ဈေးဘက် ထွက်ခဲ့သည်။ သူ၏ မိတ်ဆွေအရာရှိ တစ်ယောက်ကိုပေးရန် ကိုကလက်ဆောင် ဝင်ဝယ်ခိုင်းခြင်းဖြစ်သည်။ ဈေးဝယ်ပြီး ကားကိုဗိုလ်ချုပ်လမ်းအတိုင်း မောင်းလာတော့ ပန်းဆိုးတန်းအရောက် ပေါင်းကူးတံတား ဘေးပလက်ဖောင်းမှာ မငွေရီကို မြင်လိုက်သည်။

"မောင်မြ၊ ရှေ့လမ်းထဲ ချိုးဝင်ပြီး ကားခဏရပ်လို့ရလား။ ခဏ ရပ်စမ်း"

ကျွန်မက ကားကိုခဏရပ်၍ မငွေရီရှိရာ ပြေးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

မငွေရီ က ကျွန်မကို အံ့အားသင့်စွာ ကြည့်နေသည်။

"မြသူ" သူ့ဒါပဲခေါ်ကာ မျက်ရည်တွေ ဝိုင်းနေသည်။ ကျွတ်. . . ကျွတ် အိတ်တစ်လုံးပဲ သူ့လက်ထဲမှာ ပါသည်။ အိတ်လေးထဲမှာ ဘာတွေမသိ။ အိတ်ကလည်းနွမ်း၊ လူကလည်းနွမ်း ညှိုးမှိန်ဖျော့တော့ နေသည်။

"ငွေရီ ဘယ်မှာ နေလဲဟင်။ ကိုယ်လိုက်ပို့မယ်၊ လာပါ"

ကျွန်မက သူ့လက်ကို အတင်းဆွဲ၍ ကားရှိရာ ခေါ်သွားသည်။ ကိုရိုလာ ကားတံခါးကို ဖွင့်၍ သူ့ကိုအရင်တင်ပေးလိုက်ပါသည်။

"ကဲ . . . လမ်းပြပေတော့ ငွေရီ၊ အိမ်ကို ကိုယ်လိုက်ခဲ့မယ်"

ငွေရီသည် သက်ပြင်းချ၍ ကျွန်မကိုကြည့်သည်။ ပုဇွန်တောင် ညောင်တန်းဘက်ကို သူမောင်းခိုင်းသည်။ သူရပ်ခိုင်းသောနေရာ လမ်းပေါ်မှာ ကားကိုထားခဲ့ရ၍ လမ်းကြားလေးထဲကို နှစ်ယောက်လျှောက်သွားရသည်။ လမ်းလေးနှင့် တဲအိမ်တွေသည် တစ်လံမျှသာ ကွာမည်။ အိမ်ရှေ့မှာ ရေချိုးကြ၍ ရေတွေ လမ်းပေါ်စီးကာ ဗွက်ပေါက်နေသည်။

ချဉ်စုတ်စုတ် ရေမြောင်းအနံ့တွေ ရနေသည်။ ငွေရီ့ အိမ်သည် တဲလေးပဲ ဖြစ်သည်။ ကျွန်မတို့ နှစ်ယောက်ဝင်လိုက်တော့ ကလေး နှစ်ယောက် ဖိနပ်ချွတ်မှာ ကစားနေသည်။

"အမေပြန်လာပြီ။ ထမင်းစားရတော့မယ်။ ဘာပါလဲ" ကလေးတွေ ပြေးလာကြ၏။

ငွေရီ ခုမှ ကလေးတွေကို ထမင်းကျွေးရမည် ထင်သည်။

"မြသူ ထိုင်ဦးနော်"

ငွေရီက ကျွန်မကို ထိုင်းခိုင်းထားကာ နောက်ခန်းလေးကို ဝင်သွား သည်။ ပြန်ထွက်လာတော့ လက်ထဲက ဒန်ဇလုံထဲမှာ ထမင်းတွေ ပါလာ သည်။ ကြွပ်ကြွပ်အိတ်ထဲမှ အထုပ်တစ်ထုပ်ကိုဖြေလိုက်သည်။ ခေါက်ဆွဲ လက်သုပ်တွေကို ဇလုံပေါ် သွန်ထည့်၍ ကလေးတွေရှေ့ ချပေးလိုက် သည်။ ကလေးတွေက အားရပါးရ စားနေကြသည်။





ငယ်ငယ်ကတည်းက အလွန်သွက်သော ငွေရီ။ ယခုတော့ ထုံထုံအအကြီးလိုပင်။ အချောအလှ ကြီးမဟုတ်သော်လည်း စိုစိုပြည်ပြည်၊ ပြည့်ပြည့်ဖြိုးဖြိုးနှင့် ကျေးတောသူမ ငွေရီ။ မြို့အရှိန်ငွေ့ဖြင့် ခြောက်သွေ့ နွမ်းရော်နေသည်။ ကျွန်မကလည်း မလှပသောအဖြစ်ကို မေးရန်စိတ်က မဝံ့ရဲ။

"ကလေးတွေ အဖေရော"

"ရှိတယ်လေ။ သူသောက်လွန်းတော့ အလုပ်က ပြုတ်သွားပြီ။ ကိုယ်က စာရေးဝင်လုပ်ပါတယ်။ သူလုပ်သက်မစေ့တော့လည်း ပင်စင် မရဘူး။ ဒီတော့ ကိုယ်က အားချိန်ကုန်တိုက်မှာ ပစ္စည်းလေး ဘာလေး တိုးရတာပေါ့။ အကြီးနှစ်ယောက်က ကျောင်းထားရတယ်။ ဟိုဘက်လမ်း မှာ သူတို့ဆရာဆီ ဒီနေ့သွားတယ်။ သူတော့ အချိန်မမှန်ဘူး။ ပြန်ချင်တဲ့ အချိန် ပြန်လာတယ်" ပြောရင်းအသံ တိမ်ဝင်သွားကာ မျက်ရည်တွေ တွေတွေ ကျလာသည်။ ကျွန်မသည် ဘာလုပ်ရမှန်းမသိ။ တစ်ခါက ငွေရီ ဆိုသည်မှာ ကျွန်မတို့ ရွာ၏ အကြီးအကဲ သူကြီး၏ သမီး။ ယခုတော့ ရန်ကုန်ဆင်းရဲသား ရပ်ကွက်၏ တဲလေးထဲမှာ။ ဘာပဲပြောပြော ရွာမှာဆို သူတို့အိမ်၏ နောက်က လယ်ကွင်းပြင်ကြီး။ အသက်ရှူချောင်လိုက်တာ။

"ကိုယ် ဘာလုပ်ပေးရမလဲ။ ပြောပါငွေရီ။ ကိုယ့်အိမ်ကိုသိအောင် အခုလိုက်လည်မလား။ လောလောဆယ်တော့ ကိုယ်တတ်နိုင်သရွေ့ ကူညီတာ လက်ခံပါ"

ကျွန်မငွေတစ်ရာ သူ့လက်ထဲ ထည့်တော့ ရှိုက်၍ ငိုသည်။

"ကိုယ့်ဘဝက မလှလို့ သူငယ်ချင်းကို မဆက်သွယ်မိတာ။ အခု လည်း ကိုယ်မလိုက်သေးဘူး။ မြသူရဲ့ လိပ်စာပေးခဲ့လေ"

ကျွန်မသည် အိတ်ထဲမှ စာရွက်တစ်ခုယူကာ လိပ်စာရေးပေးခဲ့ သည်။

"ဆက်ဆက်နော် ငွေရီ။ အမေကတွေ့ချင်မှာ။ အမေ့ဆီက အကြံ ဉာဏ် တောင်းနိုင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုပဲ ရွာမှပြောင်းလာသူတချို့ အမေ့ဆီလာ၍ တိုင်ပင်ကြ၊ အကြံဉာဏ် တောင်းတတ်ကြတယ်။ ကျွန်မသည် လေးလံသော ခြေလှမ်းများနှင့် ငွေရီတို့အိမ်မှ ပြန်လာခဲ့သည်။

ကို ခိုင်းထားသော အရာရှိအိမ်က ဒုတိယ သော်မဆင်ရိပ်သာမှာ ဖြစ်သည်။ တိုက်ရေ့ကားရပ်၍ အိမ်ထဲဝင်သွားသည်။ ဧည့်ခန်းမှာ ကလေးတစ်ပြုံနှင့် အရာရှိမောင်နှံ တီဗွီကြည့်နေကြသည်။ ကျွန်မကို မြင်မြင်ချင်း အရာရှိကတော် မေသင်းကြည်က ဆီးကြိုသည်။

"သော်မြသူ လာပါ။ ထိုင်ပါ။ ဦးမြင့်မောင် မပါဘူးလား"

ကျွန်မထိုင်လိုက်တော့ အရာရှိမင်း ဦးကျော်ဝင်းကပါ ထလာသည်။ ကလေးတွေက တီဗွီကြည့်ရင်း တငါးဝါး တဟားဟားနှင့် ရယ်မောနေကြသည်။ စားထားလိုက်သည့် ကွတ်ကီးမုန့်အကြေတွေနှင့် အချဉ်ထုပ် အလွတ် ပလတ်စတစ်ခွံများ ပြောင်လက်သော ကြမ်းပြင်ပေါ်တွင် ဖွာရရာ ကြဲနေသည်။

"ကျွန်တော်တို့ အိမ်ကတော့ ဟဲ. . . ဟဲ. . . စည်ပင်သာယာပဲ ဗျို့။ ဒီကောင်တွေက အိမ်ရဲ့ ဆည်းလည်းမဟုတ်ဘူး၊ အိမ်ခေါင်းလောင်းတွေ ဖြစ်နေပြီ"

"ကိစ္စမရှိပါဘူး ဦးကျော်ဝင်းရယ်။ ကလေးဆို ဒီလိုပေါ့။ အိမ်ဆိုတာကလေးရှိမှ။ ကိုက မအားလို့ ကျွန်မလာတာပါ"

ပြီးတော့ ကိုခိုင်း ထားသော ကိစ္စကို ဆက်ပြော၍ လက်ဆောင်ပစ္စည်းပါပေးခဲ့သည်။ အရာရှိကတော်က ကော်ဖီလာပေး၍ သောက်ပြီး နှုတ်ဆက်ကာ ပြန်ခဲ့သည်။ ငွေရီ့အိမ်လေး၏ ညှိုးနွမ်းလျော့ရဲခြင်းနှင့် ဦးကျော်ဝင်းတို့၏ ရွှန်းလက်တောက်ပခြင်းတွေမှာ ကျွန်မရင်ထဲမှာ လှိုင်းခတ်နေသည်။ ဒန်ဇလုံထဲက ခေါက်ဆွဲသုပ်၊ ထမင်းနှင့် ကြမ်းပြင်ပေါ်က မုန့်တွေ။

အိမ်ရောက်တော့ အမေက ဆီးကြို၍ စာတစ်စောင် ပေးသည်။





"မောင်မြင့်မောင် ပြန်လာတယ်။ ကမန်းကတန်းပဲ အခန်းထဲဝင် ပစ္စည်းတွေဝင်ပြင်ပြီး ထွက်သွားလေရဲ့။ တောင်ကြီးကို သွားမယ်ဆိုတယ်။ အဲဒီစာပေးသွားတယ်" စာကိုလှမ်းယူ၍ အမေ့ရှေ့မှာ ဝင်ထိုင်ကာ စာကို ဖောက်၍ ဖတ်လိုက်ပါသည်။

မိန်းကလေး . . .

ကို ကားတစ်စီးရစရာရှိလို့ တောင်ကြီးကို လိုက်သွားရတယ်။ အချိန်မရလို့ ဒီစာနဲ့ပဲ နှုတ်ဆက်ခဲ့တယ်။

မြင့်မောင်

"လုပ်လိုက်ရင် ဒီလိုချည်းပဲ" ကျွန်မသည် စာကို အိတ်ထဲဆောင့်ထည့်ကာ မျက်နှာစူပုပ်၍ ပြောလိုက်သည်။

"သိပ် သူတစိမ်းဆန်တာပဲ" စူပွစူပွနှင့် ကျွန်မထပ်မံရေရွတ်မိသည်။

"သမီးကလည်းကွယ် ကုန်သည်ဆိုတာ ဒီလိုပဲ အချိန်လုရတာပဲ။ အလုပ်အကိုင်နဲ့သွားတာပဲ ဘာဖြစ်တာလဲ"

"ဟုတ်ပါဘူး၊ သမီးကို စောင့်ခေါ်တော့ဘာဖြစ်လဲ။ နှစ်ယောက်အတူ လက်ထပ်ပြီးမှ တစ်ခါမှ ဟန်းနီးမွန်း မထွက်ရသေးဘူး"

အမေက ကျွန်မကို တအံ့တဩ နားမလည်သလို ကြည့်နေသည်။ အမေဘာမျှ ထပ်မံမပြောခင် ကျွန်မအခန်းထဲကို ဝင်ခဲ့သည်။ ကို့ကိုလည်း မကျေနပ်။ အမေ့ကိုလည်း မကျေနပ်။ စိတ်ပေါက်ပေါက်နှင့် လက်ကိုင်အိတ်ကို အခန်းထောင့်သို့ လွှင့်ပစ်လိုက်မိသည်။ စိတ်မောမောနှင့် အိပ်ရာပေါ် ပစ်လှဲလိုက်သည်။ ရင်ထဲမှ ဒေါသတွေမျက်လုံးမှ မျက်ရည်အဖြစ် စီးကျလာကြသည်။ ဒေါသတို့ မျက်ရည်တို့ ဆိုသည်မှာလည်း တစ်ယောက်တည်း လှိုမ့်ငိုနေ၍ အဓိပ္ပာယ် မရှိသလိုပင်။ တကယ်ဆို ချော့သည့်လူလေး၊ မျက်ရည်ကို သုတ်ပေးမယ့်လူတော့ရှိဦးမှပေါ့၊ ချော့သူ မရှိဘဲ စိတ်ကောက်ရသည်ကလည်း တန်ဖိုးမရှိ။ ထွန်းသာရှိလျှင် ကျွန်မ စိတ်ကောက်၍ နှုတ်ခမ်းစူနေလျှင် ပျားရည်လူးစကားလုံးတွေနှင့် ရွှန်းအိ


www.burmeseclassic.com

www.burmeseclassic.com



သွားအောင် ချော့တတ်သည်၊ "ကို အလကားပါ၊ လူကိုတန်ဖိုးမထားဘူး"

အသံထွက်အောင် ရေရွတ်မိသည်။

နောက်နေ့ တနင်္လာနေ့ ကျောင်းကို ထွက်လာသည့်အချိန်ထိပင် ကျွန်မ ဒေါသက မပြေသေး။ ကျွန်မ ပို့ချရမည့် သင်တန်းက ၁၁ နာရီမှာ ရှိသည်။ ရုံးခန်းထဲ ဝင်လိုက်တော့ ချောပပ စာပွဲရှေ့မှာ အမျိုးသမီး တစ်ယောက် မတ်တတ်ရပ်ရင်း စကားပြောနေသည်။

"သွားတော့မယ်ချော။ စားချင်သောက်ချင် ပြောနော်။ အရင်က မေ မဟုတ်တော့ဘူး၊ အမြည်းဆို အစုံလုပ်တတ်တယ်။ အကြော်ရော၊ အသုပ်ရော" ဖြူးဖြူးရယ်ရယ် ပြောရင်း ချောပပကို နှုတ်ဆက်ကာ ကျွန်မ ရှေ့မှဖြတ်၍ အခန်းပြင်ထွက်သွားသည်။

အမျိုးသမီးက ကျွန်မနှင့် ရွယ်တူလောက်ပင်ရှိမည်၊ ပြည့်ပြည့် ဖြိုးဖြိုး နှင့် ကြည့်ပျော်ရှုပျော်ရှိသည်။ ကျွန်မစားပွဲမှာ ကျွန်မထိုင်လိုက်၍ အံဆွဲသော့ ကိုဖွင့်နေစဉ်-

"မမြသူ သူ့ကို သိလား" ချောက မေးလာ၏။

"ဟင် . . . မသိပါဘူး"

"ပြောရဦးမယ် . . . သူက ထွန်းရဲ့ မေပေါ့"

"ဘာ . . . " ကျွန်မက နားမလည်သလို မေးလိုက်၏။

"ကိုဖြူနွဲ့ရဲ့ မေလေ။ ခင်သန်းဆွေနဲ့ လက်ထပ်တယ်ဆိုလို့ တခြား အမျိုးသမီးအောက်မေ့နေတာ မေကနာမည်ပြောင်းထားတာကိုး။ ချော တို့နဲ့ မန္တလေးမှာ ၁၀ တန်းတုန်းက သူ့နာမည် မေပဲ။ ခု ကိုမြတ်ဝင်းထွန်း မြစ်ကြီး နားကနေ မော်လမြိုင်ကောလိပ်ပြောင်းရမယ်ဆိုလို့ သူ့ကိုပါ ချက်ချင်း ပြောင်းမပေးနိုင်သေးတော့ အနည်းဆုံး ရန်ကုန်တက္ကသိုလ် ပြောင်းပေးဖို့ လာကြိုးစားနေတာတဲ့။ ချောနဲ့ အဆက်အသွယ် ပြတ် သွားတာကြာပြီ။ ဖေဖေ မန္တလေးက ပြောင်းကတည်းက ချောနဲ့မေနဲ့က ကွဲသွားတာ။ မေကလည်း မြစ်ကြီးနား ကောလိပ်မှာ ကျူတာ"

"အဲဒါ ဘာဖြစ်လဲ"





ရင်ထဲက ဒေါသအရှိန်က မပြေသေး၍ ကျွန်မ ဘုကျကျ ပြော လိုက်သည်။

"ပွင့်ဦးရဲ့ အမူးငိုကာ အကြောင်းလေး ဆက်ပြောမလို့ပါ။ သူက ဖြင့် သူ့ရဲ့ ထွန်းအကြောင်းကို ဘာမျှ မသိဘဲနဲ့။ မေနဲ့ရတော့ ကိုဖြူနွဲ့က သောက်တတ်နေပြီတဲ့။ ဒီတော့ သိက္ခာထိန်းရမှာမို့ ဆိုင်မှာ မသောက်ပါနဲ့၊ အိမ်မှာ ဣန္ဒြေရရသောက်ပါ။ မေကိုယ်တိုင် အမြည်းလုပ်ပေးပါ့မယ်လို့ ချော့ရတယ်တဲ့"

"ချော့ရတယ်" ကျွန်မက တအံ့တသြ မေးလိုက်သည်။

"အေးပေါ့ဟဲ့၊ ခုတော့လည်း အိမ်မှာပဲ ဣန္ဒြေရရသောက်တယ်တဲ့။ ဒါကြောင့် မေကပြောသွားတာ၊ ယူမကြားဘူးလား။ သူ အမြည်း အကြော် မျိုးစုံ၊ အသုပ်မျိုးစုံလုပ်တတ်တယ်ဆိုတာ။ အရက်နဲ့မြည်းဖို့လေ"

ကျွန်မ မကြားချင်ပါ။ ဘာမျှမကြားချင်ပါ။ ကျောင်းသားတွေ၏ စာအုပ်တွေကို စားပွဲပေါ်တင်ကာ ဖတ်မည်လုပ်နေစဉ်မှာပင် အပျိုကြီး မမချောက စကားဆက်ပြန်သည်။

"ချောတော့ မေ့ကို တော်လေးဝထဲ ထည့်ချင်တယ်။ မေနဲ့ ပေါင်းရင် တော်ငါးဝပေါ့"

ဘာအဓိပ္ပာယ်ပါလိမ့်။ ချောစကားကို ကျွန်မနားမလည်ပါ။

"ရှင်းစမ်းပါဦး ပါမောက္ခကြီးရယ်"

ကျွန်မ အရင်ရောက်နေနှင့်သော မျက်နှာချင်းဆိုင်မှ ဆရာမ မြကေသီက ဝင်ထောက်၏။

"အမရာ ကိုနှုရီတို့ မဒ္ဒီသမ္မုလတို့ ဆိုတာတွေဟာ သူတို့ယောက်ျား တွေက လင်္ကာသူ တော်ကောင်းကြီးတွေကွာ။ ဘုရားလောင်းတွေ မဟုတ် လား။ ဒီလိုလင် မျိုးဆို ပြုစုစမ်းပါရစေ၊ သစ်သီးရှာရုံမကဘူး အမဲလိုက်ရ လိုက်ရ"

"ဟဲ . . . ဟဲ သူ့အတွက်ဆိုရင်ပေါ့လေ" မြကေသီက ရွှန်းပြန် သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်လေ။ မေ့ယောက်ျားက အရက်သမား။ ဒါကို သူပြုစု ပြီး အရက်နဲ့ အမြည်းနဲ့ကြို။ ထမင်းပွဲ အဆင်သင့်နဲ့ သူပြုစုနိုင်တာကို ခိုးကျူးချင်လို့ပါ။ ဒါတင် မကပါဘူးလေ၊ လောင်းကစား ဖဲရိုက်၊ မယား ငယ်အိမ်က ပြန်လာတဲ့ယောက်ျားတွေကို ထမင်းပွဲနဲ့ ဆီးကြိုနိုင်တဲ့ မိန်းမ တွေကိုလည်း သိပ်အံ့သြတာပဲ"

"အဲဒီ မိန်းမတွေပါ တော်လေးဝထဲထည့်ရရင် တော် ၅၅၀ ပေါ့။ ဟား. . . ဟား အဲဒီ တော်တွေထဲဝင်အောင် ချောတစ်ယောက် မြန်မြန် လက်ထပ် လေကွာ" မြကေသီက ဆက်၍ ဟားသည်။

"ဝေးသေး . . . ဝေးသေး။ တော်ထဲလည်းမဝင်နိုင်ဘူး။ ချောတော့ အဲဒီအရက်သမား ဖဲသမားလည်း မယူနိုင်ဘူး"

"အပျိုကြီးမမရဲ့၊ ယောက်ျားဆိုတာ လက်မထပ်ခင်က စင်းလုံး ချောပေမဲ့ ကိုယ့်လက်ထဲကျတော့ တစ်ခုမဟုတ် တစ်ခုတော့ ဖောက်လာ တတ်တာပဲ။ အဲဒါကို အခြေအနေအရ ကိုယ်နဲ့ ဘောင်ဝင်အောင် ကြည့် စခန်းသွားရတာပဲ။ တစ်ခါတလေကိုယ်ကပဲ သူ့ဘောင်ထဲ ဝင်နိုင်အောင် ကြိုးစားရတာတွေလည်း ရှိတာပဲ။ မမချောရေ. . . ဟိုတုန်းက စိတ်ကူးယဉ် အိပ်မက်တွေကို မေ့ပစ်ရတယ်။ ပန်းလေးလိုလှတာကိုလည်း ကြည့်နေ ချင်သည်ဆိုတာတွေ၊ မြင်းမိုရ်တောင်ကို တုံးမှတ်လို့ ခုန်မှာတွေအားလုံး မေ့ပစ်ရတယ်။ တစ်ခါ တစ်ခါ အဲဒီ ဘသားချောတွေက မြေပေါ်မှာ ကြီးလေး တန်းနေတာတောင် မခုန်ချင်လို့ လမ်းရှင်းပေးရတယ်"

"အောင်မယ်စောစောစီးစီးဘာတွေများ ပြောနေလဲ အောက်မေ့ တယ် လင်အကြောင်းသားအကြောင်း"

သန်းသန်းရင်သည် အခန်းဝမှာ ပေါ်လာသည်။

"သန်းတို့တော့ ပါမောက္ခနဲ့ တွေ့ခဲ့ပြီ။ ဟန်းနီးမွန်းထွက်ဖို့ ခွင့် လည်းတောင်း၊ ခွင့်စာလည်းတင်ခဲ့တယ်။ လက်ထပ်တုန်းက သန်း ခွင့်မရ ခဲ့ဘူးလေ၊ ပါမောက္ခက ပေးမယ်တဲ့။ မောင်ပျော်သွားအောင် မောင့်ရုံးကို ဖုန်းဆက်လိုက်ဦးမယ်"





မျက်စမျက်နှင့် မြူးကြွရွှင်နေသော သန်းသန်းရင်သည် ပဝါကို ခေါက်သိမ်းကာ အခန်းအပြင် ထွက်သွားသည်။

ကျွန်မသည် ဘယ်သူ့စကားကိုမျှ မကြားလိုပါ။ ရင်ထဲမှာတော့ ထွန်းဘာလို့ အရက်သောက်နေပြီလဲ။ ထွန်းတစ်ယောက် ကျွန်မနှင့် တွဲနေ ကတည်းက အရက်သောက်တတ်ပါသလား။

သင်တန်းခန်းမသို့ စာသင်ရန်ထွက်သာလာသည်၊ ကျွန်မ ရင်ထဲ မှာ လေးလံမွန်းသိပ်နေပါသည်။ လရောင်ရွှန်းမြသော အချစ်ညမှာ ချစ်သူရုပ်သွင်သည် ဝိုးတဝါးပေပဲပေါ့။ နေရောင်ရွှန်းပမှ လက်ထပ်မည့် သူကို ရွေးတာပဲကောင်းသည်။ ယခု ကိုကို နေရောင်အောက်မှာတွေ့ခဲ့၍ လက်ထပ်ပြီးပြီ မဟုတ်လား။ ဘာကြောင့် လရောင်ကို တမ်းတမိနေသလဲ။ လရောင်အောက်မှာတွေ့ခဲ့သူ ပန်းရောင်ခေါင်းပေါင်းရှင်ကို ကျွန်မ စိတ် ထဲက ရွှေကျင်ခပ် ပဝါပေါင်းနှင့် မင်းလောင်းလို အထင်ကြီးခဲ့တာတွေ လည်း အို. . . သူကလည်း အရက်သမားတဲ့။

ကျွန်မသည် ထွေပြားသောစိတ် ထိန်းချုပ်ရင်း သင်တန်းတစ်ချိန် စာသင်ကြားကာ အခန်းသို့ ပြန်လာခဲ့သည်။ ကျောင်းသားများ စာအုပ် တွေကို စိစစ်နေသော သန်းသန်းရင် တစ်ယောက်ပဲ အခန်းထဲမှာရှိသည်။ ကျန်လူတွေ သင်တန်းပို့ချရန် သွားကြသည်။

"သန်း ဘယ်တော့ ဟန်းနီးမွန်းထွက်မလဲ" ကျွန်မက ပဝါခေါက် ရင်း မေးလိုက်၏။

"လာမယ့် စနေလေ။ မောင်က နက်ဖြန်လက်မှတ်သွားလုပ်မယ်၊ လေယာဉ်ရရ၊ ရထားရရ"

"မြသူလည်း လိုက်မယ်"

သန်းသန်းရင်သည် ရုတ်တရက် အဖြေမပေးဘဲ ပါးစပ်လေး ဟနေပြီးမှ "လိုက်လေ" ဟု ဖြည်းညင်းစွာ ပြော၏။

"မြသူဒီလိုလုပ်မယ်။ အမေ့ကိုပြောပြီး နက်ဖြန် သန်းကို အကြောင်း ပြန်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

သန်းက ခေါင်းညိတ်လိုက်၏။ ကျွန်မသည် အမှန်တော့ ထိုစဉ်က နားလည်ဖို့ ကောင်းပါသည်။ လွတ်လပ်စွာ သွားချင်သော လက်ထပ်ပြီးစ ဇနီးမောင်နှံကြား ကျွန်မလိုက်ပါသွားဖို့ မသင့်ပါ။

အို . . . သွားကိုသွားမယ်။ ကိုပြန်လာရင် ကျွန်မကို ကိုမတွေ့ရ။ ကျွန်မ မရှိခြင်းကို သူမြင်ရမှ ကျွန်မဝေဒနာကို သူသိရမည်။ သူ့လိုပဲ သူတစိမ်းဆန်ဆန် နေပြလိုက်မည်။

* * *

အိမ်ရောက်တော့ ဧည့်ခန်းမှာ ဧည့်သည်နှစ်ယောက်နှင့် အမေ။

"သမီးရေ ဒီမှာ ငွေရီနဲ့ မစန်းမြင့်"

ကျွန်မ ငွေရီကိုတွေ့တော့ ဝမ်းသာလွန်း၍ သူ့အပါးမှာ ဝင်ထိုင်လိုက်သည်။

"သိပ်အဆင်ပြေတာပဲ။ ညစာစားပြီးမှပြန်။ မောင်မြကို လိုက်ပို့ခိုင်းပါ့မယ်" ကျွန်မက ပြောလိုက်၏။

"အောင်မလေး ခုမှ ပိုမနေနဲ့။ အမေက စိန်မေကို ညစာချက်ခိုင်းထားပြီ" အမေပြောသံကြားမှ ကျွန်မ ပြုံးမိ၏။

"ငွေရီ လာ၊ အမေတို့ စကားပြောနေတုန်း တို့များအခန်းထဲလိုက်ခဲ့" ကျွန်မက ငွေရီကိုဆွဲခေါ်ကာ အိပ်ခန်းထဲမှာ အဝတ်လဲရင်း စကားပြောသည်။

"မြသူ၊ နင် မမစန်းကို မသိဘူးလား"

ငွေရီက ခုတင်ပေါ်ထိုင်ရင်း မေး၏။

"သိပါဘူး"

"ဟို သီးကုန်းက ကျောင်းအုပ်ကြီး ဦးကျော်အောင့် သမီးလေ"

"ဩော် . . . တို့ခုနစ်တန်းမှာတုန်းက သူက မော်လမြိုင်ဆရာဖြစ်အောင်လို့ မြောင်းမြမှာလုပ်နေတာပဲ သိတယ်၊ ငါတော့မမှတ်မိဘူး"





"အမေ ပြောတော့ သူလည်းတောင်ဥက္ကလာမှာတဲ့။ အမေနဲ့ ခဏ ခဏတွေ့ကြတယ်တဲ့။ ကံဘဲ့ဈေးမှာ တွေ့ကြတယ်တဲ့။ လာပါဟယ်။ နင်ကလည်း ရှိုင်းရာကျမယ် သွားစကားပြောရအောင်"

ကျွန်မကလည်း အဝတ်လဲပြီး ငွေရီနှင့် အတူ ဧည့်ခန်းပြန်လာကြ သည်။

"မြသူ သမီး၊ ဒါ ဆရာကြီး ဦးကျော်အောင့် သမီးလေ၊ ဆရာမ ဒေါ်စန်းမြင့်" အမေက မိတ်ဆက်ပေးသည်။

"ကျွန်မ မမှတ်မိလို့ပါ။ ငွေရီ ပြောမှ သတိရတယ်"

"အေး ဟုတ်တာပေါ့၊ မမစန်းက ရွာမှာနေတဲ့ အချိန်ကလည်း နည်းတာ။ ပြီးတော့ ရုပ်ရည်ကလည်း အရင်ကနဲ့ မတူဘူးမို့လား"

သူ ပြောတာဟုတ်ပါသည်။ ကျွန်မမြင်ဖူးသော အရင်က မမစန်းမြင့်က အပျို ရင်မို့မို့ တင်ပြည့်ပြည့်နှင့် ဒေါင်ကောင်းကောင်း။ ယခုတော့လည်း ပိန်ရှည်ရှည် ပါးလျားလျား ဖြစ်နေသည်။

"မီးဖိုမှာ ထမင်းစားဖို့ သွားကူလိုက်ဦးမယ်နော် မမစန်း"

ကျွန်မက ခွင့်တောင်းကာ မီးဖိုထလာသည်။ ငွေရီပါ ကျွန်မနှင့် အတူ လိုက်လာကာ ထမင်းဝိုင်းပြင်သည်။

"မမစန်းနဲ့ မချိန်းဘဲ လာတွေ့တာပေါ့" ကျွန်မက ငွေရီကို မေး၏။

"အေး ဟုတ်တယ်။ ရုံးအားရက်ဆို ငါက အလုပ်ရှိသေးတယ်လေ။ ကုန်တိုက် ဝင်တိုးရမှာ။ ဒီတော့ ဒီနေ့ တို့ရုံးက ဖယ်ရီကားက ဘောက်ထော်ကြဲလို့ လိုက်လာတာ။ မမစန်းနဲ့တွေ့တော့ တစ်ယောက်နဲ့တစ်ယောက် မမှတ်မိပါဘူး။ ငါကလည်း သိပ်ရုပ်ပြောင်းသွားတာ"

"သူ ဘယ်မှာလုပ်လဲ"

"ကံဘဲ့ကျောင်းမှာပြောတယ်။ သူ့အိမ်မိုးမလို့တဲ့။ သူ့ယောကျ်ားကလည်း ကျောင်းဆရာပဲ။ လူက လူအေး။ ဘယ်လောက် အေးသလဲဆို လခအပ်တာကလွဲလို့ ဘာမျှ မလုပ်တတ်ဖူးတဲ့။ အခုလည်း ဆရာမက သူ့လက်ကောက်လေး အမေ့ဆီ လာထားပြီး ငွေယူတာ။ မိုးမကျခင်



www.burmeseclassic.com

www.burmeseclassic.com

အိမ်မိုးမလို့တဲ့။ သူ့မှာ ကလေးကလည်း ၆ ယောက်တဲ့"

"အိမ်လေးရှိတာပဲ တော်သေး။ ကဲ . . . အမေတို့ သွားခေါ်မယ်။ ထမင်း စားရအောင်" ကျွန်မက ညည့်ခန်းသွားကာ အမေနှင့် မမစန်းကို ခေါ်လာခဲ့သည်။ ထမင်းဝိုင်းမှာ ရွာတုန်းကလိုပဲ အားလုံး စားသောက်ကြသည်။ မြို့ပြဟန် မပါပါ။

"ငွေရီရော မစန်းရော ရွာကလူတွေကို သိပ်တွေ့ချင်တာ။ မြသူဆိုတာကလည်း သူ့ကျောင်းအလုပ်နဲ့သူ" အမေက ထမင်းစားရင် ဆက်ပြော၏။

"အကူအညီလိုလည်း တစ်ယောက်နဲ့တစ်ယောက် ပေးရတာပေါ့"

"ဟုတ်ကဲ့ အမေ၊ ကျွန်မကလည်း တတ်နိုင်သလောက်တော့ ကိုယ့်ဘဝကိုယ် ဖြေရှင်းပါတယ်။ ကလေးကလည်း ၆ ယောက်။ အကြီးဆုံးကောင်က တက္ကသိုလ်သာရောက်ရော ကျူရှင်နဲ့ဆိုတော့ လုံးလည်လိုက်နေတာ။ အိမ်ကလည်း မမိုးမဖြစ်ဘူးလေ။ ကြယ်မြင်လမြင်။ ဒီလက်ကောက်ကလည်း မေမေပေးခဲ့တာ။ ကလေးတွေ အဖေတော့ ဘာမှမပြောချင်တော့ဘူး။ ဘာမှ လည်းကြံဖန်တတ်တာ မဟုတ်ဘူး"

"ဒီလိုပေါ့လေ။ သူ ဒီလိုနေတာပဲ ကျေးဇူးတင်ဦး။ ကဲ . . . သူက အရက် သောက်ပြီတဲ့၊ မယားငယ် ယူပါပြီတဲ့၊ ဒါမှမဟုတ် ကစားဝါသနာပါပါပြီတဲ့ မစန်း အိမ်ပိုင်နဲ့တောင် နေရမှာမဟုတ်ဘူး။ စိတ်ဆင်းရဲမှာ။ ဒီလိုလည်း လှည့်တွက်ပေါ့"

အရက်သမားမယား ငွေရီမှာ ခေါင်းမဖော်။ ကျွန်မနှင့်အတူ ထမင်းပဲ ငုံ့စားကြသည်။ ငွေရီအကြောင်းတော့ အမေသိဟန်မတူ။ ထမင်းစားပြီး ကားစီစဉ်ကာ ညည့်သည်များကို ကားနှင့် မောင်မြ လိုက်ပို့လိုက်ပါသည်။

ညည့်ခန်းတွင် နှစ်ယောက်တည်းကျန်မှ ကျွန်မက ငွေရီအကြောင်း အမေ့ကို ပြောပြ၏။

"ဟယ် . . . ဒီလောက်ဖြစ်မှန်း အမေမသိပါဘူး။ သူကလည်း





ဘာမှ မပြောဘူး"

"အမေကလည်း ဘာပြောမလဲ သမီးတောင် လမ်းပေါ်မှာ တွေ့လို့ အတင်းလိုက်သွားတာနဲ့ ငွေရီအဖြစ်ကို သိခဲ့ရတာ။ ဆိုင်နဲ့ ကနားနဲ့ ရောင်းရအောင်လည်း သူ့မှာ အရင်းအနှီး ရှိပုံမရဘူး။ အဲဒါ ရုံးမှာ အလုပ်လုပ် ကုန်တိုက်တိုးနဲ့ပဲ ပြီးရတာ"

"အေး . . . မစန်းကျတော့လည်း လင်က မကြံတတ် မဖန်တတ်။ ငွေရီအတွက်လည်း မကြွေဆီ အကြံဉာဏ် တောင်းဦးမယ်။ အမေ ကံဘဲ့ ဈေးထဲမှာ မကြွေနဲ့ တွေ့နေကျ။ သူကတော့ ကျပန်းရောင်းနေတာပဲ။ ငွေရီအတွက် သူနဲ့တိုင်ပင်ဦးမယ်။ သူ့သမီးလေးက မြို့ထဲက ဆိုင်တစ် ဆိုင်မှာ အရောင်းစာရေးလုပ်တယ်။ အဲဒါ ရောင်းရင်းဝယ်ရင်း နားလည် သွားတော့ သူ့ဘာသာ ပစ္စည်းကောက်ပြန်ရောင်းနဲ့ ခု-လဟာပြင် အပြင် ဘက်တန်းမှာ ဆိုင်ခန်းလေးတစ်ခုတောင် ငှားနိုင်ပြီ။ ငွေရီ့အတွက် ဘာလုပ်ပေးနိုင်မလဲဆိုတာမေးရဦးမယ်။ ခုလည်း အမေက မစန်းဆီက လက်ကောက်သာ ယူထားလိုက်တာ အတိုးမယူပါဘူးလို့ ပြောလိုက်တယ်။ တစ်ကျပ်သား ရှိသတဲ့။ ငါးထောင် ခဏပေးပါဆိုလို့ ပေးလိုက်တာ။ ဩော် . . . တို့ရွာက လူတွေလည်း တစ်ဖြစ်လဲနေပါလား"

မကြွေမှာ ယခင်က ရွာမှ ကုန်စိမ်းများကို မြောင်းမြပို့သူ ဖြစ်သည်။ ယခုတော့ ရန်ကုန် ရောက်နေသည်။

"အမေ သမီးခရီးထွက်မလို့" ကျွန်မစကားမစပ် ကောက်ကာငင်ကာ ခွင့်တောင်းလိုက်၏။ အမေ့မျက်နှာသည် အံ့သြသွားသည်။

"ဘယ်ကိုလဲ။ ဘာလုပ်လဲ။ မောင်မြင့်မောင်ဖြင့် မရှိဘဲနဲ့"

"အို . . . သူရှိကော ဘာထူးမှာလဲ။ သန်းသန်းရင်တို့ ဟန်းနီးမွန်းသွားတာ လိုက်မလို့" ကျွန်မက စူဆောင့်ဆောင့်နှင့် ပြောလိုက်၏။

"ဒီဟန်းနီးမွန်းပဲ ပြောနေတာပဲ။ မောင်မြင့်မောင် ခရီးထွက်တုန်းကလည်း ဒီဟန်းနီးမွန်းပဲ ပြောနေတာပဲ။ ဘာဖြစ်လို့ ဒီလောက် မွန်းချင်

www.burmeseclassic.com

www.burmeseclassic.com

နေတာလဲ။ အဲဒီ စကားကရော ဘာလဲ" အမေက ကျွန်မကို မျက်နှာထား တင်းတင်းနှင့် ကြည့်၍မေး၏။

"လက်ထပ်ပြီးစဆို ဒီလိုပဲ နှစ်ယောက်တည်း ခရီးထွက်ကြတယ်။ လွတ်လွတ်လပ်လပ် အပျော်ခရီးပေါ့။ သူများတွေ ဘယ်လောက်များ အားကျစရာကောင်းလဲ။ မြန်မာလို ပျားရည်ဆမ်း ခရီးထွက်တယ်ခေါ်တယ်"

"သမီးက ကိုယ့်လင်မှ မပါဘဲ"

"အို: . . . ကိုယ့်လင်က ကိုယ့်မှ ဂရုမစိုက်ဘဲ"

"ဒီလို မပြောနဲ့လေ" အမေက မျက်မှောင်ကြုတ်၍ ကြည့်သည်။

"တက္ကသိုလ်က ကျောင်းဆရာမ စကားကလည်း ဘယ်လိုလဲ၊ ၁၀-တန်းကျောင်းသူ ကျနေတာပဲ။ အတွေးအခေါ်တွေက ကလေးလိုပဲ။ ရွာမှာများ ဒီစကား မကြားဖူးပေါင်"

"ရွာမှာနေရင်တော့ ရွာသားနဲ့ညားနေမှာပေါ့။ ဒီတော့လည်း ကျေးတောသားက ကိုလို သမီးကို ပစ်ထားမှာမဟုတ်ဘူး"

"ခက် ခက်ရချည်ရဲ့။ မောင်မြင့်မောင်က သမီးကို ပစ်ထားသလား၊ အလုပ်နဲ့ အကိုင်နဲ့ သွားနေရတာ။ မသိတာမဟုတ်၊ ဒီလိုပဲ အမေတို့ ငယ်ငယ်တုန်းက ကျူးလုပ်ရတယ်။ သမီးထက်အကြီး ဆုံးသွားတဲ့ သူငယ်လေး မွေးတုန်းကအထိ အမေတို့ လယ်ပိုင် ချောင်းပိုင်မရှိသေးဘူး။ နေရတာ နွားတင်းကုပ်သာသာရယ်။ အမေ့ကို အဖေနဲ့ပေးစားတော့ လှည်းတစ်စီးပဲ ရှိတယ်။ ဒီလှည်းကလည်း အရီးလေးကနွားတစ်ကောင်၊ အဖေ့အစ်မကြီးတော်က တစ်ကောင်၊ အဘိုးက လှည်းအိမ် စုစုပေါင်းမှ လှည်းတစ်စီး ဖြစ်တာ။ ကိုသာအောင်က မိုးကျရင် လယ်အငှားစိုက်ရတာ။ နွေမှာ စပါးတိုက် ထင်းသယ်၊ ထင်းကုန်သည်တွေက ပင်လယ်မျှောခုတ်၊ ကနစိုခုတ် သွားရင်လည်း အငှားထင်းခုတ်ဖို့ သူက လှေနဲ့လိုက်သွားရတာ တစ်လ ကိုးသီတင်း။ အမေ့မှာ ဒီလိုပဲ ကျန်ရစ်ရတာပဲ။ တို့ မြေလေးတစ်ကွက်ပိုင်အောင်ဆိုပြီး၊ ကြိုးစားလိုက်ရတာ။ ဘာပျားရည်မှလည်းညား





ကတည်းက မဆမ်းခဲ့ရပါဘူး။ သမီးမွေးတော့ စီးပွားတက်ပြီး ပျဉ်ထောင်အိမ်နဲ့ လယ်ပိုင်နွားပိုင်နဲ့ ဖြစ်နေမှကိုး။ သမီးက ဆင်းရဲတာကို ဘယ်သိမလဲ၊ ဘာစိတ်ကူးတွေ ပေါက်နေတာလဲ"

ကျွန်မက ဘာမျှပြန်မပြောနိုင်။ မျက်ရည်တွေသာ တွေတွေကျနေပါသည်။

"စဉ်းစားများ ကြည့်စမ်းပါဦး။ ငွေရှိလင်လို အရက်နဲ့ပဲ အဖော်လုပ်နေပါပြီတဲ့၊ မစန်းယောက်ျားလို တာဝန်မသိ၊ ဘာမျှဦးမဆောင်တတ်ပါဘူးတဲ့၊ အငယ်တွေနဲ့ ပျော်ပါးနေပါပြီတဲ့၊ ဒီလိုဆိုရင်တော့ပြောပေါ့။ ခုတော့ မောင်မြင့်မောင်က အလုပ်ကို စိတ်ဝင်စားလွန်းလို့ သမီးကိုအချိန်မပေးနိုင်တာ ဖြစ်ချင်ဖြစ်မယ်။ ဒါလောက်တော့ ကိုယ်ကလိုက်လျောရမှာပေါ့။ အမေတို့ဘဝဆို သမီးအဖေကလည်း ကျွဲနဲ့နွားနဲ့ ရုန်းရတဲ့ဘဝက လွတ်အောင်ဆိုပြီး၊ ကြိုးစားတဲ့နေရာမှာ ထမင်းမေ့ ဟင်းမေ့ သားမေ့ မယားမေ့ပဲ။ တစ်ခါများ ထင်းလှေကနေ အလုပ်ပြီးလို့တဲ့ ကျိုက္ခမိ ဆက်ထွက်သွားပြီး ဆားအပြည့် လှေနဲ့တင်ပြီး အညာတက်သွားတာ။ အမေ့ဆီ လူကြုံနဲ့ပဲ အကြောင်း ကြားနိုင်တယ်။ အမလေး သူတို့လိုသာ လင်က ခရီးထွက်တိုင်း စိတ်ကောက်ပြီး ကိုယ်ကပါ ခရီးထွက်ရရင် ငါ့အိမ်မှာ တစ်နှစ်လုံးရှိမှာ မဟုတ်ဘူး။ တို့များဖြင့် လင်ခရီးထွက်သွားရင် ပန်းကပ်ရ၊ ဆွမ်းကပ်ရနဲ့ နေ့တိုင်း မေတ္တာပို့ ဆုတောင်းရတာ။ သူကဖြင့် ဆောင့်အောင့် စူပွလို့ ခရီးသွားတဲ့လူ စိတ်ထင့်စရာ"

အမေက ဒေါသဖြစ်လာဟန် တူပါသည်။ "ငါ"တွေဘာတွေ သုံး လာပါသည်။

"သားကြီးမွေးတော့ တဲအမိုးမပြင်နိုင်သေးဘူး။ မိုးစက်စက်နဲ့ မီးယပ်ချမ်းကလည်းထ၊ ငါ့သားလေး ဆင်းရဲရှာတယ်။ ဒီတုန်းက အအေးပတ်ပြီး သူဆုံးရှာတာပါ။ အဖေက လယ်ထဲမှာတစ်နေကုန် အမေ့မှာလည်း တစ်ယောက်တည်း သွေးနုနုနဲ့ ချောင်းရေခပ်ရ လျှော်ဖွပ်ရနဲ့အအေးပတ် အဖျားဝင် လေးဘက်နာဖြစ်၊ သားရောအမေရော အိပ်ရာပေါ်လဲ။

www.burmeseclassic.com

သားလေးဆုံးသွားရော အမေက နာလန်မထူဘူး။ ကျုံမငေးက ဆရာကြီး ဦးဘိုးသင်းနဲ့ ကုမှ ပျောက်တော့တယ်။ ၆ လ လောက်ဟာ အဖေ့ကို ဘာမျှမကူနိုင်ဘူး။ အဖေကလည်း အနားမနေနိုင်၊ ဆေးလည်း စောင့်မတိုက်ပါဘူး။ လယ်ချိန် လယ်ထဲမဆင်းရင် ငတ်မှာပေါ့။ သူတို့မှာဖြင့် လင်အနားမကပ်လို့တဲ့။ ရောဂါကလည်း ထထနိုင်လွန်းတယ်။ မသွားရပါဘူး။ သမီးမွေးလာတော့ ဖွားဆုံတို့လို လှပိုခေါ်ထားနိုင်တဲ့ အချိန်၊ ငါ့သားလေးလို ဒုက္ခမခံရဘူး။ အစတုန်းကတော့ သမီးကပြောတယ်၊ ရွာက ချောင်းလေးပဲ လွမ်းတယ်၊ ရွာမှာပဲ ဆရာမ ဖြစ်ချင်တယ်နဲ့၊ သမီးနေပုံထိုင်ပုံက ရွာက မြသူ ဘဝကို မေ့နေသလိုပဲ။ ဒါပဲ ပြောလိုက်မယ်၊ မသွားရဘူး"

အမေက တရစပ် ပြောကာ တစ်ချက်လွှတ် အမိန့်ချ၍ ထသွားသည်။ ကျွန်မ တရှုပ်ရှုပ်ငိုနေမိသည်။ အိပ်ရာထဲ သွားလှဲနေပေမဲ့ အိပ်မပျော်၊ အမေ့စကားတွေသာ နားထဲမှာ ဆူညံနေသည်။

သန်းသန်းရင်တို့ ဟန်းနီးမွန်း ထွက်သည်ကို ကျွန်မ မလိုက်ဖြစ်ပါ။ ဒါပေမဲ့ နောက်နေ့တွေ ကျောင်းတက်ရသည်ကို စိတ်မပါ။ ရင်ထဲမှာ မကျေမနပ် ဖြစ်နေဆဲ။

တစ်နေ့ သင်တန်းပြီးချိန် အခန်းဘက်ပြန်လျှောက်လာတော့ ရှေ့တူရူမှ သူလျှောက်လာသည်ကို မြင်နေရသည်။ ကျွန်မရင်ထဲမှာ တဒိတ်ဒိတ် ခုန်လာသည်။ ကျွန်မ အခန်းဝရောက်ပေမဲ့ ချိုးမဝင်သေးဘဲ ခြေထောက်က သူ့အလိုလို ရပ်သွားသည်။ သူ ရှေ့မှာ မားမား ရပ်လာသည်အထိ စောင့်နေမိသည်။ ကျွန်မ ခြေထောက်တွေ ရေခဲတိုင်တွေလို အေးစက်လာသည်ဟု ထင်မိသည်။

"ဒီမှာ မြ ရှိနေမှာကို သိလို့ ထွန်းလာနှုတ်ဆက်တာ"

ကျွန်မ မျက်လွှာချနေမိသည်။ ဘာပြန်ပြောရမှန်း မသိပါ။ ယခင်အချိန်တွေက ဒီစာသင်ခန်းတွေထဲမှာ သူနှင့် စကားပြောနေကျပဲ၊ ယခုလောက် လှုပ်ရှားခြင်း မဖြစ်မိပါ။





"တို့များကို သိပ်စိတ်နာနေပြီလား။ နက်ဖြန်ဆိုရင် တို့များ သွားရ တော့မယ်။ ခု အင်းလျားကန်ဘက် လျှောက်ရအောင်လေ"

အခန်းထဲရှိ ဆရာမတွေ ကျွန်မတို့နှစ်ယောက် ဘာပြောနေသည်ကို ကြည့်နေကြသည် ထင်သည်။ ပြီးတော့ ကျွန်မအပြုအမူကို အံ့ဩနေကြသည်။ ကျွန်မ အခန်းထဲ စာအုပ်ထား၍ သူနှင့်အတူ ဝရန်တာဘက်ထွက်လာသည်။ ချစ်သူဘဝတုန်းကတောင် အတူ မလျှောက်ခဲ့သော အင်းလျားကန်ပေါင်ပေါ်မှာ ယခု ကျွန်မသူနှင့်အတူ လျှောက်နေမိသည်။ ဆောင်းပြယ်စ ပြုပေမင့် ဆောင်းလေ ကျန်သည်။ ရေပြင်ပေါ်မှာ တိုးဝှေ့နေဆဲ၊ အေးမြ၍ လန်းဆတ်နေသည်။

"ထွန်းရဲ့ မေ့ကို တွေ့ပါတယ်"

ကျွန်မက မြက်ခင်းပေါ်ထိုင်ရင်း ပြောလိုက်၏။

"ဩော် . . . သူသူငယ်ချင်း ချောပပကို လာတွေ့မှာပေါ့"

"ဟုတ်တယ်။ ထွန်းအရက်တွေ သောက်နေတယ်ဆို ဘာဖြစ်လို့"

ကျွန်မသည် သူ့ကိုမကြည့်ဘဲ ရေပြင်ကို စူးစိုက်၍ငေးရင်း မေးနေမိသည်။ ကျွန်မကို ခွဲခွာရသောဝေဒနာကို ဖြေသိမ့်ဖို့ သူ အရက်သောက်နေသည်ဟု ထင်သည်။ သူ ကျွန်မကို မေ့မရနိုင်၍လား။

"တို့များကိုလည်း ကြည့်ပါဦး မိန်းကလေးရဲ့" သူက သူ့မျက်နှာကို ကျွန်မ ရှေ့သို့ထိုးပြလိုက်သည်။ ကျွန်မရင်ထဲမှာ တလှပ်လှပ် တုန်ခါသွားပါသည်။ သူ့မျက်နှာကြည့်၍ တုန်လှုပ်သွားခြင်း မဟုတ်ပါ။ "မိန်းတလေး" ဟူ၍ ကိုခေါ်သလို သူက ကျွန်မကိုခေါ်လိုက်ခြင်းအတွက် နာကျင်သွားခြင်းဖြစ်ပါသည်။

"အို . . . မြင်ပါတယ်" ကျွန်မက တတုန်ကယင် ဆိုလိုက်၏။

"တကတည်း ရေကသိုက်ားရှုနေသလိုပဲ၊ ရေပြင်ကိုပဲ ငေးနေတာ"

"ဟုတ်တယ်၊ ရေပြင်က သန့်စင်တယ်"

"တို့များက မသန့်စင်ဘူးပေါ့လေ"


www.burmeseclassic.com

www.burmeseclassic.com

"မဆိုလိုပါဘူး"

"မြရဲ့ မျက်နှာကိုလည်း ရေပြင်မှာ ကြည့်ပါလား" သူ့မေးခွန်းကြောင့် ကျွန်မ တုန်လှုပ်သွားပါသည်။

"မကြည့်ချင်ပါဘူး ထွန်းရယ်။ မြ သိချင်တာတွေ ရေပြင်က ပြောပြမှာလည်း မဟုတ်ဘူး။ သိပ်စိတ်ရှုပ်စရာ ကောင်းတာပဲနော်။ ဒါနဲ့ ထွန်းကြိုက်တဲ့မိန်းမကို ရရက်သားနဲ့ ဘာလို့ အရက်တွေသောက်နေရတာလဲ" ကျွန်မ စကားကြောင်းပြောင်းလိုက်ကာ မေးခွန်းဟောင်းကို မေးလိုက်၏။

ကျွန်မသည် အံ့ဩစွာ သူ့ကို စူးစိုက်ကြည့်နေမိ၏။

"ထွန်း မြကို ပြောမပြဘူး"

"ပြောဖို့ မလိုဘူးလေ"

"ဘာဖြစ်လို့"

"မြက အရက်သောက်တာကို ကြိုက်မှ မကြိုက်ဘဲ"

"အို . . . ချစ်တဲ့သူကို ဘာပဲဖြစ်ဖြစ် ကိုယ့်စရိုက်အမှန် သိစေရမှာပေါ့"

"ဟုတ်ပါတယ်လေ ချစ်ကြတဲ့ခဏ ချစ်တဲ့သူလေး စိတ်ချမ်းသာစေချင်တဲ့ စေတနာ တို့များမှာ ရှိပါတယ်လို့ ဆိုရင်ကော"

"ချစ်တဲ့ခဏ" ကျွန်မက ရေရွတ်ရင်း မျက်ရည်ပေါက်ကြီးတွေ မျက်လုံးမှ လိမ့်ဆင်းလာသည်၊ ထွန်းတစ်ယောက် ကျွန်မကို တစ်ခဏတာ ချစ်သွားခြင်းပေကိုး။ ကျွန်မ ထင်မြင်ချက်တွေ တစ်ခုမျှမဟုတ်။ ကျွန်မကိုလည်း မေ့မရ၍ မဟုတ်ပါလား။ ပြီးတော့ တစ်ခဏတဲ့။ သိပ်ရှက်ဖို့ကောင်းတာပဲ။ ကျွန်မ ရှိုက်၍ ငိုနေမိသည်။

"အို . . . ဘာလို့ငိုနေလဲမြရယ်။ ထွန်း မျက်ရည်သုတ်ပေးရမလား"

"မလိုပါဘူး။ မြ လက်ကိုင်ပဝါ ပါပါတယ်"

"ဟုတ်ပါတယ်၊ အခြေအနေကလည်း မပေးတော့ဘူး"

ကျွန်မ ရင်ထဲမှာ သိပ်ခံပြင်းလာပါသည်။ လမ်းလျှောက်ရင်း





ပန်းကောက်ခဲ့ခြင်းထက် ထွန်းအချစ်ကမပိုခဲ့ပါ။ ကိုယ့်မှာသာ စွဲလမ်းတမ်းတခြင်း ပြင်းစွာနှင့် နှလုံးသားတွင် သို့ဝှက်ခဲ့ရပါသောထွန်း။

"တစ်ခဏ ဆိုလို့ မြဝမ်းနည်းသွားသလား။ ဟုတ်တယ်၊ တစ်ခဏဆိုတာမှာ မလေးစားတဲ့သဘော မပါပါဘူး။ မြနဲ့ အတူချစ်နေချိန်မှာ တစ်ယောက်တစ်ယောက် လေ့လာခွင့်တွေ သိပ်ရခဲ့ပါတယ်။ အင်မတန်စည်းအတန်တန်ခြား၊ သတ်မှတ်ချက်တွေများနေတဲ့ မိန်းကလေး စရိုက်ကို ထွန်း သိလာခဲ့တာပေါ့။ ချစ်သူအနေနဲ့ ဒါတွေဟာ ပြဿနာမဟုတ်ဘူး။ ဒါပေမဲ့ လက်ထပ်ပြီးရင် အိမ်ထောင်သည်ဘဝ ရောက်လာတယ်ဆို စရိုက်က စကားပြောလာပြီ။ သူ့စည်းထဲ ကိုယ်ဝင်မလား၊ ကိုယ့်စည်းထဲ သူ ဝင်မလားနဲ့ စိတ်ပင်ပန်း ရင်လေးစရာတွေ၊ တစ်ပြုံကြီးနဲ့ နယ်လုရတဲ့ ပဋိပက္ခတွေ ဖြစ်လာရတာ၊ စိတ်မောစရာ မကောင်းဘူးလား။ ဒီတော့လည်း အိမ်ထောင်ရေးရဲ့ သုခဟာ ပျောက်ကွယ်သွားမှာပဲ။ မြဟာ ထွန်းချစ်သူ အနေနဲ့ လေ့လာရသလောက် မြလိုချင်တာကို ရှေ့တန်းတင်ရာမှာ သိပ်တင်းမာတဲ့ မိန်းကလေး"

"အို . . . ကျွန်မသည် မျက်နှာကိုလက်နှင့်အုပ်မိလိုက်၍ တသိမ့်သိမ့် ငိုမိပြန်သည်၊ အရင်ကဆို သူ ကျွန်မပခုံးကိုင်၍ ချော့မည်၊ ယခုတော့လည်း နှစ်ယောက်လုံး ထိန်းသိမ်းရမည်ကို နားလည်နေမိသည်။

"လက်ထပ်ချိန်မှာ ကိုယ်လိုချင်တာတွေကို နှစ်ယောက်လုံး ရှေ့တန်းတင်နေရင် ဘယ်တော့မှ အိမ်ထောင်ရေးဟာ သာယာမှာ မဟုတ်ဘူး၊ တို့များ လက်ထပ်တာ ဘာမလုပ်ရ ဘာမကိုင်ရဆိုတဲ့ စည်းကမ်းဘောင်တွေနဲ့ ဘောင်ခတ်ထားဖို့မှ မဟုတ်ဘဲ"

"ဒီလိုဆို ထွန်း အရက်သောက်တာကော ကိုယ်သောက်ချင်တာ ကို ရှေ့တန်းတင်ရာ မရောက်ဘူးလား"

"တို့များ အရက်သောက်တာကို မကော လိုက်လျှောပေး မေ့ရဲ့ ပျော့ညံ့ချက် တချို့တွေကိုလည်း တို့က လိုက်လျှောရတာပဲ ... ဥူက ပိုက်ဆံဆိုသိရင် သူ့အပ်စေချင်တယ်။ တို့များက ... အစ်



www.burmeseclassic.com

တယ်။ တခြားနေရာတွေမှာလည်း အပေးအယူ ရှိရတာပေါ့။ ယောက်ျား တစ်ယောက် ဆီက ကိုယ်လိုချင်တာ အပြည့်ရလိမ့်မယ်လို့ မျှော်လင့်ထားတဲ့မိန်းမဟာ မှားသလိုပဲ မိန်းကလေးတစ်ယောက်ဆီက ကိုယ်လိုချင်တာ အကုန်ရမယ်လို့ မျှော်လင့်ထားတဲ့ ယောက်ျားဟာလည်း မှားတာပဲ။ အခု ဒီကိုလာပြီး မြနဲ့တွေ့မယ်ဆိုတာလည်း မေ့ကို ပြောပြီးမှ သူ့ခွင့်ပြုချက်နဲ့ လာခဲ့တာ"

"သူ့ ခွင့်ပြုချက်" ကျွန်မ ထိုစကားလုံးကို လိုက်ဆိုမိ၏။

ကျွန်မရင်ထဲမှာ ပြောစရာတွေရှိပေမဲ့ ဘာမျှ ပြန်မပြောရပါ။

"တစ်ခါတလေ လူတွေဟာ ရဲရဲ မတွေးရဲဘူး။ ကိုယ်ဖြစ်နေတဲ့ အခြေအနေဟာ ကိုယ်ဖြစ်ချင်တာတွေထက် အရာရာ ကောင်းနေပေမဲ့ လည်း မရောင့်ရဲနိုင်ဘူး။ ဟုတ်တယ်မို့လား မြ၊ ဒီတော့လည်း ဖြစ်ချင်တာနဲ့ ဖြစ်နေတာကြားမှာ ပဋိပက္ခဖြစ်ပြီး ဒုက္ခ စလာတာပဲ။ အမှန်တော့ စရိုက်ချင်းတူဖို့ မျှော်လင့်တာထက် တစ်ယောက်စရိုက် တစ်ယောက် လိုက်လျောနိုင်ဖို့က ပိုအရေးကြီးတယ်။ သွေးမတော် သားမစပ်တဲ့ လူ နှစ်ယောက် စရိုက်ဟာ ထပ်တူကျဖို့ မလွယ်ပါဘူး"

"မြ ပြန်တော့မယ်"

ကျွန်မ ဘာစကားမျှ ဆက်မပြောချင်တော့ပါ၊ အမှန်တော့ ပြန်လည်တွေ့ဆုံခြင်းကို "အရှုံး" နှင့် ကျွန်မပိုင်းလိုက်ခြင်းပင်။ ထွန်း၏ နှလုံးသားမှာ ကျွန်မနှင့် မေ အပြေးပြိုင်ရာတွင် ကျွန်မအသာစီးရနေသည် ထင်ပေမဲ့ မေက ပန်းဝင်သွားပြီး ကျွန်မသည် နောက်မှာ ကျန်ရစ်ခဲ့ပြီ ကော။

"ပြန်ပါလေ၊ ဒါပေမဲ့ မျက်နှာကို ပြင်လိုက်ပါဦး။ တော်ကြာ တို့များ ကို အထင်လွဲနေမယ်"

ကျွန်မသည် လက်ကိုင်အိတ်ကို ဖွင့်၍ ကရင်မ်ပတ်ဖ်ကို ယူကာ မျက်နှာကို တို့လိုက်သည်။

"သွားမယ် ထွန်း၊ မေကြော်ပေးတဲ့ အကြော်တွေကို အရက်နဲ့





မြည်းရင် ထွန်းစိတ်ချမ်းသာမယ်ဆိုရင် မြ ဝမ်းသာပါတယ်။ သွားစို့"

"အင်း. . . အချိန်တွေဟာနောက်ကျခဲ့ပြီ၊ အင်းလျားကန်ပေါင်မှာ တို့များလမ်းလျှောက်သင့်တာ ဟိုအစောကြီးက"

သူက ဒါပဲပြော၏။ ကျွန်မက ဘာမျှမပြော၊ ကျောင်းခန်းရောက်တော့ ထွန်းအခန်းထဲရှိ ဆရာမတွေကို နှုတ်ဆက်ပြီး ပြန်သွားသည်၊ တစ်ခန်းလုံးက ဆရာမတွေသည် နှုတ်ဆိတ်၍ကျွန်မကို ကြည့်နေကြသည်၊ လွတ်လပ်တဲ့ဘဝမှာ တွေ့ကြစဉ်က စည်းသုံးတန်ခြားကာနေသူ မိန်းကလေးက ယခုမှ ကန်ပေါင်ရိုးတွင် နှစ်ပါးသွားသည်ကို အံ့သြနေပုံရသည်၊ သို့ပေမဲ့ ဒီနှစ်ပါး သွားကလည်း ပဝါတစ်ကမ်း မြေပိုင်းခေတ်ပုံစံဆိုတာကိုတော့ ပြောမပြမိခဲ့။

ကျွန်မကတော့ သူတို့ကို ဘာစကားမျှ မဆို၊ ကျွန်မ ပစ္စည်းများ သိမ်း၍ တိတ်ဆိတ်စွာ အိမ်ပြန်လာခဲ့သည်၊ ကားပေါ်တွင် ပန်းရောင် ခေါင်းပေါင်းရှင်၏ အဘိဓမ္မာတွေကို ပြန်လည် ကြားယောင်လာသည်၊ ဟုတ်မှာပါ။ မေသည် သူ့အတွက် အကောင်းဆုံး ဇနီးဖြစ်မှာပဲ၊ ကျွန်မ သာဆို သူကိုင်လာသော အရက်ခွက်ကို ပုတ်ချမိမှာ အမှန်၊ ချစ်သူဘဝ ကတည်းက "မြကြိုက်တာတွေ ဒါပဲ" ဆိုပြီး ကျွန်မအသာ စီးရနေခဲ့သူ၊ လက်ထပ်ပြီးတော့လည်း ကျွန်မရနေသော နေရာမှ ဖယ်နိုင်လိမ့်မည် မဟုတ်။

ပြီးတော့ ကျွန်မနှင့် တွေ့မည်ကို မေ သိသတဲ့။ မေက တွေ့ဆုံကြခြင်းကို လိုက်လျောခဲ့သည်။

တစ်ခါက ကျွန်မတစ်ယောက်တည်းသာ သိသော မိုက်မဲမှုလေးကို သတိရမိသည်။ ကို တစ်ယောက် ညဘက် အိမ်ပြန် နောက်ကျတာတွေ များသည်။ စနေဆိုလည်းအလုပ်ရုံမှာ၊ အမြဲလိုလို စိတ်ထဲက မယုံနိုင်ပါ။ စနေ၊တနင်္ဂနွေ တစ်နေ့ ရုတ်တရက် စစ်ဆေးရေးဝင်သလို အမေနှင့်အတူ ဈေးဝယ်ရင်း ကို့ ဝပ်ရှော့ကိုဝင်ခဲ့သည်။ အလုပ်ရုံမှာကို့ကို မတွေ့လျှင် တွေ့အောင်ရှာမည်။



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ယောက်ယောက်နှင့်များ တွဲနေလျှင် ထဘီ စွန်တောင်စွဲ၍ ကက်ကက်ပါအောင် ရန်တွေ့လိုက်မည်။ အလုပ်အ ကြောင်းပြ၍ အိမ်မပြန်ဘဲ ပွဲသောက်ကိုကို နားရွက်ဆွဲ ခေါ်လာခဲ့မည်။

ဝပ်လျှော့ရောက်တော့ ကားတစ်စီးအောက်မှာ ပက်လက်လှန် နေသော ကို၊ အပြာရောင် အလုပ်ဝတ်စုံဝတ်လျက်၊ ကျွန်မ ရောက်လာ သည်ဆိုတော့ ကားအောက်မှထွက်လာသည်။ သူ့လက်မှာ ဆီတွေပေကျံ ၍ မျက်နှာမှာလည်း ပေရေနေသည်။ ကျွန်မ ဘာပြောရမည်လဲ မသိ။ ပြီးတော့မှ ကိုကို ပြုံးပြီးနှုတ်ဆက်ရသည်။

"ကို. . . ထမင်းစားပြီးပြီလား"

အဆက်အစပ်မရှိသော စကားကို မေးမိသည်။ ကိုက ခေါင်းခါ လိုက်ပါသည်။ အချိန်က ၁၂ နာရီကျော်နေပြီ။ အမေက "ထမင်းချိုင့်ရော သမီး၊ ပြင်ပေးလိုက်" ဆိုတော့မှ ကျွန်မ သတိရသည်။ ကိုသည် ထမင်းကို လက်မည်းကြီးနှင့် ဖွန်းခက်ရင်းကိုင်ကာ စားနေသည်။

ကျွန်မ အတွေးအထင်တွေကို ယနေ့ထိ ဘယ်သူ့မှ မပြောပြမိပါ။ အမေသာသိလျှင်လည်း ကလေးဆန်သည်ဟု ကျွန်မကို ပြောမည်။

သြော်. . . ကိုနှင့် လက်ထပ်သည်မှာ ၂ နှစ်နှစ်ပြည့်တော့မည်။ ကို အရက်ခွက်ကိုင်လာလို့ ပုတ်ချလိုက်ရသည့် အဖြစ်မျိုး တစ်ခါမှ မကြုံခဲ့ရသေးပါ။

အရင်ကထင်ခဲ့သည်။ ကို ကျွန်မကို တန်ဖိုးမထားဘူးလို့။ ယခု တော့လည်း ကျွန်မကကိုတန်ဖိုးကို လျစ်လျူရှုနေမိသည်။ ကိုယ့်လက် ဝယ်ရောက်လာသော ရတနာ၏ တန်ဖိုးကို နားမလည်သော ကျွန်မ၏ မိုက်မဲမှုသည် ဒုံးထွတ်အထိပ်ကို ရောက်နေပါပကော။ မန်နေဂျာ ဦးသန်း မောင်ကိုမေး၍ ကိုရှိရာတောင်ကြီးကို လိုက်သွားမည်။ ပြီးတော့ တစ်ကိုယ် တော် စိတ်ကူးယဉ် မိုက်မဲမှုတွေကို ကိုကို တီးတိုးပြောပြမည်။ ပန်းရောင် ခေါင်းပေါင်းရှင်၏ မှတ်ချက်ကလည်း ဖြစ်ချင်သောဘဝကိုသာ ရှေ့တန်း တင်ပြီးဖြစ်နေသော ဘဝကိုမရောင့်ရဲနိုင်သူတဲ့။ ဟုတ်ပါတယ်လေ၊ ခုတော့





ကိုယ့်ဘဝကိုယ် နားလည်တဲ့ မိန်းကလေးပါ။ ဟျားရည်ဆွတ်ဖျန်းထားတဲ့ ပန်းပွင့်တွေ ကိုကို ပေးပြီး ဒီခရီးမှာ ကိုနဲ့နားလည်မှု ယူမှာပေါ့။

ကား အိမ်ရှေ့ရောက်တော့ ကျွန်မအတွေး ပြတ်သွားသည်။ အမေသည် ဆိုဖာပေါ် ငုတ်တုတ်ကြီးထိုင်လျက် တွေ့ရသည်။ တုန်ယင် သော သူ့လက်တွေနှင့် စာတစ်စောင်ပေးသည်။ အလုပ်တိုက် မန်နေဂျာ ဦးသန်းမောင်ဆီက စာ။ "ကို တောင်ကြီးမှာ ကားမှောက်၍ ဆုံးကြောင်း" ဘုရား. . . ဘုရား။ ကျွန်မ ရင်ထဲမှာ နာကျင်သွားပါသည်။

"သူ တယ်လီဖုန်းရရချင်း အိမ်ကိုလာပြောတာ။ သမီး ကျောင်း မဆင်းသေးဘူးဆိုလို့ စာထားခဲ့ပြီး ကျောင်းလိုက်သွားတယ်။ နက်ဖြန်မနက် အစောကြီးသွားဖို့ အဆင်သင့် ပြင်ထားပါတဲ့"

အမေက ပြောရင်းငိုနေသည်။ ကျွန်မဘာမျှ ပြန်မပြောနိုင်ပါ။ အခန်းထဲကို ဖြည်းညင်းစွာ လျှောက်သွားမိသည်။

ကို သွားသည့်နေ့က ဒေါ်တွေပွကာ လက်ကိုင်အိတ်ကို အခန်း ထောင့် လွှင့်ပစ်ခဲ့သည်။ လက်ကိုင်အိတ်သည် အခန်းထောင့်မှာ ပွင့်လျက်။ အနီးကို လျှောက်သွားပြီး လက်ကိုင်အိတ်ကို ကောက်လိုက်တော့ အမှောင်ထောင့်မှာ လက်စွပ်ကလေး။ ကျွန်မ ကောက်ယူလိုက်ပါသည်။

"မိန်းကလေးအတွက် မင်္ဂလာဦး အထိမ်းအမှတ်အဖြစ် ကို ပေးတဲ့ လက်ဆောင်"

ကျွန်မလက်ကို ညင်သာစွာ-မ၍ ကို ဝတ်ပေးခဲ့ပါသည်။ ဖွဖွလေး လက်ဖမိုးကို နမ်းနေစဉ်မှာ ကို့မျက်ဝန်း စိမ်းလဲ့လဲ့မှာ အေးမြရွှန်းပနေပါ သည်။ ယခုတော့ မြကိုရံထားသော စိန်ကလေးများသည် ကျွန်မကို အထိတ်တလန့် တဖျတ်ဖျတ် မျက်တောင်ခတ်၍ ကြည့်နေသည်။ လက်စွပ် ကို ကျွန်မပါးမှာအပ်မိ၏။

"ဘယ်လိုဖြစ်ရတာလဲ ကိုရယ်။ မိန်းကလေးရဲ့ မိုက်မဲမှုတွေ ကြောင့် ကိုအန္တရာယ် တွေ့ရတာထင်တယ်။ ကို ကားမှောက်ချိန်ဟာ ထွန်းနဲ့ မိန်းကလေး အင်းလျားကန်ပေါင်ပေါ်မှာ စကားပြောချိန်များလား"



www.burmeseclassic.com

www.burmeseclassic.com

ခုတင်ဘက်ကို လျှောက်သွား၍ အိပ်ရာပေါ် လှဲနေမိသည်။ လက်စွပ်လေးကိုရင်မှာ အပ်ထားမိသည်။ ချစ်သူလက်ဆောင်ကိုပင် တန်ဖိုးမထား မိုက်မဲခြင်း၊ လျစ်လျူရှုခြင်း၊ ရက်စက်ခြင်း၊ ရိုင်းပြခြင်းတွေနှင့် ပြည့်နေတဲ့ မိန်ကလေးဟု သူတို့ စကားဆိုနေသလား။

ဟုတ်ပါတယ်။ ကို့ကို ကျိန်ခဲ့မိတယ်။ ကို မရှိတုန်း မိန်းကလေး တစ်ယောက်တည်းခရီး ထွက်သွားမယ်။ ဒီတော့ ကိုပြန်လာရင် ဟင်းလင်း ဖြစ်နေတဲ့ မွေ့ရာကိုပဲ မြင်ရမယ်။ ဒီတော့မှ ငါခံစားရသလို ခံစားရမယ်။ တကယ်တော့ ဒါဟာကျိန်စာပဲ။ အခု ကျွန်မကျိန်စာ ကို့ကို ဖြစ်စေလို သော မနောကံ ကျွန်မဘက်ကို ဦးတည်လာပြီ။ ကိုယ့်ကျိန်စာ ကိုယ်ပြန် ခံရပြီ။ ပြန့်ကျယ်သော မွေ့ရာပေါ်တွင် အထီးကျန်ဘဝနှင့် ကာလရှည် လျားစွာ ကျွန်မ အိပ်ရတော့မည်။ ကိုယ့်လင်သား ခရီးသွားလျှင် တို့မှာ အယူဆတောင်း လိုက်ရတာ၊ ကျေးတောသူ အမေ့စကား။ ကျွန်မကတော့ ဆောင့်ခဲ့အောင့်ခဲ့ အစွဲတိုက်သဘောနှင့် ခရီးထွက်ဖို့တောင် ပြင်ခဲ့သည်။ ပြီးတော့ ထွန်းနှင့်လည်း တွေ့ခဲ့သေးသည်။ မြို့ပြ၏ ဝေဒနာတွေနှင့် လိမ်းကျံ ညစ်ပတ်နေသော မိန်းကလေး။

ခွင့်လွှတ်ပါလို့လည်း မဆိုချင်တော့ပါဘူး ကိုရယ်။ ဒီမိန်းကလေး အပေါ်မှာ ခွင့်လွှတ်နိုင်စရာ အကြောင်းလည်း မရှိတော့ပါဘူး။

ဒါပေမဲ့ ကို့ကို တီးတိုးပြောပြချင်ပါတယ်။ ရေသည်တစ်ယောက် အကြောင်းတော့ မဟုတ်တော့ဘူး။ ဖြစ်ချင်တာနဲ့ ဖြစ်နေတာကို အထာကျ အောင် လက်မခံတတ်တဲ့ မိန်းကလေး တစ်ယောက်အကြောင်း။

မဟူရာ အစ္စာမြှုထည်အောက်က မိန်းကလေးဟာ ကို့ရဲ့ မေတ္တာ လဝန်း ရောင်ခြည်တန်ဖိုးကို မခံစားနိုင်ဘူး။

လိုချင်တာ ဖြစ်ချင်တာ တစ်ခုတည်းကိုသာ ရှေ့တန်းတင်တဲ့ မိန်းကလေး၊ ကိုယ်ဖြစ်ချင်တာအတွက် ဘာနဲ့ပေးဆပ်ရမယ်ဆိုတာကို မသိတဲ့ မိန်းကလေး။





ရယူခြင်းနဲ့ ပေးဆပ်ခြင်းဟာ တန်ဖိုးဆတူ ရှိတယ်ဆိုတဲ့ နိယာမ တရားကို မေ့လျော့မှုကြောင့် ကို တစ်ယောက် ယဇ်ပလ္လင်ပေါ် ရောက်ခဲ့ ရပြီ။ ဘာကြောင့်များ လောကယဇ်ပလ္လင်မှာ အပြစ်မဲ့သူတွေ စတေးခံ နေရပါလိမ့်။

ကို့ကို ပေးဖို့ ပျားရည်ဆွတ်ဖျန်းထားတဲ့ ပန်းတွေဟာ ယဇ်ပူဇော်တဲ့ မီးတိုင်တွေအောက်မှာ နွမ်းခြောက် ညှိုးဖျော့ပြီး ပြန့်ကျဲနေကြသည်။

ဖြစ်ချင်တာတွေသာ ဖြစ်ရမယ်ဆိုရင် ရှင်တော်မြတ်ဘုရားဟာ အနတ္တတရားကို ဟောခဲ့မှာမဟုတ်ဘူး ဆိုတာကိုလည်း မိန်းကလေး မေ့လျော့နေတယ်။

မဟူရာအစ္စာစောင်ကို ခွာပြီး မိန်းကလေးဆက်လျှောက်ရမယ့် ခရီးဟာ မှောင်တရီ ဝိုးတဝါးနဲ့ မပြတ်သားလှဘူး။

ရွှန်းပကြည်လင်တဲ့ အလင်းရောင်ကိုပေးမယ့် လဝန်းဟာ အ နောက်မှာ နွမ်းဖျော့မှေးမှိန်ခဲ့ပြီလေ။ ။

♥

(ချယ်ရီ၊ နိုဝင်ဘာ ၁၉၈၈)

www.burmeseclassic.com

www.burmeseclassic.com

# ဘွားဘွား၏အရိပ်

မိုးကုန်၍ ဆောင်းဝင်စ ပြုတော့မည်ဆိုလျှင် ကောင်းကင်ပြာလဲ့လဲ့ အပေါ်မှာ တိမ်ညိုများ ကင်းစင်စပြုလာသည်။ ပုစဉ်းကောင်လေးများ မြက်ခင်းများပေါ်တွင် အုပ်စုဖွဲ့၍ ပျံနေကြသည်။

ဒီလိုရာသီဥတု အကူးအပြောင်း ရောက်လျှင် ကျွန်မ ဘွားဘွားကို သတိရသည်။ ဘွားဘွားကို တစ်အိမ်လုံးက အမေကြီးဟုခေါ်သည်။ မိတ်ဆွေ များက အစ်မကြီးဟုခေါ်သည်။ တစ်နွေလုံး တစ်မိုးလုံး ကျွန်မ တို့ခြုံခဲ့သော အညာစောင် အပါးစားများကို ဘွားဘွားက ဖွပ်လျှော်ခိုင်း လိုက်သည်။ ဝါးခယ်မ၏ မိုးတွင်းသည် အေးသည်ဆိုသော်လည်း အညာ စောင်နှင့် လုံလောက်သည်။

ဂုံးသေတ္တာကြီးများထဲတွင် ထည့်ထားသော ဂွမ်းကပ်များနှင့် ဂွမ်းကပ်ကို စွပ်သော အစွပ်များကို အိမ်ဖော်မိန်းကလေးများက နေပူထုတ်၍ လှန်းကြရသည်။ ထိုအစွပ်များနှင့် ဂွမ်းကပ်များမှာ ပြီးခဲ့သော ဆောင်းရာသီအကုန်က ဖွပ်လျှော်နေလှန်း၍ သိမ်းထားသော ပစ္စည်းများ ဖြစ်သည်။

လသာသော ညများတွင် ကျွန်မတို့အိမ်ရှေ့မှာ ကစားပွဲကြီး ရှိသည်။ စာကြည့်ပြီးလျှင် အိမ်နီးနားချင်း သူငယ်ချင်းတွေနှင့် စုပေါင်းပြီး ကျွန်မတို့ ထုပ်ဆီးတိုးကြသည်မှာ ကျွန်မတို့အိမ်ရှေ့ ပလီဝမှသည်





ဘုရားကြီးဝသို့ ရောက်လုနီးနီး စည်းများတားကြသည်။ မိုးရာသီမှ လွဲ၍ နွေနှင့်ဆောင်းမှာ ကျွန်မတို့ကစားမပျက်ကြပါ။

ကစားပြီး ချွေးများ အလိမ်းအလိမ်း ဖြစ်နေသော ကျွန်မတို့ ရေချိုး ကြရသည်။ ရေချိုးပြီး၊ ကလေးမများ သွေးထားသော သနပ်ခါးများကို ခြေဆုံး ခေါင်းဆုံး လူးရသည်။ ဘွားဘွားကတော့ အိပ်နှင့်ပြီ။

၉ နာရီလောက်မှ ကျွန်မတို့ ညီအစ်မနှစ်ယောက် အိပ်ရာဝင်ကြသည်။ ဘွားဘွား၏ အိပ်ခန်းထဲမှာ ခုတင်နှစ်လုံး ကပ်ထား၍ ကျွန်မက ဘွားဘွားနှင့် အိပ်ရသည်။ ကျွန်မ အစ်မမတင်ဦးက ကျွန်မတို့ကို ထိန်းသော ဘွားဘွား၏ တူမ ယုံယုံနှင့် အတူအိပ်ရသည်။

ကစား၍ မောပန်းလာသော အရှိန်နှင့် သနပ်ခါးနံ့ သင်းသင်း ပျံ့ပျံ့ လူးထား၍ ဘွားဘွား၏ နေပြထားသော နေနံ့သင်းနေသည့် ဂွမ်းကပ်အောက်မှာ ထွေးထွေးနွေးနွေး အိပ်စက်ခဲ့ရသော ကျွန်မ ငယ်ငယ်က မွေးပျံ့သည့် ဆောင်းညများကို ယခုထိမမေ့။

နံနက်ရောက်လာလျှင် မျက်နှာသစ်ပြီး ကျွန်မတို့ညီအစ်မ လေးယောက်လုံး ဘွားဘွားရှေ့ လာကြရသည်။ ကျွန်မအောက် ညီမလေးများက မသိန်းကြွယ်နှင့် မရင်နုတို့ဖြစ်ကြသည်။ သူတို့ကို အကြွယ်နှင့် နုနု ဟု အတိုကောက်ခေါ်ကြသည်။ ကျွန်မကို မစုဟု ခေါ်၍ မမကို မဦးဟု ခေါ်ကြ သည်။

ဘွားဘွားသည် ကျွန်မတို့ ဆံပင်ကို အုန်းဆီထည့်၍ သူကိုယ်တိုင် ဆံထုံးထုံးပေးသည်။ ကျွန်မတို့ သျှောင်ထုံးလေးများမှာ ဆီနှင့် ဝင်းပနေသည်။

ကျွန်မက ကျွန်မအစ်ကိုနှစ်ယောက်ဖြစ်သော ကိုမောင်မောင် (သခင် မောင်မောင်)၊ ကိုလှမောင် (သခင်လှမောင်)နှင့် မမတို့ နေရသော ဝါးခယ်မ ဦးဘိုးထင် မြန်မာစာသင်ကျောင်းမှာ နေရသည်။

ဝါတွင်းရောက်လျှင် ဥပုသ်နေ့မတိုင်ခင် အဖိတ်နေ့မှာ အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com

ချက်ပြုတ်ကြရသည်။ များသောအားဖြင့် မေမေ၏ ပင်တိုင်ဟင်းမှာ ဆီပြန်အသားတစ်ခွက်၊ မျှစ်ကြော်၊ မန်ကျည်းစိမ်းငါးပိချက်နှင့် အရည်တစ်ခွက် ဖြစ်သည်။

အဖိတ်နေ့မှာ ကျွန်မတို့ မနက်ကျောင်းတစ်ဝက် တက်ရသည်။ ဦးဘိုးထင် မြန်မာစာသင်ကျောင်းကြီး၏ အောက်ထပ်မှာ ကျောင်းသားများ အားလုံးစုဝေး၍ ဆရာကြီးဟောသော တရားကိုနာရသည်။ ဆရာကြီးသည် ငါးရာ့ငါးဆယ် နိပါတ်တော်လာ ဝတ္ထုများနှင့် မင်္ဂလသုတ်အကြောင်းအရာတွေကို တစ်နေ့တစ်ပုဒ် ဟောပြောပြသည်။

ဥပုသ်နေ့ ရောက်တော့ ကျွန်မတို့ပျော်သည်။ မေမေချက်ထားသော ဟင်း၊ ထမင်းများကို ချိုင့်နှင့်ယူ၍ ဘွားဘွားနှင့်အတူ ဘုရားကြီးထဲရှိ ဘွားဘွား၏ ဇရပ်ကြီးဆီကို သွားရသည်။

မိုးဦးကျ၍ ဇရပ်ကို သွားရာလမ်းမှာ ရေစပ်စပ်တင်နေသည်။ လမ်းဘေးနှစ်ဖက်မှာ ဒန်းပင်ရောင်စုံလေးများ ပွင့်နေသည်။

သီလယူဖို့လာသော ဥပုသ်သည်များကိုရော အိမ်သားတွေပါ သီလယူပြီး ဘွားဘွားက ဇရပ်မှာ နံနက်စား ကျွေးပါသည်။

ကျွန်မကတော့ ဘွားဘွားဇရပ်၏ မီးဖိုဆောင်ထဲမှာပဲနေသည်။ မီးဖိုမှာ နှစ်တစ်လက်မ များကို ကျဲကျဲခင်းထား၍ ဇရပ်အောက်ကို မြင်နေရသည်။ ဇရပ်အောက်မှာ ရေများဝင်နေပြီဖြစ်၍ ကြည်လင်သောရေထဲမှာ ငါးရံ့ခေါင်းတိုနှင့် ငါးဖောင်ရိုးတွေ ကူးနေကြသည်ကို ကြမ်းကြားထဲမှ ကြည့်နေရသည်မှာ စိတ်ပေါ့ပါး ရွှင်လန်းလှပါသည်။

ထမင်းစားပြီး ဥပုသ်သည်များသာ ဇရပ်မှာ ကျန်ခဲ့၍ ကျွန်မတို့ ဘွားဘွားနှင့်အတူ အိမ်ပြန်လာခဲ့ရသည်။ ဘွားဘွားသည် ခဏလောက်နားပြီးလျှင် . . .

"မခင်စု ဘွားဘွားဆီလာဦး" ဟု ခေါ်တတ်သည်။ ကျွန်မ ဘွားဘွား ရှိရာခေါင်းရင်းခန်းသို့ သွားရသည်။ ဘွားဘွားရှေ့မှာ ကျုံ့ကျုံ့ထိုင်ရသည်။





"ငါ့မြေးကို မနေ့မနက်က မောင်ထင် ဘာတွေ ဟောခဲ့သလဲ"

ကျွန်မသည် ဆရာကြီး ဦးဘိုးထင်ဟောခဲ့သော ငါးရာ့ငါးဆယ် နိပါတ်တော်မှ ဇာတ်လမ်းကို ဘွားဘွားအား ပြောပြရပါသည်။ ဘွားဘွားက နားနည်းနည်းလေးသည်။ သို့သော် ဖေဖေလို လုံးဝမကြားခြင်းမဟုတ်။ သူ့ကို စကားပြောလျှင် ခပ်တိုးတိုးနှင့် လက်ဟန်ခြေဟန်နှင့် ပြောရသည်။

ကျွန်မက ဘွားဘွားကို ပုံပြောပြရခြင်း အကျင့်ရနေ၍လား မသိ၊ ခုထိ ကျွန်မစကားပြောလျှင် လက်ဟန်ခြေဟန် အမြဲပါသည်။ ကျွန်မ ပြောပြပြီးလျှင် ဘွားဘွားက သာဓုခေါ်သည်။

"မောင်ထင် တော်ပါပေတယ်" ဟု ကျွန်မတို့ ဆရာကြီးကို ချီးကျူးသည်။

ညနေကျောင်းဆင်း ကျွန်မတို့ ရေမိုးချိုး ထမင်းစားသောက်ပြီးလျှင် ဘွားဘွားအနားကို စာမကြည့်ခင် ကျွန်မ ခေတ္တသွားရသည်။

"သတင်းစာထဲမှာ သတင်းတွေ ဖတ်ပြပါဦး"

ဘွားဘွားက စာဖတ်ဝါသနာပါသည်။ မျက်စိမှုန်နေသော်လည်း မျက်မှန်မတပ်လို့၊ ခေါင်းစီး ၆ လိုင်း စာလုံးတွေကိုသာ ဖတ်နိုင်သည်။ ကျန်စာလုံး အသေးများကို မဖတ်နိုင်။ ကျွန်မက သူသိလိုသော သတင်းများကို ဖတ်ပြရသည်။

"ညီလာခံတဲ့လား၊ ဒီသခင်ကိုယ်တော်မှိုင်းဆိုတာဘာလဲ"

ကျွန်မက တို့မြန်မာအစည်းအရုံး ညီလာခံ ကျင်းပခြင်းနှင့် နာယကကြီး သခင်ကိုယ်တော်မှိုင်း တက်ရောက်သည့် သတင်းကို ဖတ်ပြရသည်။

"ဒေါက်တာဘမော် - သူက ဘာဖြစ်လဲ"

ဒေါက်တာဘမော် အစိုးရတက်လာသော သတင်းကိုလည်း ဖတ်ပြရသည်။ သူသိချင်သော သတင်းများစုံလျှင် ကျွန်မကို စာကြည့်စားပွဲသို့ သွားခွင့်ပြုသည်။ ခေတ္တနား၍ ဘုရားရှိခိုးကာ ဘွားဘွား စောစောအိပ်ရာဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါးခယ်မအိမ်မှာ ထင်းစင်နှင့် ရေချိုးခန်းကပ်လျက်ရှိသည်။ တောနေသူတို့ ထုံးစံအတိုင်း နွေပေါက်၍ ဝါးခယ်မမြစ်ကမ်းပါးမှာ ထင်းလှေကြီးတွေ ဆိုက်လာလျှင် တစ်နွေတစ်မိုးစာ ဘွားဘွားက ထင်းဝယ်သည်။ ထင်းပေါက်ခြမ်း တစ်ထောင်ကုန်သည် ဆိုပါစို့။ ငွေချေပေးခဲ့လျှင် ထင်းများကို အိမ်အရောက် လှည့်လည်ထင်းခွဲသော ကုလားကြီးရောက်လာလျှင် အကုန်ခွဲ စိတ်၍ နေပူလှန်းပေးသေးသည်။ ထင်းများ ခြောက်မှ၊ ထင်းစင်ကို အရောက် သယ်ပို့ပေးပြီးမှ ထင်းခွဲခယူကာ ပြန်သွားသည်။ တစ်နေ့လုံး လုပ်ခ တစ်မတ်ဖြစ်သည်။

နွေပေါက်လျှင် အညာလှေများ ဝါးခယ်မမြို့ ဆိပ်ကမ်းကို ဆိုက်ရောက်လာကြသည်။ ဘွားဘွားနှင့် ညီအစ်မဝမ်းကွဲတော်သူ ဒေါ်မယ်မသည် လှေသူကြီးဦးဘအိုဇနီး ဖြစ်သည်။ ဦးဘအို ဒေါ်မယ်မတို့ လှေဆိုက်လျှင် ဘွားဘွားဈေးဝယ်ဆင်းတော့သည်။ ကျွန်မတို့ ညီအစ်မတစ်တွေ ဘွားဘွားနောက်မှ လိုက်ကြသည်။

ဘွားဘွားက ဆီတစ်နှစ်စာ၊ မန်ကျည်းသီးမှည့် တစ်နှစ်စာ၊ ငရုတ်၊ ကြက်သွန်တို့ လိုသလောက်ဝယ်ချိန်မှာ ဘွားလေးဒေါ်မယ်မက ကျွန်မတို့ကို ဆီးပေါင်းကျွေးသည်။ ပြီးတော့ လှေဝမ်းတစ်နေရာမှာ ရောင်းချရန် ပါလာသော အိုးပုတ်ကလေးများထဲမှ ကြိုက်ရာယူခွင့်ပြုသည်။

ကျွန်မတို့ အလွန်ပျော်ပါသည်။ ဆီးပေါင်းစားရင်း ကိုယ်ကြိုက်ရာ အိုးပုတ်လေးများကို ရွေးချယ်ယူငင်၍ ဘွားဘွားနှင့်အတူ ပြန်လာကြသည်။ ဘွားလေး ဒေါ်မယ်မသည် စလေသူ ဇာတိဟု ဆိုပါသည်။ ဝါးခယ်မ အရှေ့ပိုင်း ရွာလယ်ပိုင်းမှာ လှေသူကြီး ဦးဘအိုနှင့် အိမ်ထောင်ကျကာ လှေနှင့်အတူ လိုက်နေ၍ စလေကို ခဏခဏ ရောက်သည်။

တစ်ခါတလေတော့ ဘွားဘွား၊ မေမေနှင့် ဘွားလေး ဒေါ်မယ်မတို့ စလေမှ အမျိုးများအကြောင်း ပြောကြလျှင် "မမင်းဖြူ၊ မမင်းသူ" ဆိုသော အမည်များ ထုတ်ဖော်ပြောသံ ကြားရသည်။ အညာအမည်များကို ကျွန်မချစ်ပါသည်။





ကျွန်မ ဝန်ကြီးချုပ်ထံတွင် တာဝန်ထမ်းဆောင်စဉ်က စလေ ရောက်တော့ စလေမြို့ကို တက်၍ ကျွန်မအမျိုးများအမည် မမင်းဖြူ၊ မမင်းသူတို့ ဆိုတာတွေကို မေးကြည့်ပါသည်။ သူတို့ ကွယ်လွန်၍ သားသမီးများ ကျန်ရစ်သည်။

အလုံပိတ်ကိုဒေါင်နှင့် တူသော အုတ်တိုက်ရှေ့မှာ သမီးများက အိမ်ဆိုင်ခင်းထားသည်။ ကျွန်မသည် တစ်ခါမှ မမြင်ဖူးသော "မမင်းဖြူ၊ မမင်းသူ" တို့အကြောင်းကို သူတို့ထံမှ ကြားရသည်။

ကျွန်မတို့သည် စလေဆက်တွေများလား။ ကျွန်မ သိရသလောက် ဘွားဘွားသည် ပန်းတနော်သူ၊ ဘဘ ဦးရွှေဂုံးကို ချစ်၍မိဘ သဘောမတူသော ကြောင့် ဘဘက ဘွားဘွားကို ဝါးခယ်မကို ခိုးပြေးသည်။ ဝါးခယ်မ မှာ အခြေစိုက်သည်လို့ပဲ သိသည်။

ဘွားဘွားနှင့်နေရချိန်တွင် ကျွန်မ စိတ်ညစ်တာ တစ်ခုရှိသည်။ ကျွန်မ အကျင့်က ရေချိုးခန်းထဲ ဝင်၍ ကျွန်မ ရေချိုးလျှင် ရသမျှသီချင်း အကုန်ဟစ်ဆိုကာ ရေကို တဗွမ်းဗွမ်း ချိုးတတ်သည်။ ရေချိုးခန်း မင်းသမီး ဆိုပါတော့။ ရေချိုးပြီးလျှင် ရေလဲလုံချည်လဲ၍ ရေစိုလုံချည်ကို ဖွပ်ရသည်။ ဖွပ်ပြီး လုံချည်ကို ရေစင်အောင်ညှစ်ရသည်။ တန်းမှာ လုံချည်လှန်းသည့် အခါ ရေစက်စက်ကျနေလျှင် ဘွားဘွားက ဆူပါတော့သည်။

ကျွန်မ တစ်နေ့ ရေချိုးပြီး ရေချိုးခန်းကအထွက် ဘွားဘွားကို မီးဖိုဝမှာတွေ့ရသည်။ ကျွန်မကို စောင့်နေသည်။ သူလက်ညှိုးကို နှုတ်ခမ်းမှာ ထိ၍

"တိုးတိုး. . . တိုးတိုး. . . ငါ့မြေးက သီချင်းဆိုတာ တယ်ကျယ်တာကိုး၊ မိန်းကလေးအသံ လူမကြားရဘူး"

ကျွန်မက စိတ်ညစ်သွားသည်။ ကျွန်မတို့အိမ်၏ ရေချိုးခန်းရှိရာ ဘက်မှာ ကုလားကျောင်းရှိ၍ စာသင်ချိန်တွင်သာ ကျောင်းသားကလေး များ ရှိသည်။

"ဘွားဘွားကလည်း ဟိုဘက်ကျောင်းမှာ လူတွေမှမရှိဘဲ"



www.burmeseclassic.com

www.burmeseclassic.com

"စကားတောင်စားမ. . . လူမရှိလည်း မိန်းကလေးဆိုတာ သီချင်း ကို အော်မဆိုရဘူး"

ကျွန်မ ယခု အသက် ၇၀ ထဲရောက်တောင် ရေချိုးခန်းထဲရောက် ၍ သီချင်းအော်ဆိုတိုင်း လက်ညှိုးလေး ပါးစပ်ဝမှာတပ်၍ ကျွန်မကို သီချင်းတိုးတိုးဆိုဖို့ ပြောသော ဘွားဘွားကို သတိရ မြင်ယောင်နေပါ သည်။ နားလေးသည်လည်း ဆိုသေးရဲ့၊ ဘွားဘွားက ကျွန်မ သီချင်း ဆိုသံ ဘယ်လိုများကြားပါလိမ့်။

ပွဲနေ့ ပွဲထိုင်သွားရလျှင် ကျွန်မ အလွန်ပျော်ပါသည်။

ဖိးလိမ်းပြင်ဆင်ပြီးလျှင် မမနှင့်အတူ မီးခံသေတ္တာရှေ့မှာ ထိုင်ရသည်။ ဘွားဘွားက မီးခံသေတ္တာကိုဖွင့်၍ ကျွန်မတို့ညီအစ်မနှစ်ယောက်ကို သွယ်ပျောင်းရွှေဆွဲကြိုးများ၊ လက်ကောက်များ၊ ခြေချင်းများ တစ်ခုပြီး တစ်ခု ဆင်သည်။

ကျွန်မက ထိုခဏတော့ ပျော်ပါသည်။ ပွဲထိုင်မှ ပြန်လာလျှင်တော့ စိတ်ညစ်သည်။ ဘွားဘွားက ပြောသည်။

"ငါ့မြေးတို့ သဲပုံမှာ မဆော့ဘူးဆိုရင် ဒီရွှေခြေချင်းကို အမြဲ ဝတ်ထားနိုင်တယ်၊ ဆော့မယ်ဆိုရင် မဝတ်ရဘူး"

မမကတော့ ငြိမ်သက်ပွ၊ နေသည်။ ဘာမှပြန်မပြော။ ကျွန်မက ခြေချင်းကို ချွတ်၍ ဘွားဘွားလက် အပ်လိုက်သည်။ သဲပုံထဲမှာ ပြေးလွှား ဆော့ကစားရခြင်းကို ကျွန်မရွှေခြေချင်းနှင့် မလဲနိုင်ပါ။ ဘွားဘွားတို့ စကားကို အစဉ်ငြိမ်သက်စွာ နားထောင်သော မမကို သူတို့ပိုချစ်သည်မှာ ကျိုးကြောင်းဆီလျော်လှပါသည်။

ကျောင်းပိတ်ရက်ရောက်လျှင် စက်ခြေထောက်မမီသေးသော အကြွယ်နှင့် နုနုကလွဲ၍ ကျွန်မတို့စက်ကို တစ်ချိန်ချုပ်ရသည်။ ယုံယုံတို့ သန်းသန်းတို့လည်း ချုပ်ရသည်။ မေမေကတော့ အင်္ကျီအမျိုးမျိုးကို ကောင်းစွာချုပ်တတ်နေပြီ။ ဘွားဘွားကိုယ်တိုင်က သင်ပေးခြင်းဖြစ်၍ သူ့အတွက် သုံးကြောင်းထောက် ဘော်လီကိုပင် မေမေကိုယ်တိုင် ချုပ်ပေး





မှုဝတ်သည်။ မေမေသည် တစ်ဦးတည်းသောသမီးပေမဲ့ အချက်အပြုတ် အချုပ်အလုပ် အကုန်သင်ရသည်။

ကျွန်မတောင် ငယ်ငယ်က အစွဲအလမ်းကြီးစွာနဲ့ ငိုခဲ့ရသည်ကို သတိရသည်။ ကျွန်မကိုထိန်းသော မယ်ငြိမ်းက ကျွန်မကို ရေချိုးပြီး အဝတ်လဲပြီးတိုင်း ကျွန်မသည်. . .

"မေမေချုပ်ပေးတဲ့ ဘောင်းဘီမှဝတ်မယ်" ဟု သံကုန်အော်ကာ ငိုပါတော့သည်။ မေမေသည် ကျွန်မတို့ အတွင်းခံဘောင်းဘီများကို ဇာနားတပ်၍ သူကိုယ်တိုင် ချုပ်ပေးသည်။

ယခုလည်း ကျွန်မတို့အပျိုဖော် မဝင်သေးပေမဲ့ အိမ်ရှိ အမျိုးသမီးကြီးများ၏ ထဘီစုတ်နှင့် ကျွန်မတို့ လုံချည်စုတ်များကို ချုပ်ရသည်။ ဘွားဘွားက အနားကကြည့်နေသည်။

"ဘာဖြစ်၍များ ဒီအစုတ်တွေ ချုပ်ရပါလိမ့်" ဟု ကျွန်မရင်ထဲက မကျေမနပ်နှင့် ချုပ်ရသည်။ တဖြည်းဖြည်းနှင့် ချုပ်ရိုးလည်းဖြောင့်လာသည်။ ခြေနှင်းလည်း မှန်လာပါသည်။

ကျွန်မတို့ ချုပ်ပြီးသောထဘီများကို ဘွားဘွားက အကုန်လျှော်နိုင်းသည်။ အိမ်ဖော်လေးများလျှော်ပြီး၍ နေလှန်းထားရသည်။ ခြောက်သွေ့သွားသော ထဘီများကို မီးပူတိုက်ကာ၊ စနစ်တကျခေါက်၍ အထုပ်ထုပ်ထားရသည်။ ကျွန်းသေတ္တာကြီးထဲမှာ ထဘီအကောင်းများနှင့်အတူ သိမ်းထားရသည်။

"ကဲ. . . ဘယ်သူလိုက်မလဲ၊ ဘွားဘွား အရှေ့ပိုင်းသွားမလို့" ဘွားဘွား အရှေ့ပိုင်းသွားတော့မည် ထင်သည်။

ကျွန်မတို့ ဝါးခယ်မအရှေ့ပိုင်းကို ထိုအချိန်က မရောက်ဖူးပါ။ ဘွားဘွားကလည်း သွားခဲ့သည်။ ယခုတစ်ခါမှ ဘွားဘွားက ခေါ်သည်။

"ကျွန်မတို့လိုက်မယ်၊ ဘာသွားလုပ်မှာလဲ" ဘွားဘွားကို မေးတော့. . .

"မခင်ယုံ မျက်နှာမြင်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ကို ထိန်းသော ဘွားဘွားတူမ ယုံယုံမျက်နှာမြင်ပြီ၊ ကျွန်မတို့ ယုံယုံသားလေးကို တွေ့ရမည်ဖြစ်၍ ဝမ်းသာသွားကြသည်။ ယုံယုံ ကျွန်မတို့ကို ခွဲခွာသွားသည်မှာ ကြာပြီ။

"ကဲ. . . လိုက်ချင်ရင် ကျွန်းသေတ္တာထဲက ခေါက်သိမ်းထားတဲ့ ထဘီထုပ်တွေယူခဲ့"

ကျွန်မတို့ ယူလာသော ထဘီထုပ်ထဲမှ သင့်တော်ရာ ၁၀ ထည်လောက် ရွေးချယ်၍ ဘွားဘွားက အစတစ်ခုနှင့် ထုပ်သည်။

"ကဲ- ဒီအထုပ်သယ်ပြီး လိုက်ခဲ့ကြ" ဘွားဘွားနောက်ကို အထုပ် ပိုက်ကာ ကျွန်မတို့ညီအစ်မနှစ်ယောက် လိုက်သွားသည်။

ရွာလယ်ပိုင်းမှာ ဘွားဘွား၏ မောင်ဝမ်းကွဲ ဦးဘိုးလုံးအိမ်မှာ ယုံယုံကို တွေ့ရသည်၊ ယုံယုံသည် ရှေးခေတ်မီးနေသည် ပုံစံအတိုင်း နနွင်းတွေ ဝါဝင်းအောင်လူး၍ ခေါင်းမှာ မျက်နှာသုတ်ပဝါ ပတ်ထားသည်၊ ဖာဟောင်းလေးထဲမှာ ယုံယုံ့သားလေးကို ကျွန်မတို့ညီအစ်မနှစ်ယောက် ကြည့်ကာ ပျော်နေကြသည်၊

ဘွားဘွားက ငွေအနည်းငယ်နှင့် ကျွန်မတို့ သယ်လာသော ထဘီထုပ်ကို ယုံယုံ့ကို ပေးလိုက်သည်။

"ကျေးဇူးတင်လိုက်တာ အမေကြီးရယ်။ ဒီအချိန်မှာ ထဘီအစုတ်က သိပ်အဖိုးတန်တာ"

ကျွန်မ အရွယ်ရောက်မှ မီးနေသည်အတွက် သန့်ရှင်းသော ထဘီစုတ်များ အဖိုးတန်ပုံကို သဘောပေါက်မိပါသည်။ ဆင်းရဲသူ ယုံယုံအတွက် ထဘီအစုတ်တောင် များများမရှိပါ။ ကျွန်မတို့ ချုပ်ခဲ့ရသည်ကိုလည်း ပီတိဖြစ်၍ ဘွားဘွားစနစ်တကျရှိလှပုံကို အံ့သြ၍မဆုံးပါ။ ထဘီစုတ်ဆိုပေမဲ့ အောက်သိုးသိုး ညှီစို့စို့အနံ့မရှိ။ စင်ကြယ်စွာ ဖွပ်လျှော်ပြီး နေရောင်နှင့် ကောင်းမွန်စွာ ခြောက်သွေ့နေသော ထဘီများကို သုံးစွဲရသော ယုံယုံအဖို့လည်း စိတ်ကျေနပ်မှာပဲ ဖြစ်သည်၊ တစ်ခါသုံးပြီး လွှင့်ပစ်ရပေမဲ့ သန့်ရှင်းသော ထဘီစုတ်များဖြစ်၍ ကျန်းမာရေးနှင့် ညီညွတ်သည်။





ဘွားဘွား ဈေးသို့ သွားလေ့သွားထ မရှိပါ။ လိုချင်သော ပစ္စည်းကို ဦးနုအမေ ဒေါ်စောခင်နှင့် ဈေးသို့မှာတတ်သည်။ ဦးစံထွန်း၊ ဒေါ်စောခင် တို့သည် ဝါးခယ်မဈေးထဲတွင် သက်န်းပရိက္ခရာနှင့် ပိုးထည်ဆိုင်ဖွင့်ထား သည်။ ဟင်းချက်စရာကအစ၊ ဒေါ်စောခင် (ကျွန်မတို့က အစ်မဟု ခေါ်သည်) က ဝယ်ပေးသည်။

ဈေးခြင်းတောင်း ရောက်လာလျှင် ဘွားဘွားရှေ့ ယူသွားရသည်။ ခြင်းထဲမှာပါသော သားငါး၊ ဟင်းသီးဟင်းရွက်ကိုကြည့်၍ ဘွားဘွားက သန်းသန်းကို ပြောသည်။ ကြက်သွန်ဘယ်နှဉ၊ ဆီဘယ်လောက်သား၊ ငရုတ်သီး ဘယ်နှတောင့် ထုတ်ပေးဖို့ သော့ပေးလိုက်သည်။ ဘွားဘွား ထုတ်ပေးသော ငရုတ်သီး၊ ကြက်သွန်နှင့် ဟင်းများ ကွက်တိမင်။

ဘွားဘွား စေ့စပ်သေချာသည်ကို တချို့က ကပ်စေးနှဲသည်ဟု ဝေဖန်သည်။

ကျွန်မ သိရသလောက်တော့ ကျွန်မတို့အိမ်ကြီးမှာ (ယခုတော့ အိမ်သစ်များ ရှေ့တိုးလာ၍ ကျွန်မတို့အိမ်က နောက်မှာ ကုပ်ကုပ်ကလေး ဖြစ်နေသည်) ကျွန်မတို့ မိသားစုနှင့် ဦးနုတို့ စုပေါင်းနေသည်၊ တစ်အိုးတည်းစား၊ တစ်စီးပွားတည်းဖြစ်သည်။ ဒါပေမဲ့ ထမင်းစားဝိုင်းမှာ အမြဲဧည့်သည် နှစ်ယောက်လောက် အနည်းဆုံးရှိသည်။ ဘယ်သူမှမရှိလည်း ဒေါ်စီမနှင့် ဒေါ်ငွေ အိမ်နီးချင်းနှစ်ယောက်ကို အမြဲတမ်းလို ထမင်းစား ဖိတ်ထားသည်၊

ကျွန်မ အရွယ်ရောက်လာတော့ ကျွန်မတို့အိမ် လူများသည်ကို မေမေ့ကို ပြောပြမိသည်။ မေမေက . . .

"သမီးတို့ ကြီးလာချိန်မှာ လူနည်းသွားတာ၊ မေမေ အပျိုတုန်းက အိမ်ပေါ်ထပ်မှာ လင်မယားနှစ်စုံလောက် အမြဲရှိတယ်၊ သူတို့အိုးအိမ် အတည်တကျမရှိခင် ခေါ်တင်ပြီး ကျွေးထားတာ၊ မေမေ့ကို သမီးတို့ ဖေဖေနဲ့ လက်ထပ်ရမယ်လို့ အမေကြီးပြောတော့မှ မေမေ အိမ်ပေါ်ထပ်မှာ အိမ်ထောင်သည်တွေ ရှင်းပေးပါပြောလို့ ပြောင်းသွားကြတာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအံ့သြပါသည်။ လုံးချင်း တစ်ယောက်တလေမဟုတ်။ သွေး သားမစပ်သော အိမ်ထောင်စုတွေကိုတောင် ဘွားဘွား တင်ကျွေးထားနိုင် သည်။ ပန်းတနော်မှ တူမများနှင့် သန်းသန်းတို့ ယုံယုံတို့မှာ မီးဖိုကိုကွပ်ကဲရုံသာဖြစ်၍ အသေးစိတ် လက်တိုလက်တောင်း မိန်းကလေးများကို သီးသန့်ခေါ်ထားသည်။

ဦးနု ကွယ်လွန်ခါနီး ၂ နှစ်လောက်အလိုတွင် ကျွန်မ ကိုကိုကြီး (ဦးနု)ကို ပြုစုဖို့ အတူသွားနေသည်။ မောင်နှမ နှစ်ယောက် ရှေးဟောင်း နှောင်းဖြစ်တွေပြောဖြစ်သည်။ ဝါးခယ်မအိမ်ကြီး အကြောင်းလည်း ပါသည်။

"ငါတို့အပေါ်မှာ မစုတို့အဘိုး ဘဘဦးရွှေဂုံးနဲ့ ဒေါ်ကြီး ကျေးဇူး အများကြီးရှိတယ်၊ ကိုကိုကြီးကို သူတို့နှစ်ယောက် သိပ်ချစ်ကြတယ်။ ကိုကိုကြီး အဖေ အမေ ဦးစံထွန်း - ဒေါ်စောခင်တို့ကို သက်န်းပရိက္ခရာ၊ ပိုးထည်ဆိုင် ဖွင့်နိုင်အောင် ဘဘတို့က ငွေထုတ်ပေးတာ၊ ပြီးတော့လည်း အမေကြီးဟာ ပန်းတနော်က သူ့ဆွေမျိုးသားချင်းတွေကို မမေ့ဘူး။ မသန်းတို့၊ မသိန်းဟန်တို့၊ မသိန်းမို့ (သူတို့မှာ ဦးနုနှင့် မောင်နှမဝမ်းကွဲ တော်ကြသည်)တို့ကို ခေါ်ထားတယ်။ ကျကျနနလည်း လက်ဝတ်လက်စား ဆင်ထားတယ်၊ တစ်နေ့လေ ကိုကိုကြီး ရယ်ချင်လိုက်တာ၊ အစ်ကို (ဦးနုအဖေ ဦးစံထွန်းကို ကိုကိုကြီးတို့က အဖကိုဟုခေါ်သည်) စီးတဲ့ ရထားလုံးမှာ ဆွဲတဲ့မြင်းကိုကျောင်းတဲ့ စောလှိုင် အလုပ်မဆင်းနိုင်ဘူး၊ မသိန်းဟန်ရယ်၊ ထမင်းချက်ကောင်းမလေးနဲ့အတူ ရွှေခြေချင်းကြီးဝတ်ပြီး မြင်းကျောင်းနေတာကို ကိုကိုကြီးမြင်တော့ ရယ်လိုက်ရတာ"

ကိုကိုကြီးက ဟက်ဟက်ပက်ပက် ရယ်၍ပြောသည်။ ကျွန်မတို့ အိမ် ထင်းစင်မှာ ထိုစဉ်က ဘဘဦးစံထွန်းစီးခဲ့သော ရထားလုံးမှ သံမှိုများနှင့် ဖိတပ်ထားသော ရထားကူရှင် ထိုင်ခုံအဟောင်းများ ရှိသေးသည်။

"တို့အိမ်ရှေ့မှာ သရက်ပင်ကြီး ရှိသေးလား"

ကိုကိုကြီးက အိမ်ရှေ့မှ နက်တဲ့ သရက်ပင်ကြီးကို သတိတရ





မေးသည်။

"မရှိတော့ဘူးလေ၊ လေမုန်တိုင်း တစ်ခါကျတော့ လဲသွားတယ်"

"အို. . . အံ့သြစရာပဲ၊ ကိုကိုကြီးတို့ ငယ်ငယ် သရက်ပင်ကြီး တစ်ခါလဲသွားဖူးတယ်၊ အပင်ကလည်း ပင်ပျို့မို့လို့ထင်တယ်၊ ရပ်ကွက်က လူအားနဲ့ဆွဲထူပြီး ပြန်စိုက်တာ ရှင်တယ်၊ သိပ်ကိုအံ့သြစရာကောင်းတာ"

ကိုကိုကြီး ရန်ကုန်ရောက်သွားချိန်မှာ ကျွန်မတို့ ဝါးခယ်မအိမ်ကြီး တွင် အရွယ်ရောက်စပြုလာပြီ။ ကိုကိုကြီး သတိရနေသော သရက်ပင်ကြီး မှ သရက်သီးများကို ရင့်လာလျှင် ခူးဆွတ်ရသည်။ နက်တဲ့မှာ အမှည့်စား ၍ မကောင်းပါ။ သရက်သီးစိမ်းများကို ဘွားဘွားနှင့်အတူ ကျွန်မတို့ရော ယုံယုံတို့ပါ ခွဲစိတ်၍ ဆားရေစိမ်ရသည်။ ၂ ရက်လောက်စိမ်ပြီး နေပူလှန်း ရသည်။ သရက်သီးများ ခြောက်သွားတော့မှ ဘွားဘွားကိုယ်တိုင် မဆလာ ဖော်စပ်ကာ ကုလားတည် (သရက်သီးဆားစိမ်) ထည့်၍ ဘဲဥပုံစဉ့်အိုးထဲ မှာ သိပ်သည်။ ဒါလောက်များသော သရက်သီးကုလားတည်တွေ ဘာလုပ် မလို့ပါလိမ့်ဟု ကျွန်မ တွေးမိသည်။

ဝါတွင်းရောက်လာတော့ ဝါတွင်းတစ်တွင်းလုံး ဆွမ်းခံကြွလာသော သံဃာများကို သရက်သီးကုလားတည် ဘွားဘွားက လောင်းသည်၊ ဘုရား ကြီး ပရိဝုဏ်မှာရှိသော သူကိုးကွယ်သည့် မင်းကျောင်း၊ ကန်ဦးကျောင်း၊ မန္တလေးကျောင်းများကိုလည်း သရက်သီးကုလားတည် ပို့ရသည်။

တကယ်တော့ ဘွားဘွားကို ကပ်စေးနှဲသည်ဟု ဝေဖန်ကြသော် လည်း တကယ်တော့ ဘွားဘွားသည် စနစ်တကျ ခြွေတာပစ္စည်းကိုပင် မလေမလွင့်အောင်စီမံ၍ လှူဒါန်းသွားနိုင်သည်မှာ ချီးကျူးစရာပင်။

ဘုရားကြီးအတွင်းရှိ ဘွားဘွား၏ ဇရပ်အိုကြီးကိုတော့ ဦးနုဝန်ကြီး ချုပ် ဖြစ်လာသောအခါ အုတ်ဇရပ်အဖြစ် ပြန်ဆောက်၍ ဘွားဘွား၏ ကျေးဇူးကို ဦးနုကဆပ်ခဲ့ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယ ကမ္ဘာစစ်ကြီးမဖြစ်ခင် ၁၉၃၉ ခုနှစ်ကုန်လောက်မှာ တို့ဗမာ အစည်းအရုံးမှ ပြည်လုံးကျွတ် ညီလာခံကြီးကို သာယာဝတီမှာ ကျင်းပသည်။ ဒုတိယကမ္ဘာစစ်ကြီးကလည်း နီးကပ်လာသော အရိပ် အရောင်ပြနေသည်။ တို့ဗမာအစည်းအရုံးမှ "ဒုတိယကမ္ဘာစစ်ဖြစ်လာ ခဲ့သော်၊ မြန်မာပြည်အား စစ်ပြီးလျှင် လွတ်လပ်ရေးပေးပါမည်ဟု ဗြိတိသျှ အစိုးရက ကတိပေးလျှင် မြန်မာတို့ ဗြိတိသျှတို့ဘက်မှ ဝင်ကူမည်၊ ကတိ မပေးပါကမကူညီ" ဟူသော ဆုံးဖြတ်ချက်ကို ညီလာခံတွင် တင်သွင်းမှုနှင့် သခင်နုကို ဖမ်းဆီးကာ ထောင် ၉ နှစ် ချလိုက်သည်။ ကျွန်မအစ်ကိုအကြီး ဆုံး သခင်မောင်မောင် (ဗိုလ်သီဟ) ကို ထိုဆုံးဖြတ်ချက်အား ဝါးခယ်မ တွင် တပ်မံတင်ပြဆုံးဖြတ်မှုနှင့် ဖမ်းဆီးကာ ထောင်ဒဏ် ၃ နှစ် ချမှတ် လိုက်သည်။

ကိုကိုကြီး (သခင်နု)နှင့် ကိုကို (သခင်မောင်မောင်)တို့မှာ ဘွားဘွား ၏ အချစ်ဆုံး မြေးဦးများဖြစ်ကြသည်။ သူတို့၏ နိုင်ငံရေးလှုပ်ရှားမှုများကို ဘွားဘွားအမြဲလိုလို သတင်းစာမှာကြည့်သည်။ ကျွန်မကို ဖတ်ခိုင်းသည်။ ကိုကိုကြီးနှင့် ကိုကိုတို့ကို ထောင်ချလိုက်သော သတင်းပါသည့် သတင်း စာကို ကျွန်မတို့ ဝှက်ထားသည်။ သို့သော် သတင်းစာဝှက်မိသည်က ဆွမ်းတော်တင်ပစ္စည်းများထားသော ကြောင်အိမ်လေးထဲမှာဖြစ်သည်။ ဘွားဘွားက သတင်းစာယူလာပြီး ကျွန်မကို ဖတ်ခိုင်းသည်။ ခေါင်းစဉ်က စာလုံးကြီးနှင့်ဖြစ်၍ ကျွန်မ ဘွားဘွားကို ညာမရ။

ဘွားဘွားသည် သတင်းစာကိုကိုင်ကာ အိမ်ရှေ့သို့ ထွက်သွား သည်။ အိမ်ရှေ့တံတားမှာ မတ်တတ်ရပ်၍ အော်သည်။

"အင်္ဂလိပ်ဘုရင်ခံရဲ့၊ အပြစ်မရှိတဲ့ ငါ့မြေးတွေကို ထောင်ချပစ် တယ်၊ မကြီးဟာ အရင်အခြေအနေ မဟုတ်လို့ပေါ့၊ အရင်လိုတာဆိုရင် ဘုရင်ခံအိမ် ပေါ် လေယာဉ်ပျံနဲ့ဝဲပြီး အင်္ဂလိပ်အစိုးရကို ကောင်းကောင်း ကြီး ရှုတ်ချတယ်သိလား"

သူ၏ ဝမ်းနည်းကြေကွဲစွာ ဟစ်အော်သောအသံကို ကျွန်မတို့





မကြားရက်ပါ။

သူ့မြေး သခင်မောင်မောင် အမှုစစ်ဆေးရန် အင်းစိန်ထောင်မှ မြောင်းမြသို့ သင်္ဘောနှင့်သွားတိုင်း မြေးကို ဆင်းတွေ့ပါသည်။

(ထိုစဉ်က ဘွားဘွား အသက် ၇၀ ကျော်ပြီ။ စစ်ဖြစ်ခါနီးမှာ ကျွန်မတို့ စီးပွားရေးကျဆင်းလာပြီဖြစ်၍ "မကြီးဟာ အရင်လို အခြေ အနေ မဟုတ်လို့ပေါ့" ဟူသော စကားကို သူထည့်သွင်း ရေရွတ်ခြင်း ဖြစ်ပါသည်)

ဘွားဘွား နေမကောင်းစပြုပြီး ရောဂါက မည်မည်ရရ မရှိပါ။ ၇ ရက်လောက် အစာမဝင်။ ကျွန်မနှင့် မမက နေ့လယ်စောင့်၍ မေမေတို့ က ညစောင့်သည်။ ဘွားဘွား အားနည်းပေမဲ့ စကားပြောနိုင်သည်။ သတိရှိသည်။

"ငါ့မြေးတို့"

ဘွားဘွားက တီးတိုးခေါ်၍ ကျွန်မတို့ ညီအစ်မနှစ်ယောက် ဘွားဘွား မျက်နှာနားကပ်လိုက်သည်။ ဘွားဘွားသည် ခြင်ထောင် အမိုးဆီသို့ လက်ညှိုးထိုးပြသည်။

"မောင်နုနဲ့ မောင်မောင် လာတယ်၊ ဟိုမှာ"

ကျွန်မတို့ စိတ်မကောင်းစွာနှင့် ခြင်ထောင်အမိုးဆီသို့ ကြည့်လိုက် ပါသည်။ ဘာမှမရှိ၊ ဘွားဘွားသူ့မြေးများကို စိတ်စွဲလမ်းသည် ထင်သည်။

နောက်နေ့ နံနက်မှာတော့ ကျွန်မနှင့်မမ ဘွားဘွားအနားမှာရှိ သည်။ ဘွားဘွားမျက်နှာ ဖျော့တော့၍ အသံက တိုးလှသည်။

"ငါ့မြေးတို့"

ကျွန်မတို့ညီအစ်မနှစ်ယောက် ဘွားဘွားမျက်နှာနား ကပ်ကြပြန် သည်။

"မသိန်းတင်တို့ ဘဘ လာနေပြီ" ဘွားဘွားသည် ခြင်ထောင် အမိုးကို လက်ညှိုးထိုးပြန်ပြီ။

"ဘွားဘွားအတွက် ဘုံခုနစ်ဆင့် အဆင်သင့်ဖြစ်ပြီတဲ့၊ ဘွားဘွား



www.burmeseclassic.com

www.burmeseclassic.com

ကို လာခေါ်နေတယ်၊ ဘွားဘွားသွားတော့မယ်"

ကျွန်မက ဘာပြန်ပြောရမှန်းမသိ။ ဘွားဘွား ခေါင်းကိုပွေ့ထား၍ ဘွားဘွားမျက်နှာကိုပဲ စေ့စေ့ကြည့်နေမိသည်။ မမကတော့ သုတ်ခြေတင် ပြေးကာ မေမေတို့ကို ပြေးခေါ်သည်။ မေမေတို့ရောက်လာတော့ ဘွားဘွား သည် ကျွန်မရင်ခွင်မှာ မေးတင်ကာ ငြိမ်သက်နေတော့သည်။ သူ့မျက်နှာ သည် ကျေနပ်သော ပီတိဖြင့်ပြုံးနေဟန်ရှိသည်။

ဘွားဘွား ဘယ်တော့မှ နိုး၍မလာတော့ပါ။ စိတ်ထဲမှာ ငယ်စိတ်နှင့် တွေးမိသည်။ ဘွားဘွားက သူ့ချစ်လင် ဦးရွှေဂုံးကို "မသိန်းတင်တို့ ဘဘ" ဟုခေါ်သည်။ မေမေ ၁၅ နှစ်သမီးလောက်က ဘဘဆုံးသွားခြင်း ဖြစ်သည်။ ယခု နေမကောင်းချိန်မှာ မေမေ့အသက် ၄၅ နှစ် ဆိုတော့ နှစ်ပေါင်း ၃၀ ကြာပြီ။ ဘုံဆိုတော့ နတ်ပြည်ဖြစ်ဟန်တူပါရဲ့။ ဘွားဘွားကို ဘဘက ချစ်လိုက်တာ။ နှစ် ၃၀ ဆိုသည်မှာ နတ်ပြည်မှာ တစ်ရက်လောက်ပင် ရှိမည်ထင်ပါရဲ့။ ဘွားဘွားအတွက် ဘုံခုနစ်ဆင့် အသင့်ဖြစ်ပြီဖြစ်၍ ဘွားဘွားကို လာခေါ်သွားပြီ။

ဪ. . . ဘဘနှင့် ဘွားဘွားတို့ နတ်ပြည်မှာ အတူလက်တွဲခံစားနေကြပြီ။ ကံကောင်းလိုက်လေခြင်း။ ဘဘသည် နတ်သမီးများနှင့် တွေ့တာတောင် ဘွားဘွားကို မမေ့။

မိဘတွေ သဘောမတူသည့်ကြားက ဘွားဘွားကို ဝါးခယ်မရောက် အောင်ခိုးပြေးလာခဲ့သည်။ ယခု သေမင်းက ခွဲလိုက်တာတောင် အချိန်တန် တော့ ဘဘ ဘွားဘွားကို လာခေါ်သည်။

ကြည်နူးချမ်းမြေ့ဖွယ် အချစ်ဇာတ်လမ်းလေးပါပဲ။

* * *

ဂျပန်ခေတ်ရောက်တော့ ကျွန်မ အသက် ၁၆ နှစ်။ အပျိုဖော်ဝင်စ ပြုပြီ။ စီးပွားရေး အခြေအနေကျဆင်း၍ အိမ်မှာ





အိမ်ဖော်များ ဘွားဘွား တူမ သန်းသန်းတို့ ယုံယုံတို့ပါ မရှိတော့ပါ။

အိမ်၏ သန့်ရှင်းရေးနှင့် တစ်အိမ်သားလုံး၏ အဝတ်ဖွပ်၊ မီးပူတိုက်တာဝန်ကို ကျွန်မယူ၍ မမကမီးဖိုချောင် အချက်အပြုတ်ကို တာဝန်ယူရသည်။ အားလပ်ချိန်မှာ စက်ချုပ်သည်။

မေမေသည် ကလေးတစ်ယောက် မျက်နှာမြင်လျှင် ဂျမ်းသုံးကောင် ပိတ်ခြင်ထောင်တစ်လုံး အမြဲချုပ်သည်။ ခြင်ထောင်က ခန်းပြည့်။ မေမေ မျက်နှာမြင်စဉ်တွင် အစိုးရခန့် သားဖွားဆရာမနှင့် မွေး၍မေမေ့ကိုပြုစုဖို့ အရပ်ဝမ်းဆွဲကို သတ်သတ်ခေါ်ထားသည်။ ထိုခေတ်က မီးဖွားသည်မှာ ညှော်အရမ်းကြောက်ကြ၍ ဂျမ်းပိတ်ခြင်ထောင်ထဲမှာ မေမေ ကလေးနှင့် အရပ်ဝမ်းဆွဲတို့နေကြသည်။ ရေပတ်တိုက်၊ နနွင်းလူး၊ ထမင်းစားသည်ကအစ ဒီခြင်ထောင်ထဲမှာပဲ လုပ်ရသည်။ မေမေ ကလေးခုနစ်ယောက်မွေးသောအခါ ပိတ်ခြင်ထောင် ခုနစ်လုံးဖြစ်လာသည်။ နိုးနိုးအိပ်ချိန်မတော့ လေးပင်လိမ်ဇာခြင်ထောင်နှင့်ရှန်သားခြင်ထောင်သုံးကြသည်။

ဂျပန်ခေတ်မှာ ပိတ်ခြင်ထောင် အဟောင်းတွေ အသုံးကျလာသည်။ မဆွေးသေးသော အမိုးများကို ဆေးဆိုးပန်းရိုက်၍ မိန်းကလေးတွေ ထဘီချုပ်ကာ အိမ်မှာအကြမ်းထည်အဖြစ် ဝတ်ရသည်။ ကျန်အောက်ရွဲတွေကတော့ ကျွန်မအတွက် အသုံးကျလာသည်။

ဘော်လီချုပ်သော မမတင်ထံမှာ ကျွန်မ ဘော်လီတစ်ထည် ယူ၍ ဖျက်ကြည့်၍ ဘော်လီချုပ်တော့သည်။ ခြင်ထောင် အောက်ရွဲများနှင့် ဘော်လီအချုပ် သင်လိုက်သည်မှာ ကျွန်မ ကောင်းကောင်းတတ်သွားပါသည်။ မမက ဇာထိုးပေးသည်။ ကျွန်မတို့ ညီအစ်မတွေအတွက် ဘော်လီကို ကျွန်မ ကောင်းကောင်းချုပ်ပေးခဲ့ရသည်။

ကျွန်မသမီး မိကျော်သောင်းကို မွေးလာတော့ ကျောင်းယူနီဖောင်းနှင့် ဂါဝန်များကို ကျွန်မကိုယ်တိုင်ချုပ်တိုင်း ဘွားဘွားကို သတိရသည်။ ထဘီ စုတ်များကို ကျွန်မတို့ကို စက်ချုပ်သင်ပေးသော ဘွားဘွား ကျေးဇူးတရားများမှာ ကျွန်မ တစ်သက်လုံးအတွက် အသုံးဝင်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ချစ်သူ ဗိုလ်ကြီးကျော်သောင်း၊ ကလောမှာ စစ်ဦးစီး တက္ကသိုလ်တက်စဉ်က ကျွန်မ လိုက်သွားပါသည်။ အထက်လွှတ်တော် မင်းတိုင်ပင် အမတ်ဟောင်း ဘဘကြီး ဂျပ်ဆင် ဦးထွန်းဖေ၊ ဇနီးဒေါ်ငွှန်း တို့အိမ်မှာ·ငှားနေပါသည်။ အိမ်ကကောင်းပါသည်။ ဧည့်ခန်းနှင့် အိပ်ခန်း ၂ ခန်းမှာ မီးဖိုပါသည်။ ကလောသည အအေးကိုခံနိုင်အောင် ဖြစ်ပါသည်။ ထိုခေတ်က လခ ၂၅၀/-မှာ များပေမဲ့ ဘဘတို့ အိမ်ကကျယ်၍ ကောင်း သောကြောင့် တန်ပါသည်။ ဘဘက စကားစပ်မိတိုင်း . . .

"မင်းတို့ ဘွားဘွားကို ဘဘက တစ်သက်မမေ့ဘူး၊ မကြီးဟာ အင်မတန်တော်တဲ့မိန်းမ၊ ဘဘက ကြက်တိန်ညင်သား၊ ဝါးခယ်မမှာ အသိအကျွမ်းတွေရှိပေမဲ့ မကြီးကိုပဲခင်တယ်၊ အရေးအကြောင်းကျရင် ဘဘကို တကယ်တမ်းကူညီပြီး အကြံကောင်း ဉာဏ်ကောင်းပေးနိုင်တယ်၊ ဒါကြောင့် ဘဘက မင်းတို့ကလော လာနေတဲ့အခါ ကူညီဖို့အခွင့်အရေး ရလို့ ဝမ်းသာတယ်"

ဘဘ ဦးထွန်းဖေ ပြောပြသောအခါ ဘွားဘွားသည် ငယ်စဉ်က တကယ်ပဲ အဆွေခင်ပွန်းတို့၏ အားကိုးရာ မိတ်ဆွေကောင်းတစ်ယောက် ဖြစ်ခဲ့သည်ကို ကျွန်မဂုဏ်ယူမိပါသည်။

ယခု ကျွန်မဘဝလမ်းကို ဖြတ်သန်းလျှောက်သောအခါ ငယ်စဉ် ကတည်းက သူများဟောပြောသည်ကို နားထောင်တတ်သော အလေ့ အကျင့်၊ စာဖတ်ဝါသနာပါအောင်၊ တိုင်းရေးပြည်ရေး လေ့လာတတ် အောင်၊ သတင်းစာဖတ်စေသော အလေ့အကျင့်တို့ကို ဘွားဘွား ငယ်စဉ် ကတည်းက ကျွန်မကို မသိမသာ သင်ကြားလေ့ကျင့်ပေးခဲ့သည်။

ကျွန်မ ယခု စာရေးဆရာမ တစ်ယောက်အဖြစ် ရောက်ခဲ့သည် အထိ ဘွားဘွားအရိပ်ကို ကျွန်မခိုလှုံနေရဆဲ ဖြစ်ပါသည်။ ။

*ကလျာ၊ ဇန်နဝါရီ ၁၉၉၇*

♥ ♥ ♥

BURMESE CLASSIC .com
www.burmeseclassic.com